# ကြူကြူသင်း

# စိတ်၏အရိပ်

လက်ရွေးစင်ဝတ္ထုတိုများ



ပန်းချီစံတိုး

မျက်နှာဖုံးနှင့်
အတွင်းပုံများ
ပန်းချီစံတိုး

မျက်နှာဖုံး ပုံနှိပ်
စာပေလောက

ပုံနှိပ်ခြင်း
ပထမ အကြိမ်
(၁၀၀၀)

ထုတ်ဝေခြင်း
ဩဂုတ်၊ ၁၉၇၇

စာအုပ်ချုပ်
ကိုမြင့်

တန်ဖိုး
၂၅-ကျပ်

ကြူ ကြူ သင်း စာပေ
အတွက်
စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့ က
စီစဉ် ပုံနှိပ် ဖြန့်ချိသည်။

ကြူ ကြူ သင်း

# စိတ်၏ အရိပ်

(လက်ရွေးစင် ဝတ္ထုတိုများ)

စာအုပ် စာတမ်း စာမူ ကြိုတင်ခွင့်ပြု အမှတ် [ ၁၃၇ ]
မျက်နှာဖုံး ကြိုတင် ခွင့်ပြု အမှတ် [ ၁၈၂ ]
ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)၊ ကြူကြူသင်းစာပေ (၀၁၇၉၇)။ အမှတ် ၈၊ ကုံကော်မြိုင်လမ်း၊ ပါရမီ၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ခင်လှ၊ စာပေလောက ပုံနှိပ်တိုက် (၀၁၅၇၈)၊ အမှတ် ၁၇၃ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

## စာရေးသူ ၏
## ထုတ်ဝေပြီး အခြား စာအုပ်များ

| | | |
|---|---|---|
| ၁။ | ချစ်ကြင်မြတ်နိုးပါလေမောင် | (၁၉၆၁) |
| ၂။ | ချစ်ဦးသူသို့ ပေးစာများ | (၁၉၆၂) |
| ၃။ | ရွှေသမင် | (၁၉၆၄) |
| ၄။ | ရွှေပြည်တန် | (၁၉၆၈) |
| ၅။ | လသာလျက်ပါ | (၁၉၇၀) |
| ၆။ | ရွှေကျေးတမာ | (၁၉၇၁) |
| ၇။ | ကဝေမျိုးမို့ ညို့တတ်တယ် | (၁၉၇၄) |
| ၈။ | ရလေလိုလေ ချစ်တဏှာ | (၁၉၇၄) |
| ၉။ | မေ့ရင်ထဲက ကမ္ဘာ | (၁၉၇၅) |
| ၁၀။ | အချစ်နတ်ရဲ့ ယဇ်ပလ္လင်မှာ | (၁၉၇၅) |
| ၁၁။ | စံပယ်တကုံး ဂမုန်းတပွင့် * (ဝတ္ထုတိုပေါင်းချုပ်) | (၁၉၈၁) |
| ၁၂။ | နှလုံးသားပဲ့တင်သံ (လက်ရွေးစင်ဝတ္ထုတိုများ) | (၁၉၈၄) |

* ၁၉၈၁ ခုနှစ်၊ အမျိုးသားစာပေ ဝတ္ထုတိုဆုရသည်။

# မာတိကာ


၁။ လွှမ်းဆွတ်ခြင်းနှင့်အတူ .... ၃
၂။ မလေးငုံ မှန်ရွှေနစ်ကယ် .... ၂၁
၃။ ယာဂုအိုးကြီး ကွဲခါမှ .... ၃၅
၄။ နန္ဒဝန်ဈေးက မအေးမာ .... ၅၁
၅။ နုပန်းဝတ်ငုံ .... ၆၇
၆။ ရှက်ရပေါင်းများပြီ .... ၇၇
၇။ အချစ်ကြောင့်မဟုတ်ပါ .... ၉၅
၈။ ခရီးအစ .... ၁၀၉
၉။ တလူလူ အတွေး .... ၁၂၃
၁၀။ အမေ့ရွာအပြန် .... ၁၃၉
၁၁။ ဘယ်သူ့ အပြစ်လဲ .... ၁၅၅
၁၂။ တီဗွီနဲ့ကြည့်ချင်ပွဲ .... ၁၇၃
၁၃။ ပင်မြက်မြေစာ .... ၁၉၃
၁၄။ နွဲ့ချင်လိုက်ပြီ ကိုယ့်အလှည့် .... ၂၁၁
၁၅။ ပိုးကြိုးကလေး တစ်မျှင် .... ၂၂၉
၁၆။ ဒဏ် .... ၂၄၃
၁၇။ ပန်းကလေးတစ်ပွင့် လေသင့်ရာမွှေး .... ၂၆၁
၁၈။ ပေါက်စတို့စွန် .... ၂၇၇
၁၉။ နေရဲ့ပျော်ပျော် .... ၂၈၉
၂၀။ ဒုတိယနေရာသို့ .... ၃၀၉
၂၁။ တိတ်တခိုးရှက် .... ၃၂၇

# စိတ်၏အရိပ်

လျှပ်ခြည်တပြွက်
လက်ကနဲဝင်း၊ လင်းကနဲပြေး
အရိပ်ကလေးတွေ။

စိတ်အလျဉ်များ
ရွေ့လျားလှုပ်မြူး၊ ယှက်ကူးသွယ်ယူ
ပင့်ကူအိမ်ပြေး
အရိပ်ကလေးတွေ။

စိတ်၏ ကြေးမုံ
နိမိတ်ပုံများ၊ ခံစားကြည့်မြင်
ရင်မှာကူးစက်၊ ဖြာယှက်ခြူးနွယ်
ကနုတ်သွယ်သို့၊ ရေးခြယ်ပြုစု
သမုဒယ၊ လူ့ဘဝနှင့်
အနုအလှ၊ ယုယနွေးနွေး
သွေးသွေးရွှရွှ၊ မွေးမွေးမြလျက်
အလှဖြစ်ထွန်း ပါစေသတည်း။ ။

# လွမ်းဆွတ်ခြင်း နှင့် အတူ

ကတ္တရာစေးလမ်းမကြီးသည် အရောင်တလျှပ်လျှပ် ထလျက်။ အပူရှိန်တို့ တငွေ့ငွေ့ပျံတက်လျက်။ နဖူးပေါ်မှစီးကျလာသော ချွေးစက်များကို အလိုအလျောက် သုတ်ပစ်မိရင်း ကတ္တရာစေး လမ်းမကြီးကို ခပ်သုတ်သုတ် ဖြတ်ကူးလိုက်၏။

စိတ်ကလည်း ကြည်နူးနေသည်။

လူကလည်း သွက်လက်နေသည်။

'ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ ရွှေရတုသဘင်' ဆိုသည့် နဖူးစည်း ကြီးက ငြိမ်းသာကို ခန့်ညားစွာကြိုဆိုနေသည်။ လာလှည့်ပါ၊ နားလှည့်ပါ၊ အေးရိပ်မှာ ချွေးသိပ်လှည့်ပါဟု လှိုက်လှဲကြင်နာစွာ ပိတ်ခေါ်နေ သယောင်ယောင်။

ဘတ်စ်ကားနှစ်တန်စီး၍ နေပူကြီးထဲ လျှောက်လာခဲ့ရသည် ကို မေ့သွား၏။ စိတ်တွင်းဝယ် ချက်ချင်း အေးမြချမ်းသာသွား သည်။ အပြင်လောက၏ ပူလောင်ပြင်းပြမှုအားလုံးကို လျစ်လျူ ရှုသွားလိုက်နိုင်သည်။

မိန်းကလေးနှစ်ဦး ငြိမ်းသာကို ကျော်ဖြတ်သွားကြသည်။ 'ဟော့ တူးတူး'ဟု လှမ်းခေါ်မည်ပြုမိပြီးမှ ပြန်ထိန်းလိုက်ရ၏။ တူးတူးမှ မဟုတ်ဘဲ။ သို့ပေမယ့် တစ်ယောက်က တူးတူးနှင့် အတော်ဆင်သည်။ ဆံထုံးပုံ့ပုံ့ကလေး ထုံးထားပုံရော၊ အင်္ကျီလက်ရှည် ပွပွကလေး ဝတ်ထားပုံရော၊ ပြီး သေးတိုက်မြင်လိုက်ရသည့်မျက်နှာကျပုံရော၊ လက်မောင်းကွေးပေါ်တွင် ဇာပဝါရှည်ကလေးတွေ တွဲလဲခိုလို့။ သည်တက္ကသိုလ်က ဆရာမလေးတွေပဲ ဖြစ်မည်ထင်သည်။ သေချာကြည့်မိမှ ကောင်မလေးတွေ အတော်အသက်ငယ်သေးကြောင်း သတိထားမိ၏။ ရှိလှမှအစိတ်ကျော်ကျော်ပေါ့။ ကျက်သရေရှိလိုက်တာ။ ကျေနပ်စွာတွေးမိလာသည်။

ဝတ်ကောင်းစားလှနှင့်လူအတော်များများသည်မဟာရုံကြီး ဆီသို့သာ လျှောက်လှမ်းလျက်ရှိကြသည်။ ဝင်ပေါက်၏ညာဘက်ကွင်းပြင်ကြီးထဲတွင် ဇာတ်ခုံကြီးတစ်ခု ရှိသည်။ စားသောက်ဖွယ်ရာ အမျိုးစုံကို နိဗ္ဗာန်ဈေးတည်ခင်းရောင်းချသောဆိုင်ခန်းများလည်းရှိသည်။ ကျောင်းသားကျောင်းသူ အတော်များများ အုံခဲကျပ်ညပ်လျက်။ လူငယ်တို့ဘာဝ လွတ်လပ်မှုအရှိဆုံးကာလကို သန့်ရှင်းပျော်ရွှင်စွာ အသုံးချနေကြသည်။ နောက်ကာ ပြောင်ကာ ပြုံးကာ ရယ်ကာ ရောင်းသူကရောင်း၊ ဝယ်သူကဝယ်၊ ပကတိ သောကကင်းသော ဘဝများ။

ငြိမ်းသာလည်း ငြိမ်းသာတို့ တက္ကသိုလ် တက်ခဲ့ စဉ် က ကျောင်းသားပွဲတော်ကို ပြန်လည် လှမ်းဆွတ်မိ၏။ အို ဘယ်လောက် ပျော်ရောကောင်းခဲ့ပါသလဲ။ လွတ်လပ်ခဲ့ကြပါသလဲ။ လွတ်လပ်ပျော်ရွှင်ခဲ့ကြလွန်း၍ပင် ငြိမ်းသာတို့အုပ်စု တစ်အုပ်စု



လုံး စာမေးပွဲတဗုန်းဗုန်းကျခဲ့ကြသည်မဟုတ်ပါလော။ကျသည်မှ တစ်ယောက်နှစ်ယောက် ကွက်၍ကျသည်မဟုတ်။ ငါးယောက်တစ်အုပ်စုလုံး။ အမှန်တော့ ငါးယောက်စလုံး တက္ကသိုလ်ဝင်တန်းကိုတစ်ချီတည်းနှင့်အောင်မြင်ခဲ့ကြသူများပင်။ရှစ်တန်းအောင်ပြီး ကိုးတန်းနှင့် တက္ကသိုလ်ဝင်တန်းအဆင့်များကို တစ်နှစ်တည်း ရောဖြေပြီး တက္ကသိုလ် ရောက်ခဲ့ကြသူများပင်။ ထို့ကြောင့် စာဖျင်းသောကြောင့် ကျကြသည်ဟု လုံးဝမဆိုနိုင်။ အပျော်လွန်၍ လွတ်လပ်မှုကို အသုံးလွန်၍ဟု မှတ်ချက်ချလျှင် ရာခိုင်နှုန်းပြည့် မှန်နိုင်ပေသည်။ ဪ လွမ်း ဆွတ် ဖွယ်ရာ အတိတ်ကာလများ။

\+ \+ \+

'ဟိတ်၊ ဟိုကောင်၊ တို့ ဒီမှာကွ'

အသံလာရာ မော့ကြည့်လိုက်တော့ ထင်သည့်အတိုင်း မရွေ့တူးတူး။ သားသားနားနား၊ လှလှပပ။

'ငြိမ်းလေ ခုနက ဆရာမလေးတစ်ယောက်ကို တူးတူးမှတ်လို့ လှမ်းခေါ်တော့မလို့၊ သေချာကြည့်မှ ဆရာမလေးက ငယ်ငယ်ကလေး ရှိသေးတာ'

'တို့ ဒီလောက်ပဲ နုနေသလား'

ခေါင်းညိတ်ပြရင်း

'အပျိုကြီးမို့ ထင်ပါရဲ့၊ ပိုတောင်လှနေသေးတယ်'

'အံ့မာ မိငြိမ်းလဲ လှတုန်းပါပဲနော်'

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မောလိုက်မိကြသည်။

'ရော့ တို့ခြံထဲက ခူးလာတာ၊ တို့ဖြင့် မျှော်သာမျှော်နေရတယ်၊ခရီးကဝေးလို့ မိဖြိမ်း လာမှ လာနိုင်ပါ့မလားလို့'

'ကြိုးစား လာရတာပေါ့ဟယ်၊ ကြုံတောင့် ကြုံခဲ ဆရာကန်တော့ပွဲကြီး မဟုတ်လား၊ ဒါနဲ့ ဟိုကောင်တွေကော'

ပလတ်စတစ် အိတ်ကြီးထဲမှ စံပယ်ပန်းတစ်ကုံးကို အသာအယာ ထုတ်ယူပန်ဆင်လိုက်၏။ ကျန်သုံးကုံးကိုတော့ အိတ်ထဲပြန်ထည့်ထားလိုက်သည်။ သူတို့ ပတ်ဝန်းကျင်ဝယ် ထုံသင်းမွှေးပျံ့သွားသည်။

'သူတို့လဲ လာမှာပါ၊ မနှင်းအေးနဲ့မေခင်ကို တို့ အိမ်တိုင်ရာရောက် သွားဖိတ်ထားတာပဲ၊သန်းသန်းဆီကိုတော့စာတိုက်ကစာထည့်ထားတာ ဆက်ဆက်လာကြဖို့ မှာထားတာပဲ'

ဓမ္မာရုံကြီးထဲသို့ ပရိသတ်များ တဖွဲဖွဲ ဝင်ရောက်လာသည်။ ကျောင်းတုန်းက မိတ်ဆွေ နှစ်ယောက် သုံးယောက်ကိုလည်း တွေ့ရသည်။ ရင်းနှီးစွာစကားဆိုဖြစ်ကြသည်။

'လာဟယ် ဘုရားကန်တော့ရအောင်'

ခန်းမကြီးထဲတွင် အခမ်းအနားပြင်ဆင်ရေး တာဝန်ခံ ဆရာ ဆရာမများ အလုပ်ရှုပ်နေကြသည်။ အလှူခံစားပွဲမှ ဆရာမနှစ်ယောက်လည်း လက်မလည်အောင်ရေးရ မှတ်ရ။

ဖြိမ်းသာလည်း တတ်နိုင်သလောက်ကို စေတနာအပြည့်နှင့် ပါဝင်လှူဒါန်းခဲ့ပြီး အပေါက်ဝ ပြန်ထွက်လာတော့ နေကာမျက်မှန်တပ်ထားသည့် အမျိုးသား ဝဝတစ်ဦး သူတို့ရှေ့မှာ ကာဆီးရပ်လာ၏။



'ငါပါဟ'

အသံသြကြီးနှင့်ပြောပြီး နေကာမျက်မှန် ချွတ်လိုက်တော့မှ မှတ်မိသွား၏။

'ဟယ်.... ခင်မောင်သိန်းထွန်းဝင်း'

နှစ်ယောက်သား ပြိုင်တူပြောမိပြီးမှ အားနာသွားသလိုလို။ သည်နာမည်က သူ့နာမည်ရင်းမှ မဟုတ်ဘဲ။ နာမည်ပြောင်ဖြစ်နေသည်ကိုး။ သို့ပေမယ့် တစ်ဘက်လူက အပြုံးမပျက်။

'နင်တို့နှစ်ယောက်တည်းလား၊ သန်းသန်းတို့မကာ'

'လာပြီ၊ လာပြီ၊ ရောဂါက ခုထိ အမြစ်မပြတ်သေးဘူး'

'သဘောရိုးနဲ့ မေးတာပါကွ'

'အံမာ၊ သဘောမရိုးလို့ကော ရလား၊ နင်က ကလေး သုံးယောက်အဖေ ဖြစ်နေပြီပဲ'

'နင်တို့ အပျိုကြီးတွေကတော့ ဒီလိုပဲ၊ အချစ်အကြောင်း နားမလည် ပါးမလည်နဲ့'

'ကောင်စုတ်'ဟု တူးတူးက ခပ်တိုးတိုးကြိမ်းပြီး ရယ်နေသည်။ တူးတူးသည် ဖြိမ်းသာတို့အုပ်စုထဲတွင် အချောဆုံးဖြစ်သော်လည်း ယခုထက်တိုင် မစုံသေးသူမို့ ခဏခဏ ခလုတ်တိုက်ခံနေရသည်။ သုံးယောက်သား ဟန်ဆောင်မှု ကင်းမဲ့စွာ ရယ်မောနေမိကြသည်။

'ဟေ့ ဟေ့ ဘယ်လိုလဲ၊ ဂိတ်ဝက စောင့်ကြိုနေမယ်ဆို မရှေတူး၊ ခုတော့ ငါတို့လာတာတောင် မမြင်ဘူး အံ့ရော'

မည်သူမှန်း စဉ်းစားနေစရာမလို။ ခြောက်နှစ်ကတိ တပူးတွဲတွဲ နားစွဲအကျွမ်းဝင်ခဲ့သည့် အသံ။ နာမည်ကျေးသလောက်

လူကဆူတာသည့် မနှင်းအေး။ သူ့ဘေးနားတွင် သန်းသန်း။ သူ့ပင်ကိုဟန်အတိုင်း တည်တည်ငြိမ်ငြိမ်ကလေး။

'ဝမ်းသာလိုက်တာ သန်းသန်းရယ်၊ နင်မှလာပါ့မလားလို့'

သန်းသန်းက အေးချမ်းသောအပြုံးကလေးနှင့် မော့ကြည့်လိုက်၏။

'အဟဲ၊ အားလုံးနေကောင်းကြတယ်နော်'

သန်းသန်း မော့အကြည့် နှုတ်ဆက်လိုက်သူက ခင်မောင်သိန်းထွန်းဝင်း။ သည်တော့မှ မှတ်မိသွားကြဟန် တူသည်။ မနှင်းအေးက လှမ်းရိုက်လိုက်ပြီး–

'ကြည့်စမ်း၊ ဝလာလိုက်တာ တအားပဲ၊ နင်လဲ နယ်မှာပဲဆို'

အပြန်အလှန် မေးကြ၊ လိပ်စာလဲလှယ်ကြနှင့် အလုပ်ရှုပ်နေကြဆဲ။ ငြိမ်းသာက သန်းသန်းကို စံပယ်ကုံးလေး နှစ်ကုံး ထုတ်ပေးလိုက်၏။

'တူတူးတို့ ခြံထဲကတဲ့'

'မွှေးလိုက်တာဟယ်၊ လှလဲသိပ်လှတာပဲ'

ပန်းကြိုက်သူ သန်းသန်းက အသာအယာ မွှေးကြူရင်း ပြောသည်။ တစ်ကုံးကို မနှင်းအေးကို ပန်ပေးလိုက်ပြီး ကျန်တစ်ကုံးကို သူ့ဆံထုံးအက်အက်ကြီးတွင် ရစ်ခွေပန်ဆင်လိုက်၏။

'နင်တို့ ဒီလို ပေါတောတော အလုပ်တွေနဲ့ ရှုပ်တတ်ကြတာလဲ အရင်ကအတိုင်းပဲ'

'အံမာ ခင်မောင်သိန်းထွန်းဝင်း နော်၊ ဘာလဲ မေ့သွားပြီလား၊ ကောင်မလေးတစ်ယောက် ပေးချင်တာနဲ့ မနက်လေးနာရီလောက်ကြီး ကံ့ကော်ပင်ပေါ် တက်ခူးတာ ပဆုပ်ပနီတွေ တွယ်လွတ်လို့ ဖျားယူရတာ ဘယ်သူလဲ'



'ဟုတ်ပါ့တော်၊ ဒါကျတော့ မေ့ထားလိုက်ပြီ ထင်တယ်'

ခင်မောင်သိန်းထွန်းဝင်းတစ်ယောက် မနှင်းအေးနှင့်တူးတူးတို့စကားအောက်ဝယ် ပြားပြားဝပ်သွား၏။ ငြိမ်းသာက မျက်နှာကလေးနီကာ တစ်ဘက်သို့ လှည့်နေသည့် သန်းသန်းကို အားနာသဖြင့် မျက်စောင်းထိုး ဟန့်လိုက်သော်လည်း မမိလိုက်တော့။ သည်မိန်းမတွေကတော့ ကာယကံရှင်တွေ ရှေ့ထားပြီး စကြနောက်ကြပါပြီတော်။ ကလေးတွေကျနေတာပဲ။ သိပ်ဆိုးတဲ့ မိန်းမတွေ။ တော်ပါသေးသည်။ ခင်မောင်သိန်းထွန်းဝင်းက 'အဟဲ' ဟု အရှက်ပြေ ရယ်နေ၍–။

'နင်တို့ နောက်ကျလိုက်တာ မနှင်းအေးရယ်၊ ငြိမ်းရောက်နေတာ နာရီဝက်လောက် ရှိနေပြီ'

အားနာသဖြင့် စကားဝင်ဖာလိုက်ရ၏။

'ငါ့ရုံးက မလွယ်ဘူးဟ၊ ခုတောင် သန်းသန်းရောက်လာမှ ခွင့် နေ့တစ်ဝက်တင်ပြီး ထွက်ခဲ့ရတာ၊ အကန်တော့ ခံမယ့်ဆရာကြီးတွေကော ရောက်ပလား'

'မရောက်သေးဘူးလေ၊ ကားတွေနဲ့ အကြိုသွားကြတုန်း၊ တို့က အမိတို့ကြိုချင်တာနဲ့ နေခဲ့တာ'

'ကဲ ဒါဖြင့် ခုရောက်လာပြီလေ၊ ကန်တော့ကြပေတော့'

ထုံးစံအတိုင်း ရွှတ်နောက်နေသော မနှင်းအေးကို မြင်ရသည်မှာ ရှင်မြူးစရာ ကောင်းလှသည်။ ဘာမျှပြောင်းလဲမသွားပါလား။

'ကိုယ်ပိုင်ကားနဲ့လာမယ့် လူတစ်ယောက်ပဲ လိုတော့တယ်တော့'

'ဘယ်သူလဲ'

'မေငင့်ကို ပြောတာလား'

ခင်မောင်သိန်း၊ထွန်းဝင်းနှင့်ငြိမ်းသာတို့ ရှေ့ဆင့်နောက်ဆင့် မေးလိုက်မိကြ၏။

'အဲ ဟုတ်သား၊ ဒီကောင်တွေမသိသေးဘူး မနှင်းအေးရ၊ သူတို့က နယ်ရောက်နေတော့ တို့ကောင် ကောင်းစားနေတာ သူတို့မသိသေးဘူး'

'ဘာလဲ တူးတူး၊ မေခင် ယောကျ်ားရသွားပြီလား'

မိန်းကလေးဝိုင်း၊ထဲတွင် ယောကျ်ားလေးတစ်ယောက်တည်း ပါနေ၍ ကြောင်တောင်တောင် ဖြစ်နေလိမ့်မည် မထင်နှင့်။ သူကလည်း မိန်းအလေးတွေလိုပင် ပေ်စုတတ်သည်။ဒါကလည်း ဟိုစဉ်ကတည်းက သူ့အကျင့်။ ဒါကြောင့်လည်း ငြိမ်းသာတို့ အုပ်စုကြီးထဲတွင် သူ တစ်ခါတစ်ခါ ဝင်ရောနိုင်ခြင်းပင် ဖြစ်သည်။

'စီလိုပဲ'ဟု အစချီကာ မေခင့်သတင်း ဖောက်သည်ချသည်။ သူတို့အားလုံး မေခင် အသက်သုံးဆယ်ကျော်သည်အထိ အဖော်မရှာခဲ့သည်ကို သိပြီးသား၊ 'အငယ်လေးတွေကို ပြန်ကြည့်ရမယ့် တာဝန်က မသေးဘူးဟ၊ ငါတော့ အိမ်ထောင်ရေးကို မစဉ်းစားပါဘူး၊ ဒါကြောင့် ရည်းစားမထားတာ'ဟု ပွင့်လင်းစွာ ပြောတတ်ခဲ့သော မေခင်။ ဝိဇ္ဇာနောက်ဆုံးနှစ်တွင် အုပ်စုလိုက် ထပ်ကျပြန်တော့ စီးပွားရေး အဆင်မပြေသော မေခင်တစ်ယောက် အပြင်ဖြေဖြစ်သွားသည်။ ရုံးတစ်ရုံးတွင် အောက်တန်းစာရေးအဖြစ် အလုပ်ဝင်လုပ်လိုက်တော့ ငြိမ်းသာတို့ အုပ်စုကြီးနှင့်အခနေဝေးသွားသည်။သို့တိုင် တစ်ခါတစ်ရံ စနေ



နေ့တစ်ဝက် ရုံးဆင်းချိန်များတွင် အဆောင်သို့ရောက်ရောက်လာကာ ငြိမ်းသာတို့ လက်ဖက်ဝိုင်းထဲ ထမင်းကြမ်းခဲရင်း ရယ်ပွဲဝင်ဖွဲလေ့ ရှိသေးသည်။ မေခင်က စိတ်ညစ်ခံတတ်သူ မဟုတ်။

ထို့နောက်တွင်မူ ဘွဲ့ကိုယ်စီနှင့် ကိုယ့်လမ်းကိုယ်လျှောက်ကာ ဘဝကို ရုန်းကန်တိုက်ပွဲဝင်ခဲ့ကြရသည်။ တစ်ယောက်နှင့် တစ်ယောက် သတိရလွမ်းဆွတ်ကြသည် မှန်သော်လည်း တစ်ခါတစ်ရံ အကြောင်းထူးရှိမှ စာရေးဖြစ်ကြသည်။ သိပ် မဆုံဖြစ်ခဲ့ကြ။

'သူ့ယောကျ်ားက တော့စ် သိလား၊ သားသမီး နှစ်ယောက်တည်းရှိတာ၊ သူ့ယောကျ်ားက အကြီး၊ အငယ်က တို့ကျောင်းမှာ၊ စက္ကင်းရိုးယား'

'နေပါဦး၊ သူ့ယောကျ်ားက ဘာတုံး၊ အမိကကို အရင်ပြောပါ ဟ'

'အရင်ကတော့ သဘော်သားတဲ့၊ ခုတော့ ကားပွဲစားဆိုလား'

'အို့ ဟိုး၊ ဒါကြောင့်ကိုး'

'တွေ့ရင် သိပ်အံ့သြသွားမယ်၊ တို့ကောင် အပြတ်သားနားနေတာ၊ မေခင် စီးတဲ့ကားကလေ လင်ဆာ သိလား'

'အမယ်လေးဟယ်၊ ကားနာမည်ကလဲ'

ငြိမ်းသာက ပခုံးတွန့်ကာ ရယ်တော့ သူငယ်ချင်းတွေကပါ တခွိခွိ။ ငယ်သူငယ်ချင်းတွေဆုံမိကြတိုင်း မိမိတို့ရောက်ရှိသည့် နေရာ၊ ရရှိထားသည့်ရာထူး၊ ကြီးပြင်းခဲ့သည့် အသက်အရွယ်အားလုံးလွှင့်ပျောက်ကာ ငယ်ဘဝကို ပြန်လည်ရောက်ရှိသွားတတ်ကြသည်။

'အံမာ၊ အဲဒီကားက ခုလိုပွဲကြီးလမ်းကြီးမှာ စီးတာ၊ ဈေးဝယ် ထွက်ရင် စီးတာက ပေါ်တာကက်ပ်ကလေး သိရဲ့လား၊ တလောက သိမ်ကြီးဈေးမှာတွေ့လိုက်တယ်၊ ငါ လှမ်းအော်တာ သူက မကြားဘူး'

မနှင်းအေးက အားရပါးရ ဆက်ပြောလိုက်၏။

သတင်းကောင်းမို့ သူတို့အားလုံးကျေနပ် ဝမ်းသာသွားကြလေသည်။

ထိုစဉ် မှန်ကားကြီးနှစ်စင်း ပြိုင်တူလိုလို ဆိုက်ရောက်လာကြ၏။ ကြိုဆိုညွှန်ခံသည့်ဆရာမများ လှုပ်ရှားသွားကြ၏။ ကားတံခါးကိုဖွင့်ပေး၊ ခါးကလေးများညွှတ်ကာ ပြုံးရွှင်စွာ ကြိုဆိုကြနှင့်။ ဘယ်ဆရာကြီးတွေများပါလိမ့်။

'ဟယ် ဆရာကြီး ဦးလှရွှေ'

'ဟော၊ မစွအီးကံကြီးတော့၊ ဆရာမကြီးက လှတုန်းပဲ ဟယ်'

ဟုတ်သည်။ဆရာကြီးဦးလှရွှေက လွန်ခဲ့သောအနှစ်နှစ်ဆယ် ကျော်တုန်းကလို ပြုံးချိုသော မျက်နှာပေးနှင့် ကျက်သရေရှိဆဲဖြစ်သလို၊ဆရာမကြီး မစွအီးကံကြီးကလည်း ပန်းနုရောင်ဝတ်စုံ၊ ဇာပဝါ ပန်းနုသွေးကလေးခြုံလွှမ်းလျက် အလွန်လှပတင့်တယ်နေဆဲပင်။

ဆရာကြီးနှင့် ဆရာမကြီးတို့နောက်ပါးတွင် ငြိမ်းသာတို့ပါ ကပ်ပါသွားသည်။

'ငါက သူများယက်ပိုပြီး အကြွေးဆပ်စရာရှိလို့၊ ခဏနော်'

ခင်မောင်သိန်းထွန်းဝင်း စကားကို ရုတ်တရက် နားမလည်မိကြ။ သူက ဆရာကြီးနှင့်ဆရာမကြီးတို့ ထိုင်နေရာသို့ သွားကာ



ဆရာမြတ်တို့၏ ခြေအစုံကို ထိကပ်ဦးခိုက် ရှိခိုးလိုက်လေသည်။ ပါးစပ်မှလည်း တတွတ်တွတ်။ ဆရာကြီးတို့က ခေါင်းတညိတ်ညိတ်နှင့် ပြုံးလို့။

'နေပါဦး၊ ဒါက ဘာ ထွင်တာလဲ'

အနားပြန်ရောက်လာလာချင်း ငြိမ်းသာ မေးမိ၏။

'ထွင်တာမဟုတ်ဘူး သူငယ်ချင်းရဲ့၊ ကျောင်းတုန်းက ဆရာကြီးတို့အတန်းကို ငါ အမြဲလစ်ခဲ့တာ မဟုတ်လား၊အဲဒါ ဆရာတို့ရဲ့ စေတနာကို စော်ကားသလိုဖြစ်ခဲ့လို့၊ အခုမှတောင်းပန်ပြီးကန်တော့ရတာ၊ တကယ်ပြောတာ၊ ငါမိုက်လို့ ငါ နစ်နာတာ အလုပ်အတွက် စာမေးပွဲဖြေမှသိရတော့တာ'

အမြဲတမ်း ရွှတ်နောက်နောက် ပြောဆိုဟတ်သူ တစ်ဦးက တည်ငြိမ်လေးနက်စွာ ပြောနေသဖြင့် သူတို့အားလုံး နားစိုက်ထောင်နေမိကြသည်။

'အလုပ်အတွက် စာမေးပွဲဖြေတော့ ငါနှစ်ခါတောင် ပြန်ဖြေရတယ်၊ ဘာဖြစ်လို့လဲ သိလား၊ မြန်မာစာနဲ့ အင်္ဂလိပ်စာကျလို့'

'ကောင်းတယ်၊ ကောင်းတယ်၊ ငန်းပေါ်ကျား လုပ်ပြီးသူများအတန်း လိုက်တက်နေတာကိုး'

ပြောလိုက်သူ တူးတူးကို သန်းသန်းက ဆိတ်ဆွဲလိုက်သည်။ သူတို့အားလုံး ကလေးတွေလို ရုံးစုရုံးစုဖြင့် ခန်းမအပြင် ပြန်ရောက်ခဲ့ကြပြန်သည်၊ ရောင်းရင်းတစ်ယောက်ကို မျှော်ကြရဦးမည်လေ။

ဝင်းထဲသို့ ကားအဝင်အထွက် ပိုရှုပ်လာသည်။ ညှော်ပရိသတ်တွေ ပိုရှုံစည်ကားလာသည်။ ခြောက်- နှစ်ပေါင်းများစွာကျော်

ဖြတ်ခဲ့ပြီးမှ ကြုံကြိုက်ကြရသည့် ကြုံတောင့်ကြုံခဲ ပွဲတော်ကြီး မဟုတ်ပါလား။ အားခဲ၍လာကြမည်ပင်။ ကြည်နူးစွာ ဆင်နွှဲကြမည်ပင်။

'ဟေ့ ဟေ့ ဟိုမှာ'

တူးတူးက ဖြတ်ဆိုညွှန်ပြလိုက်၏။

\+ \+ \+

သည်မှာတင် ဧခနှစ်နှစ်ဆယ်နီးပါး ကွဲကွာခဲ့ရသော မေခင့်ကို ငြိမ်းသာ ပြန်လည်တွေ့ရှိရခြင်း ဖြစ်ပါသည်။

အလွန်ပုံစံလှသော အစိမ်းနုရောင် ကားကလေး ပေါ်မှ ဆင်းလာသည့် မိန်းကလေး။ ဟုတ်ပါသည်။ မေခင်ဖြစ်သည်ဟု တူးတူးကသာ မပြောပါက မိန်းမငယ်လေး ဟု ငြိမ်းသာ ထင်မိမည်မှာ အမှန်။ ကြည့်ပါ။ ရေညှိစိမ်းရောင် ပျော့အိသောအစကို အင်္ကျီလက်ပြတ်နှင့် ထဘီဆင်တူ ဝတ်ဆင်ထားပုံ၊ ကားတံခါးကို သော့ပိတ်ပြီး ငွေရောင်လက်ပွေ့အိတ်ထဲသို့ ပြန်ထည့်လိုက်ပုံ၊ မေခင့်ပုံစံသည် အသက်လေးဆယ်ကျော် မိန်းမကြီးတစ်ဦး၏ ပုံသွင်မဟုတ်။

'ဟုတ်တယ်ဟေ့၊ တို့ကောင် သိပ်သားနားနေတာပဲ၊ သူတို့ကို တွေ့ရဲ့လား'

'မပြောတတ်ဘူး၊ သူ့မျက်လုံးကိုမှ မမြင်ရဘဲ'

မနှင်းအေးဖြေပုံကြောင့် သူတို့ အသံထွက် ရယ်မိကြပြန်သည်။ မှန်ပါသည်။ ညိုမှောင်နေသော နေကာမျက်မှန်ဝိုင်းဝိုင်းကြီးကို မေခင်က တပ်ဆင်ထားသည်ကိုး။



မျက်နှာထား တည်တည်နှင့် သွယ်နွဲ့လှပစွာ လျှောက်လာသော မေခင့်ကို လှမ်းကြည့်ရင်း ကျောင်းတုန်းက မေခင့်ကို ပြန်မြင်ယောင်လာ၏။ ထိုစဉ်က မှိုထဲထွက်ရုပ်ရှင်ကြည့်ကြလျှင် ကားခမပြည့်၍ 'အဟဲ၊ ငါးမူးဖိုးခြောက်ယောက်ထားနော်' ဟု ခပယ်ယာကို အမြဲမျက်နှာချိုသွေး ပြောတတ်ခဲ့သည့် မေခင်။ အတန်းတက်ကြလျှင် ထွက်ပေါက်နှင့် နီးသော ခုံတန်းကို အပြေးအလွှား အလုအယက် ယူပေးတတ်သည့် မေခင်။

'မေခင်ရေ၊ တို့ ဒီမှာ'

အိမ်ရှင် တူးတူးက လှမ်းအသံပြုရင်း လှေကားထစ် ထိပ်မှ ရပ်ကြိုလိုက်၏။ မေခင် သူတို့တို့ မော်ကြည့် လိုက်၏။ မေခင် သူတို့ကို ပြုံးပြလိုက်လေသလား။ ငြိမ်းသာ ကောင်းကောင်း သတိမထားလိုက်မိပါ။

'နောက်ကျလိုက်တာ မေခင်ရယ်'

'ကွယ် ကန်တော့ပွဲက နှစ်နာရီမှ မဟုတ်လား'

မေခင့်ဖြေပုံကြောင့် စံပယ်ကုံးလေး ထုတ် ယူ နေ မိ သော ငြိမ်းသာ တန့်သွား၏။ အမှတ်မထင် မေခင့် ခေါင်းပေါ်သို့ စောင်းငဲ့ကြည့်လိုက်မိ၏။ ဆံပင်ကိုဖွ၍ လှပစွာ ပုံသွင်းထားသည့် အလိပ်အခွေကလေးများကြားမှ အဖိုးတန် ဗင်ဒါသစ်ခွ[illegible]ကြီးများက ငြိမ်းသာကို လှောင်နေသလိုလို။ သူတို့အားလုံး နှုတ်ဆိတ်စွာနှင့် ခန်းမကြီးထဲ ပြန်ဝင်ခဲ့ကြသည်။

'ဟော ဒေါ်မေခင်ကျော်၊ အလှူ့ရှင်ကို မျှော်နေကြတာနော်'

'အလှူခံစားပွဲမှ ဆရာမတစ်ယောက် လှမ်းနှုတ်ဆက်လိုက်ရာ မေခင် ထိုစားပွဲသို့ လျှောက်သွားသည်။

'ဘယ်လိုလဲဟ၊ ဘယ်တုန်းက မေခင်ကျော် ဖြစ်သွားရပြန်တာလဲ'

'သူ့ယောကျ်ားနာမည်က စိုးမြင့်ကျော် ဆိုလား၊ အဲဒါနဲ့ ကျော်တစ်လုံး တိုးသွားတာ နေမှာပေါ့'

'နို့ သိမှသိပဲ'

အစိတ်တန်များ ရေတွက်နေသည့် မေခင့်ကိုလှမ်းကြည့်ရင်း ခင်ဇမောင်သိန်းထွန်းဝင်းက ရေရွတ်နေ၏။ မေခင် အတော် များများ လှနိုင်ဟန်တူသည်။ မေခင်ရက်ရောစွာလှနိုင်ပုံကို သတိပြုမိသည်။ ကျောင်းသူဘဝက ကျောင်းလခ ပေးချိန်ရောက်တိုင်း စိတ်ညစ်ရရှာသည့် မေခင့်အဖြစ်ကို ပြန်သတိရမိပြန်သည်။

'တော်ပြီကွာ၊လက်ပတ်နာရီမရှိလဲ ကျောင်းတက်လို့ရတာပဲ၊ 'ရောင်းပစ်မယ်'ဟု ခပ်ပြတ်ပြတ် လုပ်တတ်ပုံတော့။ တစ်ခါတစ်ရံ နားက ပတ္တမြားနားကပ်လေးကိုပင် ဖြုတ်ပေါင်လိုက်၊စတိုင်ပင် ထောက်ပံ့ကြေးရတော့ ပြန်ရွေးလိုက်နှင့် ဒုက္ခရောက်ခဲ့ရရှာသည့် သူငယ်ချင်း။ သူ့တွင် ငွေတစ်ဆယ်ရှိပါက သူများကို ငါးကျပ် ခွဲပေးရန် ဝန်မလေးသည့် သူငယ်ချင်း။ ယခုတော့ ထို ဒုက္ခ အပေါင်းမှ လွတ်မြောက်ခဲ့ပြီ။ သည်လိုလည်း ရှိဦးမှပေါ့။ ဘဝ ဆိုတာ နိမ့်တစ်လှည့် မြင့်တစ်ချီ။

မေခင် သူတို့ဆီ ပြန်ရောက်မလာမီမှာပင် ဆရာကန်တော့ပွဲ အခမ်းအနား စလေသည်။

ပွဲ့ရှင် ကြည်နူး နေကြသည့် ဆရာမြတ်တို့၏ ပုံသွင်မှာ အေးချမ်းလှသည်။ တပည့်များက လက်ဆယ်ဖြာစုံမိုး၍ ရိုကျိုး ဝပ်ဝပ် ဦးနှိမ်ညွတ်၍ ရှိခိုးကန်တော့ကြသည်။



မေတ္တာအရိပ်။

ပီတိအရောင်။

ခန်းမကြီး တစ်ခုလုံး မင်္ဂလာကျက်သရေ ထုံမွှမ်းလျက်။

ကန်တော့ပွဲ အခမ်းအနား ပြီးဆုံးသွားသည့် တိုင်အောင် ရှုတ်တရက် လူစုမကွဲကြသေး။ တပည့်များက ဆရာကြီးများကို တစ်ဦးစီ လိုက်နှုတ်ဆက်ကြ။ ထပ်ကန်တော့ကြ။ မျက်ရည် ရစ်ဝဲ၊ ရင်ထဲဖို့လှိုက်၊ ကြည်နူးစရာမြင်ကွင်းပင်။

မေခင် သူတို့အနားသို့ ပြန်ရောက်လာသည်။ ဝင်ထိုင်လိမ့် မည်ထင်သော်လည်း မထိုင်။

'ဟင်၊ မေခင် ပြန်တော့မလို့လား'

လက်ပွေ့အိတ်အတွင်းမှ ကားသော့ ထုတ် လိုက် သ ဖြင့် ငြိမ်းသာ မေးလိုက်မိခြင်းပင်။ သူက မတ်တတ်မှပင် ဖြေ၏။

'အင်းလေ၊ မင်းတို့လဲ ပြန်မှာပဲမဟုတ်လား၊ ဘာရှိသေး လို့လဲ'

'ဘာမှတော့ မရှိဘူးလေ၊ ဒါပေမယ့် တို့တွေ မတွေ့ ရတာ ကြာပြီမဟုတ်လား၊ အေးအေး ဆေးဆေးပေါ့ဟယ်'

'ကိုယ်တော့ ပြန်ဦးမယ်၊ ခေါင်းနည်းနည်း နောက်လာလို့ သွားမယ်နော်၊ အားလုံးပဲ နောက်တွေ့ကြသေးတာပေါ့'

နေကာမျက်မှန်ကြီးကို ပြန်တပ်ပြီး ထွက် ခွာ သွား သူကို အားလုံး တအံ့တသြငေးမောလျက်။

မပေးဖြစ်လိုက်သည့် စံပယ်ကုံး ကလေးက မျက်နှာငယ် ကလေးဖြင့်။

\+ \+ \+

'ဘယ်လိုကြီးမှန်းလဲ မသိဘူး၊ တစ်မျိုးကြီးပဲ'

'ငါက ငါတို့ကို အပြန်ကျ သူလိုက်ပို့မယ်မှတ်နေတာ'

'ပို့တာ မပို့တာက အကြောင်းမဟုတ်ပါဘူး၊ ပုံစံကိုက ကြီးကျယ်သွားလိုက်တာ၊ မုန့်ဟင်းခါးတစ်ပွဲကို နှစ်ယောက် စပ်တူ ဝယ်စားခဲ့ကြရတာတွေကို သူမေ့သွားပြီထင်တယ်'

သူငယ်ချင်းတို့၏ မကျေနပ်သံများ လျှံတက်လာသည်။

'မေခင်က ငယ်ငယ်တုန်းက မေခင်မဟုတ်တော့ဘူး'

နှုတ်နည်းလွန်းသူ သန်းသန်းက ရုတ်တရက် မှတ်ချက်ချ လိုက်၏။ သန်းသန်း စကားကြားမှ ငြိမ်းသာလည်း ကိုယ့် ရင်ထဲက ပြောချင်သည့် စကားလုံးကို ရှာဖွေတွေ့ရှိလိုက်ပါ၏။

'ဟုတ်တယ်၊ မေခင်က ကျောင်းတုန်းက မေခင်မဟုတ် တော့ဘူး၊ ငါသိပ်နှမြောတာပဲ'

'ဘာကိုလဲ'

တူးတူးက မျက်မှောင်ကြီးကုပ်ကာ မေးလိုက်၏။

'စံပယ်ပန်းကိုလား'

ခင်မောင်သိန်းထွန်းဝင်း အယူအဆလွဲသွားသည်။မေးလိုက် ပုံက ရယ်စရာ။

'ကြံကြံဖန်ဖန်ဟယ်၊ ငါနှမြောတာက ဟိုတုန်းက မေခင် ကလေးကို နှမြောတာ၊ အဲဒီမေခင်က ရိုးသားပွင့်လင်းတယ်၊ ရဲဘော်ရဲဘက်စိတ်ရှိတယ်၊ ညီအစ်မ အရင်းလို ရင်းနှီးတယ်၊ အဲဒီမေခင့်ကို ငါနှမြောတာ၊ ငါလေ မေခင့်ကို ဒေါသထွက် တာလဲမဟုတ်ဘူး၊ မကျေနပ်တာလဲ မဟုတ်ဘူး၊ နှမြောတာ သိလား၊ နှမြောတာ'

'အံမာ၊ ကြီးကျယ်လိုက်တာ'



'ဟုတ်ပါတော်၊ ခံရတာချင်းအတူတူ၊ သူကအတွေးအခေါ် တစ်မျိုးနဲ့ ပြောတတ်ပါပေရဲ့'

'ဟဲ့ အဲဒါကြောင့် သူစာရေးဆရာဖြစ်သွားတာ နေမှာ သိလား'

အားလုံးက ဝိုင်းဝန်းကာ ချီးမွမ်းခြေကျောက် ပြောကြ ရင်း ရယ်သံများနှင့်အတူ စကားဝိုင်းကလေး ပြန်လည်စိုပြည် လာပါတော့သည်။

[ရှုမဝမဂ္ဂဇင်း။ ။၁၉၈၄ ခု၊ အောက်တိုဘာ]

မလေးငုံ မှုံရွှေနှစ်ကာယ်




## မလေးငုံ မှုန်ရွှေနှစ်ကယ်

သူတို့အလှည့်သို့ ရောက်လာလေပြီ။

‘ကဲ ပြော’

‘ဗျာ’

‘နာမည်ပြောလို့ ပြောတာရှင့်’

‘ခင်မောင်သန်းပါ’

‘ဪ ခက်လိုက်တာ၊ ရှင့်နာမည်မေးတာ မဟုတ်ပါဘူး၊ လူနာနာမည် မေးတာပါ’

‘မသိလို့ပါဗျာ သူ့နာမည် မအေးလှ’

‘အသက်’

‘သူ့အသက်လား’

‘ဒါပေါ့ရှင့်၊ရှင့်အသက် ဘာလို့မေးရမှာလဲ၊ မွေးရမယ့်သူ အသက် မေးတာပေါ့’

'မပြောတတ်ပေါင်ဗျာ၊ အင်း သူ့အသက် ဆယ့်ကိုး'

'သားဦးလား'

'မဟုတ်ဘူးဗျ၊ သူက သူတို့မောင်နှမတွေထဲမှာ အကြီးဆုံး'

'ခက်လိုက်တာနော်' ဟု ညည်းရင်း ထဘီနီဝတ်ဆရာမကလေး ပြုံးတော့သည်။

ဘေးမှ မိန်းမကြီးသုံးလေးယောက်လည်း တခွိခွိ။ မနေနိုင်သည့် အတွေ့အကြုံရှိပေါင်းများလှပြီ ဖြစ်ပုံပေါ်သည့် အသက်လေးဆယ်ခန့် မိန်းမကြီးတစ်ယောက်က ကြားဝင်ကာ—

'အခု ဗိုက်လာအပ်တာ ပထမဆုံးကလေးလားလို့ မေးနေတာကွယ့်'

သည်တော့မှ ကိုခင်မောင်သန်း နားလည် ရှာပါတော့၏။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါ ကျွန်တော်တို့ရဲ့ ပထမဦးဆုံးကလေး'

ဖြေလိုက်ပုံမှာ ဝမ်းသာအားရ လိုက်လိုက်လှဲလှဲ အူမြူးနေပုံကို ဖုံးဖိမရ။ ခင်မောင်သန်း၏ မျက်နှာထားကြီးမှာ ဇမ္ဗူမှာ တလူ၊ ငါလိုစွမ်းတဲ့သူ ရှိသေးရဲ့လားဟု ဘဝင်ခိုက်နေပုံပင်။

သူ့ဘေးမှ မအေးလှခမျာမှာမူ မျက်နှာကလေး နီနီဖြင့် ရှက်စိတ်လွှမ်းသလိုလို၊ ရင်ထဲဖိုသလိုလို။

'ဘယ်မှာ နေသလဲ'

'တောင်ဥက္ကလာ'

'နေရပ်လိပ်စာ အတိအကျပြောပါရှင့်'

ခင်မောင်သန်း ရေရွတ်ပြရပြန်၏။

ဘေးမှဗိုက်ကြီးတွေ တကော့ကော့ဖြင့် နားစွင့်နေကြသည့် မိန်းမကြီးငယ်တို့မှာ ဆရာမကလေးက မေးတိုင်း ဒိုင်ခံဖြေကြားနေသည့် ခင်မောင်သန်းကိုကြည့်ကာ ပြုံးစေ့စေ့။ ခင်မောင်သန်းကမူ သူ့ဇောနှင့်သူမို့ မည်သူ့မျှ သတိမထားမိ။



'ယောကျာ်းနာမည်'

'ခင်မောင်သန်း'

သည်တစ်ချီမတော့ ခင်မောင်သန်း ခေါင်းကိုမော့၊ ရင်ကိုကော့၍ ကျော့ကျော့ကြီး ဖြေပစ်လိုက်၏။

'အခု ဘယ်နှစ်လ ရှိပြီလဲ'

ခင်မောင်သန်း ရုတ်တရက်မဖြေနိုင်။ ခေါင်းကုတ်လိုက်၏။ သူ့မိန်းမမျက်နှာကိုကြည့်လိုက်တော့သည်။ မအေးလှကခေါင်းငုံ့နေသဖြင့် သူ့မှာ ခွကျသွားတော့၏။

'မသိဘူးလား၊ ဒါဖြင့် နောက်ဆုံးလာတဲ့ရက်ကိုမှတ်မိလား'

'ဗျာ'

ဆရာမမေးတိုင်း သွက်သွက်လက်လက်ကြီး ဖြေနိုင်ခဲ့သည့် ခင်မောင်သန်းတစ်ယောက် ချောက်ပေါက်ကြီး တိုးပါလေပြီ။ ဆရာမ ဘာကိုမေးမှန်း လုံးဝမသိတော့သဖြင့် ဘာကိုဖြေရမှန်း သူ အဘယ်သို့ သိနိုင်ပါမည်နည်း။

ခင်မောင်သန်း အူကြောင်ကြောင် ဖြစ်သွား၏။

သို့ဖြစ်ပုံကြောင့် ဘေးပတ်ဝန်းကျင်ရှိ ကိုယ်ဝန်ဆောင်များသည် တခိုးခိုး တခစ်ခစ် အသံထွက်အောင် ရယ်ကြတော့သည်။

ဘာကိုမှနားမလည်နိုင်ဘဲ အူချာချာကလေး ဖြစ်သွားသည့် သူ့ကို မအေးလှက အသာလက်တို့၍ တိုးတိုးကလေး ပြောလိုက်သည်။နှစ်ကိုယ်ကြားသာရုံကလေး လေသံသာသာမျှသာ။

နားစိုက်ထောင်နေရာက ခင်မောင်သန်း ပြုံးဖြီးဖြီးကြီး ဖြစ်လာသည်။ စကားဆုံးသည့်အခါ မအေးလှက သူ့လက်မောင်း

ကို အသာကျိတ်လိမ်လိုက်တော့မှ အဟီးဟု မအောင့်နိုင် မအည်းနိုင်ဘဲ တစ်ချက်ကျေနပ်စွာ ရယ်သံပြုရင်း မိန်းမတွေကြားမှ တိုးထွက်သွားပါတော့၏။

'ကောင်းတယ်၊ ဒါမှ တို့မိန်းမသားချင်း လွတ်လွတ်လပ်လပ်ကဲ ပြော၊ နောက်ဆိုးရာသိ'

သည်တော့မှ မိန်းမတွေ၏ကိစ္စကို မိန်းမတွေ ပွင့်ပွင့် လင်းလင်း ဆွေးနွေးနိုင်ကြပါတော့၏။

သို့ဘိုင် ခင်မောင်သန်း တစ်ယောက် မလှမ်း မကမ်းရှိ ခုံတန်းလျားကလေးပေါ်တွင် ကုပ်ကုပ်ကလေးထိုင်ရင်း သူ့မိန်းမရှိရာသို့ လည်တဆန့်ဆန့်။

သူ့မိန်းမကို လှမ်းလှမ်းကြည့်နေရာက သူ့မိန်းမ တစ်ဝိုက်တွင် အုံကျပ်ပြွတ်ခဲနေသည့် ဗိုက်ကြီးတွေ တငေါ်ငေါ်နှင့် မိန်းမကြီးငယ်များကို သတိပြုမိလာလေရာ ခင်မောင်သန်းမှာ အံ့သြခြင်း ကြီးစွာဖြစ်မိတော့သည်။

'အလိုလေးဗျာ၊ များလိုက်တဲ့ ဗိုက်ကြီးသည်တွေပါလား'

ထိုကဲ့သို့ပင် စိတ်ထဲမှကျိတ်၍ သြချမိလေသည်။

သူ့တစ်သက်တွင် သည်မျှ များပြားသော ဗိုက်ကြီးသည်များကို တစ်ကြိမ်တစ်ခါမျှ အစုလိုက် အပြုံလိုက် မကြုံကြိုက်ခဲ့ရဖူးပေ။ အချို့ မိန်းကလေးများမှာ အရွယ်မှ ရောက်ပါလေစဟုပင် ထင်ရလောက်အောင် ငယ်ရွယ်လွန်းလှသည်။ သို့ရာတွင် ဗိုက်ကလေးတွေက စူလို့။ တစ်ချို့ကျတော့ ခင်မောင်သန်း၏ အမေအရွယ်များ။ သူတို့ကလည်း ငွားငွားစွင့်စွင့် ပူလို့။ များသောအားဖြင့် ဗိုက်ကတစ်ဗိုက်၊ ရင်ခွင်မှာပိုက်လျက် တစ်ယောက်၊ လမ်းတတောက်တောက်လျှောက်ကာ မအေ့လက်ဆွဲ



လိုက်လာသူကနှစ်ယောက်စသည်ဖြင့် သားသမီးသုံးလေးယောက်၏ မိခင်တို့က များသည်။

သူ့လို ဇနီးသည်ကို အရေးတယူ အလေးမူပြီး ချစ်ကြင်နာစွာ ကိုယ်တိုင်ကိုယ်ကြပ် လိုက်ပို့သူကတော့ မရှိသလောက် ရှားသည်။ ဒါကို ခင်မောင်သန်း သတိပြုလိုက်မိတော့မှ မအေးလှ သူ့ကိုအပြင်သို့ ပ ထုတ်လိုက်သည့် အကြောင်းရင်းကို သဘောပေါက်ပါတော့၏။

'အလိုဗျာ၊ ဒါ ရှက်စရာမှမဟုတ်ပါဘဲ၊ ကိုယ့်တာဝန် ကိုယ်ယူတာပဲ အဆန်းလုပ်လို့'

နည်းနည်း ရှက်သလိုလိုဖြစ်လာသည့် သူ့ကိုယ်သူ အားပေးလိုက်၏။

ထိုအတွေးနှင့်အတူ မအေးလှဆီ လှမ်းကြည့်လိုက်မိပြန်ရာ မအေးလှ သူ့ဆီမျက်လုံးရောက်နေခိုက်နှင့် ကြုံကြိုက်သွား၏။

'ဘာများလဲမသိဘူး၊ ဘာလိုချင်လို့ပါလိမ့်၊ အေးလှကလည်လည်ဝယ်ဝယ်ရှိတာမဟုတ်ဘူး၊ပြောတတ်ဆိုတတ်လဲ ရှိတာမဟုတ်ဘူး၊ သူ့အနား သွားလိုက်ဦးမှ ထင်တယ်'

သူ့မိန်းမထံ အာရုံရောက်သွားသဖြင့် နေရာမှ ဖင်တကြွကြွ ဖြစ်နေဆဲ သူ့နံဘေးသို့ လူတစ်ယောက် ကပ်ထိုင်လာသည်။ ဟူးခနဲ သက်ပြင်းချသံ။ ပင်ပန်းနွမ်းနယ်သော ပုံစံတို့ကြောင့် ထိုလူ့ကို ခင်မောင်သန်း ချက်ချင်းသတိထားမိသွား၏။

'ခင်ဗျားရော မီးနေ လာစောင့်တာပဲလား'

မျက်ကွင်းညိုညို၊ မျက်လုံးနီနီဖြင့် ထိုလူက ကောက်ကာငင်ကာ မေးလိုက်၏။ သူ့အသံသည် အားလျော့ဖျော့တော့နေသည်။

ခင်မောင်သန်း ခေါင်းခါပြလိုက်ပြီး—

'ဗိုက် လာအပ်တာဗျ၊ သားဦး'

သူ့ အသံကတော့ အားမြှည့် တက်ကြွနေလိမ့်မည်ဟု သူ ယုံကြည်ပြီးသားပင်။

'အေးဗျာ၊ မိန်းမများ သနားစရာ၊ ဂရုစိုက်ပါဗျာ။ ကျုပ်မိန်းမ ဗိုက်နာနေတာ မနေ့ နေ့လယ်ကတည်းက ခုထိ မမွေးသေးဘူး၊ ကျုပ်လဲ တစ်ညလုံးလာစောင့်နေတာ၊ မနက်ကတော့ ခဲ့စိတ်မွေးဖို့ သဘောတူကြောင်း လက်မှတ် လာထိုးခိုင်းလို့ ထိုးပေးလိုက်ရတယ်၊ မြန်မြန်မွေးပါစေလို့ဆုတောင်းနေရတယ်ဗျာ၊ အိမ်မှာ ကလေးသုံးယောက် ဒီအတိုင်း ထားခဲ့ရတာ၊ အကြီးဆုံးသမီးက ဆယ်နှစ်ရှိသေးတာ'

ထိုလူ့ အသံက ခင်မောင်သန်းကို တုန်လှုပ်သွားစေ၏။ သူ့ မိန်းမကော သည်လို ဒုက္ခမျိုး ကြုံနေရဦးမှာလား။ စာရွက်ဖြူကလေးတစ်ခုကိုင်ကာ ဟိုအခန်းသွား၊ သည်အခန်းသွားလုပ်နေသည့် မအေးလှဆီ ပြန်အာရုံရောက်သွား၏။ ဘာတွေများလုပ်နေရတာပါလိမ့်။

'သမီးအကြီးက ထမင်းကလေးဘာကလေး ချက်တတ်နေလို့ တော်သေးတာပါဗျာ၊ ဒါနဲ့ ခုနက ဥက္ကလာထမင်းဆိုင်ကနေ ဟင်းတစ်ခွက်ဝယ်ပြီး ကမန်းကတန်း သွားပို့ပေးလိုက်ရတယ်၊ အထဲက မိန်းမကတော့ မနေ့ညနေစာစားပြီးကတည်းက ဘာမှ မမှာတော့ဘူးဗျို့၊ အတော်ဒုက္ခရောက်နေရှာဟန် တူတယ်'

ပြောရင်းဆိုရင်း အတွင်းမှ သူ့ မိန်းမ၏ ဝေဒနာ သူ့ဆီသို့ ကူးစက်လာဘိသကဲ့သို့ မျက်နှာကြီး ရှုံ့နေသည်။



'ကျုပ်တို့ကိုက မှားသွားတာဗျ၊ တကယ်ဆို မိန်းမက သိပ်အားကောင်းတော့တာ မဟုတ်ဘူး၊ ဒီကလေးအရင်တစ်ယောက်သဲ ပျက်ကျဖူးပြီးပြီ၊ ဒီကလေးကို ကျုပ်တို့ မယူသင့်ဘူးဗျ၊ အင်း ကျုပ်အပြစ်ပါပဲဗျာ'

မျက်နှာကြီးအောက်ချကာ သူ့ကိုယ်သူ အပြစ်တင်လိုက်ပုံကြောင့် ခင်မောင်သန်း ရယ်ချင်သလိုလို။ ရုတ်တရက် ထူပူနှိုင်းဖိနှိုင်း၍ မျက်နှာတွင် သွေးတက်လာသလို ခံစားမိလိုက်၏။ အဘယ်ယောကျ်ားသည် ဤကဲ့သို့သောအဖြစ်ကို 'ကျုပ် အပြစ်ပါပဲ' ဟု ခပ်ရဲရဲ ဝန်ခံပါလိမ့်မည်နည်း။ အလွန်ခွကျသော အဖြစ်ပါကလား။

'ခင်ဗျား ဘာလုပ်သလဲ'

ခင်မောင်သန်းကို စေ့စေ့ကြည့်လျက် ထိုလူက ရုတ်တရက် မေးလိုက်၏။ ခင်မောင်သန်းကြောင်နေသဖြင့်—

'ဘယ်မှာ အလုပ်လုပ်သလဲလို့ မေးတာပါ'

'ကျွန်တော်လား၊ ဆိုက်ကားနင်းတယ်'

'အင်း သိပ်တော့မထူးပါဘူး၊ ကျုပ်က ဟီးနိုးကားမောင်းတယ်'

သူ့အကြည့်ကို ပြန်ရုပ်သိမ်းလိုက်ရင်း—

'တကယ်တော့ ကျုပ်တို့ ခင်ဗျားတို့အနေနဲ့ သားသမီးနှစ်ယောက်သုံးယောက်အပြင် ပိုမမွေးသင့်ဘူးဗျ၊ ဒါ ညီလိုအစ်ကိုလို ခင်လို့ပြောတာနော်။ ပိုက်ဆံရှိတဲ့လူတွေ၊ ကလေးတွေကို ကောင်းကောင်းပြုစုနိုင်တဲ့ လူတွေ၊ အဲသလိုလူတွေကမှ ကလေးတွေ အများကြီးမွေးသင့်တာ၊ ခုတော့ ပြောင်းပြန်ဗျာ၊ ကျုပ်တို့လိုလူတွေရဲ့ အိမ်တွေကို လိုက်ကြည့် ကလေးများတာ

ချည်းပဲ၊ ပိုက်ဆံရှိတဲ့၊ ရာထူးကြီးတဲ့ လူတွေအိမ်ကိုလိုက်ကြည့် နှစ်ယောက်သုံးယောက်အပြင် ပိုမရှိဘူး၊ ဖြစ်နေတာက အဲသလို'

ထိုလူ ပါးစပ်တဟဟဖြင့် စကားဆက်မည်ကြံနေဆဲ မီးနေ လူနားများထားရာ သံတံခါးဝတွင် ထဘီနီဝတ် ဆရာမတစ်ဦး ပေါ်လာကာ–

'ကိုစန်းမောင်ရှိသလား၊ ကိုစန်းမောင်'

ထိုလူ ကသုတ်ကယက်ထသွားသည်။

'မီးကလေးမွေးတယ်၊ နေကောင်းတယ်၊ ထဘီသုံးထည် လာပို့ပါ'

ထိုအသံသည် ခင်မောင်သန်းထိုင်နေရာသို့ ဝေ့ထွက်လာ၏။ ကိုစန်းမောင်ဆိုသူက သူ့ကိုအဝေးမှပင် လက်ဝါးထောင်ပြပြီး သုတ်သုတ်သုတ်သုတ်ဖြင့် ထွက်သွားလေ၏။

ကိုစန်းမောင်ကဲ့သို့ပင် ခင်မောင်သန်းသည် စိတ်လက်ပေါ့ ပါးသွား၏။

ရုတ်တရက်ပေါ်ပေါက်လာသော စိတ်စေတနာဖြင့် ထူးခြား သောဆုတစ်ခုကို သူတောင်းလိုက်မိ၏။

'ဗိုက်ကြီးသည်တွေအားလုံး ချောချောမောမော လွယ် လွယ်ကူကူ မွေးနိုင်ပါစေဗျာ'

သူ့ ဆုတောင်းသံအဆုံးနှင့် မအေးလှ သူ့ကို လက်ယပ် အခေါ် တစ်ချိန်တည်းကျသွား၏။

'ဘာတဲ့တုံး အေးလှ၊ ဘာတဲ့တုံး'

'အို ဘာတဲ့ရမှာတုံး၊ ဒီမှာ အလှူငွေထည့်ချင်လို့ ပိုက်ဆံ တစ်ကျပ်လောက်တောင်းမလို့ပါ'

'ပါတယ်၊ ပါတယ်'



မအေးလှက ကျပ်တန်တစ်ရွက်ဆွဲယူပြီး ဗိုက်ကြီးသည်တွေ အုပ်ထဲ ပြန်ဝင်သွားတော့ သူ့မှာ မိန်းမတွေကြားထဲ ထီးထီး မားမားကြီး ကျန်ရစ်ရပြန်၏။ သည်မှာပဲ ရပ်စောင့်နေရမည် လား၊ ဝေးဝေးကခုံမှာပဲ ပြန်သွားထိုင်နေရမည်လား ဆုံးဖြတ် မရဖြစ်နေဆဲ–

'ဟဲ့ ဒါရှက်စရာကိစ္စမဟုတ်ဘူး၊ လင်ယူရင် သားမွေးမှာပဲ၊ ကိုယ့်လင်နဲ့ကိုယ်ဗိုက်ကြီးတာ ဘယ်သူ့လင်မှခိုးပြီး ဗိုက်ကြီးတာ မဟုတ်ဘူး၊ လာစမ်း'

အလှန်တရာမှ ကျယ်လောင်စူးရှလှသောအသံ။ ပတ်ဝန်း ကျင်တစ်ခုလုံးကို လျှံထွက်သွားသည်သာမက စီစီညံ့ရှုပင် သွားစေပါ၏။ ဘယ်နှယ်ပါလိမ့်။

ခင်မောင်သန်းတို့အားလုံး အသံလာရာသို့ တိုင်ပင်မထားပါ ဘဲလျက်နှင့် ချာကနဲကြည့်လိုက်မိကြ၏။

တွန့်လိမ်ကောက်ကွေးနေသောဆံပင်တို တစ်ထွာလောက်နှင့် နွမ်းကြေစုတ်ပြတ်နေသော အဝတ်အစားများနှင့် မိန်းမကြီး တစ်ယောက်။ ပြောရင်း ဆိုရင်း၊ အော်ရင်း ငေါက်ရင်း ဆိုက်ကားပေါ်မှ သူဆွဲခေါ်နေသူမှာ အသက်နှစ်ဆယ်ခန့် ကောင်မလေးတစ်ယောက်။ ကောင်မလေးကမူ အဝတ်အစား များက ဟောင်းနေသော်လည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား သည်။ မျက်နှာကလည်း ဂုန္ဒြေလေးနှင့်။ သို့သော် သူ စိတ် ရှုပ်ထွေးနေပုံကို ဖုံးကွယ်မထားနိုင်ပေ။

'ကြည့်စမ်း လူတွေတောင် အများကြီးရောက်နေပြီ၊ညည်းကို အမေ ဒါကြောင့်ပြောတာ၊ စောစောသွားကြရအောင်လို့၊

ထင်တော်မောင်ကို ထမင်းဘူးထည့်ပေးရ၊ ပြုစုရနဲ့ နောက်ကျ သွားပြီ၊ လာ လာ မြန်မြန်'

ကောင်မလေးမှာ ဆိုက်ကားခကိုပင် ဖြောင့်ဖြောင့်မပေးရ၊ ဇွတ်တရွတ်ကြီးခေါ်နေသည်။

ချက်ချင်းဆိုသလိုပင် လက်မှတ်သစ်ထုတ်ပေးရာ စားပွဲဆိုင် သူတို့ ဦးတည်လျှောက်လာကြ၏။

မိန်းမကြီးက ကောင်မကလေးလက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ရောက်နှင့်သူများကြားမှ ခပ်ကြမ်းကြမ်း တိုးဝင် လိုက်၏။

'ကဲ ဆရာမရေ၊ ကျုပ်တော့ မြေးချီရတော့မယ်တော့၊ ဒီမှာလေ၊ ဆရာမ ညီမကရှက်လို့တဲ့၊ ဇွတ်ခေါ်ခဲ့ရတာ၊ စမ်းသပ် ကြည့်ပြီး အားဆေးလေးဘာလေးလဲ ပေးပါဦး'

တစ်လောကလုံး ဘယ်သူ့မှမမြင်တော့သလို သူပြောလိုရာ အားပါးတရ ပြောချလိုက်၏။

ဆရာမက သူ့ကိုမော့ကြည့်လိုက်ပြီး ပြုံးသွားကာ–

'ဟော ဒေါ်ချစ်စုကြီး လာပြန်ပြီလား၊ ဒီတစ်ခါတော့ သေချာလို့လား'

'အောင်မယ်လေး၊ သေချာလိုက်တာမှ သိပ်သေချာတာ ပေါ့၊ ကလေးရှစ်ယောက် မွေးလာတဲ့ကောင်မကြီးပါ၊ ဟဲ့ ပြောလိုက်လေသမီး၊ ညည်းတို့နော် ဟင်း လင်ယူဖို့ပဲနားလည် တယ်၊ ဒီပြင်ဟာတော့'

'ကဲပါ ဒေါ်ချစ်စုကြီးကလဲ ကျွန်မတို့မေးပါ့မယ်၊ ဟို တန်းလျားမှာ သွားထိုင်နေနော် ခဏ'



'ဒီကောင်မက ဘာမှနားလည်တာမဟုတ်ဘူး ဆရာမရဲ့၊ အခုတောင် ကျုပ်က သူ့အရိပ်အကဲကြည့်ပြီး မသက်သာလို့ ခေါ်လာရတာ၊ မေးစရာရှိ ကျုပ်ကိုမေး'

'ကဲ ဟော့ ဘယ်လိုလုပ်မလဲ ဒီပြဿနာ'

ဆရာမကလေး သူ့နောက်မှ အကူဆရာမကလေးကို လှည့် မေးလိုက်၏။ ပြီး တစ်ဆက်တည်း 'ဒုက္ခပါပဲ၊ ဒီကနေ့ ဗိုက်အပ် တဲ့လူနာတွေ များပါတယ်ဆိုမှ ဒီမိန်းမကြီးက တစ်လုပ်၊ ညည်း အမေပြောတာဟုတ်ရဲ့လား ညီမရေ၊ သူ့ခမျာ လတိုင်း မြေး ရှူးရှူးရတာမော့လို့' ဟု ကောင်မကလေးကို မော့မေးလိုက် ပြန်၏။

'မနက်က အမေကမေးလို့ ကျွန်မ ရက်ကျော်လာတာ သုံး လေးရက်ရှိပြီလို့ ပြောလိုက်မိတယ် ဆရာမရယ်၊ အဲဒီကတည်း က ဆေးရုံကို အတင်းခေါ်တာပါပဲ'

ကောင်မကလေးက ခပ်တိုးတိုးဖြေသည်။

'အင်း အဲဒါမှဒုက္ခ၊ ရက်ပိုင်းလောက်ကလေးနဲ့ ဘယ်လို လုပ်စမ်းလို့ရမလဲ၊ ဒီတိုင်းပြန်လွှတ်လိုက်လို့ကလဲ ဒေါ်ချစ်စုက ရမှာမဟုတ်ဘူး၊ ကဲ ခင်မြမြရေ၊ ဟိုဘက်ခန်းထဲခေါ်သွား၊ ကျေနပ်အောင် ကြည့်လုပ်ပေးလိုက်ကွာ'

စားပွဲထိုင်ရသည့် ဆရာမကလေးက သူ့အကူ ဆရာမလေး ကို မျက်စိမှိတ်ပြ မျက်စပစ်ပြနှင့် သင်္ကေတပေါင်းစုံစွက်ကာ ထိုသားအမိနှစ်ယောက် ပြဿနာကို ရှင်းပေးလိုက်သည်။

'တွေ့လား၊ ငါလာပို့မိပေလို့၊ ဗိုက်ကြီးလို့ ကြီးမှန်းမသိ၊ အံ့ပါ့တော်၊ ဘာကိုမှ သိတတ်တာမဟုတ်ဘူး၊ အခုမ'

'အံမာ သူကများ ပြောရတယ်လို့ရှိသေး'

ကျန်ရစ်သူဆရာမကလေးက ရယ်သံတစ်ဝက်ဖြင့် မှတ်ချက်ချလိုက်၏။ မိန်းမကြီးကတော့ အာဘောင်အာရင်းသန်သန်ဖြင့် ပွက်လောရိုက်အောင်ပြောရင်း သူ့သမီးကို လက်ဆွဲကာ ဖျင်ကယ်လတ်ကယ် လိုက်ပါသွားလေပြီ။

ထိုအခိုက်မှာပင် ဗိုက်ကြီးသည်အုပ်စုထဲမှ ဆူဆူညံညံ အသံများကို ကြားလိုက်ရ၏။ လူတွေ ရှုတ်ရှုတ်သည်းသည်းဖြစ်ကုန်ကြ၏။

'ဗိုက်နာလို့တဲ့ဟေ့၊ မြန်မြန်ဟေ့ မြန်မြန်'

'ရေမြွာတောင်ပေါက်နေပြီ၊ မွေးခန်းထဲကို ဒါရိုက်ဟေ့'

အတွေ့အကြုံ များလှပြီဖြစ်သည့် ဆရာမကလေးများသည် သွက်လက်ကျွမ်းကျင်စွာဖြင့်။

တစ်သက်တွင် သည်တစ်ခါသာ ဗိုက် ကြီး သည်၏ လင်ယောကျ်ားဖြစ်ရှာဖူးသေးသော ခင်မောင်သန်းကမူ အလွန်စိတ်လှုပ်ရှားနေမိပါလေသည်။

[သဘင်မဂ္ဂဇင်း။ ။၁၉၇၅ ခု၊ မတ်]

# ယာဂုအိုးကြီးကွဲခါမှ

အေးငြိမ်း ပြုံးမိပြန်သည်။ သို့ပေမင့် အေးငြိမ်းအပြုံးက မဲ့ပြုံး၊ မချိပြုံး။

စင်စစ် ဇာတ်ကြောင်း အစအဆုံး လိပ်ပတ်လည်ခဲ့သည်မှာ မနေ့ကမှ။ ဟော ဒီနေ့ နေ့လယ်ကျတော့ ရန်ကုန်ရှိ အေးငြိမ်း သူငယ်ချင်း မိစုထံမှ စာရောက်လာခဲ့သည်။ အေးငြိမ်းက သည်ကနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာသည့် မိစုစာကို နောက်တစ်ခေါက် ထပ်ဖတ်လိုက်မိပြန်၏။ အစအဆုံးတော့ မဟုတ်။ သူ့စိတ်ကို လှုပ်ခတ်ပစ်လိုက်သည့် နောက်ဆုံး စာပိုဒ်တစ်ခုတည်းကိုသာ ဒုတိယအကြိမ်မြောက် ဖတ်လိုက်မိခြင်းပင်။

'ဒါနဲ့ အေးငြိမ်းရေ၊ မင်းတို့ဆီမှာ အစိမ်းတွေ သိပ်ပေါတာပဲဆို၊ တို့အတွက် ဝမ်းဆက်လောက် ရှာပေးစမ်းပါဟယ်၊ တို့ရန်ကုန်မှာ ခု သိပ်ခေတ်စားနေတယ်၊ သိပ်အကောင်းစားကြီး မဟုတ်တောင် အသင့်အတင့်လောက်

ရရင်တော်ပါပြီ၊ သုံးလေးထောင်လောက်ဆိုရင် မရနိုင်ဘူးလား၊ ရမယ်ဆိုရင် တို့ ငွေပို့ပေးမယ်'တဲ့။

သည်စာပိုဒ်ပါပဲ အေးငြိမ်းကို မဲ့ပြုံးပြုံးစေခဲ့တာ။ မချိပြုံးပြုံးစေခဲ့တာ။ သည်စာပိုဒ်ပါပဲ အေးငြိမ်းစိတ်ကို လှုပ်နှိုးလိုက်တာ။ ခံပြင်းစိတ်ကို ပုတ်ခတ် ကစားလိုက်တာ။

\+ \+ \+

'ကိုယ့်ယောက်ျားမသေခင်က ဝတ်ခဲ့တဲ့ပစ္စည်းမို့ မရောင်းရက်ဘဲနဲ့ အငတ်ခံနေခဲ့တာ၊ ခုတော့ သားသမီးတွေ မလိမ္မာလို့ ရောင်းရတော့မှာ အေးရေ'

အေးငြိမ်းက မမခင်မြင့်ကို စိတ်မကောင်းစွာ ကြည့်နေမိသည်။ မမခင်မြင့်က ခေါင်းငုံ့ကာ လက်စွပ်ကလေးကို ပွတ်သပ်ကြည့်နေသည်။ သူ့ခင်ပွန်းသည် ဝတ်ဆင်ခဲ့သည်ကို ပြန်လည်အမှတ်ရနေသည် င ပါ၏။

'နှမြောလျက်သားနဲ့ ရောင်းရမှာအေးရေ၊ ဒီပြင် သူစိမ်းလူလက်ထဲ ရောက်သွားတာနဲ့ စာချင် ညီအစ်မအရင်းလို ချစ်တဲ့ အေးဆီ ရောက်တာကမှ ဖြေသာသေးတယ်ဆိုပြီး လာပြတာ၊ ကောင်းတာတော့ မပြောနဲ့၊ အသားကလဲ ဖယောင်းသား၊ အသွေးကလဲ ငှက်ပျောညွန့်သွေး၊ ကြည့်စမ်း ဟိုဘက်သည်ဘက် ပေါက်နေတာ မြသားအတိုင်းပဲ'

မှန်ပါသည်။ လက်စွပ်ကလေးက နေရောင်တွင် တဖိတ်ဖိတ်။ အရောင်ကလည်း အေးငြိမ်းကြားဖူးနားဝရှိခဲ့သလို စိမ်းဝါဝါကလေး၊ ကြည်ကြည်ကလေး။ အေးငြိမ်း ဝတ်ကြည့်လိုက်၏။



ာက်သူကြွယ်နှင့်မတော်၊ အတန်ငယ်ချောင်သည်။ လက်ခလယ်ခ်မှ တော်ရုံ။ အင်းလေ သူ့ယောကျ်ားဝတ်ခဲ့တဲ့ လက်စွပ်ိုတော့ မိန်းကလေးလက်နဲ့ ဘယ်တော်ပါ့မလဲ။ မောင့်လက်နဲ့ိုရင် အတော်ပဲနေမှာ။ ဒါပေမယ့် မောင်က လက်စွပ်တို့ာတို့ဝတ်ရန် ဝါသနာမပါ။ ဝယ်လိုက်ရင် ဆိုပြောနေဦးလား။ ပြီးတော့ လခစားပီပီ လင့်တစ်ယောက်ရှာစာကိုသားအမိလေးယောက် ထိုင်စားနေရသူပီပီ အေးငြိမ်းတို့ဆီမှာခွင့်ပိုငွေလျှံ များများမရှိ။

'သူ့ပစ္စည်းကလေး အမှတ်တရ သည်တစ်ခုရှိပါတော့တယ်ိုပြီး သိမ်းထားခဲ့တာ၊ ခုတော့ သားထောင်ကျမယ့်အရေးမို့ာခွဲပစ်ရမှာ'

မမခင်မြင့် စကားမဆက်တော့။ ငိုနေရှာပြန်ပြီ ထင်ပါရဲ့။ အေးငြိမ်း သူ့မျက်နှာကို မကြည့်ရက်တော့။ မမခင်မြင့် မျက်ည်များကိုမြင်လျှင် အေးငြိမ်းလည်း မျက်ရည်ဝဲရပေဦးမည်။ ည်အရပ်ရောက်မှ သိခဲ့၊ ခင်ခဲ့၊ ရင်းနှီးခဲ့ရပေမယ့် မမခင်မြင့်နှင့်တ်သက်၍ အေးငြိမ်း စိတ်မကောင်းဖြစ်ရပေါင်း များပြီ။က်ရည်ကျရပေါင်းများပြီ။ အေးငြိမ်းက စိတ်ပျော့လွန်းည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့သူ။ သားသမီး ငါးာက်ကို ကောက်ညှင်းပေါင်းရောင်းကျွေးနေသူ။ အကြီးဆုံးသားက ဘိန်းဖြူရှူ၊ ဖဲရိုက်၊ လောင်းကစား အကုန်လုပ်ကာအေ့ကို ဒုက္ခပေးနေသူ။

သည်အကြောင်းတွေကို အိမ်ချင်းစားလွယ်ခုတ်မို့ မျက်မြင်ယ်တွေ့ပါ မြင်နေရသဖြင့် မမခင်မြင့်ဆိုလျှင် အေးငြိမ်းကန်ချေးလည်း လက်မနှေး၊ ငွေချေးလည်း ခပ်သွက်သွက်၊ မမ

ခင်မြင့် သားကလေးတွေအတွက် အိမ်က သားများ၏ အင်္ကျီ
ဘောင်းဘီတစ်ပတ်ရစ်များ ပေးရသည်ကလည်း မရေမတွက်
နိုင်။

မမခင်မြင့်ကလည်း ဆင်းရဲပေမယ့် သစ္စာရှိသည်။ ကျေးဇူး
သိတတ်သည်။ ပိုက်ဆံချေးလိုက်လျှင် ဘယ်တော့မှ ပြန်မဆပ်
သည်ဟုမရှိ။ တစ်လနှင့် မဆပ်နိုင်ပါက နှစ်လခွဲဆပ်သည်။ မြ
အေးငြိမ်း နေထိုင်မကောင်းလျှင် သူ လာပြီး အပြေးအလွှား
ချက်ပြုတ်လျှော်ဖွပ်ပေးသွားတတ်သည်။ သူက ဟင်းချက်လည်း
တော်သည်။ ချဉ်ပေါင်းဟင်း ချက်လျှင်သော်မှ မြက်မြ
သက်သက်နှင့် အရသာရှိရှိဖြစ်အောင် ချက်တတ်သည်။

တစ်ခါတစ်ခါ ဟင်းချက်ညံ့သော အေးငြိမ်းကို မောင်
စတတ်သည်။

'အေးရေ သုံးလေးရက်လောက် ဖျားလိုက် မိန်းပါ
ကွာ' တဲ့။

သိကျွမ်းခဲ့သည်မှာ တစ်နှစ်ပင် မပြည့်တတ်သေးမီ မမခင်
နှင့်က သည်အထိ ရင်းနှီးနေခဲ့ပြီ။ တစ်ဦးဒုက္ခကို တစ်ဦး
တတ်နိုင်သည့်ဘက်က စေတနာနှင့်ကူညီခဲ့ဖူးကြပြီ။ ယခုလည်း

'အေး ယူမယ်ဆိုရင် ဝယ်ရင်းဈေးအတိုင်းပဲ ပေးပါတော

သူတစ်ပါး ကက်ဆက်ကို ခိုးပေါင်ပြီး ဘိန်းပြုရှုပင်
သားအတွက် ရောင်းနေရသည့်လက်စွပ်ကို အေးငြိမ်း ဝယ်ထ
လိုက်မိသည်။ သားတွေ ရှင်ပြုရန်အတွက် ကုပ်ကုပ်ကျစ်က
စုထားခဲ့သည့် အစိတ်တန် အသစ်စက်စက်ကလေးတွေများလေ
လေးဆယ့်ရှစ်ရွက်တိတိ သေတ္တာထဲမှနေ၍ မမခင်မြင့်လက်
ရောက်သွား၏။ မောင့်ကို မတိုင်ပင်ဘဲ ဝယ်လိုက်၍ ဆူများ



ဦးမလား။ အခု ဒီလောက်ကောင်းတဲ့ပစ္စည်း သည်လောက်
ဈေးချောင်ချောင်နှင့် ရတာ မောင်ကလည်း ကန့်ကွက်မှာ
မဟုတ်ပါဘူး။ ညနေ **မောင်** ရုံးက ပြန်လာတော့ အကျိုး
အကြောင်း ပြောပြသောအခါ–

'အချောင်ရတယ်ဆိုတာ ဒါမျိုးနေမှာပဲ'

'ဟုတ်တယ်နော် သူ့ခမျာ အရင်းအတိုင်း ရောင်းရရှာတာ
မောင်ရဲ့၊ တစ်ပြားမှ မြတ်ရှာတာမဟုတ်ဘူး'

'အရင်းအတိုင်းတော့ ဟုတ်ဟန်မတူပါဘူး အေးရာ၊ နည်း
နည်းပါးပါးတော့ အမြတ်ယူဦးမှာပါ'

'အို ယူလဲယူပေါ့ မောင်ရဲ့၊ ဈေးက သိပ်သက်သာနေတဲ့
ဟာပဲ၊ အေးတို့ကို သိပ်ခင်လို့ ဒီလောက်ဈေးနဲ့ ရောင်းတဲ့
ဟာပဲ'

လင်မယားနှစ်ယောက် တတွတ်တွတ်ပြောရင်း တပြုံးပြုံး။

\+ \+ \+

လက်စွပ်ကလေးဝယ်ပြီး တစ်ပတ်ခန့်အကြာ မောင်က အေး
ငြိမ်းကို သတင်းတစ်ခု ပြောလာသည်။

'အေးရေ ကိုထွန်းကြွယ်ကြီး မှတ်မိသေးလား'

'အို သိပ်မှတ်မိတာပေါ့၊ ကပ်စေးနဲကြီးလေ၊ သူ နိုင်ငံ
ခြား သွားတုန်းက အေး ဆွယ်တာတစ်ထည် မှာလိုက်တာ၊
ဒီရောက်တော့ ငွေနှစ်ရာ တောင်းယူတာရော မှတ်မိသေးလား'

'ဟုတ်လား၊ မောင်ဖြင့် မေ့တောင်နေပြီ'

‘ပြီးတော့ သားကြီး ငယ်ငယ်က လဟာပြင်ဈေးမှာ အေးတို့ မုန့်သွားစားတော့ သူနဲ့တွေ့တာကော၊ အဲဒီတုန်းကလဲ သူ့ညီတွေ ညီမတွေအားလုံး စားတာကို မောင်ကချည်း ပိုက်ဆံပေးလိုက်ရတာကော တကယ့်ကပ်စေးနှဲကြီး’

‘ဟေး ဟေး မောင့်မိန်းမကတော့ သိပ်ကို အမှတ်ကောင်းတာပါလားဟေ့၊ အခု ကိုထွန်းကြွယ်ကြီး ကောလင်းပြောင်းနဲ့ ရပြီကွ၊ မောင် စစ်ကိုင်းအသွား ရထားပေါ်မှာ တွေ့ခဲ့တယ် အဲဒါ သူက မှာလိုက်တယ်၊ လက်စွပ်ကောင်း....’

မောင်က ခပ်တိုးတိုးဆက်ပြောသည်။ အေးမြိမ်းက မျက်တောင်ပင် မခတ်နိုင်ဘဲ စိတ်ဝင်စားစွာ နားထောင်ပြီး—

‘ဟယ် ပွတာပဲ၊ ဒါဆို အေးတို့ ဝယ်ထားတဲ့....’

‘အေးလေ ရောင်းလိုက်ရင် အမြတ်ရမှာ သေချာတယ်’

‘အိုး၊ ဒီလူကြီးဆို လေးထောင်က တစ်ပြားမှ မလျှော့နိုင်ဘူး’

‘ဟော အေးကတော့ လောဘကြီးပြီ၊ ဒီလောက်ကြီးတော့ လွန်တာပေါ့၊ မောင့်သူငယ်ချင်း အရင်းကြီးဟာကို’

‘ရင်းရင်း မရင်းရင်း၊ သူများဆိုရင် သုံးခုလောက်နဲ့ ရောင်းမယ်၊ သူ့တော့ လေးရမှ သူများအပေါ် သိပ်တင်စီးတဲ့လူကြီး ဒီတစ်ခါသိမယ်’

‘ကဲပါကွာ သူ့လဲပြကြည့်ရဦးမှာ၊ သူကြိုက်မှ အလုပ်ဖြစ်မယ့်ဟာများ၊ ဒီတစ်ခါ မောင်သွားရင် ထည့်ပေးလိုက်’

သုံးလေးရက်အကြာ မောင် မန္တလေးဆင်းတော့ ထိုလက်စွပ်ကလေးကို စွပ်သွားသည်။ အေးမြိမ်းကတော့ အိမ်မှာ စိတ်ကူး



ဖဲရိုက်ရင်း ကျန်ရစ်သည်။ မမြတ်ဘူးဆို နှစ်ထောင်ကျော်ကတော့ မြတ်မှာသေချာသည်။ သူများတွေ လာ လာ ပြသည့် လေးငါးထောင်တန်တွေတောင် မမခင်မြင့် လက်စွပ်လောက် မကောင်း။ နှစ်ထောင်ကျော်သာမြတ်လျှင် ကျော်သမျှကို မမခင်မြင့်ကို ပေးလိုက်ဦးမည်။ သူ့ခမျာ ငွေအမြဲ ပြတ်လပ်နေရှာသပဲ။ ပေးမည်၊ ပေးမည်။ တကယ့်ကို စေတနာအပြည့်နှင့် ပေးလိုက်မည်။ ပြီး သားတွေရှင်ပြုဖို့လည်း နောက်နှစ်သို့ရွှေ့ဆိုင်းမနေတော့၊ သုံးထောင်ခန့်ငွေမှာ လုလုပပ ပြည့်ပြည့်စုံစုံ မလှူနိုင်စရာ အကြောင်းမရှိ။ သည်နှစ်သီတင်းကျွတ်မှာပင် လှူပစ်လိုက်တော့မည်။ အတွေးနှင့်ပင် ပီတိတွေတဝေဝေ။ ကြည်နူးစိတ်ကရင်ဝယ်တသိမ့်သိမ့်။

သုံးရက်ပဲကြာသည်။ မောင် ပြန်လာသည်။လက်စွပ်ကလေးကို လက်မှာစွပ်လျက်သားပဲတွေ့ရသည်။

‘ဘာတဲ့လဲ၊ ကပ်စေးနှဲကြီးက ဈေးများလို့တဲ့လား၊ လေးငါးရာလောက် လျှော့ပြီး ရောင်းပစ်ခဲ့တာမဟုတ်ဘူး မောင်ကလဲ’

‘တော်စမ်းပါကွာ၊ အတုကြီးကွ’

မောင်က ရှုသိုးသိုးနှင့် ခပ်အောင့်အောင့် ဖြေ၏။

‘ဘာ၊ အတုကြီး ဟုတ်ရဲ့လား’

‘အေး၊ အတုမှ ရေမရောတဲ့အတု ခင်ဗျ သိပြီလား၊ ရွှေကတော့ အစစ်တဲ့၊ ဒါပေမယ့် ရှိလှ တစ်မတ်သားပေါ့’

‘ဟင် ဒီလိုဆို’

တစ်ခါဖူးမျှ မဝင်ဖူးသော သံသယစိတ်ကလေးက ရင်ထဲ ဆောင့်ဝင်လာ၏။

'မခင်မြင့်က ညာရောင်းတာ နေမှာပေါ့'

'အို၊ သူ ဒီလိုလုပ်မယ် မထင်ပါဘူး'

မျက်စိမှိတ်ငြင်းရင်း လက်စွပ် ရောင်းပြီးကတည်းက သူတို့ အိမ်သို့ ပေါ်မလာတော့သည့် မခင်မြင့်က အတွေးထဲ ရောက်လာ၏။ ဟုတ်မှာ ဒါကြောင့် မခင်မြင့် သူ့ကို မျက်နှာချင်း မဆိုင်တော့တာနေမှာ။

'ရော့ဗျား၊ လေးထောင်တန် လက်စွပ်ကြီး၊မီးခံသေတ္တာထဲ သော့ခတ်သိမ်းထားပေတော့'

မောင်က ခပ်ငေါ့ငေါ့ ပြောပေးခဲ့၏။ အေးငြိမ်းက မယုံနိုင်သလိုပင် လက်စွပ်ကလေးကို ဖင်ပြန် ခေါင်းပြန် လှည့်ပတ်ကြည့်နေမိသည်။ မယုံနိုင်စရာအကြောင်းလည်းမရှိ။ ယုံလည်း မယုံချင်။

အေးငြိမ်းတစ်ယောက် အေးလည်း မအေးနိုင်တော့။ ငြိမ်းချမ်းမှုလည်း မကပ်နိုင်တော့။

စိတ်အမောကြီး မောပြီးရင်း မောရင်း။

လုပ်ရက်လေခြင်း၊ ရက်စက်လိုက်လေခြင်း၊ ကောက်ကျစ်လိုက်လေခြင်း၊ သူတို့ သားအမိတွေကို စေတနာသန့်သန့်နှင့် ကူညီခဲ့သည်ကိုမှ မထောက်ထား။

တစိမ့်စိမ့်တွေးမိလေလေ ရင်ထဲမှာ ခံပြင်းလေလေ။

'ဟင်း၊ ငါ့အပေါ်လှည့်စားရက်တဲ့ မမခင်မြင့်တော့တစ်နေ့ သိမယ်၊ ဟင်း'



ကြိမ်းသာ ကြိမ်းမိသည်။ တကယ်တော့ အေးငြိမ်း ဘာလုပ်နိုင်တာမှတ်လို့။ စိတ်သက်သာအောင်သာ ကြိမ်းနေမိခြင်းသာ။

'နေနှင့်ဦး၊ သင်း ဒါကြောင့် မလာရဲဘဲနေတာ၊ တွေ့မှ ပြောပစ်လိုက်ဦးမယ်'

\+ + +

တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်တစ်နေ့မှာ မခင်မြင့်နှင့် ဈေးထဲတွင် ပက်ပင်းပါတွေ့တော့၏။ အေးငြိမ်းကိုတွေ့တော့ မခင်မြင့်က မမြင်ချင်ယောင်ဆောင်ကာ မျက်နှာလွှဲနေ၏။ ခေါင်းငုံ့ကာ ဖိနပ်တွေရွေးနေ၏။ ဟင်း ဘာရမလဲ။

'ဟော မမခင်မြင့် ဖိနပ်ဝယ်နေတာလား၊ အောင်မယ် ဆင်ကြယ်ဖိနပ်တွေပါလား၊ ဈေးတော့ ကြီးမယ်နော၊ ဒါပေမယ့် သိပ်ခိုင်တာ၊ အရင်ကတော့ သုံးဆယ်ကျော်ပဲ၊ ခု ဘယ်လောက်တဲ့လဲဟင်'

ပါးစပ်က ပေါက်ပေါက်ဖောက်သလို အရွဲ့တိုက် ပြောနေသော်လည်း စိတ်ထဲကမူတစ်မျိုး။ ဟင်း အရင်က ပလတ်စတစ်ကော်ဖိနပ်ကလေးတောင် လူစေ့အောင်မရှိတဲ့ဟာတွေ ခုတော့ ငါ့ပိုက်ဆံတွေနဲ့ ဆင်ကြယ်ဖိနပ်တောင် ဝယ်စီးနေကြပြီပေါ့လေ။

မခင်မြင့်က မလုံမလဲဖြင့် ပြုံးရမလို ရယ်ရမလို မျက်နှာပေးဖြင့်–

'လေးဆယ့်သုံးကျပ်တဲ့အေးရယ်၊ ဝယ်မပေးနိုင်ပါဘူးကွယ်၊ ဈေးကများလွန်းအားကြီးပါတယ်'

'အို စိတ်ကူးမလွဲနဲ့ မမခင်မြင့်ရဲ့၊ ဈေးကြီးပေမယ့် ဒီ့ပြင် ဖိနပ် တစ်လစီးရရင် သူက နှစ်လစီးရတာ၊ ပိုက်ဆံရှိတုန်း ဝယ် သာဝယ်ပေးလိုက်၊ ဈေးကော ဝယ်ပြီးပြီလား'

စပ်စပ်စုစုမေးရင်း ခြင်းတောင်းထဲကို ပြူးပြဲကြည့်လိုက်၏။ အမယ် တယ်ဟုတ်ပါလား၊ ငါးကြင်းခုတ်သားတွေ။ အမယ် လေး ကြီးပွားနေလိုက်တာ၊ ငါ့ဆီက မတရား ယူသွားတဲ့ ငါ့ ပိုက်ဆံတွေနဲ့။ အရင်က ချဉ်ပေါင်ရေကျဲနဲ့ စားနေတဲ့ဟာတွေ။

'အစိတ်သားထဲပါ၊ ဈေးကလဲ ပေါတာနဲ့'

ဖြီး ဖြီးစမ်း။ အေးငြိမ်းလည်း အိမ်ရှင်မသက် ဆယ်နှစ်ကျော် ခဲ့ပြီပဲ။ သည်ငါးခုတ်သားတွေ အစိတ်သားမက ရှိသည်ကို မသိဘဲနေပါ့မလား။ ခုလို ငါးရှားပါးသည့် အချိန်မှာ ဈေး ပေါလို့ဆိုတာကကော ယုတ္တိရှိလို့လား။

'ဟင်း ဟင်း၊ အေးတို့တော့ အမဲသား အစိတ်သားပဲ ဝယ် ခဲ့တယ်၊ လကုန်ရက် မဟုတ်လား မမခင်မြင့်ရဲ့၊ အာလူး ငါး ဆယ်သားနဲ့ ရောမယ်လေ၊ ပြီး ကန်စွန်းရွက်ကြော်မယ်၊ ဒါပဲ'

အို့ တို့အမ်းတမ်း ဖြစ်သွားသည့် မခင်မြင့်မျက်နှာကို စေ့စေ့ ကြည့်ပြီး ပြောဖြစ်အောင် ပြောခဲ့သေး၏။

ဓါတင် က ရိုးလား။ အေးငြိမ်းတို့ အောက်ထပ်ရှိ စက်ဆိုင် သို့ မခင်မြင့်သမီး ချောစု အကျီလာရွေးတော့လည်း တမင် သက်သက် အိမ်ပေါ်ခေါ်ကြည့်သေးခဲ့၏။

'အောင်မယ်၊ တယ်ဟုတ် ပါလားဟေ့၊ ဖော့ရှန် အပွင့် ကလေးတွေပါလား၊ တစ်ကိုက် ဘယ်လောက် ပေးရလဲကွယ့်'

'တစ်ကိုက် ငါးဆယ်တဲ့ အန်တီအေး၊ မေမေက လက်စက ချောစုကတော့ လက်တိုလေ'



'ကောင်းတယ်၊ ကောင်းတယ်၊ ပိုက်ဆံတတ်နိုင်ရင် ဒီလို အကောင်းစားမျိုးသာ ဝယ်ဝတ်၊ အန်တီအေးတို့တော့ မဝယ် နိုင်ပါဘူးကွယ်၊ အကြွေးရောင်းမယ့် ဆိုင်များရှိရင် အန်တီ အေးနဲ့ ဆက်ပေးစမ်းပါလို့ ချောစုမေမေကို ပြောလိုက်စမ်း သိလား၊ ဒီအစမျိုး အန်တီအေး သိပ်ကြိုက်လို့ပါလို့နော်'

ကောင်မလေး မပြောဘဲနေမည်မဟုတ်။ ပြောပါက အေး ငြိမ်း ဘာကို ရည်ရွယ်ပြောမှန်း မခင်မြင့် သိလိမ့်မည် အမှန်။ အေးငြိမ်း တခုတ်တရမှာနေပုံကို မောင်က သဘောပေါက်ဟန် တူသည်။ မဲ့ပြုံးပြုံးနေသည်။ အေးငြိမ်းကတော့ မခင်မြင့်တို့ ကောင်းကောင်း စားတာ၊ လှလှဝတ်တာ၊ လူမွေးလူတောင် ပြောင်လာတာကို မြင်တိုင်း ရင်မှာ အောင့်သက်သက်။

နဖူးက အမာရွတ်ကိုမြင်တိုင်း မဟော်ကို မခကျချမ်းနိုင် သည့် ကေးဝင့်ပုဏ္ဏားလို သေတ္တာထဲတွင် မျက်နှာငယ်လေးများ ဖြင့် ကျန်ရစ်သည့် အစိတ်တန်လေးနှစ်ချပ်ကို မြင်တိုင်း ရင်တွင်း က အကျိတ်အခဲကြီးက ကြီးကြီးလာသည်။

'မခင်မြင့်ရယ် အကြံရိုင်းလိုက်ပါဘိ'

\+ \+ \+

နောက်တစ်နေ့။

မခင်မြင့်တို့အိမ် သက်ကယ် အသစ်မိုးနေသည်။

သက်ကယ် အသစ်တစ်ချပ် မခင်မြင့်တို့ အိမ်ခေါင်မိုးပေါ် ရောက်သွားတိုင်း ရောက်သွားတိုင်း ငါ့ဆီက လိမ်ယူသွားတဲ့ ငွေတွေနဲ့ အိမ်ခေါင်အသစ် မိုးနေတာပါလား ဟူ၍ တွေးမိ သဖြင့် မကျေနိုင်၊ မချမ်းနိုင်။ ငါ့ငွေတွေကို သူကောင်းကောင်း

အသုံးချနေတာပဲ။ မိန်းမနှယ် မျက်နှာပြောင်လိုက်တာ။ ငါ့မှာတော့ ငါ့သားလေးတွေ ရှင်ပြုဖို့ စုထားတဲ့ငွေတွေ ပေးလိုက်ရတာ။ ဒီမိန်းမနှယ် တရားမရှိလိုက်တာ။ သံသရာပါမှာ သူမကြောက်ဘူး ထင်ပါရဲ့။

အေးငြိမ်းက တစ်ချိန်လုံး ထွက်ကြည့်နေမိသည်။ အပေါ်က စီးကြည့်နေရသည်မို့ ဇခင်မြင့်တို့အိမ်က လှုပ်ရှားမှုမှန်သမျှအား မြင်တွေ့နေရ၏။ နံနက်စာစားချိန်ရောက်တော့ အိမ်ခေါင် မိုးပေးသည့် လူနှစ်ယောက်ကို ဝက်သားဟင်းနှင့် ထမင်းကျွေးသည့်အကြောင်းကိုပါ သူတို့စကားအရ သိရတော့ ပို၍ မကျေနပ်။ ဟင်း ငါတို့မှာတော့ လကုန်ရက်မို့ အသားဟင်း မစားနိုင်။ သင်းကတော့ ငါ့ပိုက်ဆံတွေနဲ့ ဝက်သား အဆီတစ်ထပ် အသားတစ်ထပ် သွားဖုံးမြုပ်အောင် ကိုက်နေပြီပေါ့။

ကြည့်ရင်း တွေးရင်း နာကျည်းခံပြင်းပြီး ဒေါသထွက်လာသည်။

ပစ္စည်းတွေ ရွှေ့ကာ မကာဖြင့် အထဲဝင်အပြင်ထွက် အလုပ်များနေသည့် မခင်မြင့်က ဖြတ်ကနဲ အေးငြိမ်းတို့ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်၏။

သူ့ကို မမှိတ်မသုန် စူးစူးရဲရဲကြီး ကြည့်နေသည့် အေးငြိမ်းအကြည့်နှင့်ဆုံသော် မျက်နှာပျက်သွား၏၊ ချက်ချင်း မျက်နှာလွှဲကာ အိမ်ထဲသို့ သုတ်သုတ်ကြီး ဝင်သွားတော့၏။

'ဟင်း သူသိတယ်၊ သူ မဟုတ်တာ လုပ်ထားတာ ငါသိမှန်း သူသိတယ်၊ မိန်းမကိုက ရိုးပုံရိုးလက်နဲ့ လည်လိုက်တာ၊ ငါးကျပ် တစ်ဆယ်နဲ့ အယုံသွင်းပြီးတစ်ထောင်ကိုးရာ ကျတော့ အပိုင် တွယ်သွားတာ မိန်းမလည်ပဲ'



ညနေ မောင်ရုံးကပြန်လာတော့ ဝရန်တာကို ခေါ်ခဲ့ပြီး မခင်မြင့်တို့အိမ် လက်ညှိုးထိုးပြလိုက်မိ၏။

'ဟိုမှာလေ၊ အေးတို့ပိုက်ဆံတွေနဲ့ အိမ်အသစ်မိုးထားတာ ဟင်း သူကတော့ အဘက်ဘက်ကကို စမတ်ကျနေတော့တာပဲ'

မောင်က တစ်ချက်သာ လှမ်းကြည့်ပြီး အေးမျက်နှာကို ပြန်ကြည့်သည်။ အေးရင်ထဲက ဒေါသတွေ မောဟတွေကို မြင်လိုက်ဟန်တူသည်။ အေးငြိမ်းလက်ကိုဆွဲကာ အိမ်ထဲခေါ်ခဲ့ပြီး–

'ဒီမှာ အေး၊ လွန်တာက လွန်ခဲ့ပြီ၊ စိတ်ဖြတ်လိုက်ပါတော့၊ ကိုယ်ညံ့လို့ ကိုယ်ခံရတာပဲ မဟုတ်ဘူးလား'

'အို အေးက သူ့ကို ယုံမိလို့ပါ၊ဒီလို လုပ်လိမ့်မယ်လဲမထင်ခဲ့မိလို့ပါ၊ အေးတို့ကျေးဇူးတွေလဲ သူ့အပေါ်မှာ အများကြီးရှိခဲ့တာ မဟုတ်လား'

'ကဲ တော်ပါပြီလေ၊ ဘယ်လောက်မှလဲ ထိခိုက်သွားတာ မဟုတ်ပါဘူး၊ အေးကိုကြည့်ရတာ မောင် မောလှတယ်၊ ဒီကိစ္စ မေ့ထားလိုက်ပါတော့ကွာ၊ သူ့စေတနာ သူ့အကျိုးပေးပါလိမ့်မယ်၊ ဟုတ်ပြီလား အေး၊ ပြီးတော့ မောင်တို့ ချွေးနဲ့စာနဲ့ ကုပ်ကုပ်ကပ်ကပ် စုထားခဲ့တဲ့ ပိုက်ဆံတွေက တစ်ဘက် ဆင်းရဲသူရဲ့ စားဝတ်နေရေးကို တန်ဖိုးရှိရှိ ဖြေရှင်းပေးနေနိုင်တာကို ကြည့်ပြီး စိတ်ကိုဖြေပေါ့၊ ဒါလဲ အလှူအတန်းတစ်ခုပဲ မဟုတ်လား အေးရဲ့၊ မခင်မြင့်ကသာ သူ့မှာ အကြွေးဆပ်စရာရှိလို့၊ အကျိုဝတ်စရာမရှိလို့၊ စားစရာမရှိလို့ ငွေတစ်ထောင်လောက် ပေးပါဆို အေး ပေးနိုင်မှာလား'

'အို၊ ဒါကတော့'

'ကဲပါလေ၊ မောင် ပြောသလိုသာတွေးပြီး ကိုယ့်အလွှာအတွက် သာစုခေါ်လိုက်စမ်းပါ အေး၊ အင်း ဒီမိုးရာသီမှာတော့ မခင်မြင့်တို့ သားအမိတွေ မိုးလုံလေလုံ ဇိမ်ရှိရှိနဲ့ အိပ်ကြရတော့မှာပေါ့ကွာ၊ သာစု သာစု သာစု'

မောင်က ပြောင်စပ်စပ်ပြောနေဆဲ အိမ်ရှေ့တံခါးခေါက်သံကြား၍ သွားဖွင့်လိုက်တော့ မခင်မြင့်။

'ဩော်....'

အံ့ဩလွန်းသဖြင့် သည်တစ်ခွန်းသာပြောနိုင်ပြီး ကြောင်ရပ်နေမိသည်။ မခင်မြင့်က အေးငြိမ်းမျက်နှာကို တစ်လှည့်၊ မောင့်မျက်နှာကိုတစ်လှည့် မျက်နှာသေလေးနှင့် ကြည့်နေသည်။

'မခင်မြင့် အိမ်ထဲဝင်ပါဦး'

မောင်က ဣန္ဒြေမပျက် နှုတ်ဆက်ဖိတ်ခေါ်လိုက်၏။

မခင်မြင့် မျက်နှာလွှဲရင်း သူ့စကားကို စ သည်။

'ကျွန်မတို့အိမ်မိုးတာ အေး တစ်နေ့လုံးထွက်ကြည့်နေတာကျွန်မ မြင်ပါတယ်၊ ခုန ကိုကျော်ထွန်း ရုံးကပြန်လာတာဝရန်တာကနေ ရပ်ကြည့်နေတာလဲ ကျွန်မ မြင်ပါတယ်၊ တစ်နေ့က ချောစုကိုပြောလိုက်တဲ့ စကားအဓိပ္ပာယ်ကိုလဲ ကျွန်မနားလည်ပါတယ်၊ တကယ်တော့ အေးတို့ဟာ ကျွန်မကျေးဇူးရှင်ပေါ့ပါ၊ ဒီ ကျေးဇူးရှင်တွေကို ကျွန်မ လှည့်စားမိခဲ့တာတွေးတိုင်း စိတ်မကောင်း....ကောင်းပါဘူး'

မမျှော်လင့်ဘဲ ဝန်ခံစကားကြားလိုက်ရသဖြင့် အေးငြိမ်းတို့မှင်တက်မိသွားတော့သည်။

'အေးဆီကယူသွားတဲ့ ပိုက်ဆံတွေ ကျွန်မ ပြန်ရှာပေးပါ့မယ်၊ အေး ကျွန်မကိုမြင်တိုင်း ကြည့်တဲ့အကြည့်ကို ကျွန်မ



ဆက်မခံနိုင်တော့ဘူး၊ ကျွန်မနဲ့တွေ့တိုင်း ပြောတဲ့ စကားတွေရဲ့ဒဏ်ကို ကျွန်မ ဆက်မခံနိုင်တော့ဘူး၊ကျွန်မကို ခွင့် ခွင့်လွှတ်ပါအေးရယ်'

အေးငြိမ်း စကားမဆိုနိုင်တော့။ သူ့ရှေ့တွင်ရပ်နေသည့်မမခင်မြင့်၏ ရုပ်ပုံကိုပင် ကြည်ကြည်လင်လင် မမြင်နိုင်တော့။ အေးငြိမ်းမျက်လုံးများကို မျက်ရည် ဖုံးခဲ့ပြီတည်း။

'ကိစ္စ မရှိပါဘူး မမခင်မြင့်ရယ်၊ အရင်ကတော့ အေးဘကယ်ကို စိတ်အနှောင့်အယှက်ဖြစ်ခဲ့ပါတယ်၊ ခုတော့ အေးကျေနပ်ပါပြီ၊ အေးတို့ငွေတွေ ပြန်ပေးစရာလဲ မလိုပါဘူး၊ မမခင်မြင့် လိုတာသုံးပါတော့၊ အေး စေတနာပြတ်ပါတယ်'

\+ \+ \+

အဖြစ်ကတော့ ဒါပါပဲ မိစုရဲ၊ အေး အဖြစ်က ယာဂုထမနဲ့အိုးကြီးကွဲခါမှ စွန့်ကြဲ လှူဒါန်းလိုက်ရတဲ့အဖြစ်ပါပဲ၊ ခုတော့ဝေဒနာကို စေတနာအဖြစ် ပြောင်းလဲပစ်တတ်တဲ့ အမြတ်တစ်ခုတော့ ရလိုက်ပါပြီ။ ဒါပေမယ့် မိစုဆီက စာရတော့ အေးအဖြစ်ကိုတွေးပြီး မချိပြုံးလေးတော့ ပြုံးလိုက်မိပါသေးတယ်၊ မိစုမှာတဲ့ အစိမ်းကလေးကိုတော့ အေး တာဝန်မခံရဲဘူးဆိုရင်သဘောပေါက်ကျေနပ်လိမ့်မယ် ထင်ပါတယ်နော်'

သူငယ်ချင်း မိစုထံ အေးငြိမ်း သည်သို့ပင် စာပြန်ဖြစ်ခဲ့ပါ၏။

[ငွေတာရီမဂ္ဂဇင်း။ ။၁၉၇၇ ခု၊ဩဂုတ်]

နန္ဒဝန်ဈေးက မအေးမာ




## နန္ဒဝန်ဈေးက မအေးမာ

ဆိုက်ကားပေါ်မှဆင်း၍ စစ်ဆေးလိုက်ရာ သူထင်သည့်အတိုင်း စပုတ်တိုင်တစ်ချောင်း ကျိုးနေပြီ။ စပုတ်တိုင်အကျိုးကို ကိုင်ကြည့်ရင်း သူ့နံရိုးတစ်ချောင်းကျိုးသွားသည့်နှယ် ချောမောင် ခံစားလိုက်ရ၏။

မနှစ်က သူ့ဆိုက်ကားကို ကားတစ်စင်းဝင်တိုက်၏။ ဆိုက်ကား အတော်ပျက်စီးသွားသလို ချောမောင်လည်း နံရိုးတစ်ချောင်းကျိုးပြီး ဒူးတွင် ဒဏ်ရာရခဲ့၏။

ထိုသို့ဖြစ်ရခြင်းကို ချောမောင်က ကံကောင်းသည်ဟုပင် အပေါင်းအသင်းများကို ခပ်ရွှတ်ရွှတ်ပြောခဲ့မိသေး၏။

အဘယ့်ကြောင့်ဆိုသော် ကားပိုင်ရှင်က အမှုတွေ ဘာတွေဖြစ်လျှင် သံသရာရှည်နေမည်စိုး၍လား၊ ပင်ကို စိတ်ရင်းကိုက စာနာထောက်ထားအကြင်နာပွားတတ်သူမို့ပဲလားမပြောတတ်၊

ဆိုက်ကားပြင်ရန်နှင့် ဆေးကုသရန်အတွက် ငွေကို ပိုပိုသာသာ ကလေး ပေးခဲ့သောကြောင့်ပေတည်း။

သူ့တစ်သက်တွင် တစ်ခါမျှ ငွေငါးရာကို လုံးကနဲ ပိုင်ပိုင် နိုင်နိုင် မကိုင်ခဲ့ရဖူးသည့်ချောမောင် ဟန်မျှပင် မဆောင်နိုင်ဘဲ ကားပိုင်ရှင်ကို ကျေးဇူးတင်ပါကြောင်း အခါခါ ပြောခဲ့မိ သေး၏။

ရာတန်အသစ်ကျပ်ချွတ်ကလေးများသည် ချွေးများ၊ ဖုန် များ၊ စက်ဆီများနှင့် စေးထန်းပေကျံလျက်ရှိသော ချော မောင်လက်ထဲတွင် ကြာကြာတော့ မနေလိုက်ရပေ။

ဆိုက်ကားပြင်သည့်အထဲ၊ ချောမောင်အတွက် ဆေးများ ဝယ်သည့်အထဲ၊ ချောမောင်အစ်မကြီး အကြွေးဆပ်သည့်အထဲ၊ တူကလေးနှင့် တူမကလေးတို့၏ ကျောင်းစာအုပ်ဝယ်သည့်အထဲ တစ်ဘီတီဖြင့် အားလုံး ပါသွားလေပြီ။

ချောမောင် ဆိုက်ကားပြန်နင်းနိုင်သည့်အချိန်တွင် လက်ထဲ၌ အပိုငွေဟူ၍ တစ်ပြားမျှမရှိတော့။ ဒုံရင်း ဒုံရင်းအတိုင်း။

'တစ်ခါတစ်ခါ ဟန်ပုံမရရင် အဲသလို သဘောကောင်းတဲ့ ပိုင်ရှင်ရဲ့ကားနဲ့ အဘိုက်ခံပါရစေလို့တောင် ဆုတောင်းချင်စိတ် ပေါက်ပေါက်လာတယ်'

'မလုပ်ပါနဲ့ချောမောင်ရာ၊ ငါတို့ ယစ်တောင်ဖိုး ထည့်နေရ ပါဦးမယ်'

ဘဝတူ ကိုချွေးသောင်းက သာရေးနာရေးကိစ္စရှိလျှင် သူတို့ အနေးယာဉ်အဖွဲ့အစည်းမှ ကူငွေ တောင်းခံတတ်သည်ကို ရည် ညွှန်းပြောလိုက်၏။



'အဲဒါထက် ငါ့အိမ်က ငှက်ပျောပင်ကြီး ခုတ်ထည့်ပေးရ မှာက ပိုဆိုးတယ်ကွ'

တစ်ဖုံးပိုးဖြတ်မောင်းနေသည့် ကားတွေကိုကြည့်ရင်း ကိုမျိုး တင့်က လူမျိုးကြီးချောမောင်ကို ခနဲ့သည်။

သူတို့သည် ခရီးသည်ပါးသဖြင့် ဆိုက်ကား ၁၀စီးရပ်ရန်၊ အလှည့်ကျစနစ်ကို လိုက်နာရန်ဟု ရေးထားသည့် ဆိုင်းဘုတ် ကလေးရှိရာ ကုက္ကိုရိပ်တွင် နားနေကြခြင်း ဖြစ်သည်။

ထိုစဉ် မြေနီလမ်းအတွင်းမှ ထွက်လာသည့် မိန်းမ ဝဝဖိုင့်ဖိုင့် ကြီးတစ်ယောက်က လက်ခုပ်တီးခေါ်လိုက်၏။

'ဟေ့ ခရီးသည်ကွ၊ မြဝင်း ငိုက်မနေနဲ့၊ မင့်အလှည့်၊ ပေါ့ ပေါ့ပါးပါးကလေးနင်းရမှာ၊ ထ ထ'

ဆိုက်ကားပေါ်တွင် ထိုင်ငိုက်နေသည့် မြဝင်းကို လှုပ်နှိုး လိုက်၏။ နီရဲနေသောမျက်လုံးများကို လက်ဖမိုးဖြင့် ပွတ်သုတ် ပြီး ခရီးသည်ရပ်စောင့်နေရာသို့ မြဝင်း သူ့ဆိုက်ကားကို တွန်း ယူသွား၏။

'မိုးဘွင်းမို့ လူစီးနည်းရတဲ့အထဲကွာ ဒီကားလိုင်းအသစ်က ဝင်နှောက်သေး'

ပြေးဆွဲ၁ ကားလိုင်းအသစ်ကို ရွှေသောင်း လှမ်းငြူစူ လိုက်၏။

'အဘရေ သွားလိုက်ဦးမယ်ဗျို့'

မြဝင်းက မျက်နှာကြီးစပ်ဖြဲဖြဲဖြင့် လှမ်းအော်သွား၏။

ချောမောင်တို့ လှမ်းကြည့်လိုက်၏။

ပုပုညက်ညက်၊ ပိန်ပိန်သေးသေး မြဝင်းကလေးသည် ကုန်းအတက်ကို ကုန်းရုန်းနင်းထွက်သွားလေပြီ။

\+ \+ \+

'ဟောတော့ ဒုက္ခပါပဲနော်'

ဒေါ်ဂျစ်ကားပေါ်မှ ကုန်စိမ်းခြင်းကြီးဆွဲအချ ခြင်းတောင်းလက်ကိုင်ပြတ်၍ သရက်သီးမှည့်တွေ လမ်းမပေါ်တွင် ပြန့်ကြဲကျသွား၏။

'အေးမာကလဲ ဖြည်းဖြည်းချတာမဟုတ်ဘူး'

သရက်သီးမှည့်များကို ဝိုင်းကူကောက်ပေးရင်း အပြစ်တင်လိုက်သည့် မခင်ထွေးကို မော်ကြည့်လိုက်သည့် အေးမာမျက်လုံးထဲတွင် မျက်ရည်တွေဝဲလျက်။

'ခုရက်ပိုင်းအတွင်း ငါ ကံမကောင်းပါဘူးအေ၊ မနေ့ကလဲ အရင်းတောင် မရဘူး၊ အမေဂျမ်းပြောတာ သိပ်မှန်တာပဲ၊ ငါကလဲ ပဝါကလေးတစ်ပိုင်တောင်မှ ဝယ်မဆက်နိုင်တော့'

နှပ်တစ်ချက်ရှုပ်ရင်း စကားစကို ဖြတ်လိုက်၏။ အေးမာက လွန်ခဲ့သည့်လ သူတို့ခြေရင်းအိမ်မှာ ပြုလုပ်ခဲ့သည့် နတ်ကနားပွဲကြီးကို သွားမြင်ယောင်နေသည်။ စိတ်ထဲမှလည်း 'အမေဂျမ်းရှင့်၊ သမီးအေးမာကို ပစ်မထားပါနဲ့၊ စောင်မကြည့်ရှုတော်မူပါ၊ ဒီတစ်ခါ အရောင်းအဝယ်ကောင်းရင် ပဝါတစ်ပိုင် ဆက်ဆက် ပသပါ့မယ်'ဟု အားကိုးတကြီးတိုင်တည်နေမိ၏။



အေးမာ စိတ်ထဲတွင် အမေဂျမ်းသည် အားကိုးနိုင်စရာဟု မြင်နေမိသည်။ သူ့ဘဝတွင် သူ့ကို ကူညီစောင်မနိုင်မည့်သူမှာ အမေဂျမ်းမှတပါး မည်သူမျှမရှိဟု ထင်နေမိသည်။

ထိုစဉ်မှာပင် တပေါ်ပေါ် တတီတီမြည်လာသည့် ကားဟွန်းသံများ ဆူညံစွာ ပေါ်ထွက်လာ၏။ သရက်သီးများပေါ်တွင် အာရုံရောက်နေသည့် အေးမာ လှည့်မကြည့်မိ။ သူ့သရက်သီးများကိုသာ မဲ၍ကောက်နေမိ၏။ တစ်စုံတစ်ယောက်က အေးမာ လက်မောင်းကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်၍ လမ်းဘေးသို့ ဆွဲချလိုက်၏။

အေးမာထိုင်ခဲ့သည့်နေရာမှ သရက်သီးများကို ဟီးနိုးကားကြီးက ကြိတ်နင်းသွား၏။ အမယ်လေး ကံကောင်းလို့ပါလား။ သူ့ကိုဆွဲချလိုက်သူကို အေးမာ မော်ကြည့်လိုက်မိ၏။ အမေဂျမ်း မဟုတ်သည်မှာတော့ သေချာသည်။

ရင်အုပ်ကားကား အသားညိုညိုနှင့် လူတစ်ယောက်။ မျက်နှာကို မြင်ဖူးနေသည်။

အေးမာ၏ ကျေးဇူးတင်အကြည့်ကို ထိုလူက အပြုံးနှင့် တုံ့ပြန်ရင်း သူကောက်ထားသည့် သရက်သီးများကို အေးမာ၏တောင်းထဲ အသာထည့်ပေးလိုက်၏။

'ဟိုဟာတွေကတော့ မကောင်းတော့ပါဘူး'

ခါးကိုဆန့်ရင်း သူပြောသည်။

'ဒီဈေးမှာပဲ နေ့တိုင်းရောင်းတာ မဟုတ်လား'

အေးမာ 'အင်း'ဟုဆိုကာ ခေါင်းညိတ်ပြလိုက်၏။

'ဒီမှာ ရှင့်ကလေးတွေစားဖို့ ယူသွားပါဦး'

'ကျုပ်ကလေးတွေ ဟုတ်လား၊ အင်း ပေးလိုက်လေ၊ သူတို့ဆီမှာ သရက်သီးမှည့်ကြိုက်ပါတယ်'

ရယ်ချင်စိတ်ကိုမျိုသိပ်ပြီး လှမ်းပေးလိုက်သည့် သရက်သီးသုံးလုံးကို ခပ်တည်တည်ယူလိုက်၏။

'ဒီတောင်းကြီး မင်းတစ်ယောက်တည်း နိုင်ပါ့မလား'

'ရပါတယ်၊ အေ ခင်ထွေးရေ လာပါဦးဟ၊ ညည်းကလဲ ဘယ်သွားနေတာတုံး'

စူးရှရှ ပျာတာတာ အသံက ချောမောင်နားထဲ မပြေမပြစ်ဝင်လာ၏။ သူကြည့်နေဆဲမှာပင် မိန်းမတစ်ယောက် ထပ်ရောက်လာကာ တောင်းကြီးကို ဒယန်းတိုက် ဆွဲယူသွားကြ၏။

\+ + +

'ပြောပါအေးမာရယ်၊ ပွင့်ပွင့်လင်းလင်းသာပြောပါ၊ ဘာလဲ ငါ့ကိုပြောရမှာ အားနာနေလို့လား၊ အားမနာပါနဲ့ဟာ၊ မဖြစ်နိုင်ဘူးဆိုလဲ ပြတ်ပြတ်သားသားပေါ့၊ ငါကတော့ နင့်ကို....'

'အိုး ဒါပဲ ထပ်ထပ်ပြောနေတာ ကျုပ်ရှက်ပါတယ်၊ နေ့တိုင်းပဲ တကျည်ကျည်နဲ့'

'ပြောရတာပေါ့အေးမာရ၊ ငါက နင့်ကို နေ့တိုင်းနေ့တိုင်းပဲ ပိုပို ချစ် ချစ် လာမိတာကိုး'

'ဟောတော်၊ ကိုချောမောင်နော်၊ ကျုပ် ဆက်မစီးတော့ဘူး၊ ဒီက ဆင်းလျှောက်သွားမှာ ဘာမှတ်လဲ'

'နင်ကလဲ စိတ်ချည့်ဟာ'



ချောမောင်က ဆိုက်ကားကို တစ်ဘီးချင်းလှိမ့်ရှိမျှ နင်းနေရာက အေးမာကို ငုံ့ကြည့်လိုက်၏။ ကဲကဲဆတ်မလေးက ပြောသည့်အတိုင်း တကယ်လုပ်မည့်ပုံစံ။

အေးမာနှင့် စတင်တွေ့ဆုံခဲ့ကြပြီး တစ်လကျော်ကျော်အတွင်း လူပျိုကြီး စိတ်ပြောင်းခဲ့ခြင်းဖြစ်ပေသည်။ မဖြစ်စဖူး ထူးထူးခြားခြား အေးမာဆိုသော ကုန်စိမ်းသည်မကလေးအပေါ် သူ မေတ္တာတွေတားလာမိသည်။

'တို့တွေ လူပျို အပျိုပေါက်စကလေးတွေလဲ မဟုတ်တော့ပါဘူးဟာ'

လေသံပျော့ဖြင့် စကားပြေထိုး အသနားခံလိုက်သောသူ့ကို အေးမာ တစ်ချက်မျှမော်မကြည့်။ တစ်စုံတစ်ခုကို အလေးအနက်ထား စဉ်းစားနေသလို ငြိမ်ပါလာ၏။

'ငါ တကယ်မချစ်ဘဲနဲ့ အတည်ယူပါ့မယ်လို့ ပြောပါ့မလား အေးမာရယ်'

'ဒါတော့ ဒါပေါ့တော့၊ ဒါပေမယ့် ရှင်နဲ့ကျုပ်နဲ့သိတာ ဘာကြာသေးတာမှတ်လို့'

'အခု နှစ်ဆယ်ရာစုခေတ်ပါဟ၊ သုံးနှစ်သုံးမိုး အချိန်ယူပြီး စဉ်းစားနေချင်သေးလို့လား'

သူ့အသံ နည်းနည်းထန်သွားသည် ထင်သည်။ အေးမာ သူ့ကို ဖျတ်ကနဲ မော့ကြည့်လိုက်၏။ သူ့ကို ကိုချောမောင် စိတ်တိုသွားပြီလား၊ စိတ်ပျက်သွားပြီလားဟူသော စူးစမ်းကြည့်။ ထိုအကြည့်ကို ကိုချောမောင်သိလိုက်၏။ ထို့ကြောင့် တမင်ပင် မျက်နှာကြီးမှုန်၊ မျက်မှောင်ကြီးကိုကုပ်၍ ဟန်လုပ်နေလိုက်၏။

'ကိုချောမောင်ရယ်'

လှိုက်လှဲစွာ ညည်းညူလိုက်သံကလေးမှာ ချောမောင်ရင်ထဲ မွှေနှောက်သွားသည်။

'ရှင့်အကြောင်းလဲ ကျုပ်ကောင်းကောင်း သိရသေးတာ မဟုတ်၊ ကျုပ်အကြောင်းလဲ ရှင်ဘာမှသိသေးတာမဟုတ်'

'ငါ့အကြောင်းတွေအားလုံး ပြောပြထားပြီးသားပဲအေးမာရာ၊ မင်းအကြောင်းကတော့ မလိုပါဘူးကွာ၊ ငါက မင်းကို ချစ်ပြီးသားပဲဟာ'

'မဟုတ်သေးဘူး ကိုချောမောင်၊ ကျုပ်စိတ်မလုံဘူး၊နောက် ရှင်သိလာ ကျုပ်ကိုပစ်သွားမှာစိုးတယ်၊ ကျုပ် ကျုပ်ကကလေးတစ်ယောက်အမေ မုဆိုးမ ကိုချောမောင်ရဲ့၊ ဒါဆို ရှင် ကျုပ်ကို ယူချင်ပါဦးမလား'

ချောမောင် အံ့သြတုန်လှုပ်သွား၏။ ပုံ့ပုံ့ လေး ထိုင် ကာ ခေါင်းငိုက်စိုက်ချထားသည့် အေးမာကို စိုက်ကြည့်နေမိ၏။ သူ့ရင်ထဲတွင် ဟာတာတာကြီး ဖြစ်သွား၏။

'ငါ ငါမယုံဘူး'

အထစ်ထစ် အငေါ့ငေါ့ ထွက်သွား၏။

'ယုံပါ ကိုချောမောင်၊ အခု အိမ်အထိလိုက်ခဲ့ပါ၊ ကျွန်မကို စိတ်မပျက်ဘူးဆိုရင် ကျွန်မဘာမှ ငြင်းစရာမရှိပါဘူး'

တင်းရင်းပြည့်ဖြိုးသော အေးမာတစ်ကိုယ်လုံးကို အမှတ်မထင် စူးစိုက်ကြည့်နေမိ၏။ သူ သူ အပျိုမဟုတ်ဘူးဆိုပါလား။ ကလေးတစ်ယောက်အမေတဲ့။ ဒါဖြင့် သူ ဈေးရောင်းရာကို လိုက်လိုက်လာတတ်တဲ့ ကောင်လေးဟာ သူ့ကလေးပေါ့။



'ဘယ်လိုလဲ ကိုချောမောင်၊ စကားတောင် ပြန်မပြောတော့ ါလား၊ ကျွန်မကို စိတ်ပျက်သွားပြီမဟုတ်လား'

သရော်တော်တော် အသံကလေးကို ချောမောင် နားမခံနိုင်။ အေးမာက ဆက်ပြောနေသည်။

'ရှင်တို့ယောကျ်ားတွေရဲ့သဘောကို ကျွန်မသိပါတယ် ကိုချောမောင်ရယ်၊ ခုတော့ စဉ်းစားပါရစေဦးလို့ ရှင်ပြောချင်နေပြီမဟုတ်လား'

ခနဲ့တဲ့တဲ့စကားသံလေးကို ရယ်သံကလေးဖြင့် အဆုံးသတ်လိုက်၏။ အေးမာ သည်မျှစကားတတ်လိမ့်မည်ဟု သူမထင်မှတ်ခဲ့။

ချောမောင် ဘာမျှ ခွန်းတုံ့မပြန်နိုင်၊ တွေဝေနေသည်။ ဆိုက်ကားကိုသာ ဖိ၍နင်းနေမိ၏။ မကြာမီ အေးမာတို့လမ်းဆုံသို့ရောက်ခဲ့၏။ ခါတိုင်းဆိုလျှင် အေးမာသည် လမ်းထိပ်တွင် ဆင်းနေကျ၊ အိမ်အထိ လိုက်ပို့ပေးပါရစေဟု ချောမောင် ငြင်းပန်ခဲ့သည်ကို လက်မခံခဲ့။

သည်ကနေ့တော့ လမ်းထိပ်ရောက်သောအခါ အေးမာ ချောမောင်ကို မော့ကြည့်လိုက်၏။

ချောမောင် ဘာမျှမပြော။ ဆိုက်ကားလက်ကိုင်ကို အေးမာတို့လမ်းအတွင်းသို့ ကွေ့ပေးလိုက်၏။

'မေကြီးလာပြီ၊ မေကြီးပြန်လာပြီ'

သုံးနှစ်သားကလေး လမ်းမပေါ်သို့ ပြေးဆင်းလာပြီး အေးမာကို ဖက်တွယ်လိုက်၏။ ချောမောင် စိတ်မသက်မသာဖြင့် သူ့ရှေ့မှမြင်ကွင်းကို ကြည့်နေမိ၏။ အေးမာက သူ့သားကို ချီပွေ့လျက် ချောမောင်ကို စေ့စေ့ကြည့်၏။

‘ဘယ်လိုလဲ ကိုချောမောင်’ဟု သူ့မျက်လုံးများက မေးခွန်းထုတ်နေသလိုလို။

ချောမောင်သည် စိတ်မပျက်သော်လည်း နှမြောစိတ်ဝင်နေမိသည်ကို မညာချင်။ သူသည် သက်ပြင်းရှည်ကြီး ခိုးချရင်း ဆိုက်ကားနောက်ဘက်မှ တောင်းကြီးကို ဆွဲချပေးလိုက်မိ၏။

‘နက်ဖြန် မနက်မှာတော့ ရှင့်ဆုံးဖြတ်ချက်ကို ကျွန်မ သိရလိမ့်မယ်ထင်တယ်၊ ကျွန်မကို အားမနာပါနဲ့ ကိုချောမောင်၊ မဖြစ်နိုင်ဘူးဆိုရင်လဲ ပြတ်ပြတ်သားသားပေါ့ရှင်၊ လာ သွား သွား’

သူပြောခဲ့သည့် စကားတို့ကို ထပ်တူဆိုကာ အေးမာ သူ့ကို ထားရစ်၏။

လူပျိုကြီး ကိုချောမောင်ကတော့ တေမိ။

\+ \+ \+

ချောမောင်တို့ဆိုက်ကားဂိတ်ထိုးရာ နေရာသည် နေ့တွင် လူစည်ကားသလောက် ညဘက်တွင် လူသူအသွားအလာ နည်းပါးလှသည်။ ညဘက် ဆိုက်ကားထွက်သူကလည်း နေ့ဘက်လောက် မများ။

ချောမောင်သည် ကိုရွှေသောင်းကို အေးမာနှင့် သူတို့အဖြစ်ကို ပြောပြတိုင်ပင်နေမိသည်။



‘အေးလေ ကောင်မလေးပြောတာ ရှင်းနေတာပဲ၊ မင်းကြည့်ဖြူနိုင်ရင် နက်ဖြန်မနက် ခါတိုင်းလိုပဲ သွားကြို၊ မကြည့်ဖြူနိုင်ရင် မသွားနဲ့၊ ဒါပဲပေါ့’

‘ချောမောင်ရာ မင်းကလဲ အသက် သုံးဆယ်နီးပါးအထိ လူပျိုကြီးလုပ်နေခဲ့ပြီးမှ တွေ့မယ့်တွေ့တော့’

ကိုမျိုးတင့်စကားက အဆုံးမသတ်။ သို့သော် ပြတ်သားစွာ ဆုံးဖြတ်ဖြစ်တော့မည့်အရေးကို နှောင့်နှေးစေခဲ့သည်က အမှန်။

ထိုခဏမှာပင် သူတို့အနီးသို့ မိန်းကလေးတစ်ဦး ရောက်လာ၏။ ခေတ်မီးတိုင်အရောင်အောက်ဝယ် တောက်ပ ရွှန်းလက်နေသော မျက်လုံးကလေးများကို မြင်နေရ၏။

‘အစ်ကို ညီမအားနေတယ်နော်၊ ဧည့်သည်များ အခေါ်လာရင်’

ကိုရွှေသောင်းနားကပ်၍ ပြောသွား၏။

ဆံပင်တိုကလေးနှင့် ကိုယ်နေဟန်ရွှဲရွှဲကလေးနှင့် ဘယ်လိုမှ ထင်နိုင်စရာမရှိသော ဝတ်စားဆင်ယင်မှုမျိုးနှင့်။

သည်ကောင်မလေးကို ချောမောင်တို့အားလုံး သိကြသည်ပင်။ သိသည်မှ အကျွမ်းတဝင် တရင်းတနှီး။

‘စဉ်းစားကြည့်လေ ချောမောင်၊ အဲသလို ကောင်မလေးမျိုးနဲ့စာရင် မင့်ကောင်မလေးက အပြတ်အသတ် အဆင့်အတန်းမြင့်နေတာပဲ၊ အမိကကတော့ မေတ္တာပါပဲကွာ’

သည်စကားကြောင့် ချောမောင့်စိတ် ပေါ့သွား၏။ ဟုတ်သည်။ အမိကကတော့ မေတ္တာပါပဲ။ အေးမာ ကလေးတစ်ယောက်အမေဆိုတော့လဲ ဘာဖြစ်သလဲ၊ သူ တကယ်ချစ်နေပြီပဲ။ ဖွင့်မပြောဘဲ နေခဲ့ပါက သူ သိပင် သိရမည်မဟုတ်။

ရှိုးသားဖြူစင်သူ အေးမာကို သူ ဘာကြောင့် ပစ်ပယ်ရမည်နည်း။

\+ \+ \+

အေးမာတို့ ကုန်စိမ်းကားကြီး ဈေးရှေ့တွင်ရပ်လိုက်၏။ အေးမာ ရင်တထိတ်ထိတ်ဖြင့် ဘေးဆီကို အကဲခတ်ကြည့်လိုက်၏။ ချော မောင်ကိုမတွေ့ရပေ။ အေးမာ ရင်ထဲဟာသွား၏။ အံကလေးကို မသိမသာ ကြိတ်လိုက်မိ၏။

ကုန်စိမ်းခြင်းတွေ၊ ငါးတောင်းတွေကြားထဲ ကျပ်ကျပ်ညပ် ညပ် ကတ်ကတ်သတ်သတ် စီးလိုက်လာရစဥ်ကထက် ပိုမိုပင်ပန်း မှုန်းကျပ်သွား၏။ နောက်ပိုင်းမှ မခင်ထွေးတို့တွေ ကားပေါ်မှ သွက်လက်စွာ ခုန်ဆင်းနေကြပြီ။ သက်ဆိုင်ရာ ခြင်းတွေတောင်း တွေကို အားနှင့်အင်နှင့် ဆွဲချသယ်ယူခင်းကျင်းနေကြလေပြီ။

အေးမာသည် ကားရှေ့ပိုင်းတွင် ပိတ်မိနေရာမှ ခြင်းတွေ အတော်ရှင်းသည်အထိ စောင့်နေမိသည်။ မျှော်လင့်ချက်ကင်းမဲ့ သွားသဖြင့် သူ အားငယ်နေသည်။ ငိုချင်နေသည်။ ကားပေါ်မှ ခပ်လေးလေးပင် ဆင်းလိုက်မိသည်။

တောင်းကြီးကို ဆွဲယူလိုက်သည်။ တောင်းကြီးသည် အခါ တိုင်းထက် ပို၍ လေးနေသလိုလို။ အတော်ကြီး အားစိုက်၍ ကားပေါ်မှချရန်ကြိုးစားဆဲ တောင်းကြီးကို လူတစ်ယောက်က ဝင်ထမ်းလိုက်၏။

'ဟင် ကိုချောမောင်'



ရွှန်းလဲ့သွားသည့် အေးမာ မျက်လုံးကလေးတွေက တစ်ဘက်က ချောမောင်၏ချစ်စိတ်ကို နှိုးဆွလိုက်၏။

'ဟေ့ မင်း ဘာဖြစ်လို့ ငိုရမြန်တာလဲကွာ'

တောင်းကြီးကိုပြန်ချပြီး အေးမာနားကပ်ကာ မေးမိ၏။ အေးမာ မဖြေနိုင်။ အင့်ကနဲပင် ရှိုက်လိုက်မိသေး၏။ ဘေးပတ်ဝန်းကျင်ကိုပင် အေးမာ မမှုနိုင်တော့၊ ကြည်နူးစိတ်ကို မနည်းထိန်းကာ မေးလိုက်မိ၏။

'ကိုချောမောင် ရှင် ကျွန်မဆီ လာတာလား'

'အေးလေကွာ၊ မင်းဆီလာတာမို့ မင်းရဲ့တောင်းကြီး ငါ ဝင်ထမ်းပေးတာပေါ့၊ ဒီပြင်ကောင်မဆီ လာတာဆိုရင် ဒီပြင်ကောင်မရဲ့တောင်းကို ငါ ထမ်းမှာပေါ့ဟ၊ ငါ ဆုံးဖြတ်ပြီးပြီ အေးမာ၊ မင်းကို ငါယူမယ်'

'သေချာရဲ့လား ကိုချောမောင်ရယ်၊ ကျွန်မရဲ့ သားလေးကိုကော ရှင် တစ်သက်လုံး ကြည်ဖြူနိုင်မှာလား'

ချောမောင် စိတ်ပါလက်ပါ ခေါင်းညိတ်ပြလိုက်၏။

'မယားကိုချစ်မှတော့ သားကိုလဲ ချစ်ရမှာပေါ့ အေးမာရာ၊ မင်း ငါ့ကို ဘယ်တော့ယူမှာလဲ ပြောကွာ'

'ဟာ ဘယ်လိုလူကြီးလဲ၊ တိုးတိုးပြောစမ်းပါ ရှက်စရာကြီး၊ လာပါ ဈေးထဲဝင်ကြပါစို့'

ချောမောင်သည် တောင်းကြီးကို ဇွတ်ကနဲမကာ ပြန်ထမ်းလိုက်ပြီး မားမား မားမားနှင့် ဦးဆောင် ထွက်ခွာသွားလေသည်။

အေးမာက ရယ်ချင်စိတ်ကို မနည်းမျိုသိပ်နေရ၏။

ညိမ်၏သားကလေးကို သူ့ကလေးလုပ်၊ သူ့ကိုယ်သူ မုဆိုးမ ယောင်ဆောင်ကာ လူပျိုကြီး၏အချစ်ကို စမ်းသပ်ခဲ့သည့်အဖြစ် ကို ချောမောင်သာသိလျှင်....

ခစ်ကနဲ ရယ်သံကြား၍ ချောမောင် လှည့်ကြည့်လိုက်တော့ ရယ်လက်စ မသတ်နိုင်သည့် အေးမာ၏ မျက်နှာနီနီကလေးကို တွေ့လိုက်ရလေသည်။

[စာပေလုပ်သားမဂ္ဂဇင်း။ ၁၉၇၅ ခု၊ ဩဂုတ်]

နုပန်းဝတ်ငုံ

မှည်သည့်အရပ်ဟူ၍တော့ ငြိမ်းသာအတိအကျမသိ။ ဤကမ္ဘာ၏ မဖွံ့ဖြိုးသေးသော အရပ်ဒေသတစ်ခုတွင် အပျိုစင် မိန်းကလေး တို့သည် သူတို့၏ ကိုယ်ပိုင် အလှရတနာတစ်ပါးဖြစ်သည့် ဖွံ့ဖွံ့ နုထွား ရွှေသားဝတ်လှာကို အတားအဆီး၊ အထိန်းအကွပ်၊ အဖုံးအဖိမရှိဘဲ ပကတိ လွတ်လပ်စွာ ထားလေ့ရှိကြသည် ဟူ၍ သာ သိထားခဲ့ပါ၏။

ယင်းသို့ သဘာဝအတိုင်း ထားရှိခြင်း၏ ရည်ရွယ်ချက် အလည်း တစ်ခုတည်းသာရှိသည်ဟူ၍ သိရပါ၏။ ထိုရည်ရွယ် ချက်သည်ကား သားကောင်းမိခင် ကြန်အင်လက္ခဏာနှင့် ပြည့်စုံ ပါကြောင်း မျက်မြင်တွေ့ရှိစေလို၍ဖြစ်သည်ဟု ဆိုပါသတည်း။

\+ \+ \+

ထမတွင်မူ မြေးကလေးက တအီအီသာအသံပေး၍ ချေးများ သည်။

သည့်နောက်တော့ ချော့နေဆဲ၊ မြူနေဆဲကြားမှပင် စီစီ
အောင် အော်ငိုပါတော့၏။ ထိုအခါ ဘွားအေဖြစ်သူ ငြိမ်းသ
မှာ ခြေမကိုင်မိ လက်မကိုင်မိ။

'တိတ်ပါသားကလေးရယ်၊ အိုး ဒို့ မြေးကလေးက လိမ္မ
ပါတယ်ကွယ်'

လိမ္မာတာကိုလည်း မသိ၊ မိုက်တာကိုလည်း နားမလည
သေးသည့် သံလုံးက စူးစူးဝါးဝါး ထပ်အော်နေပြန်သည်
ပုရွက်ဆိတ်များ ကိုက်လို့လား။ ခွေးသန်းများ ဝင်ခဲနေ
လား။ အတွေးနောက် လက်ပါသွား၏။ ကလေးကို မွေ
ပေါ်ချ၊ အနှီးကို ဖြည်ကြည့်။ ဘာမျှမတွေ့တော့ အိုက်လို့ ထ
ပါရဲ့ဟု အတွေးဝင်လာပြန်ကာ ကိုယ်လိမ်းပေါင်ဒါလိမ်းပေး
သို့တိုင် သံလုံးက လုံးဝ အငိုမတိတ်၊ ငိုလိုက်သည်မှာ
ထွန့်လူး။ ဘွားအေဖြစ်သူ ချွေးပြန်လာ၏။

ကပျာကယာ အနှီးပြန်ပတ်၊ ရင်ထဲပြန်ပွေ့ချီ လှုပ်ယမ်း
ပါးစပ်ထဲရောက်လာသည့် အိုအို အေအေ တေးသံချိုချိုဆိုရှ
ဒါလည်း သံလုံးက ငိုအားမလျော့။

'ဟဲ့ ကလေး ငိုလှချည်လား'

ပိတ်ထားသည့် အိမ်ခန်းတံခါးကို ဖွင့်ဖွင့်မေးမေးဖြင့် ငြိမ်
သာ၏မိခင်၊ သံလုံး၏ ဘွားအေကြီး ဝင်လာသည်။ အင
ပြုသနာတော့ တက်တော့မှာပဲ။

'ဗိုက်များနာလို့လားအေ'

ကလေးကို ချော့မြူရန် ကြိုးစားရင်း မေး၏။

'မနေ့က ဝမ်းနှစ်ခါတောင် သွားတယ်ဆို၊ ဗိုက်နာတ



ထင်ရင် မုန့်ညင်းဆီကလေးလိမ်းပြီး အဝတ်ကလေးနဲ့ ပတ်ထား
ပေးလိုက်'

'မဟုတ်ပါဘူး အမေရဲ့၊ ဗိုက်နာတာမဟုတ်ပါဘူး၊ မနေ့က
ဝမ်းသွားတာကလဲ ဝမ်းအကောင်းပါ၊ လေးဘက်သွားချင်
လို့ပါ၊ အခုငိုတာက ဆာလို့နဲ့ တူပါတယ်'

ကလေးငိုပုံကြောင့် စိတ်ညစ်နေရသည့်အထဲ အမေ့ကိုလည်း
ကျေနပ်အောင် ရှင်းပြရသေးသည်။ သို့မဟုတ်က အစိုးရိမ်ကြီး
တတ်သောအမေ သူ့အခန်း သူ တော်တော်နှင့် ပြန်သွားတော့
မည်မဟုတ်။

'ဒါကြောင့် ငါအစက မပြောလား၊ ဒီပွဲမသွားရတော့
ဘာဖြစ်မှာကျလို့၊ကတည်းသွားချင်တဲ့လူတွေကလဲ သည်းသည်း
လှုပ်၊ လွှတ်တဲ့လူတွေကလဲ စိတ်တူသဘောတူ၊ ခုတော့ ကြား
ထဲက ကလေး အံသံပြာနေပြီ'

အင်း၊ မြေးငိုသံထက် အမေ့ဆူသံက ပို၍ စိတ်ညစ်စေပါ
ကလား။ နေဦး၊ အမေ အာရုံပြောင်းသွားအောင် လုပ်ဦးမှ။

'အမေ'

'ဘာတုံး'

ကြည့်။ အမေတို့ စိတ်ထိုပြီဆိုလျှင် သည်အတိုင်းချည်း။ ပြန်
ထူးပုံကိုက ပြတ်ပြတ်တောက်တောက်။

'နို့မှုန့်ကလေး နည်းနည်းဖျော်ပေးပါလားအမေရာ'

လေသံပျော့ကလေးဖြင့် စကားပြေထိုးလိုက်ရ၏။

အမေ တဗျစ်တောက်တောက်ဖြင့် ပြန်ထွက်သွား၏။

'ဟော ဂလောက်ဂလောက်တဲ့၊ သားသောက်ဖို့ ဘူးဘူးကြီး နို့နို့ဖျော်နေပြီ ကြားလား၊ တိတ်နော်၊ သံလုံးကြီးက လိမ္မာတယ်'

နားလည်သလိုလို ဘာလိုလိုနှင့် မျက်လုံးကြီးပြူးကြည့်ကာ ခေတ္တငြိမ်သွား၏။ ချက်ချင်းပင် အသံကုန်လွှတ် အော်လိုက်ပြန်၏။ ဒုက္ခပါပဲနော်။

'အမေရေ၊ မတ်ခွက်နဲ့ တစ်ခါတည်းရေစိမ်ထားလိုက်ပါဦး'

မတတ်နိုင်တော့။ အမေ့ကိုလှမ်းအော်ပြောလိုက်ရ၏။ စူပွစူပွ လုပ်နေမည့် အမေ့မျက်နှာကို မြင်နေမိ၏။

'ဟုတ်ကဲ့ရှင့်၊ ကျွန်မ စိမ်နေပါပြီ'

အရွဲ့တိုက်ဖြေသံ။

နဂိုကတည်းကိုက ပြည်ထောင်စုပွဲ ထွက် သွား ကြ သည့် သံလုံး၏ မိဘနှစ်ပါးကို မကျေနပ်နေရသည့်အထဲ သူ့ကို လှမ်းဆရာလုပ်ရပါ့မလားဟု အမေ ပိုစိတ်တိုသွားပုံရ၏။

'ရပါပြီရှင့်၊ ဒီကလေးက နို့မှုန့်သောက်နေကျမှ မဟုတ်ဘဲ သောက်ပါ့မလား၊ နို့ဘူးလဲမရှိ ဘာလဲမရှိ'

'ရပါတယ် အမေရ၊ ရေတိုက်သလို ဇွန်းကရွေးနဲ့တိုက်ရင် သောက်မှာပါ၊ ကဲ သားလေး၊ ရော့ နို့နို့၊ ချိုချိုကလေးနော် သား၊ လိမ္မာလိုက်တာ'

အသင့်ရှိနေသည့် ဇွန်းငယ်ကလေးဖြင့် ခပ်ယူပြီး မဟတဟ ပါးစပ်ကလေး နှိုထွေးထွေးထဲသို့ အသာ လောင်းထည့်ပေးလိုက်၏။

အလွန် ဆာလောင်မွတ်သိပ်စွာဖြင့် မျိုချနေပုံမှာ ကြင်နာစရာအတိ။



တစ်ဇွန်းမှ နှစ်ဇွန်း။

နှစ်ဇွန်းမှ သုံးဇွန်း။

လေးငါးဇွန်းအထိမူ အဆင်ပြေနေသေး၏။ နောက်ပိုင်းကျသောအခါ သံလုံး လက်မခံတော့။ ခေါင်းကိုဖယ်ရမ်းကာ၊ ဇွန်းကို တွန်းထုတ်ကာဖြင့် ငြင်းဆန်တော့၏။

တဟပ်ဟပ်ဖြင့် သူ အားပါးတရ ပုတ်ခတ်ကစားနေကျ သူ့မိခင်၏ သားမြတ်မဟုတ်မှန်း သိသွား၍ပဲလား။ မိခင်နို့ရည်နှင့် ထပ်တူကျအောင်၊ စံချိန်မီအောင် စီမံဖန်တီးထားသည်ဆိုသော နို့မှုန့်၏ အရသာကိုပဲ သူ ခွဲခြားသိတတ်နိုင်စွမ်း ရှိသွားလေ၍ပဲလား။

သို့တည်းမဟုတ် နို့ချိုတိုက်ကျွေးနေစဉ် သူ့ကို ချစ်မြတ်နိုးစွာ ငုံ့ကြည့်နေတတ်သည့် သူ့အမေ၏ မေတ္တာမျက်လုံးများကို မတွေ့ရ၍ပဲလား မပြောတတ်။

ခါးကိုကော့၍ ဝူးကနဲ ငိုထည့်လိုက်ပြန်၏။

'သွားတဲ့ မိသိန်းသိန်းကလဲ အချိန်ကလေး အခါကလေး ကြည့်သွားတာမဟုတ်ဘူး၊ နို့တိုက်ရမှန်း သိရက်သားနဲ့၊ ခုကြည့်၊ ညနေလေးနာရီကတည်းကသွားကြတာ၊ ခုနစ်နာရီကျော်နေပြီ၊ ပြန်မလာကြသေးဘူး၊ နံ့နံ့တက်တွေ'

အမေလည်း ကြံရာမရဖြစ်ကာ ပြောမိပြောရာတွေ ပြောကုန်ပြီ။ ငြိမ်းသာလည်း ဆင်ပေါက်ကလေးလို ဝတုတ်ပြည့်ဖြိုးလှသည့်မြေးငယ်ကို ပွေ့ချီထားရသည်မှာ လက်အံသေလုပြီ။ ပြီး သည့်ကောင်ကြီးက သံလုံးဆိုသည့်အမည်နှင့် လိုက်အောင် သန်မာလိုက်သည်မှာ လွန်ပါရော။ သူ ခါးကော့ကော့ငိုလိုက်လျှင် လွတ်ကျမသွားအောင် မနည်းထိန်းထိန်းထားရ၏။

ကျော်ချေပြီကော။

အမေသည် မြစ်ကလေး၏ငိုသံကို မကြားရက်တော့ထင်၏။ အခန်းအပြင်သို့ ပြန်ထွက်သွား၏။

အင်း....တစ်ခါတစ်လေ သွားကြရှာပါစေလို့ သိန်းသိန်းက လွှတ်လိုက်မိတာ မှားသွားပြီပေါ့။ အခါတိုင်းဖြင့် နို့ဝအောင် တိုက်ထားလျှင် သုံးလေးနာရီ အိပ်မောကျနေတတ်တဲ့ မြေးကလေးပါ။ ဒီကနေ့မှပဲတော်။

'မတွေ့ပေါင်၊ အရိပ်အရောင်တောင် မမြင်ရသေးပါဘူး'

အိမ်ရှေ့လမ်းမှ ထွက်မျှော်ခဲ့ဟန်တူသည်။ အမေ၏ စိတ်ပျက်လက်ပျက် ညည်းညူသံ။

သည်တော့ ငြိမ်းသာ စဉ်းစားရပြီ။

တစ်ခုခုတော့လုပ်မှ။ကလေးကလည်းတကျည်ကျည်တအီအီ လုပ်ရာမှ တစီစီ တညုံညုံ ငိုမဲ့ ဖြစ်လာသည်မှာ တစ်နာရီခန့် ကြာသွားပြီ။ ကလေးသည် မောလှပြီ။ လူကြီးတွေကလည်း ပန်းလှပြီ။

'အင်း....'

'အမေ ငြိမ်းသာလမ်းထိပ်အိမ်ခဏသွားလိုက်ဦးမယ်၊အဲဒီက သိန်းသိန်းသူငယ်ချင်း အဝင်းမှာ သံလုံးနဲ့ရွယ်တူ သမီးကလေး ရှိတယ်၊ သူ့ဆီ နို့သွားတိုက်လိုက်မယ်'

ကတိုက်ကရိုက်ထွက်ခဲ့၏။

အမေက ခြံတံခါးပြန်ပိတ်ရင်း ကျန်ရစ်၏။

လမ်းတစ်လျှောက်လုံး သံလုံးအသံ ကျုံကျုံညံလျက်။



'အဝင်း ပြန်မရောက်သေးဘူး ငြိမ်းသာရဲ့၊ ဒီနေ့ည အိုဗာ တိုင်ရှိလို့ ရှစ်နာရီလောက်မှ ပြန်ရောက်မှာ၊ ဒီလိုလုပ်ပါလား နို့ဘူးတိုက်ကြည့်ပါလား၊ ဒေါ်ဒေါ်ဖျော်လိုက်မယ်'

မောသွားရသည်။

ဘာမျှ ပြန်ဖြေချင်စိတ်ကိုမရှိတော့။ မြေးငယ်ကို လှုပ်ယမ်း ပွေ့ချီလျက် နို့ဘူးစောင့်နေမိသည်။ နို့သီးခေါင်းကလေးနဲ့ ဆိုရင်တော့ စို့ကောင်းပါရဲ့။

'ကဲ ရော့၊ ဒီကောင်ကြီး ဒီလောက်နဲ့ ဝပါ့မလား၊ အိမ်က မြေးကတော့ ဒီတစ်ပုလင်းတောင် မကုန်ချင်ဘူး၊ ဒီကောင်ကြီး မဝရင် ထပ်ဖျော်ပေးမယ်၊ တိုက်သာတိုက်'

နို့သီးခေါင်းကလေးကို မြေးငယ်၏ပါးစပ်ထဲ အသာထည့် ပေးလိုက်၏။ ကြက်ပေါင်ပျော့ကလေးဖြင့် ပြုလုပ်ထားသည့်မို့ သူ့မအေ၏နို့ဟု ထင်မှတ်သွားပုံရ၏။ ငိုသံဘိတ်ကာ တပြွတ် ပြွတ်စို့စပြု၏။ ပြီး လက်ကလေးနှစ်ဘက် အပေါ်မြှောက်တက် လာကာ ဟိုယမ်းသည်ယမ်း။ သူဆုပ်ကိုင်ကစားနေကျ သူ့မိခင် သိန်းသိန်း၏ ရွှေရင်အုံမို့မို့ထွားထွားကို စမ်းကြည့်ဟန်။ မတွေ့ တော့ ပြန်လည်လှုပ်ရှားရုန်းကန်လာသည်။ တအီအီငိုသံ ပြန်ပြု လာသည်။ အတော်လည်တဲ့ ခွေးကောင်ကလေး။

'အို အို၊ သားကလေးက လိမ္မာတယ်နော်'

နို့သီးခေါင်းကို လျှာကလေးဖြင့် တွန်းထုတ်ပစ်လိုက်သဖြင့် ချော့ရပြန်၏။

မည်သို့ပင်ဝိုင်းချော့ချော့ သံလုံးကမလျှော့။ နို့သီးခေါင်း ကို ခေါင်းယမ်းခါထုတ်ပြီး ငြင်းဆန်နေတော့၏။

'ဒုက္ခပဲ ဒေါ်ဒေါ်ရေ၊ ဒီကောင်ကြီးက စိုနေကျ မဟုတ်တော့'

ငြိမ်းသာပါငိုချင်လာသည်။ မြေးငယ်ကတော့အဘွား၏ စိတ်ဒုက္ခကိုမသိ၊ သူ့ဆန္ဒမပြည့်ဝသည်ကိုသာ ထွက်ပေါက်ရှာဖွင့်ထုတ်နေ၏။

အဝင်းတို့အိမ်ရှေ့ခန်းတွင် မြေးငယ်၏ငိုသံက တဝါးဝါး။ အိမ်ရှင်တွေကို ငြိမ်းသာ အားနာလာသည်။ သူတို့ မြေးငယ်ကလေး နိုးလာလျှင်လည်း တစ်ဒုက္ခ။

'မတတ်နိုင်ဘူး ဒေါ်ဒေါ်ရယ် ပြန်မှပဲ'

'ဟဲ့ ငြိမ်းသာ ဟိုဘက်လမ်းက မခင်ကြည် ချွေးမလေးလေ၊ သူလဲ သားကလေးမွေးတာ သုံးလေးလရှိဦးမှာ၊ ခုလောက်ဆို ရုံးကပြန်ရောက်နေပါပြီ၊ နေဦး၊ ဒေါ်ဒေါ် လိုက်ပို့ပေးမယ်'

မြေးငယ်ကိုပွေ့၍ အဝင်းမိခင်နောက် လိုက်ရပြန်သည်။ ခြေဘ် ဖြစ်ရပုံများနေ၁် ရှာရိုးကိုးပေါက် ကလေးလေးပိုက်၍နောက်က တကောက်ကောက်။ မှောင်စပြုလာပြီမို့ ခြေဖဝါးမှ မြေမှုန့်ကလေးယူ၍ မြေးငယ်နဖူးပေါ်သို့ တို့ပေးလိုက်မိသေး၏။ မြေးငယ်ကမူ မည်သူ့မျှအားမနာ။ အာပေါင်အာရင်းသန်သန်ဖြင့်။

'မခင်ကြည်ရေ စိုးစိုး ရုံးကရောက်ပြီမဟုတ်လား'

အဝင်းမိခင်က အိမ်ပေါ်ရောက်ရောက်ချင်း မေးပေးရှာပါ၏။

'ရောက်ပြီ ရောက်ပြီ၊ ဘာဖြစ်လို့လဲ မမြ'

မခင်ကြည်ဆိုသည့် အမျိုးသမီးက တဝါးဝါးဖြင့် ငိုအား



သန်လှသည့် ကလေးငယ်ကိုပွေ့ချီလျက် ဆောက်တည်ရာမရဖြစ်နေသည့် ငြိမ်းသာကို တစ်ချက်လှမ်းကြည့်ရင်း မေးလိုက်၏။

ငြိမ်းသာ ဘာမျှဝင်မပြောနိုင်၊ အဝင်း၏အမေက ဖြစ်ပျက်သမျှ ကျိုးကြောင်းစုံရှင်းပြသည်ကိုပင် မကြားရတစ်ချက်၊ ကြားရတစ်ချက်။

'ခြေဘ် ဖြစ်မှဖြစ်ရလေမမြရယ်၊ စိုးစိုးကလဲ နို့ဘူးပဲ တိုက်ရတာမမြရဲ့၊ ရုံးကတစ်ဘက်၊ ညနေပိုင်း မြင်သစ်ဘာသာသင်တန်းကတစ်ဘက်နဲ့မို့'

ဆုံးအောင်ပင် နားမထောင်ချင်တော့။

သွားပြီ။ မျှော်လင့်ချက်တွေကုန်ပြီ။

မြေးကလေးရယ်။ သံလုံးကြီးရယ်။ တိတ်ပါသားလေးရယ်၊ သားလေးမေမေ ပြန်ရောက်တော့မှာပါ၊ မေမေပြန်လာမှ ချိချိုတွေတဝကြီး စို့ပါတော့သားရယ်။ မငိုပါနဲ့ကလေးရယ်။

'ခြေဘ် တစ်ခုတော့ရှိတယ် မမြ'

လှည့်ထွက်လာကြတော့မည့်ဆဲဆဲ မခင်ကြည်က ကောက်ကာငင်ကာပြောလိုက်၏။

'ကျွန်မတို့ခြေရင်း နှစ်အိမ်ကျော်က ခေါက်ဆွဲ ရောင်းတဲ့ကောင်းမလေးသိတယ် မဟုတ်လား၊ မိတုတ်လေ၊ သူ့မှာလဲ နို့စို့ကလေး အငယ်ရှိတယ်၊ အဲဒါ'

စကားပြောနေပုံက ခပ်ဆိုင်းဆိုင်း။ မျက်နှာထားကလည်း သည်စကားကို ပြောလိုက်မိသည့်အတွက် အားနာသွားသလိုလို။

အို ဘာဖြစ်လဲ။ ဒေါက်မုန့်ရောင်းတဲ့ မိတုတ်သိသားပဲ။ ဒီကောင်မလေးရှိလှမှ နှစ်ဆယ်ပေါ့။ သို့ပေမယ့် ထွားထွားကျိုင်းကျိုင်း ပြည့်ပြည့်ဖြိုးဖြိုး။ သမီးသိန်းသိန်းလိုပဲ ကျန်းမာသန်စွမ်းတဲ့ မိခင်ကလေး။ သူ့ကလေးသုံးယောက်စလုံး တုတ်တုတ်ခဲခဲကလေးတွေ။ သွားမယ်။ သူ့ဆီကိုပဲသွားမယ်။ အဓိက ကိုယ့်မြေးကလေးအငိုတိတ်ဖို့။ အဆာပြေဖို့။

မြေးငယ်ကို ပွေ့ချီလျက် မိတုတ်တို့ အိမ်ခန်းကလေးဆီ ကသုတ်ကရက်သွားရပြန်၏။

ထန်းလျက်ရည်ကျိုနေသည့် မိတုတ်ကို အခန့်သင့်တွေ့ရ၍ ငြိမ်းသာ ဝမ်းသာမဆုံး။ ပြည့်ဖြိုးအိစက်နေသည့် မိတုတ်ရင်ခွင်ထဲသို့ မြေးကလေးကို ထိုးအပ်ပေးလိုက်မိ၏။ အလုံးစုံ ရှင်းပြနေမိချိန်ဝယ် မြေးကလေးသံလုံးက မိတုတ်၏ ရွှေရင်အုံထွားထွားမှ နို့ချိုကို အားရပါးရ စို့လျက်ရှိပါချေပြီ။ သူ့လက်ကလေးနှစ်ဘက်ကိုလည်း အအားမထား။ မိတုတ်၏ ပန်းဝတ်ငုံသည် မိုတွယ်စရာဖြစ်ရုံမက သဘာဝကပေးထားသော မြတ်နိုးဖွယ်ကစားစရာ။

ထိုအခါကျမှပင် စိတ်ရောကိုယ်ပါ အမောကြီးမော။ အပန်းကြီးပန်းခဲ့ရသော ငြိမ်းသာတစ်ယောက် အသက်ကို ဖြောင့်ဖြောင့်ရှူနိုင်ပါတော့၏။

ငြိမ်းသာ မိတုတ်ကယ်ပေလို့ပါလား။ ကျေးဇူးတင်လိုက်တာ မိတုတ်ရယ်။

[စံပယ်ဖြူမဂ္ဂဇင်း။ ။၁၉၇၅ ခု၊ ဧပြီ]

# ရှက်ရပေါင်းများပြီ




## ရှက်ရပေါင်း များပြီ

အမေသည် သူ၏မြေးငယ်ကို တတွတ်တွတ် ပြောပြနေသည်။ သင်္ကြန်၏ စိတ်ဝင်စားဖွယ် နောက်ခံအကြောင်းခြင်းရာများ၊ ထိုအထဲတွင် ဗြဟ္မာကြီးဦးခေါင်းနှင့် နတ် သမီး လေး ပါး အကြောင်း၊ အထက်ဝတီ ဘုံဖွားတွင် စံစားနေသည့် သိကြား မင်းအကြောင်း၊ သင်္ကြန်ရက်အတွင်း သိကြားမင်း လူ့ပြည် ဆင်းကြွလာသည့်အခါတိုင်း သူ့တွင် ခွေးရေပုရပိုက်နှင့် ရွှေ ပုရပိုက်နှစ်မျိုး ပါလာသည့်အကြောင်း၊ လူကြီးမိဘစကား နားထောင်၍ စိတ်ထားကောင်းသူများကို ရွှေပုရပိုက်ထဲတွင် ရေးမှတ်၍ လူကြီးစကားကို နားမထောင်သည့်အပြင် စိတ်ထား လည်း ယုတ်ညံ့သူများကိုမူ ခွေးရေပုရပိုက်ထဲတွင် ရေးမှတ်ယူ သွားတတ်သည့်အကြောင်း၊ ရွှေပုရပိုက်ထဲတွင် အမှတ်ခံရသူ များက နောက်ဘဝတွင် နတ်ပြည်၌စံစားရပြီး ခွေးရေပုရပိုက်

ထဲတွင် အမှတ်ခံရသူများက ရေပြည်သို့ ဇောက်ထိုး ကျဆင်းရကြောင်း စသည် စသည်တို့။

မြေးအဘွားနှစ်ယောက် ပြောဆိုနေကြသံကို အမှတ်မထင် ကြားမိလိုက်သည့် ငြိမ်းသာသည် ကိုယ့်အတွင်းစိတ်ကို ကိုယ် လှစ်ကနဲ ပြန်ကြည့်လိုက်မိ၏။

ထိုခဏတွင်ပင် ဖျတ်ကနဲ မြင်လိုက်မိခြင်းဖြစ်ပါ၏။

အမြင်ထဲတွင် ဖြစ်ရပ်ကလေးတွေ ပြန်ပေါ်လာသည်။ ပေါ်လာသည်မှ ထင်ထင်ရှားရှား ပီပီပြင်ပြင်။

\+ + +

'သားငယ်၊ စာကြိုးစားနော်၊ သင်္ချာဆရာရော၊ ဓာတုဗေဒ သင်မယ့် ဆရာမရော မေမေ စုံစမ်းလို့ရခဲ့ပြီ၊ သားတို့လေးယောက်ကို အိမ်လာသင်ပေးမှာ၊ တစ်ယောက်ကို တစ်ရာပေးရမယ်၊ တစ်လတစ်ရာနော်၊ သူတို့အိမ်တွေကို ပြောခိုင်းထား၊ ယူမယ်ဆို စာမေးပွဲဖြေချိန်အထိ လတိုင်းယူရမှာ၊ ကြားထဲမှာ ထွက်လို့မရဘူး၊ အားလုံးပြောပြထား၊ မေမေ့မှာ မနည်းရှာပြီး တောင်းပန်သင်ခိုင်းရတာ'

ကိုးတန်းအောင်သည့် သားငယ်အတွက် ဆယ်တန်းအတက် စာမခက်အောင် ငြိမ်းသာမှာ နည်းလမ်းရှာရပါ၏။ လိုအပ်သော ဘာသာရပ်အတွက် အချိန်ပိုသင်ပေးမည့်ဆရာကို ရှာရသည်မှာ လွယ်လှသည်မဟုတ်။ အတော့်ကို စုံစမ်းရှာဖွေမှ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်၏ ဆက်သွယ်ပေးမှု



ကြောင့် သားငယ်အားနည်းသော သင်္ချာနှင့် ဓာတုဗေဒ ဘာသာရပ်အတွက် ဆရာများကိုရရှိခဲ့၏။ သည်တော့မှ ငြိမ်းသာ ရင်အေးရသည်။

အချိန်ပိုခေါ်သင်၍ ငွေကုန်ကြေးကျ များသည်မှန်သော်လည်း ဆယ်တန်းကို တစ်နှစ်တည်းနှင့် ထူးချွန်စွာအောင်ဖို့က အရေးကြီးသည်ဟု ကိုယ့်ကိုယ်ကို ဖျောင်းဖျနှစ်သိမ့်ထားရ၏။ သားငယ်အတွက် အပိုကုန်ကျငွေကိုကာမိစေရန် အဝတ်အစား မဝယ်၊ ရုပ်ရှင်ထွက်မကြည့်၊ အပြင်ဆိုင်တွင်မစားဟု ဆုံးဖြတ်ထားလိုက်၏။

သည်လိုနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် သားငယ်တို့ စသင်ဖြစ်ကြသည်။ ဆရာနှင့် ဆရာမတို့ကလည်း ရုံးသမားတွေမို့ သည်နှစ်ရက်သာ သင်ပေးနိုင်သည်။ ဒါတောင် တစ်ရက်မှာ နှစ်နာရီတည်းသာ။ သို့သော်လည်း ငြိမ်းသာကျေနပ်သည်။ သူတို့ကျောင်းမှာကတည်းက စာတော်သူများဖြစ်သလို အသင်အပြတွင်လည်း နာမည်ရသည်။ သားငယ်တို့ကလည်း နားလည်ကြောင်း၊ ရှင်းကြောင်း ပြောပြထောက်ခံကြသည်။

သို့နှင့် တစ်ရက်။

'မေမေ၊ မေမေ့ သူငယ်ချင်းလေ ဟိုဘက်လမ်းက အန်တီဝေဝေကပြောတယ်၊ သူ့သားကလေးလဲ သင်ချင်လို့တဲ့၊ အဲဒါ သားက ဒီကနေ့လာခဲ့လို့ပြောလိုက်တယ်'

'ဟဲ့ ဘာဖြစ်လို့ ပြောလိုက်ရတာလဲ သိပ်လျှာရှည်တာပဲ၊ လူများတော့ ဘယ်ကောင်းမလဲ'

ဟုတ်သည်၊ တစ်ယောက်တိုးလာလျှင် ကိုယ့်ကလေးအပေါ် ဂရုစိုက်မှု လျော့သွားမည်။ ယခုလေးယောက်ပင် တကယ်

လေ့လာကြည့်တော့ များနေပြီ။ မတတ်နိုင်လို့သာပေါ့။ တတ်နိုင်လျှင် ကိုယ့်သားတစ်ယောက်တည်းကို တစ်ဘာသာ သုံးရာ ပေးပြီး....

'မေမေကလဲ နောက်ထပ်တစ်ယောက်ပဲ တိုးမယ့်ဟာကို'

'ဟဲ့ တစ်ယောက်တိုးတိုး နှစ်ယောက်တိုးတိုး တိုးတာဟာ တိုးတာပဲဟဲ့၊ မဖြစ်ဘူး မဖြစ်ဘူး'

ချက်ချင်းပင် ဆုံးဖြတ်လိုက်၏။ ဝေဝေလာသည်အထိ စောင့်မနေတော့။ ဝေဝေ့အိမ်သို့သွား၍ ဆရာတွေက နောက်ထပ်ကျောင်းသား လက်မခံတော့သည့်အကြောင်း သွားပြောထားနှင့်လိုက်၏။ သို့မဟုတ်လျှင် ဇာတ်ကြောင်းရှည်နေဦးမည်။

'မေမေကလဲ တိုလိုက်တာ'

'ဘာ'

'စာသင်တာပဲ လူများလဲ ဘာဖြစ်လဲလို့'

သားကို ငေါက်ထုတ်ပစ်လိုက်၏။

ထိုစဉ်ကမူ ရှက်ရမှန်းမသိခဲ့။

\+ \+ \+

ခင်ဝင်းတို့လာလျှင် သည်လိုချည်း။ ဘယ်တော့မျှ လက်ချည်းသက်သက်မဟုတ်။ သူတတ်နိုင်သမျှ ဟင်းသီးဟင်းရွက်ကလေးတော့ ပါလာစမြဲ။ ယနေ့လည်း ကဲကဲ ကဲကဲဖြင့် မနိုင့်တနိုင်ဆွဲလာပါပြီ။ ခြင်းတောင်းကြီးတစ်တောင်း၊ ထိုအထဲ ဘူးသီးကြီးတစ်လုံး၊ ဒန့်သလွန်သီး အတောင့်နှစ်ဆယ်လောက်နှင့်ခရမ်းသီး ချောချောကြီးတွေ။



'ခင်ဝင်းကလဲကွယ် နည်းတဲ့ခရီးလဲမဟုတ်၊ ဒုက္ခခံလို့ ယူယူလာတယ်'

'အို....မမငြိမ်းကလဲ ရထားစီးလာတာပဲဟာ အပန်းမကြီးပါဘူး၊ မမငြိမ်းကျေးဇူးကို ဒီပြင်နည်းနဲ့မှ မဆပ်နိုင်တာ၊ ကိုယ်တတ်နိုင်သမျှကလေး ကိုယ့်ကျေးဇူးရှင်ကိုပေးရတာ၊ ခင်ဝင်းတို့ဘက်မှာ အသီးအရွက်တွေ သိပ်ပေါတာမမရဲ့'

ပြောပြောဆိုဆိုပင် တောင်းကြီးကို မီးဖိုထဲအထိ ဆွဲမယူသွား၏။ ချက်ချင်းဆိုသလို ပြန်ထွက်လာပြီး သူ့ဘော်လီရင်စည်းကြားထဲမှ ငွေစက္ကူထုပ်ကလေးကိုနှိုက်ယူကာ တစ်ရွက်ချင်း ရေတွက်နေ၏။ ကျပ်တန်အနွမ်းကလေးများ....

'မမငြိမ်း'

သူ့အနားလာထိုင်ရင်း ယို့ယို့ကလေး လှမ်းပေးလိုက်၏။ သိလိုက်ပြီးသားပင်၊ ငွေသုံးဆယ်ကျပ်တိတိ ဖြစ်ပေမည်။

'ခိုင်းစရာရှိရင်လဲမှာနော် မမငြိမ်း၊ မောင်ကဆို သတိရတိုင်းတဖွဖွပြောနေတာ၊ မမသာမကူညီခဲ့ရင် ခင်ဝင်းတို့ ဒုက္ခရောက်မှာ သေချာပေါက်'

ခင်ဝင်းပြောနေပုံက တကယ့်ကို စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲ။ သူပြောနေသမျှကို မျက်နှာမပျက်အောင် မနည်းကြိုးစား နားထောင်နေရသူက ငြိမ်းသာ။ သို့တိုင် မလုံမလဲဖြစ်နေသည့်စိတ်ကြောင့် ခင်ဝင်းမျက်နှာကို စေ့စေ့မကြည့်ရဲသလိုလို။

'ညည်း ဒီနေ့ ဈေးမထွက်ဘူးလား'

'အငယ်ကလေး ဖျားနေလို့ မမရဲ့၊ ခုတောင် မလာမဖြစ်လို့ လာခဲ့ရတာ၊ တော်နေ့ မမငြိမ်း ကြားထဲက မျက်နှာပျက်နေမှာ

စိုးလို့၊ ပြီး တစ်ရက်ကူးသွားရင်လဲ အတိုးက စကားပြောလာဦးမှာ မဟုတ်လား’

နောက်ဆုံး စကားပိုဒ်က ငြိမ်းသာ၏ နှလုံးသားကို တင်းကျပ်စွာ ဆုပ်ညှစ်ပစ်လိုက်သလိုပင်။ အတိုးတဲ့ ဟုတ်တာပေါ့။ ဒီကောင်မလေးကို ငွေချေးလိုက်စဉ်က ပြောခဲ့သည့် စကားများကို ပြန်သတိရလာမိ၏။

‘တို့မလဲ အပိုရှိတာမဟုတ်ဘူး ခင်ဝင်းရဲ့၊ ကျားကြီးတော့ ခြေရာကြီး ဆိုသလိုပေါ့’

စိတ်ပျက် အားလျော့သွားသည့် ခင်ဝင်းမျက်နှာကိုပါ ပြန်မြင်လာ၏။ သူ့ခမျာ သူ့ယောကျ်ားအတွက် ငွေချက်ချင်းရမှ ဖြစ်မည့် အရေးပေါ်ဒုက္ခသည်။ သူ့ယောကျ်ားက သမဝါယမ အရောင်းဆိုင်မှာ အရောင်းစျေးသည်။ လချုပ်စာရင်း တွက်သောအခါ သူ့နေရာမှ ငွေသုံးရာကွာနေသည်။ သည်တော့ အားကိုးမြဲဖြစ်သော ငြိမ်းသာတို့ဆီ ခင်ဝင်း ပြေးချလာ၏။ အခါတိုင်းလို တစ်ဆယ်၊ ဆယ့်ငါးကျပ်ဆိုပါက ငြိမ်းသာ လွယ်လွယ်ကူကူချေးလိုက်မိပေမည်။ရာနှင့်ချီ၍တော့ လက်လွတ်စပယ်မချေးလိုက်ချင်။ အကယ်၍ခင်ဝင်းတို့ပြန်မဆပ်နိုင်ပါကတိုယ်ကလည်း အဆုံးမခံနိုင်။

‘ဒီလိုလုပ်လေ၊ တို့အဒေါ် တစ်ယောက်ဆီက ယူပေးမယ်၊ အတိုးတော့ မှန်မှန်ပေးရလိမ့်မယ်နော်’

ထိုအခါမှ ခင်ဝင်း မျက်နှာကလေး လင်းသွားကာ။

‘အမယ်လေး၊ စိတ်ချပါ မမငြိမ်းရယ်၊ ခင်ဝင်း ကတိပေးပါတယ်၊ ရအောင်သာ ယူပေးပါနော်’

သည်လိုနှင့် ကိုယ့်အိတ်ထဲကငွေကိုပဲ အဒေါ့်ငွေ အဖြစ်



ခင်ဝင်းကို ချေးခဲ့သည်မှာ ယခုလဆိုလျှင် တစ်ဆယ့်တစ်လ မြောက်ခဲ့ပြီ။ လစဉ် အတိုးကို အချိန်မှန် လာပေးနေမြဲ ဖြစ်သော်လည်း အရင်းသုံးရာကိုမူ တစ်ပြားတစ်ချပ်မျှ ဖွဲ့မဆပ်နိုင်သေး။

‘မမငြိမ်း ကြမ်းတိုက်ပေးရဦးမလားဟင်၊ အဝတ်တွေလျှော်စရာရှိရင်လဲ ခင်ဝင်း လျှော်ပေးခဲ့မယ်’

ခင်ဝင်းအသံက ငြိမ်းသာကို အတိတ်ဖြစ်ရပ်ထဲမှ ဆွဲထုတ်ခေါ်လိုက်၏။

ထိုသို့ ခင်ဝင်းက ကျေးဇူး သိတတ်ကြောင်း ပြလေလေ ငြိမ်းသာမှာ ရှက်ရလေလေ။

သို့သော်လည်း

အတိုးအဖြစ်ရသော ကျပ်တန်အနွမ်းကလေးများကိုမူ ပြန်မပေးလိုက်ဖြစ်ပါ။

\+ \+ \+

မြို့နယ်အသင်း အစည်းအဝေးမို့ မိတ်ဟောင်းဆွေဟောင်းများ သာမက ဇာတိမြေမှ ရပ်ဆွေရပ်မျိုး အတော်များများကိုပါ ပြန်တွေ့ရသည်။

ထုံးစံအတိုင်း ရင်းနှီးစွာ ပြောကြဆိုကြရင်း သင်းလုံးကျွတ် အစည်းအဝေးကြီးနှင့် ပူးတွဲကျင်းပမည့် ပညာရည်ချွန်ဆုပေးပွဲ အတွက် ဆွေးနွေးတိုင်ပင်ကြသည်။

ဆုအတွက် အချို့က ငါးရာ၊ တစ်ထောင် စသည်ဖြင့် ထည့်ဝင်လှူဒါန်းကြသလို အချို့က ငါးကျပ်တစ်ဆယ် စသည်ဖြင့် ဖြည့်တင်းကြသည်။ စေတနာရှင်နှစ်ဦးက ပထမဆုနှင့် ဒုတိယဆုအတွက် ရွှေတံဆိပ် တာဝန်ယူသည်ဟု ကြေညာတော့ လက်ခုပ်သံ ညံသွား၏။ မိသားစုစိတ်ဓာတ်ဖြင့် အားလုံး ဝိုင်းဝန်း ထူမပေးလိုက်သဖြင့် ပညာရည်ချွန်ဆုနှင်းအတွက် လိုအပ်သည့်ရန်ပုံငွေမှာ ထင်သည်ထက် ပိုရသွား၏။ နာယက လူကြီးမင်းများ ကျေနပ်စွာ ဂုဏ်ယူစွာ ပြုံးနေကြလေပြီ။

'ငါးဘာသာဆုရှင်ကို နာယကကြီး တစ်ဦးဖြစ်တဲ့....'

အခမ်းအနားမှူး ဖြစ်သူက ပွဲကြီးနေ့အတွက် အစီအစဉ်များကို တိုင်ပင်ရေးဆွဲ၍ အပြီးတွင် ပညာရည်ချွန်ဆု ရသည့် ကလေးများကို ဆုချီးမြှင့်ပေးရန် တင်ပြ အစီရင်ခံသည်။

ကောလိပ်ကျောင်းများမှ ပညာထူးချွန်သူများ အပါအဝင် စုစုပေါင်း ဆုရရှိမည့် ကလေး တစ်ဆယ်ကိုးဦး။ ထို့ကြောင့် ဆုချီးမြှင့်ပေးရမည့် ပုဂ္ဂိုလ်ကလည်း မနည်းလှ။

'တို့မြို့နယ်က ချွန်တယ်ဟေ့၊ ဒီလိုမှပေါ့'

ကိုယ့်မြို့ကိုယ် ဂုဏ်ယူမဆုံး ပြောလိုက်သည့် အသံတစ်သံ ကြားလိုက်ရ၏။ အားလုံးပြုံးသွားသည်။

ငြိမ်းသာကတော့ စိတ်ထဲတွင် မကြည်မသာနှင့်။ မကြည်မသာ ဆိုသည်ထက် မကျေမနပ် ဖြစ်နေသည်ဟုဆိုက ပိုမှန်ပေလိမ့်မည်။ ဟုတ်သည်လေ။ တကယ်ဆို ကိုယ်လည်း အရေးပါအရာရောက်သည့် အသင်းဝင်တစ်ယောက်။ အသင်းဂုဏ်သရေကို အစဉ်ဆောင်နေသည့် လူတစ်ယောက်ပါပင် မဟုတ်ပါလား။ ခုတော့ကိုယ့်လိုလူကိုကျော်ပြီး မနေ့တစ်နေ့ကမှ အသင်းဝင်ဖြစ်



လာသည့် လူတချို့ကို နေရာပေးတယ်လေ။ အချိုးမကျလိုက်တာ။ ဒီလောက်မှ မစဉ်းစားတတ်ကြဘူးလား။

တစ်ယောက်တည်း ကျိတ်၍ ဝေဖန်နေမိ၏။

လူနည်းနည်းရှင်းသွားလျှင်သွားချင်း နာယကကြီးတစ်ဦးထံ မကျေနပ်ချက်ကို ဖွင့်အန်ပြလိုက်မိ၏။

'တကယ်ဆို ဦးရယ်၊ ငြိမ်းသာဟာ အသင်းရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်လောက်လုပ်ပေးခဲ့သလဲ၊ ပြီး အလှူငွေထည့်စရာရှိရင်လဲ အမြဲရာချီထည့်တာပါ၊ သူများလို ငါးကျပ်တစ်ဆယ် ထည့်တဲ့လူလဲ မဟုတ်၊ ခု ဆုပေးဖို့ကျတော့ ကျွန်မကို သတိမရကြဘူး'

နာယကကြီးက ငြိမ်းသာကို ပြုံး၍ ကြည့်နေခဲ့သည်။

'အေးကွယ်၊ ဦးလေးတို့ မြန်ညီလိုက်ဦးမယ်လေ'

'ဒါများ ညှိနေစရာ လိုသေးလားဦးရဲ့၊ ဦးလဲ အားလုံး သိပြီးသားပဲဟာ'

ထိုကဲ့သို့သော နည်းဖြင့် ဆုနှင်းပွဲနေ့တွင် ဇာပဝါရှည်ကြီး စုံချ၍ စင်မြင့်ပေါ် တက်နိုင်ခဲ့ပါ၏။ ဆုရသူကလေးများနှင့် စုပေါင်းဓာတ်ပုံရိုက်သည့် အခါတွင်လည်း ရွှေတန်းကုလားထိုင်တွင် ခန့်ခန့်ကြီး ထိုင်ရသည့် အခွင့်အရေးကိုလည်း အရယူခဲ့မိပါ၏။

နာယကကြီးက ငြိမ်းသာကိုကြည့်၍ ပြုံးပြုံးကြီး။ သူ့အပြုံး၏ အဓိပ္ပာယ်ကို ထိုစဉ်က အလေးအနက် မတွေးတတ်ခဲ့။

ယခု ပြန်ဖွေးကြည့်မိမှ အသေအချာ ဆင်ခြင်မိတော့မှ ငြိမ်းသာ ရှက်ရကောင်းမှန်း သိလာပါ၏။

\+ + +

ရန်ကုန်မြို့က ဘတ်စ်ကားတွေ သိပ်လူကျပ်တာပဲဟု ပြောလျှင် ဒါဆန်းသလားဟု ပြန်မေးချင်ကြလိမ့်မည် ထင်ပါ၏။

ငြိမ်းသာကမူ ထိုမဆန်းသော အကြောင်းတစ်ခုကို အရင်းခံ၍ ဖြစ်ရပ်တစ်ခုကို ကြုံခဲ့ရပါ၏။

ဘတ်စ်ကားလူကျပ်လွန်းသောအချိန်သည်မနက်ပိုင်းရုံးတက်ချိန်နှင့် ညနေပိုင်းရုံးဆင်းချိန်တို့ ဖြစ်ပါသည်။ ထိုအချိန်များတွင် ကားပေါ်၌ မတ်တတ်ရပ်စီးရသည်မှာပင် သက်တောင့်သက်သာမဟုတ်။ ငါးပိသိပ်၊ ငါးချဉ်သိပ် ကျပ်ကျပ်ညပ်ညပ်။ အသက်ရှူရသည်မှာပင် ခက်ခက်ခဲခဲ၊ တစ်ဦး၏ ကိုယ်နံ့တစ်ဦးမှာ လွှမ်းပတ်လျက်။

ဤအဖြစ်မှာ မနက်ပိုင်းရုံးတက်ချိန်ဆိုလျှင် သည်းခံနိုင်ဖွယ်ရာ ရှိသေးသည်။ မနက်ဆိုတော့ ရေမိုးချိုး သန့်စင်ပြီးသားအမျိုးသမီးတွေဆိုလျှင် သနပ်ခါးလိမ်း ပေါင်ဒါတင်ရုံမျှသာ မကပန်းကိုပင် ပန်ဆင်ထားတတ်ကြသဖြင့် သင်းသင်းပျံ့ပျံ့ မွှေးရနံ့ကလေးတွေ လေသွေးရာကြူကြူ မွှေးလို့။

ညနေ ရုံးဆင်းချိန်ကျတော့ တကယ့်ကို အပုပ်ချိန်။ တစ်နေကုန် လုပ်ငန်းခွင်ဝင်ထားကြရသဖြင့် ပင်ပန်း နွမ်းနယ်ကာ ပေါင်ဒါသနပ်ခါးလည်း ပြယ်နေပြီသာမက ချွေးတွေ သံတေ့



နှင့်။ ဆေးလိပ်နံ့၊ အရက်နံ့ကလည်း လှိုင်လှို၊ အနံ့အသက်ကိုက မကောင်း။

ထို့ကြောင့် မြို့ထဲသို့ ငြိမ်းသာထွက်စရာရှိလျှင် မနက်ပိုင်းတွင်ထွက်ပြီး ညနေရုံးဆင်းချိန်မတိုင်မီ ခြေကုန်သုတ် ပြေးပြန်လေ့ရှိ၏။

လဆန်းရက် တစ်ရက်။

မနက်စောစော အိမ်ကထွက်မည်ဟု စိတ်ကူးခဲ့သော်လည်း မထွက်ဖြစ်။ မွန်းလွဲပြီးမှ ထွက်ဖြစ်၏။ သွားလာဝယ်ခြမ်း ပြီးစီး၍ အိမ်ပြန်ရန် ကားဂိတ်ရောက်တော့ ငါးနာရီထိုးလုပြီ။

ထုံးစံအတိုင်း လူတွေပြွတ်သိပ်နေသည့် ကားပေါ်တွင် အနံ့ပေါင်းစုံကို နှာခေါင်းရှုံ့ရင်း လိုက်ပါခဲ့ရ၏။ ကံကောင်းထောက်မလွန်းသဖြင့် နှစ်မှတ်တိုင်မျှသာ မတ်တတ်ရပ်စီးခဲ့ရ၏။ ထိုင်စရာရ၍ထိုင်စီးခဲ့သော်လည်း တစ်ယောက်ဆင်းတစ်ယောက်တက် မဟုတ်မူဘဲ တစ်ယောက်ဆင်း သုံးလေးယောက်တက် ဖြစ်နေသဖြင့် ကားထဲတွင်ပို၍ ပို၍သာ ကျပ်လာ၏။ အသက်ရှူပင် မဝတော့သလိုလို။ အားရပါးရရှိုက်၍ ရှူသွင်းလိုက်သောအခါတွင်လည်း ချဉ်စုတ်စုတ်အနံ့ကြီးကို ရနေသလိုလို။ ကိုယ့်ကိုယ်မှာလဲ ထိုကဲ့သို့ ချွေးစော်နံနေမည်မှာ သေချာလှသည်။ တစ်နေ့လယ်လုံး နေပူကြီးထဲ ဟိုဝင်သည်ထွက် ခရီးဆက်ခဲ့ရသည် မဟုတ်ပါလား။

အရေးထဲ ငြိမ်းသာထိုင်နေသည့် ရှေ့ဆုံးခုံတန်းဘေးနားရှိ သားအမိတွေက တကျည်ကျည်။ ခါးထစ်ခွင် ချီထားသည့် တစ်နှစ်သားကလေးက အာခေါင်ခြစ်၍ အော်ငိုသလို ခုံတန်း

သံကိုင်းလက်ကိုင်ကို မမိ တမိလှမ်းကိုင်ရင်း လူကြီးတွေကြားေ ညပ်နေသည့် လေးနှစ်သမီးကလေးကလည်း တရှပ်ရှပ်။

'တိတ်စမ်းဆို ဟယ်၊ နင်တို့အဖေ သေလို့လားဟဲ့'

အလွန်စိတ်တိုတတ်ပုံရသည့် ကလေးအမေက သမီးကလေး ကို ဒေါက်ကနဲ ခေါက်ပစ်လိုက်၏။

'မလုပ်ပါနဲ့ ကောင်မလေးရယ် ကလေး သနားပါတယ်'

အဒေါ်ကြီး တစ်ယောက်က လှမ်း ဟန့် လိုက် သည့် တိုင် ကလေးအမေက တဗျစ် တောက်တောက် ဆက်ငြူစူနေ၏၊

ငြိမ်းသာလည်း နားမချမ်းသာစွာမော့၍ အကဲခတ်လိုက် မိ၏။ ကောင်မလေးရှိလှမှ နှစ်ဆယ်ကျော်အစိတ်။ သို့သေ နားထင်နားရင်းတွေကျလျက် မျက်တွင်းချောင် ကလေးနှင့် မျက်နှာကလည်း အဆီပြန်ပြောင်လက်လို့။ ဆံပင်နီကြင်ကြင်က လည်း မသပ်မရပ် ဖွာဆန်ကြဲလို့။ အဝတ်အစားတွေကလည် ဟောင်းနွမ်းသည်ကို ထားဦး။ ညစ်ပတ်နံစော်နေသည်က ဆိုး လှသည်။

အင်း ဇာခဇာကရလိုက်တဲ့ ညှီစို့ စို့ ချဉ်စုတ်စုတ်အနံ့ ကြ က သူ့ ဆီကနေမှာ။ ငြိမ်းသာခေါင်းကို သူနှင့် ဆန့်ကျင်ဖ ဘက်သို့ လှည့်ထားလိုက်မိ၏။

ခေါင်းလှည့်ရာဘက်ရှိ လူနှစ်ယောက်ကျော်တွင် သပ်သ ရပ်ရပ်ဝတ်စားထားသည့် ငြိမ်းသာနှင့် သက်တူ ရွယ်တူ ႏ အမျိုးသမီးတစ်ယောက်ကို သတိသွားထားလိုက်မိ၏။ အေ မယ်၊ သူဝတ်ထားတဲ့ စိန်လက်စွပ်ပုံကလေးက အဆန်း။ စိ ဝင်စားသွား၏။



ထိုခဏမှာပင် ငြိမ်းသာဘေးရှိလူရွယ်ကမှတ်တိုင်တွင်ဆင်းရန် ဟန်ပြင်လိုက်၏။ သည်မှာဘင် ငြိမ်းသာလုပ်ရပ်တစ်ခုကို လှစ် ကနဲ ပြုလိုက်မိ၏။ ဘေးနားက ကလေးအမေ မသိခင် ထို အမျိုးသမီးကို ခေါက်ထီးဖြင့် လှမ်းတို့ခေါ်ကာ ဘေးတွင် သာထိုင်ရန် အချက်ပြလိုက်၏။ အမျိုးသမီးက လျင်သည်။ ဖြတ်ဆို ချက်ချင်းရောက်လာ၏။ 'မှတ်တိုင်ပါတယ်'ဟု လူရွယ် က အော်သောအခါ ကလေးအမေက မျှော်လင့်ချက်ကြီးစွာ ဖြင့် နေရာလွတ်ကို ချာကနဲ လှည့်ကြည့်၏။ နောက်ကျသွားပြီ။ စိန်လက်စွပ်နှင့် အမျိုးသမီးဝင်ထိုင်လိုက်ပြီးပြီ။ အင်း တော်ပါ သေးရဲ့၊ မဟုတ်လျှင် ညစ်ပတ်နံစော်နေတဲ့ သူတို့သားအမိ တွေနဲ့ ပူးကပ်ထိုင်နေရဦးမှာ။

\+ \+ \+

ကိုယ့် လုပ်ရပ်ကို ကိုယ် တစ်ခါမျှ အလေး အနက် တွေး မကြည့်ခဲ့။ ထိုသို့ မလုပ်ထိုက် မလုပ်သင့်ဟု ယောင်၍ပင် မထင်မိခဲ့။

တစ်နေ့က တစ်ရပ်ကွက်တည်း အတူနေ အငြိမ်းစားအရာရှိ ကြီး တစ်ယောက်၏ စကားကိုကြားလိုက်မှ အလိုလို ဆင်ခြင် လာမိခြင်း ဖြစ်ပါ၏။

'တူမကြီး ငြိမ်းသာတို့ကတော့ ထာကယ့်ကို စိတ်ကောင်း စေတနာကောင်း ရှိတာပဲကွယ်၊ လူမှုရေးလဲ အင်မတန်နားလည်

တယ်၊ ကူညီချင်စိတ်လဲ သိပ်ရှိတာပဲ၊ လူငယ်တွေဖြစ်ပြီး အဲဒီလို စိတ်ထားကောင်းရင် အကျိုးဆက်ပေးပြီး ကြီးပွားဦးမှာ ’တဲ့။

သူက အားရ ပါးရ ချီးမွမ်းလေလေ၊ ငြိမ်းသာ အနေကျုံ့ လေလေ။ သူကတော့ ကထိန်ပွဲတွင် သက်နိုးသုံးစုံလှူတာ၊ သူတို့ ကားပျက်နေသဖြင့် ငြိမ်းသာတို့ကားဖြင့် သူတို့မြေးကလေး များကျောင်းသို့ ကားကြုံပို့ပေးတာလောက်သာသိရှာသည်ကိုး။

‘တူမကြီးရဲ့ ဒေါ်ဒေါ်ကဆို အိမ်ကသမီးကို တူမကြီး နှမ်းနှာယူဖို့ ခဏခဏပြောနေတာ တူမကြီးလို မဟုတ်ဘူး၊ သမီး က အလှူအတန်း သိပ်မလေ့ဘူးကွယ့်’

သည်မှာတင် ငြိမ်းသာ ကိုယ့်ကိုယ်ကို ပြန်ကြည့်မိခြင်း ဖြစ်ပါ၏။

ဘယ့်နှယ်လဲ ရှင်ငြိမ်းသာ ဘေးလူတွေ အမြင်မှာတော့ တကယ့် စံပြ စိတ်ထားကောင်းသူကြီးပေါ့ ဟုတ်လား၊ ကိုယ့် ရင်ထဲက တကယ့်အတွင်းစိတ်ကို ပြန်ကြည့်စမ်းပါ၊ မှုမှန်ရဲ့ လား၊ ဖြူစင်ရဲ့လား၊ သန့်ရှင်းရဲ့လား၊ ဘယ်သူသိသိ မသိသိ၊ ကိုယ့်ကိုယ်ကိုယ် သိတယ်နော်၊ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမိန်းမလဲ ဆိုတာ တွေ့ပြီမဟုတ်လား’

မေးခွန်းတွေ အများကြီး မေးမိသည်။ သို့သော် အဖြေ များမရမိ ငြိမ်းသာ ရှက်လာမိသည်။

ဩော် တကယ်ဆန်းစစ်လိုက်တော့ ရှက်ရပေါင်း များလှ ပါပြီကော



ယခုအချိန်လောက်ဆိုရင်ဖြင့် ငြိမ်းသာ၏နာမည်သည် သိကြား မင်း၏ မည်သည့်ပုရပိုက်ထဲ ပါလေမည်နည်း။စဉ်းစားနေစရာ ပင် မလိုတော့ပါ။

‘အလို ဘုရား ဘုရား’

[မြဝတီမဂ္ဂဇင်း။ ။၁၉၇၅ ခု၊ ဇူလိုင်]

# အချစ်ကြောင့် မဟုတ်ပါ

ွန်းဝင်း၏ အကြည့်ကြောင့် ရင်ခုန်မြန်ရပြန်သော်လည်း စိတ်ကို အလုပ်ထဲ ပြန်ပို့ထားလိုက်၏။

ကျင့်သားရနေပြီ ဖြစ်သည့် မိရွှေခိုင်၏ လက်ကလေးများသည် ဇယ်စက် သလို လှုပ်ရှားသွားကြသည်။ ဘယ်နေရာမှာ ဘာထားရမည်။ မည်သို့ မည်ပုံထားရမည် ဆိုခြင်းကို အထူး တွေးတောစဉ်းစားနေစရာ မလိုဘဲ အားလုံး သူ့နေရာနှင့်သူ နေသားတကျ။

မိရွှေခိုင်က အလှန်သွက်လက်ဖျတ်လတ်သည်။ အလုပ်တွင် အစဥ် ဇောကပ်စွာ စိတ်မြန်လက်မြန် လုပ်ကိုင်တတ်သည်။ သူ့ ညီမလေး မိငွေးလှကတော့ ကလေးစိတ် မပျောက်တပျောက် သာမို့ တတွတ်တွတ်ပြောနေရသည်ပင်။ ဆိုင်လိုက်ထွက်သည်မှာ သေးငါးခြောက်လ ရှိခဲ့ပြီဖြစ်သည့်တိုင် 'ဟဲ့ ခုံကို ဒီတိုင်နားကပ်

ချလေ'၊ 'ဩော် မီးဖိုကို နောက်နားကပ်ချထားမှပေါ့ ညီမရယ်၊ ဈေးဝယ်တဲ့လူတွေ တိုက်မိရင် ပြဿနာဖြစ်ဦးမယ်' စသည်ဖြင့် အသေးစိတ် ပြောနေရဆဲပင်။ ပြောပြောဆိုဆိုနှင့်ပင် သူတို့၏ လက်သုပ်စုံဆိုင်ကလေးမှာ တစ်ခဏအတွင်း တည်ခင်းပြင်ဆင်၍ ပြီးစီးသွားလေပြီ။

အားလုံး နေရာတကျ ရှိမရှိ မိရွှေခိုင် တစ်ချက် ထပ်မံကြည့်လိုက်၏။ မလိုတော့ပါ။ ထူးထူးထွေထွေ ပြန်လည်ပြင်ဆင် နေရာချရန် ဘာတစ်ခုမျှ မလိုတော့ပါ။ အုတ်တိုင်အောက် ထောင့်နားတွင် မီးသွေး မီးဖိုကလေး။ မီးဖိုပေါ်မှာ အငွေ့တထောင်းထောင်းထလျက်ရှိသည့် ဟင်းခါးရည်အိုး။ သူ့ရှေ့ဗန်းကြီးထဲတွင် ထမင်းဆုပ်လုံးနီကြီးများ၊ ခြစ်ပြီးသား သင်္ဘောသီးစိမ်းများ၊ အာလူးပြုတ်၊ ကျောက်ပွင့်၊ မုန့်တီ၊ ကြာဆန်၊ ခေါက်ဆွဲ၊ ပဲပြားကြော်၊ လက်သုပ်စုံ ဖြစ်လာရန် လိုအပ်သမျှသော အဆာပလာများအားလုံးသူ့နေရာနှင့်သူအကန့်အကန့်၊ အဝါရောင်သမ်းနေသည့်ရှောက်သီးစိမ်းသုံးလုံးကလည်းဗန်းထဲတွင်သီးသီးသန့်သန့်၊ သူ့လက်သုပ်စုံ ဗန်းကြီးသည် အနီ၊ အစိမ်း၊ အဝါ၊ အဖြူ ဆေးရောင်စုံ ခြယ်သထားသလို အရောင်အသွေး ကြွတက်လျက် စားချင့်စဖွယ်။

လက်သုပ်စုံဗန်းကြီးကို မိရွှေခိုင် စိတ်တိုင်းကျသွားပြီ။ ထိုင်ခုံကလေးကို နေရာပြင်၍ ထိုင်ချလိုက်၏။ ထို့နောက် ခုံဘေးတွင် ကပ်ချထားသည့် လက်ဆွဲသံပုံးထဲက ပန်းကန်ပြား၊ ပန်းကန်လုံးနှင့် ဇွန်းများကို ထုတ်ယူလိုက်ပြီး ဗန်းကြီး အလယ်ကောင်ရှိ ဆီချက်အိုးကလေးနားတွင် ကတ်ကတ်သတ်သတ် နေရာလုပ်ကာ ထပ်ထားလိုက်၏။



'ဒွေးလှ၊ ရေခပ်ချည်တော့လေ'

သံပုံးလွတ်ကို မေးငေါ့ပြကာ ခိုင်းရ၏။ နေ့စဉ် လုပ်နေကျ အလုပ်ဖြစ်သော်လည်း မိဒွေးလှက သတိပေးနိုင်မှ။ ယခုလည်း အစ်မဖြစ်သူက ဇယ်စက်သလို တစ်ခုပြီး တစ်ခု ဆက်တိုက် လုပ်နေသော်လည်း သူက သူ့တာဝန် မရှိတော့သလို ဟိုငေးသည်ငေး လုပ်နေသည်။ မိဒွေးလှ ငေးမောကြည့်ရှုနေရာသို့ လှမ်းကြည့်လိုက်တော့ အင်္ကျီပုံဆန်း လှလှကလေးများနှင့် ကောင်မကလေး သုံးယောက်။ မိဒွေးလှနှင့် အသက် မတိမ်းမယိမ်းလောက်ပဲ ရှိကြလိမ့်ဦးမည် ထင်သည်။ သို့သော် အသက်အရွယ်ချင်းတူပေမယ့် ဘဝအနေအထားချင်း မတူကြသည် ကိုတော့ မြင်ရုံနှင့်ပင် သိသာလှန်းလှပါသည်။

'အင်္ကျီလေးတွေ သိပ်လှတာပဲနော် အစ်မ'

'အင်း လှသားပဲ၊ ရေမြန်မြန်ခပ်ခဲ့နော်၊ ပန်းကန်တွေ တစ်ထပ် ဆေးရဦးမှာ'

မိဒွေးလှ သံပုံးကြီးကို ဆွဲကာ ကောင်မကလေးတွေနောက်မှ ခပ်သုတ်သုတ် လျှောက်လိုက်သွား၏။ အင်း မိဒွေးလှတောင် အတော်ထွားလာပြီ။ မနှစ်ကချုပ်ပေးခဲ့သည့် အင်္ကျီကလေးများမှာ ခါးတိုကုန်ကြပြီ။ သီတင်းကျွတ် မတိုင်မီ သူကြိုက်တတ်သည့် အင်္ကျီမျိုးလေး တစ်ထည်တော့ ချုပ်ပေးဦးမှ။ အပျိုပေါက်ကလေး ဖြစ်လာပြီဆိုတော့ လှချင် ပချင် လာတတ်ပြီမဟုတ်လား။ မိရွှေခိုင်သည် တစ်ဦးတည်းသော ညီမကလေးအပေါ် စေတနာမိုး သွန်းဖြိုးနေမိသည်။

ပန်းကန်ပြားကို နေရာချပြီးတော့ ကြိမ်ခြင်းတောင်းကြီးထဲက ပလတ်စတစ်အိတ်ငယ် တစ်လုံးကို ထုတ်ယူလိုက်၏။ အိတ်

ကလေးထဲတွင် ဇွန်ပန်းခိုင် ဖြူဖြူလှလှကလေး။ အသာအယာ ထုတ်ယူလိုက်သောအခါ မွှေးပျံ့သင်းထုံသည့် ရနံ့က သူ့ပတ်ဝန်းကျင်ကို ခြုံလွှမ်းလိုက်သည်။ အားရပါးရ နမ်းရှိုက်လိုက်မိတော့မလို ဖြစ်သွားပြီးမှ ဖြတ်ကနဲ သတိပြန်ရကာ နှာခေါင်းနား ရောက်နေသည့် ပန်းခိုင်ကလေးကို ပြန်ခွာလိုက်ရ၏။ တော်ပါသေးရဲ့ မေ့ပြီးမွှေးကြည့်မိတော့မလို့။ မိရွှေခိုင်သည် ပန်းခိုင်ကလေးကို ဗန်း၏ အရှေ့ဆုံးတွင် သီးသန့်ဖယ်ထားသည့် ထမင်းဆုပ်လုံးကြီး တစ်လုံးပေါ်တွင် ထိုးစိုက်လိုက်၏။ ငါးဖယ်ကြော်တစ်ခုကိုလည်း ပန်းကန်ပြားအသေးကလေးထဲထည့်ကာ ပန်းခိုင်အနီးတွင် ချထားလိုက်ပြီး နှုတ်မှ တတွတ်တွတ် ရွတ်ဆိုလိုက်၏။ ဒါကလည်း သူ၏ နေ့စဉ်လုပ်ရပ်တစ်ခု။ အမေရှိခဲ့စဉ်က အမေ့ဘေးတွင် သူက အကူအဖြစ် လိုက်ခဲ့စဉ်ကတည်းက မြင်နေကျ တွေ့နေကျ လုပ်ရပ်သည် ယခု သူကိုယ်တိုင် အမေ့နေရာဝင်ခဲ့ရတော့ ထိုလုပ်ရပ်ကို သူ ဆက်လုပ်ဖြစ်နေသည်။

မိရွှေခိုင် လုပ်သမျှကို သူ့ညာဘက်ရှိ အအေးရောင်းသူ ထွန်းဝင်းက ထုံးစံအတိုင်း စိတ်ဝင်စားစွာ ကြည့်နေသည်။

မိရွှေခိုင်တစ်ယောက် လက်သုပ်စုံရောင်းရန် အဆင်သင့်ရှိနေပြီ။ ဝယ်ယူစားသုံးမည့်သူကိုသာ မျှော်ရုံရှိတော့သည်။

'မမရေ၊ လက်သုပ်စုံအရသာရှိရှိလေးနော်၊ ရှောက်သီးသုပ်ကောင်းကောင်းလေးလဲရတယ်'

မိရွှေခိုင်အသံက ဖြတ်သွားဖြတ်လာတို့ ကြားသာရုံကလေး ထွက်ပေါ်လာ၏။ သို့ပေမယ့် သူ့အသံမှာ ရှင်နေသည်။ တက်ကြွနေသည်။



သူသည် သူ့ကိုပြုံးကြည့်နေသည့် ထွန်းဝင်းကို ပြန်ပြုံးပြလိုက်၏။ နှစ်ယောက်လုံး ရင်ခုန်သွားကြသည်။

'လိုတာပြောနော်အစ်ကို၊ စားကြည့်ပါဦး'

သေသေချာချာနယ်ဖပ်ပြီး စားသူ၏ရှေ့သို့ လှမ်းပေးလိုက်၏။ တင်စားစရာစားပွဲမရှိသဖြင့် စားသူက ပန်းကန်ပြားကို လက်တစ်ဘက်ဖြင့်မကာ ဇွန်းဖြင့်ကော်စားရ၏။

'အငန်၊ အပေါ့၊ အချို၊ အစပ် လိုတာပြောပါနော်၊ ဟင်းခါးကော သောက်ဦးမလား'

'အတော်ပဲညီမ၊ အားလုံးအတော်ပဲ'

'ဟောဒီမှာ သံပရာရည်ချဉ်ချဉ်ကလေး၊ ချဉ်ချဉ်ကလေးမှ သွားတွေကျိန်းအောင်ကို ချဉ်တဲ့ သံပရာချဉ်နော်၊ တစ်ကျပ်ခွဲထဲရယ်၊ ခွပ် ခွပ် ခွပ်'

မိရွှေခိုင် ပြုံးချင်သွားသည်။ ထွန်းဝင်းကို လှစ်ကနဲ အကဲခတ်ကြည့်လိုက်မိ၏။ အမှန်မှာတော့ မကြည့်ဘဲနှင့်ကို ရိပ်မိပြီးသားပါ။ ထွန်းဝင်းစိတ်တိုနေမှန်း၊ စိတ်အချဉ်ပေါက်နေမှန်း ထွန်းဝင်းမျက်နှာကို မမြင်ရဘဲနှင့် သိပြီးသားပါ။ ကြည့်ပါလား၊ သည်လို ဗိုလ်ချုပ်ဈေးလိုနေရာမှာ ဒီလောက် အသံပြဲကြီးနှင့် အော်နေစရာမှမလိုတာ၊ ခပ်တိုးတိုး ခပ်ကြိတ်ကြိတ် အရိပ်အခြည်ကိုကြည့်ပြီး ရောင်းချရသည့်နေရာမျိုး မဟုတ်လား။ ကိုယ်က သူများ ဆိုင်ကြီးဆိုင်ကောင်းတွေ ရှေ့မျက်နှာစာ လူသွားလမ်း ပလက်ဖောင်းပေါ်မှာကပ်ရပ်ပြီး ဗန်းကလေးတစ်ချပ် ခုံကလေးတစ်ခုံနှင့်ရောင်းရသည့် ပျံကျဈေးသည်တွေ မဟုတ်လား။ နှုတ်မှ သိပ်များများကြီး အော်နေ၍မဖြစ်။

ခုတော့ ထွန်းဝင်းက အသံပြုကြီးနှင့်။ အော်ပုံကလည်း တခင်အရွှဲ့တိုက် အော်နေမှန်းသိသာလှသည်။ သံပရာရည် ချဉ်ချဉ်ကလေးတဲ့လေ၊ ချဉ်ချဉ်ကလေးမှ သွားကျိန်းအောင်ကို ချဉ်တဲ့သံပရာရည်ဟုပင် ကြေညာလိုက်သေးသည်။ ခါတိုင်းကတော့ သံပရာရည် ချိုချိုအေးအေးကလေးဟု အသံမှန်မှန်နှင့် ရောင်းတတ်သူပင်။ ယခု အော်ပုံကိုတော့ မိရွှေခိုင်သာမက အခြားဆိုင်များကပါ သတိထားမိကြလေသည်။ အော်ရုံတင်မကသေး ရေခဲရေထည့်ထားသည့်ရေပုံးကိုပင် ပလတ်စတစ်ရေခွက်နှင့် တခွပ်ခွပ် ရိုက်ပစ်လိုက်သေး၏။

'လာနော်၊ သံပုရာရည် ချဉ်ချဉ်ကလေး'

'အစ်ကို၊ ဟင်းခါးလိုရင်ပြောပါနော်၊ အားမနာပါနဲ့'

ဘာရမလဲ။ မိရွှေခိုင်ကလည်း ချက်ချင်းတုံ့ပြန်လိုက်၏။ ပြုံးချင်စိတ်ကိုမျိုသိပ်ကာ အသံကလေးကို မသိမသာမြှင့်၍ ပြောလိုက်၏။ စိတ်တွင်းက ကျေနပ်လိုက်သည်မှာ ပြောစရာမရှိ။ ကျေနပ်လွန်း၍ ရင်ထဲမှာ အေးတစ်လှည့်နွေးတစ်လှည့်။ ထွန်းဝင်းဆီ အာရုံရောက်နေ၍ ဟင်းခါးထပ်တောင်းသည့် ပန်းကန်လုံးထဲ ဆီချက်တွေဆမ်းပေးလိုက်မိသည်။ အဲသည်အထိ မိရွှေခိုင်တို့ စိတ်လှုပ်ရှားသွားမိပါသည်။

မိရွှေခိုင်နှင့်တစ်တန်းတည်း ညာဘက်ဘေးတွင် မတ်တတ်ဒေါက်ခုံမြင့်မြင့်ကလေးခင်း၍ အအေးစုံ ဖျော်ရည်ပုလင်းများကို ဗန်းကြီးတစ်ချပ်ထဲ တင်ကာ ရောင်းနေသည့် ထွန်းဝင်းကလည်း စိတ်တိုတိုနှင့် ရေပုံးကြီးကို နာနာခေါက်နေမိသည်။ မိရွှေခိုင်ဆိုသည့်မိန်းကလေးမှာ သူ့ဆိုင်သို့ လာရောက်အားပေးသူကို ချေးသည်ပိပိ စကားချိုသာဆိုရမှာပါကလားဟု အတွေး



မပေါက်နိုင်တော့။ သူ့အရွယ် လူငယ်ချောချောတစ်ဦးကို 'အစ်ကို၊ အစ်ကို'နှင့် အစ်ကိုချင်းထပ်အောင်ခေါ်ကာ ညှို့ဝတ်ပြုနေပုံကြောင့် သူ လုံးဝဘဝင်မကျနိုင်ဖြစ်နေ၏။ တစ်ယောက်နှင့်တစ်ယောက် အပေးအယူမျှတနေသည်ကို သူကြည့်မရ၊ အတိုင်အဖောက်ညီနေသည်ကို သူနားထောင်မရ။ ဟင်း မျက်နှာထား အပိုးမကျိုးတဲ့ ဒီကြာရှုပ်မျိုးကိုများ အရေးတယူလုပ်နေလိုက်တာ၊ သိတာပေါ့၊ ဒီကောင်များ မသိဘဲရှိပါ့မလား၊ လဟာပြင် ဈေးထဲက အထည်ဆိုင်မှာ ကုလားရောင်းနေတာတွေဖူးသားပဲ၊ ဘယ်တော့ကြည့်ကြည့် စီးကရက်လက်ကြားညှပ်လို့ မျက်နှာကစပ်ဖြိဖြိနဲ့၊ ဟန်ကကောင်းတယ်မဟုတ်လား၊ ဒါကြောင့် မိရွှေခိုင် အထင်ကြီးနေတာဖြစ်မှာ။

'ညီမလေး၊ ဘယ်လောက်ကျသလဲဟင်'

ကြည့်ပါလား၊ ခေါ်ပုံပြောပုံကိုက။

'ငါးဖယ်ကြော်ပါတယ်နော် အစ်ကို၊ ဒါဆို သုံးကျပ်ပါ အစ်ကို'

မိရွှေခိုင်၏ အကွန့်အညွန့်နှင့် ဖြေပုံကိုကြားတော့ ထွန်းဝင်းက သံပုံးကို နာနာခေါက်ရင်း 'သံပရာရည် ချဉ်ချဉ်ကလေး ရမယ်'ဟု အော်ပစ်လိုက်ပြန်၏။

'ကိုထွန်းဝင်းကြီးကလဲ ဘာတွေ အော်နေတာလဲမသိဘူး'

မိငွေးလှက ပန်းကန်ပြား ဆေးနေရာမှ လှမ်းပြောလိုက်၏။

'ဟုတ်ပါတယ်၊ ဒီကောင်ကလေး ဒီမနက် ဘယ်လိုဖြစ်နေမှန်းကို မသိပါဘူး'

အဒေါ်မြစိန်က သူ့ ဆိုင်မြင့်ကြီးပေါ်မှလှမ်းပြောလိုက်၏။ အဒေါ်မြစိန်ဆိုင်က မိရွှေခိုင်တို့ဆိုင်များ၏ ရှေ့မျက်နှာချင်း

ဆိုင် လူသွားလမ်း၏ တစ်ဘက်ခြမ်းတွင်ရှိသည်။ သူ့ဆိုင်မှ နိုင်ငံခြားဖြစ် စီးကရက်တို့၊ မုန့်ဘူးတို့၊ ယမကာပုလင်းတို့ အင ရှိသည်။

'ဈေးထဲမှာ အချဉ်တွေများလွန်းလို့ အဒေါ်ရဲ့၊ ကျွန်တေ သံပရာရည်က ပိုချဉ်တဲ့အကြောင်း လူသိအောင် ကြေညာ ရတာ'

ထွန်းဝင်းက စီးကရက်ကို ဟန်ပါပါဖွာရင်းထွက်သွားသည့် လူကို တစ်ချက်လှမ်းကြည့်ပြီးဖြေ၏။

ထွန်းဝင်းက နောက်ထပ် စကားဆက်မည့်ဟန်ပြင်ဆဲ သူ့ ဆိုင်ရှေ့သို့ ကောင်မကလေး ချောချောနှစ်ယောက် ကျေ လျှောက်လာသဖြင့် မပြောဖြစ်တော့ပေ။ မိရွှေခိုင်ဘက်စေ့ကြည့် လိုက်ပြီး–

'အအေးစုံခင်ဗျာ၊ ဘာလီ၊ဆီးဖျော်ရည်၊ သံပရာရည် အင ရမယ်ခင်ဗျာ'

ကောင်မလေးနှစ်ယောက် အထုပ်အပိုးတစ်ပွေ့တစ်ပိုက်ကြီး နှင့် သူ့ဆိုင်ရှေ့တွင် ရပ်လာ၏။ ဆံပင်ဖွာရရာကြဲ၊ နှုတ်ခမ်း အရဲသားနှင့်။

'အစ်မလေးတို့ အအေးသောက်မလားခင်ဗျာ'

အသံကို ခါတိုင်းထက် ပို၍ ချိုထားလိုက်၏။ မိရွှေခိုင်က နောက်ထပ်သာစားသူတစ်ယောက်အတွက် ရှောက်သီးသုပ်ရန် ပြင်ဆင်နေရာက လှစ်ခနဲ တစ်ချက်ကြည့်လိုက်သည်ကို ထွန်း ဝင်း မြင်လိုက်သည်။ ရင်ထဲတွင် ကလိကလိ ဖြစ်လာ၏။

'တစ်ခွက်က လိုင်းမှကြူးနဲ့ ဆီးဖျော်ရည် ရောပေးနော်၊ နောက်တစ်ခွက်က ကျောက်ကျော၊ သိပ်မချိုစေနဲ့'



'ဟုတ်ကဲ့ ရမယ်ခင်ဗျာ၊ နှစ်သက်သလိုပြောပါ၊ ရေခဲ များများလား၊ ရပြီခင်ဗျာ'

လိုသည်ထက် ပို၍ စကားဆိုလိုက်၏။ နှုတ်ရော လက်ပါ အလုပ်ရှုပ်သွားရသော်လည်း သူ့အကြည့်က မိရွှေခိုင်ဆီမှာ။ သည်တစ်ခါ ထွန်းဝင်းအလှည့်၊သိပြီလား။ သူများကို အသည်း ယားအောင် လုပ်တဲ့ကောင်မလေး။ မိရွှေခိုင် နှုတ်ခမ်း သိသိ သာသာစူနေပြီ။ ဒီလိုပဲ ဖြစ်ရမယ်လေ။

'ရော့ မမ၊ ချဉ်ချဉ်စပ်စပ် ခံတွင်းလိုက်အောင် သုပ်ပေး ထားတယ်၊ မြည်းကြည့်ပါဦး၊ ကျွန်မ ငရုတ်သီးက စပ်စပ်၊ ရှောက်သီးကလဲ ချဉ်မှချဉ်၊ လိုတာပြောနော်'

မိရွှေခိုင်ကလည်း ခေတာမှ မဟုတ်တာ။ နှုတ်သွက်ပါဘိ သနဲ့။

'အင်း၊ ဒီလောက်ချဉ် ဒီလောက်စပ်နေမှဖြင့် ဟိုဘက်က အအေးဆိုင်တော့ ရောင်းကောင်းဦးမှာပဲ'

အဒေါ်မြစိန်က အကြောင်းသိသူမို့စောင်းမြောင်းလိုက်၏။ ထွန်းဝင်းက မအောင့်နိုင်ဘဲ 'အဟဲ'ဟု ရှင်မြူးစွာ ရယ်ချပစ် လိုက်မိတော့၏။

မိရွှေခိုင်၏မျက်စောင်းကြီးက သူ့ဆီဝဲလာ၏။

ထွန်းဝင်း ငုင်ခုန်သွားရပြန်ပါသည်။

'သူဖြင့် မနယ်တတ်ဘဲနဲ့'

အမျိုးသမီးလေးက 'သူ'ဟု တင်စားခေါ်သော လူရွယ်က ပြုံးရင်း

'ရပါတယ်ချစ်ရ'

ဟု ခပ်တိုးတိုးပြောသည်။ ပြီး ဇွန်းနှစ်ချောင်းဖြင့် ခေါက်ဆွဲသုပ်များကို နှံ့အောင် လုံ့လကြီးစွာထုတ်လျက် နယ်နေသည်။ ခေါက်ဆွဲဖတ်တွေ၊ ကြက်သွန်ဖတ်တွေ ဖိတ်စဉ်ကျကုန်သည်။

'ကြည့်၊ မရပါဘူးဆို'

'ဟာ၊ ရပါတယ်ကွာ၊ တို့က ချစ်စားဖို့ တို့လက်နဲ့ နယ်ပေးချင်လို့ပါ'

မိရွှေခိုင် မျက်နှာပူသွားသည်။ သူတို့စကားကိုမကြားယောင်ပြုကာ မုန့်တီဖတ်များ ဖွသလိုလို၊ ဟင်းခါးအိုး မွှေသလိုလိုနှင့် အလုပ်ရှာလုပ်နေလိုက်ရ၏။ သူတို့နှစ်ယောက် လက်ချင်းတွဲကာ ဝင်လာကတည်းက သမီးရည်းစားအတွဲဟုတော့ သိလိုက်ပြီးသားပင်။ 'သို့ပေမယ့် အမျိုးသားက သည်လောက်အထိ ယုယစွာ ပြုလိမ့်မည်ဟုတော့ မိရွှေခိုင် မထင်မှတ်ခဲ့။ အမျိုးသမီး၏ ဆေးနီသထားသည့်လက်သည်းရှည်များကြောင့် သူ့ဘာသာသူ နယ်ဖတ်စားလိမ့်မည် မဟုတ်ကြောင်းကိုတော့ သိခဲ့လေသည်။ ထို့ကြောင့်လည်း ခေါက်ဆွဲသုပ်အတွက် ပြင်ဆင်ပေးပြီးတော့ 'နယ်ပေးရဦးမလား ရှင်' ဟု ဝတ္တရားကျေစွာ မေးခဲ့ပါသေး၏။ အမျိုးသားက 'နေပစေ၊ ဒီပေး' ဟုဆိုကာ လက်ခံယူခဲ့ခြင်းပင်။ ယခုတော့ ကြည့်၊ ခေါက်ဆွဲဖတ်တွေက တခြား၊ ပုစွန်ခြောက်မှုန့်တို့၊ ပဲပင်ပေါက် ရေနွေးဖြောတို့၊ ကြက်သွန်တို့က တခြား။ ရယ်စရာတော့ ကောင်းလှသည်။ သို့ပေမယ့် အမျိုးသား၏ အချစ်ကြီးပုံ၊ အဖြစ်သည်းပုံကိုတော့ မိရွှေခိုင်အားကျချင်ချင်။ အမျိုးသမီးက သူနှင့်ရွယ်တူလောက်ပဲ ရှိဦးမည်။ အမျိုးသားကတော့ ထွန်းဝင်းအရွယ်လောက်။ ကြည့်ရသည်မှာ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ရှိသူများပင်။



'ကဲ ရော့၊ ရသွားပြီ၊ဘယ့်နှယ်လဲ မတော်ဘူးလား တို့က၊ ကြက်သွန်ဖြူတော့ မစားနဲ့ကွာ၊နော် ချစ်'

'ဘာဖြစ်လို့'

'တို့ပါးစပ် နံမှာစိုးလို့'

'ဟာ၊ သူနော်'

ဂွမ်း

မိရွှေခိုင်သည် ဟင်းခါးအိုးကြီးကို လက်နှီးမပါဘဲ ယောင်ယမ်း ကိုင်လိုက်မိပြီးမှ ပူလွန်းလွန်း၍ လွှတ်ချ ပစ်လိုက်ရ၏။ ထွန်းဝင်းကော ကြားသွားသေးလားမသိ။ မျက်နှာတွေလည်း ပူထူနေသည်။ ဆိုင်ရှေ့မှ ခေါက်ဆွဲသုပ် စားနေသူ နှစ်ဦးကို လုံးဝ မကြည့်ရဲတော့။ ထွန်းဝင်းဘက်ကိုကား ခေါင်းပင် မလှည့်ရဲ။

မိငွေးလှက နောက်နားတွင် ကြက်သွန် ထိုင်လှီးနေရာက အဖုံးကြီးကို လှမ်းကောက်ပေးလိုက်၏။ မိရွှေခိုင်မှာ ရှက်စိတ်တစ်ဝက်ဖြင့် 'ကြက်သွန်ကို ရေနှစ်ထပ်ဆေးနော်' ဟု မလိုအပ်ဘဲ မှာနေမိသည်။

စားသူနှစ်ဦးကား စကားတတွတ်တွတ်၊ ပျော်တပြုံးပြုံး၊ တစ်ယောက်အရိပ် တစ်ယောက်ကြည့်လို့။

'ကဲ မပြောမရှိနဲ့နော်၊ ဒါပဲ'

ကျော်စိုးကလေးက သူတို့ဆိုင်တန်းရှေ့ ဖြတ်ပြေးသွားရင်း အော်လိုက်၏။ ဆယ်နှစ်လောက်သာ ရှိသေးပေမယ့် သည်ကောင်လေးက အားကိုးရသည်။အရွယ်နှင့်မလိုက် လျင်သည်။ လည်ပတ်သည်။

မိရွှေခိုင်တို့ညီအစ်မ တုန်တုန်လှုပ်လှုပ်နှင့် မတ်တတ်ရပ်လိုက်မိကြ၏။ ရွှေနောက်ဝဲယာ လှမ်းကြည့်လိုက်တော့ ပျံကျ ဈေးသည်အားလုံး ရှုတ်ရှုတ်သဲသဲ။

'မိငွေးလှ၊ ရေပုံးကို အဒေါ်မြစိန်ဆိုင်အောက်သွင်း၊ မီးပုံ ပါထားလိုက်၊ ပန်းကန်တွေလာယူ၊ မမတို့ခဏနေ'

ပျာယာခတ်သွားကြပြီ။ သူကိုယ်တိုင်လည်း ဖြတ်ဆို အသုပ်စုံဗန်းကြီးရွက်ကာ ဘီရိုအတွင်းရှိ အထည်တန်းများ၊ ဖိနပ်တန်းများကြားသို့ တိုးဝင် ကိုယ်ရောင်ဖျောက်နေလိုက်ရသည်။ သည်လိုလည်းလျင်မှ။

စောစောက ချစ်ခွန်းတုံ့တင် တယုတယ ကြင်နာခနေခဲ့ကြသည့် စုံတွဲနှစ်ဦးလည်း စားလက်စခေါက်ဆွဲသုပ် ပန်းကန်တွေကိုယ်စီကိုင်ကာ အဒေါ်မြစိန်ဆိုင်ဘေးတွင် ကျီးကြည့်ကြောင်ကြည့်နှင့် ကသုတ်ကရက်စားလိုက်ကြပြီး မိရွှေခိုင်ရှိရာ လိုက်လာပြီး ကျသင့်ငွေပေးကြသည်။

'ကျေးဇူးတင်ပါတယ်မမရယ်'

တကယ်လည်း ကျေးဇူးတင်မိသည်ကအမှန်ပါ။ အချို့သူများဆိုလျှင် ယခုလို စားသောက်နေဆဲ ရှုတ်ရှုတ်သဲသဲဖြစ်ပါက ပိုက်ဆံမရလိုက်သည့်အပြင် ပန်းကန်တို့၊ ဇွန်းတို့ကိုပါ အပျောက်ရိုက်သွားတတ်ကြသည် မဟုတ်လား။

'အစ်မရေ၊ မမချိုချိုတို့ အုန်းနို့ခေါက်ဆွဲအိုးကြီး ပါသွားတယ်တော့၊ ပြီးတော့....'

မိငွေးလှက ရှုတ်ရှုတ်သဲသဲကြားမှ စပ်စုမ လုပ်ရင်း သတင်းလာပေး၏။ ပြောပုံကိုက သတင်းကောင်းပေးသလို အားရပါးရ။



'တော်စမ်းပါဟယ်၊ အဲဒါတွေ လာမပြောစမ်းပါနဲ့ သွားကြပြီလား၊ စောင့်ကြည့်ချည်၊ သွားရင်လာပြော'

မိငွေးလှထွက်သွားသည်။

'မိရွှေခိုင်'

ရှုတ်တရက်လန့်သွားသည်။

လှည့်ကြည့်လိုက်တော့ ထွန်းဝင်း။ ဘယ်အချိန်ကတည်းက သူ့အနားရောက်နေသည်မသိ။

ထွန်းဝင်းသည်လည်း အအေးဗန်းကြီးကို ခေါင်းပေါ်တွင် ရွက်လျက်။ ငယာကျားရင့်မကြီးတစ်ယောက်လုံးက ဗန်းကြီး ခေါင်းပေါ်ရွက်ထားသည်ကို မြင်ရသည်မှာ တစ်မျိုးကြီး။ အချိုးတော့ သိပ်မပြေလှ။ ပြီး ထွန်းဝင်းအရပ်ကြီးကလည်း မြင့်ပါဘိသနဲ့၊ ကလန်ကလားကြီး။

'နင်တို့ ဘာပါသွားသေးလဲ'

'မပါဘူး၊ တော်သေးတယ်၊ သူတို့က ဒီနေ့အစောကြီး လာကြတာကိုးဟယ်၊ ခုမှ ဈေးစည်စဟာကို၊ ငွေတောင်အစိတ်ပြည့်အောင်မရသေးဘူး'

'ငါကပိုဆိုးသေး၊ ရောင်းကောင်းစ ရှိသေးတာ၊ ငါတော့ဟာ ဒီနေ့တစ်နေ့လုံး ဒါကြီး ခေါင်းပေါ်ရွက်ရောင်းနေရတော့မှာ'

'ဟင်၊ ဘာဖြစ်လို့လဲ'

'အောက်ကထောက်တဲ့ ဒေါက်ခုံကြီး ပါသွားပြီလေဟာ'

'ဟောတော့'

စောစောက အထေ့အငေါ်၊ အကောက်အချိတ်တွေကို နှစ်ယောက်စလုံး မေ့သွားကြပြီ။

နောက်ထပ်လည်း စကားမပြောမိကြတော့ဘဲ ဗန်းကြီးတွေ ကိုယ်စီရွက်လျက် ဆိုင်ကြီးများ၏ ကြားတန်းကလေးထဲဝယ် ချောင်ခိုရပ်ကာ အပြင်မှအသံဗလံများကို နားစွင့်နေမိကြလေသည်။

ယခုအချိန်တွင် သူတို့ရင်ခုန်နေခြင်းသည် အချစ်ကြောင့်မဟုတ်ပါချေ။

[မိုးဝေမဂ္ဂဇင်း။ ။၁၉၆၄ ခု၊ နိုဝင်ဘာ]

# ခရီးအစ




# နေခြည်

## ခရီး အစ

ဖြတ်ကနဲ လန့်နိုးလာ၏။

ဖြည်းဖြည်းမှန်မှန် အံသက်ရှူသံတစ်ခုကို အိပ်တစ်ရေး နိုးတစ်ဝက်ကာလမှာပင် ကြားလာမိ၏။ နဖူးဆံစဆီသို့လည်း လေညင်းကလေးက ညင်းချက်ဝါးချက်ကျကျ လာရောက် တိုက်ခတ် ဆော့ကစားနေသလိုလို။

မှေးစင်းဆဲရှိသေးသော မျက်လုံးအစုံက ခပ်လေးလေး ပွင့် သွားသည်။

တစ်ထွာခန့်ပင် မကွာဝေးတတ်သည့်နေရာတွင် မောင့် မျက်နှာ။ အင်း ရီဝေနေသောမျက်လုံးတို့ ပြူးကျယ်သွားကြ သည်။ မောင် နှလုံးသည်းပွတ်အတွင်းမှ တမြတ်တနိုး ပေါ် ထွက်လာသောအသံ။ ဟင် ဒီအသံဟာ ကိုယ့်အသံပေပဲ။ မောင့်ကို သိပ်မြတ်နိုးမိတဲ့ ခင်မရဲ့အသံပေပဲ။

'တို့အတူတူနေကြရင်လေ၊ ခင်မက တို့ကို မောင်လို့ခေါ်မှာလား၊ ခေါ်နော်'ဟု ပြောခဲ့သည့်မောင့်စကားကို ပြန်ကြားယောင်မိလာ၏။ ခင်မမျက်နှာပေါ်တွင် ပြုံးရိပ်ကလေး ပြေးသွားသည်။ သူ့ကျတော့ အခေါ်ခံလိုက်ချင်လှတဲ့ 'မောင်'။ ခင်မကျတော့ အရင်ကလည်း 'ခင်မ' အခုလည်း 'ခင်မ' ပဲ။ ခေါ်ပါလား သူများလင်ယောကျ်ားတွေလို 'ချစ်' တို့ 'သက်' တို့ ခင်မ သူ့ဆန္ဒကို ဖွင့်ဟမပြောဖြစ်ခဲ့ပါ။ ရှက်စိတ်ဖြင့် နှုတ်တွန့်နေခဲ့မိသောကြောင့်ဖြစ်လေသည်။

မောင်ကတော့ မနေ့ညက လူပျိုညအဖြစ် သူ့သူငယ်ချင်းများ ခေါ်ထုတ်သွားကြပြီး ပြန်လာပို့သည့် အချိန်ကတည်းက ဇွတ်ကြီး 'မောင်' ခေါ်ခိုင်းခဲ့သည်လေ။ မြှောက်ပေးသော မောင့် မိတ်ဆွေများကလည်း အားလုံး ထွေနေကြပြီဖြစ်သဖြင့် အတော်ကို ကဲကြလေသည်။

'ဟေ့ကောင် ရိုးကြီး၊ မောင်လို့ခေါ်ခိုင်းမယ်ဆို၊ ခိုင်းကွာ၊ တို့ကြားချင်လို့'

'ပိုင်တယ်ဆို၊ မခေါ်မချင်း ကိုယ်တို့ မပြန်ဘူးနော် ဒါပဲ'

မောင့်မိတ်ဆွေနှစ်ပါးနှင့် ညီငယ်နှစ်ယောက်တို့က အလိုက်သိစွာ ထွက်မလာကြသဖြင့်သာ တော်တော့သည်။ ဒါတောင် ခင်မမှာ မနေတတ်၊ မထိုင်တတ်နှင့် အရှက်သည်းလှပြီ။

'ခင်မရေ ခေါ်လိုက်ပါဟာ၊ ငါတို့ကို သနားပါဦး'

တစ်ယောက်က ဝင်ဖောက်သည်။ ခင်မတို့ မေတ္တာဇာတ်လမ်းထဲတွင် အဓိကပါဝင်ခဲ့ကြသူများမို့ သူတို့အားလုံး အလွန်ရင်းနှီးကြသူများဖြစ်လျက်နှင့် ခင်မ သူတို့ရှေ့မှာ မခေါ်ရဲ။



'အလကား ဖိုးကြွား၊ သူ့ကိုလား ခင်မက မောင်လို့ခေါ်မှာ၊ တစ်သက်လုံးခေါ်မှာ မဟုတ်ဘူး'

ခင်မပခုံးကို သိုင်းဖက်ထားသောမောင်က ခင်မမျက်လုံးတွေကို အမိဖမ်းပြီး တောင်းပန်စကားဆို၏။

'ခေါ်ပြလိုက်စမ်းပါ ခင်မရာ၊ နောက်လဲ ခေါ်ရမယ့်အတူတူ ခေါ်လိုက်ပါမိန်းမရာ'

'ဟာ မောင်နော်'

'အဟေး ဟေး ဟေး'

လွှတ်ကနဲ ခေါ်လိုက်မိသည့်အတွက် သူတို့ အကျေနပ်ကြီးကျေနပ်သွားကြ၏။ သည်တော့မှ ကိုယ်တော်မြတ်တွေ တစ်ယောက်ကိုတစ်ယောက်ထိန်းရင်း အိမ်ပေါ်မှ ဆင်းသွားကြပါတော့၏။

ထိုအဖြစ်ကလေးကို တွေးလိုက်မိသဖြင့် ခင်မ ပြုံးဖြစ်သွားသည်။

မောင်ကတော့ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။ တကယ့်ကို ကလေးသေးလို ခြေပစ်လက်ပစ်။

ခင်မတော့ အပျိုရံသူငယ်ချင်းသူဇာ၏ မှတ်ချက်ကလေးကို ပြန်ကြားမိရင်း ရင်ထဲမှာ လှိုက်ဖိုသွားသည်။

'ခင်မ နက်ဖြန်ကျရင်လေ၊ ခင်မနဲ့သူဇာတို့ဘဝချင်း မတူတော့ဘူးနော်တဲ့'

ခင်မရင်တွေလှုပ်သွားသည်။ ဟုတ်သည်။သူ မောင့်ဇနီးဖြစ်ခဲ့ပြီ။ မောင့် အိမ်ရှင်မဖြစ်ခဲ့ပြီ။ ထိုအတွေးကြောင့် ကြည်နူးစိတ်တွေ တရိပ်ရိပ်ဝေတက်လာသည်။ ကြည့်ပါဦးလေ၊ တစ်ဦးကိုတစ်ဦး ခင်မင်ရင်းနှီးရာက အချစ်သည်းခဲ့ကြသည့် ခင်မနှင့်

မှောင်၊ အတူတကွ နေထိုင်ကြရဖို့အရေး နှစ်ရှည်လများ ကြိုးပမ်းအားထုတ်ခဲ့ကြရသည့် ခင်မနှင့်မောင်။ ယခု ချစ်ခြင်း မေတ္တာကို အဖော်ကောင်းပြု၍ ကြင်နာမြတ်နိုးမှုကို အားထား ကာ ဘဝခရီးလမ်းအစမှာ ခြေချမိခဲ့ကြပြီလေ။ ခရီးလမ်း တစ်လျှောက် သူတိမ်းလျှင် ကိုယ်ကထိန်းရမည်။ ကိုယ်အခြေ မခိုင်လျှင် သူက ပိုင်ပိုင်တွဲခေါ်ရမည်။ ယခုမှ ခင်မနှင့် မောင် တို့သည်'တကယ့်ဘဝအဖော်'

\+ \+ \+

တည်ငြိမ်အေးချမ်းစွာ အိပ်မောကျနေသည့် မောင့်မျက်နှာကို ခင်မ တစိမ့်စိမ့်ကြည့်နေမိ၏။

ချစ်ခရီးအစကို ပြန်တသမိသည်။

တကယ်တော့ မောင်က ခင်မကို ဖွင့်ဟချစ်ရေးမဆိုခင် ကတည်းက ခင်မ မောင့်ကို စိတ်ဝင်စားနေခဲ့မိသည်။

လွတ်လပ်ပွင့်လင်းစွာ ပြောတတ် ဆိုတတ်သော ခင်မကို ယောကျ်ားလေး အတော် များများက မေတ္တာ စကား ဆိုခဲ့ကြဖူးသည်။ ခင်မကလည်း ပြတ်သားစွာပင် အဖြေပေးခဲ့ ဖူးသည်။ အခြားတစ်ပါးသော အမျိုးသားများနှင့် ပတ်သက်၍ ခင်မ စိတ်လှုပ်ရှားမှုကင်းမဲ့ခဲ့သော်လည်း မောင်နှင့်ကျတော့ ခင်မအသည်းနှလုံး လှုပ်ရှားလှုယ်ခဲ့ကြလေသည်။

မောင်က ခင်မတို့တက္ကသိုလ်မှာ ဘော်လီဘော လက်ရွေး စင်၊ မောင့်အရပ်က ခြောက်ပေနီးပါး၊ နှောင် တရင်းတနှီး



ဖြစ်လာသောအခါကျမှ မောင့်အရပ် အတိအကျကိုသိရသည်။ ငါးပေဆယ့်တစ်လက်မခွဲ။

'မလိုက်ဘူး၊ သိပ်ရှည်တယ်၊ နင်ကပုပုလေး'

ခင်မ သူငယ်ချင်းတွေက ကန့်ကွက်သည်။ 'အထူးသဖြင့် သူဇာ။

'အောင်မာ ဘာဖြစ်လဲ၊ ငါ ဒေါက်ဖိနပ်စီးမှာပေါ့'

ခင်မက မေးကလေး ငေါ့ကာ ငေါ့ကာ ဆင်ခြေတက်လာ သည်။

ဒါဟွကို မောင်လုံးဝမသိခဲ့။ ပြီး မောင်နှင့် ခင်မလည်း မည်သို့မျှ မပတ်သက်သေး။ ခင်မကတော့ မောင် သူ့ကို သတိ ပင် ထားခဲ့ဟန်မတူသေးဟု ယူဆထားမိချိန်။

'ဘယ်ဟုတ်မလဲ ခင်မရယ်၊ တို့အဖွဲ့နဲ့ ဆေးကောလိပ်အဖွဲ့ ပြိုင်ကြတဲ့နေ့ကတည်းက တို့ ခင်မကို စိတ်ဝင်စားနေတာ၊ အဲဒီ နေ့က အပြာနုရောင် ဝတ်စုံကလေးနဲ့ သံပရာရည်လာတိုက် တော့ တို့ကြည့်နေတာမသိဘူးလား'ဟု မောင်ကရှင်းပြတော့ ခင်မမှာ ရှေ့ရင်သိမ့်သိမ့်ခုန်အောင် ကျေနပ်ခဲ့ရသည်။ 'သိနိုင်ပါ့ ဘူးနော်၊ ခင်မက သူ့ရှေ့ရောက်တော့ သူ့ကိုကြည့်မိတော့ တာမှ မဟုတ်တာ'ဟု ပြန်ပြောချင်ပါလျက်နှင့် မပြောဖြစ်ခဲ့။ အစဉ်ပွင့်လင်းစွာ ပြောတတ်သူဟု သူငယ်ချင်းများ၏ သတ် မှတ်ခြင်းခံခဲ့ရသည့် ခင်မ။ မောင်နှင့်ကျတော့ သိုသိုသိပ်သိပ် ကလေး။ ပြီးတော့ သူ့စိတ်သူ မလုံတာလည်းပါခဲ့လေသည်။ မောင်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် လမ်းစထွင်ခဲ့သူက ခင်မ အသိုင်းအဝန်းမှလည်းမဟုတ်၊ မောင့်အသိုင်းအဝန်း အပေါင်း

အသင်းများထဲမှလည်းမဟုတ်။ ခင်မကိုယ်တိုင် ဖြစ်နေခဲ့သော ကြောင့်ပင်တည်း။

ပြန်တွေးမိတိုင်း ခင်မ ရှက်စိတ်ဝင်လာမိသည်။

ထိုနေ့က ခင်မလက်တွေ့ခန်းဝင်ရန် နောက်ကျခဲ့သည်။ ချိန်းထားသည့်မိန်းကလေးများ နားနေရာအခန်းတွင် သူဇာတို့က မရှိတော့။ ခင်မ ခြေကုန်သုတ်ခဲ့ရ၏။ သုတ်သုတ် သုတ်နှင့် လာခဲ့သည့်ခင်မကို လှစ်ကနဲ မြင်လိုက်ရသော မောင့်ပုံသွင်က ဖမ်းစားလိုက်၏။

မောင်သည် ခင်မနှင့် မျက်နှာချင်းဆိုင်အရပ်မှလာနေသည်။ သူလည်း တစ်ကိုယ်တည်း၊ အတန်းနောက်ကျနေဟန်တူသည်။

အဝေးမှ မောင့်ပုံစံကြီးကိုကြည့်ရင်း ခင်မခြေလှမ်း မမှန်ချင်တော့၊ ဘာပဲဖြစ်ဖြစ် သည်အတိုင်းဆိုရင်ဖြင့် မောင်နှင့် မျက်နှာချင်းဆိုင် ဆုံကြရပေတော့မည်။ ပြီးတော့ နှစ်ယောက်တည်း။ ရင်တွေဖိုလာသည်။ မောင်နှင့်တဖြည်းဖြည်း နီးသထက် နီးလာသည်။ သူကစ၍ နှုတ်ဆက်လေမလား။ ခင်မ သူ့အသံကို နားစွင့်နေသည်။ မပေါ်လာချေ။ ပြုံး၍များ နှုတ်ဆက်လေမလား။ မော့ကြည့်ချင်သော်လည်း မကြည့်ရဲ။ မောင် ခင်မကို ကျော်ဖြတ်သွားသည်။ ခင်မရင်ထဲတစ်မျိုးကြီး။ သူ သူ ငါ့ကို မိတ်မဖွဲ့ဘူး။ ကြည့်စမ်း အုပ်စုချင်းတွေလျှင် ပြုံးပြ ရယ်ပြ လုပ်နေကျဖြစ်လျက် နှစ်ယောက်ချင်းတွေ့တော့ တစိမ်းပြင်ပြင်။

ခင်မ ခံပြင်းသွားလေသည်။

လှစ်ကနဲ အကြံတစ်ခုရ၏။

လက်ထဲမှ လက်ကိုင်ပဝါကလေးကို လွှတ်ချ ပစ်ခဲ့၏။ နောက်မှ လှည့်ကြည့်နေမည့် မောင့်အတွက်။



စက္ကန့်ပိုင်းအတွင်းမှာပင် မောင့်ခေါ်သံကို ကြားလိုက်၏။ ခင်မအထင် မလွဲပြီ။

'ဒီမှာ ဒီမှာ'တဲ့

ခင်မပြုံးလိုက်မိ၏။ လှည့်မကြည့်။ လှည့်မကြည့်သော်လည်း မိန်းကလေးတို့၏ ဗီဇအသိစိတ်တို့ဖြင့် မောင် သူ့လက်ကိုင်ပဝါလေးကိုကောက်ယူပြီး လာပေးလိမ့်မည်ဖြစ်ကြောင်း အတတ်သိနေ၏။

'ဒီမှာ မခင်မမခင်ဗျား'

ဘော်လီဘောကွင်းထဲမှ ခြေလှမ်းများဖြင့် ချက်ချင်း သူ့အနားသို့ မောင်ရောက်လာ၏။ ဘယ်ဆိုးလို့လဲ၊ နာမည်တော့ သိနေသားပဲ။

'ဪ....ကျေးဇူးတင်ပါတယ်ရှင်'

'ကိစ္စမရှိပါဘူးခင်ဗျ'

စတွေ့စက သည်မျှသာပါပဲ။ ထို့နောက်ပိုင်းတွင်မှ ခင်မတို့ ရင်းနှီးခဲ့ကြခြင်းဖြစ်လေသည်။ ထိုမှ ချစ်သူများအဖြစ် လမ္နှစ်သို့ကူးခဲ့ပြီး၍ လေးနှစ်ကျော်ကြာခဲ့ပြီးမှ ဘဝခရီးဖော် အဖြစ်။

\+ + +

ထိုခဏမှာပင် တစ်ဘက်ခန်းရှိ မောင့်မိဘများအခန်းမှ ပြတင်းတံခါးဖွင့်သံကို ကြားလိုက်ရ၏။

ခင်မ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်၏။

မှန်ပြတင်းကို ခန်းဆီးတစ်ထပ်ကာထားသဖြင့် အပြင်မှ အလင်းပျပျကိုသာ မြင်လိုက်ရသည်။

အင်း ဘယ်နှစ်နာရီလောက် ရှိနေပြီလဲမသိ။ ဘော်ဒါဆောင်မှာ နေခဲ့စဉ်ထုန်းကမူ ကိုယ့်စိတ်တိုင်းကျ အိပ်ချင်သလောက် အိပ်နေကျ၊ တစ်ခါတစ်ရံ ညဘက်တွင် စာဖတ်တာများသွားလျှင် မနက်ခုနစ်နာရီခွဲ၊ ရှစ်နာရီကျမှ နိုးတတ်သည်။ ထိုအခါ ရှုံးချိန်မီအောင် မနည်းပြေးခဲ့ရ၏။ ထမင်းဘူးထည့်ဖို့ဆိုတာ ဝေလာဝေး။

ဆယ်တန်းအထိ ဖခင်အရိပ်တွင် မိထွေးနှင့်အတူ နေခဲ့သည်။ မိထွေးက နောက်ထပ်သားသမီးလေးဦးမွေးဖွားပြီး မိထွေး၏ ညီမငယ်တစ်ယောက် အိမ်ပေါ်သို့ ထပ်ရောက်လာတော့ ခင်မ မနေနိုင်တော့။ သူ့ထက် နှစ်နှစ်ခန့်ကြီးသော၊ လူလည်ကျသော၊ အလိမ္မာသုံးတတ်သော မိန်းမ၏ စီးစီးပိုးပိုး ဆက်ဆံတတ်ပုံကို ခင်မသည်းမခံနိုင်ခဲ့။ ထို့ကြောင့် တက္ကသိုလ်ရောက်အောင် ကြိုးစားခဲ့သည်။ နယ်ကျောင်းသူ ဖြစ်သဖြင့်အဆောင် နေခွင့်ရသည်။

ဘွဲ့ရတော့လည်း ဖခင်ရှိရာ နယ်သို့ ခေတ္တခဏသာ အလည်အပတ်သွားပြီး ကျန်အချိန်များ၌ အမျိုးသမီးဘော်ဒါဆောင်၌ ကိုယ့်ကိုယ်ကိုထိန်း၍ လွတ်လွတ်လပ်လပ် နေခဲ့သည်။ အလုပ်စဝင်ကတည်းက ဖခင်ဆီ တစ်လငါးဆယ်ကျပ်ပို့၍ ကန်တော့ခဲ့သည်။ ဖခင်က ထိုငွေများကို သီးသန့်ဖယ်ထား၍ ခင်မ လက်ထပ်တော့ သူ့လက်ဖွဲ့ငွေနှစ်ထောင်အပြင် ထပ်ပိုးပေးခဲ့၏။ 'သမီးကန်တော့ခဲ့တဲ့ ငွေကိုးရာ၊ သမီးတို့ အိမ်ထောင်ဦးမှာ



လိုတာသုံးပါကွယ်' ဟု ဆိုတော့ ခင်မမှာ ဖခင်ကို ဦးချရင်း မျက်ရည်ဝဲခဲ့ရသေးသည်။

လူမှန်းသိတတ်စကတည်းက စိတ်အားငယ်ခြင်းကို ဖိနှိပ်၍ နေတတ်ခဲ့သော ခင်မ၊ ယခုတော့ ချစ်သောမောင့်ကို မြတ်မြတ်နိုးနိုး အားကိုးနေမိလေပြီ။ မောင့်မိဘများကလည်း ခင်မ ဘဝကို နားလည်မှု စာနာမှုရှိခဲ့ကြသဖြင့် ခင်မပို၍ ကံကောင်းခဲ့ပါလေသည်။

'ကျေးဇူးတင်ပါတယ် မောင်ရယ်'

ခင်မအကြည့်က မောင့်မျက်နှာပေါ်သို့ ပြန်ရောက်သွားပြန်သည်။ မောင်က အသက်မှန်မှန်ရှူ၍ အားရပါးရ အိပ်နေဆဲ၊ ကျယ်ပြန့်သော နဖူးပြင်ကြီးများ။ မြတ်နိုးအားကိုးသောစိတ်ဖြင့် မောင့်ပါးပြင်ကို အသာမွှေးကြူပစ်လိုက်ချင်စိတ် ပေါက်လာ၏။

ထိုစဉ် ညှော်ခန်းဆီမှ နာရီသံခြောက်ချက်ကို ကြားလိုက်ရ၏။ ဒီအချိန်လောက်ဆို 'အိပ်ရာက ထဖို့ကောင်းပြီထင်တယ်။ မောင့်မေမေတောင် မီးဖိုထဲရောက်နေပြီလား မသိ။

ပထမဦးဆုံး အကြိမ်အဖြစ် အိမ်ရှင်မ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် သတိရလိုက်မိ၏။ မောင့် အိမ်ရှင်မ ဖြစ်နေပြီပဲ။ မောင်တို့တစ်အိမ်သားလုံးရဲ့ လှုပ်ရှားမှုထဲမှာ ငါ ပါ ပါရတော့မှာပါလား။

သို့ပေမယ့် နောက်ထပ်ပေါ်လာသောအတွေးတစ်ခုကြောင့် ခင်မ စိတ်လှုပ်ရှား သွားရပြန်၏။

မင်္ဂလာဦးညကို ဖြတ်သန်းခဲ့ရပြီဖြစ်သည့် ပထမဦးဆုံးသော ဘဝအစနေ့။

ယောက္ခမတွေ၊ မတ်တွေကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရပါ့မလဲ။

တစ်ကိုယ်လုံး ရှိန်းဖိန်းသွား၏။ ခေါင်းထဲမှ သွေးများအားလုံး ခြေဖျားအထိ ဆင်းသွားပြီး ခြေဖျားမှ သွေးများငယ်ထိပ်အထိ တိုးတက်လာသလို ခံစားလိုက်ရ၏။

ခင်မ ထူထူပူပူကလေး ဖြစ်သွား၏။

'နင် ကိုစိုးတို့အိမ် လိုက်နေရမှာနော်၊ အဟိ၊တစ်မျိုးကြီးပဲ မိသူဇာ၏ မထိတထိစသံကို ပြန်ကြားမိတော့ ပိုဆိုးသည်။ တကယ့်ကို မလွယ်ပါလား။

ဒါပေမင့် ရင်မဆိုင်ဘဲ နေလို့ရမယ့် အဖြစ်လည်းမဟုတ်၊ တစ်အိမ်တည်း အတူနေသူတွေပဲ၊ ရင်ဆိုင်ရမည်ပင်။

မောင့်မျက်နှာကို အားကိုးကြီးစွာ ကြည့်လိုက်မိပြန်၏။ မောင်က ငြိမ်းချမ်းစွာ အိပ်စက်နေဆဲ။

တွေဝေနေမိစဉ် မျက်နှာချင်းဆိုင်အခန်းမှ တံခါးဖွင့်သံကို ခပ်သဲ့သဲ့ ကြားလိုက်မိပြန်သည်။ မောင့်ညီငယ်နှစ်ဦး ကျောင်းသွားဖို့ ထကြပြီထင်သည်။

ခင်မ ငြိမ်နေမိဆဲ။

အားလုံးမနိုးမီ ကိုယ်က မီးဖိုထဲ အလျင်ရောက်နေပါက ပို၍ အဆင်ပြေမည်ထင်သည်။ အတွေးနောက် လိုက်ပါသွားကာ သူ့ဘက်မှ ဂွမ်းစောင်ကို ညင်ညင်သာသာကလေးခွာလိုက်သည်။ ကိုယ်ကို တစ်ဘက်သို့ အသာစောင်းလှိမ့်၍ မောင့်ဘေးမှာ ခွာထွက်လိုက်သည်။ မောင်နိုးလာသည့်အခါ ခင်မရှာနေမှာပဲ။ မောင့်ကို တွယ်တာစွာ ငုံ့ကြည့်လိုက်မိ၏။



ခုတင်ဘေးမှ ခြေကိုဖော့၍နင်းကာ ခွာခဲ့၏။ မှန်တင်ခုံရှေ့တွင် အမှတ်မထင် သွားရပ်လိုက်မိ၏။ ဆံပင်များကို သပ်ရပ်အောင် ပြုပြင်နေရာက မှန်ထဲမှရှက်သွေးဖျန်းနေသည့် မျက်နှာကလေးတစ်ခုက ခင်မကို ပြုံးစပ်စပ်ဖြင့် လှမ်းကြည့်နေသည်။ စက်လိုက်ပါဘိနော်၊ ရှက်ပါတယ်ဆိုမှကွယ်၊ အားတင်းထားရသော စိတ်တွေ လျော့ကျသွားပြန်သည်။ မောင်နိုးလာမှပဲ နှစ်ယောက်အတူတူ အပြင်ကို ထွက်ရင်ကော၊ အို အဲသလိုလည်း မဖြစ်သေးပါဘူးလေ၊ ချီတုံချတုံ ဖြစ်နေ၏။

ထိုခဏမှာပင် တံခါးခေါက်သံ ခပ်ဆတ်ဆတ်ကို ကြားလိုက်ရ၏။ တစ်ပြိုင်နက်တည်းမှာပင် မောင့်ညီအငယ် ဆုံး လေး အောင်အောင်၏ ခေါ်သံ။

'မမခင်မ မမခင်မ'

'ဟေ၊ လာပြီ လာပြီ'

ထူးရင်း တံခါးဆီသို့ သုတ်သီးသုတ်ပျာ ရောက်သွား၏။

'ကိုကြီး နိုးပြီလားမမ၊ ဒီမှာ ကိုလေးရယ် ဗိုက်အရမ်းအောင့်နေလို့'

အရေးတကြီး ပြောသံအဆုံး တံခါးကို ဖွင့်ပေးပြီးသား ဖြစ်သွား၏။

'ကိုကြီးကို နှိုးပေးပါဦး၊ ဆေးရုံပို့ရမလား မသိဘူး'

အောင်အောင်က အခန်းဝမှာပင်ရပ်၍ ကသောကမျောပြောသွားသည်။ မောင် အိပ်ရာထဲမှ ထလာ၏။ သူ့ညီငယ်များအခန်းဆီသို့ အပြေးအလွှား ထွက်သွား၏။ ခင်မလည်း မောင့်နောက်ပါးမှ တစ်ဖဝါးမကွာ။

ပျာယာခတ်နေသော အိမ်သားများကြားထဲဝယ် ခင်မပါ ရောပါသွားတော့၏။

ထိုအချိန်မှစ၍ ခင်မသည် မောင်တို့မိသားစုနှင့် ကိုယ်ရော စိတ်ပါ ရင်းနှီးပတ်သက်သူ ဖြစ်သွားခဲ့လေပြီ။ တစ်ချိန်တည်း မှာပင် မောင့်ကိုလက်ထပ်လိုက်ခြင်းသည် မောင်နှင့် ခင်မတို့ နှစ်ယောက်တည်း၏ ဘဝကိုသာ ပေါင်းစပ်လိုက်ခြင်း မဟုတ် ကြောင်းကိုလည်း ခံစားနားလည်လိုက်မိပါလေသည်။

[လုံမလေးမဂ္ဂဇင်း။ ။၁၉၈၆ခု၊ မေ]

# တလူလူ အဝှ

မီးဖိုချောင်ကိစ္စများကို မနေ့ည ကတည်းက အဆော်ပြီးပြတ် အောင် ဆောင်ရွက်ထားပြီးဖြစ်၏။ ထို့ကြောင့် ယနေ့မနက် သည်လည်း ထုံးစံအတိုင်း အေးငြိမ်းချမ်းမြေ့သောနံနက်ချိန်ခါ မင်္ဂလာဖြစ်၍နေလေသည်။

သည်လိုမှကြို လုပ်မထား၍လည်း မဖြစ်။ တိုးတိုးဖော်လည်း ရစေ၊ လက်တိုလက်တောင်းလည်း ဖြစ်စေ၊ စောင့်ရှောက်ပြုစု ထားရလည်းရောက်စေဟူသည့်သဘောဖြင့် ခေါ်ထားသူ တူမ ကလေး ပုစူးက မနက်ခုနစ်နာရီ ကျောင်းတက်ရသည် မဟုတ် လား။ သည်တော့ မနက်ပိုင်းတွင် မီးဖိုချောင်ကိစ္စ အိမ်ဗာဟီရ သိပ်ရှုပ်နေ၍မဖြစ်။

ပြီး ဒေါ်ခင်တိုးလှက မနက်ငါးနာရီ အိပ်ရာမှ ထကတည်း က ခြောက်နာရီခွဲလောက်အထိ ဘုရားခန်းထဲတွင် ဘုရားရှိခိုး ပုတီးစိပ် မေတ္တာပို့အမျှဝေ စသည်ဖြင့် အချိန်ယူလေ့ရှိ၏။

ခြေရင်းခေါင်းရင်းကပ်လျက်အိမ်များမှ မိသားစုများသည် ဒေါ်ခင်တိုးလှတို့အိမ်မှ လွင့်ပျံဝေစီလာသော ကြေးစည်သံ သာသာလေးကိုကြားသည်နှင့် နံနက်ခြောက်နာရီခွဲပြီမှန်း နာရီ ကြည့်စရာမလိုဘဲ သိနေကြပေပြီ။

ဘုရားခန်းမှ ထွက်လာသော ဒေါ်ခင်တိုးလှကို ပူစူးက နေ့တိုင်းလိုပင် မီးဖိုထဲမှကြိုနှင့်သည်။ ထိုအချိန်တွင် ရေနွေးအိုး တည်ပြီးပြီ။ ထမင်းတစ်အိုး ကျက်ပြီးပြီ။ ဟင်းနွှစ်မယ် သုံးမယ် ကမူ မနေ့ညနေ ရုံးကပြန်လာကတည်းက ချက်ထားနှင့်ပြီးသား မို့ ပြန်နွေးလိုက်ရုံမျှသာ။

သူ့အဒေါ် မီးဖိုးခန်းထဲဝင်လာတော့မှ ပူစူးက ကျောင်း ဝတ်စုံကို အပြေးအလွှားသွားလဲသည်။

ဒေါ်ခင်တိုးလှက လျှပ်စစ်မီးဖိုကို ပြန်ဖွင့်ကာ ဟင်းများ နွေးရသည်။

သည်မျှကိုတော့ ဒေါ်ခင်တိုးလှ လုပ်ရပေသည်။ ပူစူး ကျောင်းက သူတို့အိမ်မှ နာရီဝက်ခန့် ကြာအောင် သွားရ သည်ကိုး။

ဒေါ်ခင်တိုးလှ ပူစူးကို မုန့်ကြွပ်နှစ်ချပ်ပေးပြီး ကော်ဖီတစ် ခွက် အမြန်ဖျော်တိုက်သည်။ ထမင်းဘူးထည့်ပေးသည်။ နောက် ထုံးစံအတိုင်း ကားခပြားလေးဆယ်နှင့် မုန့်ဖိုးပြားခြောက်ဆယ် စုစုပေါင်း တစ်ကျပ်။

ထို့နောက် မှာမြဲစကားကို မှာသည်။

'ဆီးသီးထုပ်တွေ၊ အချဉ်တွေ ဝယ်မစားနဲ့နော်'

'ဟုတ်၊ ဒေါ်လေး'



ပူစူးက တွန့်နေသော စကတ်ကလေးကို ဆွဲဖြန့်ရင်း ဆံပင် တိုကလေးကို လက်ဖြင့်သပ်ကာ ပြုံးပြုံးပြီး ခုန်ပေါက်ပြေးထွက် သွား၏။

'အင်း၊ ပူစူးတောင် နောက်တစ်နှစ် နှစ်နှစ်ဆိုရင် အပျိုဖြစ် တော့မယ်၊ သူ့အမေလို မမိုက်အောင် အစောင့်ရှောက်ရဦး မယ်'

သံယောဇဉ်ကြိုးက ရင်ထဲတွင် တင်းကနဲ။

'ကား တွယ်မစီးနဲ့နော် ပူစူး၊ ထီးကောပါရဲ့လား'

'ဟုတ်'

ခြံဝင်းတံခါးမကြီးကို အပြင်မှလက်လျှို ပိတ်နေရာက ပူစူး အော်ဖြေလိုက်၏။

နောက်နှစ်ခါဆိုရင် ခြောက်တန်း၊ ဓိနားမှာ ကျောင်းကား လေး ဘာလေးရှိရင် ကောင်းမှာ။

အပျိုကလေးဖြစ်လာတော့မည့် တူမလေးအတွက် ပူပန်စိတ် ဝင်လာ၏။

ဟိုပူ သည်ပူ ပူနေမိသည့်သူ့အဖြစ်သူ သတိမထားမိတော့။ ချုပ်သေးရုပ် ကြိုးရှုပ်နေရသည့် သူ့ဘဝကိုသူ ပြန်တရားကျလာ မိ၏။

ဩော်....အတုပ်အနှောင် မခံချင်လို့ ဘယ်ယောကျ်ားကိုမှ လက်မထပ်ခဲ့တာဘဲ။ ဒါတောင်။

\+ \+ \+

'ထွေးထွေးရေ၊ မိုးရွာရင် စောင် နှစ်ထည် လှန်းထားတာ ရုပ်လိုက်ပါဦးဟေ့'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဩော် မမတိုး ခဏလေးနော်'

ထုံးစံအတိုင်း ရုံးမသွားမီ ခြံထဲမှ သစ်ခွပင်ကလေးများ၊ ထန်းစင်တိုင်ကလေးများကို လှည့်ပတ်ကြည့်၊ သစ်ခွသုံးလေးပွင့်ခူး၊ တစ်ပွင့်ကိုပန် ကျန်အပွင့်များကို ပလတ်စတစ်အိတ်ကလေးထဲ ထည့်။ ရုံးက မိတ်ဆွေများဖို့။ ပြီးမှ ခြံတံခါးသော့ခတ်ပြီး ခြေရင်းအိမ်မှ ထွေးထွေးမော်ဆီသော့သွားပေးတော့ထွေးထွေးမော်က ခြောက်လသားငယ်ကို နို့တိုက်နေရာမှထကာ အိမ်ထဲသို့ ခပ်ထုတ်သုတ် ဝင်သွား၏။ ပြန်ထွက်လာသောအခါ သူ့လက်ထဲတွင် တစ်ဆယ်တန် တစ်ရွက်။

'မမတိုးကို ဆေးလေးတစ်မျိုး မှာလိုက်ချင်လို့ပါ'

'ဟဲ့ ဘယ်ကောင်ဖျားပြန်ပြီလဲ'

ထွေးထွေးမော်က သားသမီးများသည်။ ပြီး သူ့ကလေးတွေက ချူချာကြသည်။ အသက်သုံးဆယ် မပြည့်တတ်သေးသည့် သည်ကောင်မလေးသည် အိမ်ထောင်သက် ရှစ်နှစ်အတွင်း ကလေးက လေးယောက်။

ထွေးထွေးမော် တုံ့ဆိုင်းသွား၏။ ပြီးမှ ပုံးစစဖြင့်—

'ကလေးတွေအတွက် မဟုတ်ပါဘူး မမတိုးရဲ့၊ ကျွန်မဖို့ပါ'

ဟုတ်မှာပေါ့။ သူ့အတွက် အားဆေးနေမှာ။ ကြည့်ပါဦး။ ကောင်မလေး ပိန်လိုက်တာ။ ဘယ်မှာ တစ်သားမွေး တစ်သွေးလှလဲ။ သူ့ခမျာ တစ်ခါမွေး တစ်ခါပိန် လိမ်ကပ်နေတာပဲ။

'ဘာ ထွေးထွေး၊ ဘာဆေး'

မြွတ်မြွတ်သားသား မကြားလိုက်သဖြင့် ထပ်မေးလိုက်မိ၏။



'ကွန်ဗင်နေရှင်းဖိုက်ဆိုလား၊ ဟိုလေ သားသမီး ဝေးတဲ့ဆေးဆိုရင် ဆိုင်တွေက သိပါတယ်မမတိုး၊ အိမ်ရှေ့အိမ်က မလဲ့ကြည်အတွက် တစ်ကပ်၊ ကျွန်မအတွက် တစ်ကပ် ဝယ်ခဲ့ပေးပါနော်'

ဒေါ်ခင်တိုးလှ တွေသွား၏။ ရှိန်းကနဲ ဖြစ်သွားသည်။ မျက်နှာကို ဘယ်လိုထားရမှန်း မသိတော့။ တယ်ခက်တာပဲ။

'ကလေးတွေနဲ့မို့ ကျွန်မ မြို့ထဲမရောက်ဖြစ်လို့ပါ၊ တော်ကြာ အရင်တစ်ယောက်လို ဖြစ်လာမှာစိုးလို့'

ရယ်သံကလေးစွက်လျက် ဆက်ပြော၏။

သည်စကားအစိပ္ပာယ်ကိုမူ ဒေါ်ခင်တိုးလှ ကောင်းကောင်းနားလည်ပါ၏။

ယခု ထွေးထွေးမော် ရင်ခွင်ထဲမှ ကောင်လေး နှင့် သူ့အထက် နို့ညှာကောင်မလေးမှာ တစ်ယောက်နှင့် တစ်ယောက် တစ်နှစ်ကျော်ကျော်ကလေးသာ ခြားသည်။

အင်း ညည်းယောကျ်ား ဝယ်ခိုင်းပါလားလို့ ပြောရအောင်လည်း သူ့ကောင်လေးက ခရီးထွက်နေရချိန်။ ကဲလေ ရုံးကျမှ တစ်ယောက်ယောက်ကို ဝယ်ခိုင်းရတော့မှာပဲ။ အလို အဲသလိုလဲ မဖြစ်သေးပါဘူးနော်။ တော်နေ တစ်သက်လုံး သန့်သန့်စင်စင် နေလာတဲ့ကိုယ့်ကို ဘာလဲ့မြင်ပြီး အထင်သေးသွားရင်။

အထပ်ထပ် စဉ်းစားရင်း ချွေးတွေပြန်လာသည်။

'ထွေးထွေး၊ ဒီဆေး ငါမဝယ်ရဲဘူးအေ၊ ညည်းမသွားနိုင်ရင်လဲ မလဲ့ကြည်ယောကျ်ား ဝယ်ခိုင်းလိုက်ပါလား'

'သူ့ယောကျ်ားက ဒါမျိုးမကြိုက်ဘူးတဲ့မမတိုးရဲ၊ သဘာဝအတိုင်း မွေးပစေတဲ့'

'ဪ တယ်လဲဟုတ်လိုက်ပါလား၊ မွေးချင်သလောက် မွေး ရအောင် သူတို့က သားမယားကို အတော် ချမ်းချမ်းသာသာ ထားနိုင်ကြတာကိုး'

ညနေတိုင် အရက်ဖြူ တဝသောက်ကာ မယားကို တအိအိ ရိုနေတတ်သည့် မလဲ့ကြည် ယောကျ်ားကိုအမြင်ကတ်ကတ်ဖြင့် ပြောပစ်လိုက်မိ၏။ ထွေးထွေးမော်မှာ မျက်နှာငယ်ကလေးနှင့်။

'ကဲအေ၊ ညည်းတို့ အိမ်ထောင် သားမွေးမှုတွေကလဲ ရှုပ် လိုက်တာလွန်ရော၊ ပေး ပေး၊ ငါရအောင် ဝယ်ခဲ့မယ်၊ ဟဲ့ ဟိုအကြီးကောင်ဖိုးချတ် ကျောင်းမသွားသေးဘူးလား၊ ကြည့် စမ်း ခွေးကြီးနဲ့ ဖက်ဆော့နေလိုက်တာ မရွံဘူးလား၊ ထွေးထွေး ညည်းသား ခေါ်ထားဦး၊ ခွေးလဲ မောင်းထုတ်၊ မလာစေနဲ့၊ ဪ နေ့လယ် ပူစူး ကျောင်းဆင်းလာရင် ဆော့ချည်းလဲမနေ စေနဲ့၊ စာကျက်ဖို့ သတိပေးလိုက်ဦးနော် ထွေးထွေး'

\+ \+ \+

လမ်းထိပ်သို့ ရောက်သောအခါ ညနေငါးနာရီခဲ့လုပြီ။ ဆောင်း ဦးပေါက်မို့ ညနေစောင်းအချိန်သည် ခပ်စိမ့်စိမ့်။

'မမတိုး ပြန်လာပြီလား'

နှုတ်ဆက်လိုက်သူက ခေါင်းရင်းအိမ်မှ နုနု။ သူ့ဘေးတွင် သားသမီးတွေ တပြုံတမကြီးဝိုင်းရံလို့။ သူ့ယောကျ်ား ကိုမြင့် မောင် ရုံးအပြန်ကို သူ သည်လိုပင် နေ့စဉ် ကြိုဆိုလေ့ ရှိသည်။ ရုံးမှ ပြန်လာသည့် သူ့ယောကျ်ား အမောပြေ မပြေတော့



ဒေါ်ခင်တိုးလှ မသိ။ ဒေါ်ခင်တိုးလှ မျက်စိထဲမတော့ အတော် နောက်လှသည်။

တကယ်ပင်။ နုနုဆိုသည့် ကောင်မကလေးကလည်း သား ပေါက်ကောင်းလှသူပင်။ နှစ်နှစ် တစ်ယောက် ကြိုက်နှုန်းဖြင့် အပြင်မှာ ကလေးငါးယောက်။ ဗိုက်ထဲမှာတစ်ယောက်။ ဒါ ပေမယ့် တော်ပါသေးရဲ့၊ ကိုမြင့်မောင်က ချစ်ငင်ကြင်နာတတ် သူမို့။

'ပူစူးရေ'

ခါတိုင်း ညနေ သူ ရုံးက ပြန်လာလျှင် လှစ်ဆို ပူစူးရောက် လာကာ တံခါးဖွင့်ပေးစမြဲ။ လက်တွင်းမှ ဟင်းချက်စရာများ ပါသည့်ကြိမ်ခြင်းတောင်းကလေးကို ဆီးကြိုယူစမြဲ။

ကနေ့တွင်မူ အရိပ်လည်း မမြင်ရ။ အရောင်လည်း မငြ။ ပူစူး ပျောက်ချက်သား ကောင်းနေ၏။

'ပူစူး၊ ဟဲ့ ပူစူးမ'

အသံကိုမြှင့်၍ နောက်တစ်ကြိမ် ထပ်ခေါ်လိုက်တော့ အိမ် နောက်ဘေးမှ ပူစူး အပြေး ထွက်ချလာ၏။ ပူစူးဘေးတွင် ဖိုးချတ်။

'ဘာလဲ၊ ထမင်းစားနေတာလား'

ပူစူးလက်မှ ထမင်းဟင်း အစအနတွေကိုကြည့်ပြီး တိုတောင်း စွာ မေးလိုက်မိ၏။

သူ့အသံလှူကြားသွား၍ ဒေါ်ခင်တိုးလှ အတော့်ကိုစိတ်တို နေမိ၏။

ဖိုးချတ်က မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ပူစူးကို ကြည့်နေ၏။

'မဟုတ်ပါဘူး ဒေါ်လေး'

ပူစူးက ခြံတံခါးသော့ကို အမြန်ဖွင့်ပေးရင်းပြော၏။ နှစ်ယောက်စလုံး သိသိသာသာ အမူအရာပျက်နေသည်ကို အကဲခတ်လျက် ဒေါ်ခင်တိုးလှခြံတွင်းသို့ ခပ်သွက်သွက်ဝင်လိုက်၏။ မျက်မှောင်ကြီးကုပ်ထားပုံက ပူစူးတို့ကို ပို၍ ကြောက်ရွံ့စေပါ၏။

'ဒါဖြင့် ဘာလုပ်နေတာလဲ၊ ဒေါ်လေး အော်ခေါ်တာ သုံးလေးခါရှိပြီ'

ဖိုးချတ်က ပူစူးအနား ပိုတိုးကပ်သွား၏။ အားကိုးသည့်အသွင်။

ပူစူးကမူငြိမ်နေသည်။ သူ့မျက်နှာသည် မလှုံမလဲ။ မရဲမဝံ့။ ရှိတွန့်တွန့်။

ဒေါ်ခင်တိုးလှစိတ်ထဲ သင်္ကာမကင်းဖြစ်လာကာ ပူစူးတို့ထွက်လာရာ အိမ်နောက်ဘက်သို့ ပတ်ကြည့်လိုက်မိ၏။

ခွေးနီမတစ်ကောင်ကို လှစ်ကနဲ တွေ့လိုက်ရ၏။

နောက် စားကြွင်းစားကျန်တွေနှင့် သံပန်းကန်ပြားကြီးတစ်ချပ်။

'ဘာလဲ ခွေးကို ထမင်းကျွေးနေတာလား'

လက်ဆုပ်လက်ကိုင် မိနေပြီမို့ ပူစူးတို့ မငြင်းသာတော့။ ပြိုင်တူ ခေါင်းညိတ်ပြလိုက်ကြ၏။

'သူက ဗိုက်ကြီးနဲ့ဒေါ်လေးရဲ့၊ သနားပါတယ် နော်၊ ပြီးတော့ သိပ်လဲသဘောကောင်းတာ'

'ဟုတ်တယ် အန်တီတိုးရဲ့၊ သူက အန်တီတိုးတို့အိမ်ရှေ့မှာ ထိုင်ပြီး အမြဲ အိမ်စောင့် စောင့်ပေးတာ'



'လိမ္မာတာနဲ့ ပူစူးက ထမင်းကြမ်းကလေး ကျွေးလိုက်တာပါ'

ပူစူးနှင့်ဖိုးချတ်က အတိုင်အဖောက်ညီစွာ လျှောက်လဲချက်ပေးလိုက်ကြသည်။ ပူစူးက သိပြီးသားခလေး။ သူ့ဒေါ်လေးတစ်ယောက် ခွေးတွေ ကြောင်တွေဆို အင်မတန် ရွံတတ်ကြောက်တတ်သည့်အကြောင်း။ ထို့ကြောင့် နီမကို နှင်မထုတ်အောင် ကျိုးကြောင်းပြချက်စုံလင်စွာဖြင့် ပြောပြနေမိသည်။

'ကဲ ကဲ စားလက်စနဲ့ ဝအောင်သာစားပစေ၊ ပြန်ခေါ်ကျွေးလိုက်၊ နောက်နေ့တွေတော့ မလာစေနဲ့နော်ပူစူး၊ ခွေးကိုက်ခံရရင် မလွယ်ဘူး သိလား'

ခွင့်ပြုချက်ရသည်နှင့် 'နီမရေ အို့အို့၊ အို့အို့ နီမ လာလာ' ဟူသော ပူစူးတို့၏ အားရဝမ်းသာ ခေါ်သံကလေးများကို ကြားလိုက်ရလေသည်။

\+ \+ \+

'ဒေါ်လေးရေ၊ သဇင်ပန်းနှစ်ခက် ပွင့်နေပြီဒေါ်လေး'

အခါတိုင်းကျောင်းပိတ်ရက်များတွင် ပူစူးအိပ်ရာမှစောစောထလေ့မရှိ။ သည်ကနေ့မနက်တွင်မူ သူ ဘုရားခန်းထဲ ဝင်အံ့ဆဲဆဲအချိန်တွင် ပူစူးခြံထဲမှ တက်လာပြီးဖြစ်နေသည်။

'သိပ်လှတာပဲဒေါ်လေး၊ ဟိုအခက်အရှည်ဆုံး နှစ်ခက်ဟာလေ၊ မနေ့ကတစ်ဝက်လောက်ပဲ ပွင့်ခဲ့သေးတဲ့ဟာပေါ့၊ ဘုရားတင်ဖို့ ခူးခဲ့ရမလားဒေါ်လေး'

ပူစူးအသံက အားတက်သရောရှိလှ၏။ ပုံစံကလေးက တာက်ကြွနေသလို အမူအရာကလေးကလည်း သွက်လက်နေ၏။

'အေး ဘုရားတင်တာပေါ့၊ ဒေါ်လေးဘာသာ ဆင်းခူးပါ့မယ်'

ဒေါ်ခင်တိုးလှ ခြေလှမ်းပြင်လိုက်ဆဲ ပူစူးက ဆက်ပြောလိုက်၏။

'ပြီးတော့လဲ ဒေါ်လေးရယ်၊ သနားပါတယ်နော်၊ ရိုက်မထုတ်လိုက်ပါနဲ့၊ သိပ်လဲချစ်စရာကောင်းတာပဲ၊ အဖြူနဲ့အနက်ကျားကလေးတွေရယ်၊ အနီနဲ့အဖြူ ကျားကလေးတွေရယ်'

'ဟဲ့ အဲဒါတွေကဘာတုံး'

'ခွေးကလေးတွေပါ၊ဟို ပူစူးထမင်းကျွေးကျွေးနေတဲ့ နီမကမွေးတာပါ၊ သိပ်လှတာပဲဒေါ်လေးရဲ့၊အားလုံးခြောက်ကောင်'

ဒေါ်ခင်တိုးလှကျောထဲစိမ့်သွားသည်။ မျက်စိထဲတွင် ပျော့စိစိ သေးသေးကလေးတွေ လှုပ်တုတ်လှုပ်တုတ် ရှုစိရှုစိနှင့် အကောင်ကလေးတွေကို မြင်လာပြီး အူထဲ အသည်းထဲကပါ ယားလာ၏။

'သူတို့နေပါစေနော် ဒေါ်လေး၊ သနားပါတယ်၊ မနက်အစောကြီးကမှ မွေးတာဒေါ်လေးရဲ့၊ ကြည့်မလား'

'အမယ်လေးလေ၊ မကြည့်ပါရစေနဲ့ပူစူးမရယ်၊ ညည်းကလဲ အေ ခွေးစာရင်းရှုပ်အောင်'

ရွံလည်း ရွံ၊ ကြောက်လည်းကြောက်၊ အသည်းလည်းယားလှသဖြင့် မကြည့်ဘဲနှင့်ကို ကျောတွန့်နေမိသည်။

'နီမကြီး ကလေ သူ့ကလေးတွေကို သိပ် ချစ် တာ ပဲ၊ တစ်ကောင်မွေးလာရင် တစ်ခါလျှာနဲ့ လျက်လျက်ပေးတာ'



'တော်စမ်းပါ ပူစူးမရယ်၊ ညည်းမို့မရွံမရှာ သွား သွား၊ ဒါကြောင့် ဒီနေ့အစောကြီးထ အလုပ်ရှုပ်နေတာကိုး၊ မဖြစ်ပါဘူး၊ ဒီခွေးတွေနဲ့ ငါမနေတတ်ပါဘူး၊ နည်းနည်းကြီးလာရင် သူများပေးပစ်မယ်'

ပူစူး မျက်နှာကလေးမဲ့သွား၏။ သို့သော် နည်းနည်းကြီးလာမှ ဆိုသောစကားကြောင့် သူ့စိတ်ဖြေ၍ရသွား၏။

'ဒေါ်လေးကလဲ ဘာမှန်းလဲမသိဘူး၊ ခွေးလဲကြောက်၊ ကြောင်လဲကြောက်၊ ကလေးပေါက်စနလေးဆိုရင်လဲ မကြည့်ရဲ၊ ဒါကြောင့် အန်တီ မလှကြည်ကပြောတာ၊ ညည်းတို့ဒေါ်လေးက ဘယ်သူ့မှမချစ်တတ်လို့ အပျိုကြီးဖြစ်နေတာတဲ့'

ပူစူးသည် သူ့အလိုကျဖြစ်မလာသဖြင့် သူ့ဒေါ်လေးကို စိတ်တွင်းမှကျိတ်၍ အမှတ်ပေးနေမိ၏။

\+ \+ \+

'ဟောဒီအကျားနှစ်ကောင် ယူချင်တဲ့လူက အမေကြီးကိုပါ ယူရမယ်နော်၊ ဒီ ဖြူနီစပ်ကျားနှစ်ကောင်ကိုတော့ အမတစ်ကောင်စီနဲ့ တွဲယူရမယ် ဟုတ်ပြီလား'

မလှကြည်တို့ သားအမိတစ်တွေကော ထွေးတွေးမော်တို့ သားအမိတစ်တွေပါ ချက်ချင်းသဘောတူလိုက်ကြ၏။ နုနု၏ သားအကြီးကောင် ကိုတူးကမူ အဖြူနှင့်အနက်ကျားကလေးကို ခြေသွက်လက်သွက် ဖမ်းဆွဲထားလိုက်၏။

'မင်းက အဲဒီကောင်ယူမှာလား၊ ဒါဆို အမတစ်ကောင်ပါ ယူရမှာနော်'

'ယူမယ်၊ ယူမယ်'

ကိုတူးက ကျေနပ်စွာဖြေ၏။

ဒေါ်ခင်တိုးလှက မှတ်တတ်ရပ်၍ ခွေးတွေကို ခွဲခြမ်းဝေပေးနေ၏။

သိုးမွှေးလုံး ရောင်စုံကလေးများလို ဝလုံး အိစက်နေသည့် တစ်လခွဲသား ခွေးကလေးတွေမှာ အလွန်ချစ်စရာ။

ပူစူးသည် ကိုတူးလက်တွင်းမှ အဖြူနှင့် အနက်ကျား လုံးလုံးကလေးကို ပြန်လုယူချင်စိတ် ပေါက်နေ၏။ ပူစူးသည် သူချစ်သော သူ့ဒေါ်လေး၏ အပြုအမူကို အနည်းငယ်မျှ သဘောမတူ။ သူ့ဒေါ်လေးကို မုန်းတီးစိတ်တွေ တဖွားဖွားပေါ်နေသည်။ ပူစူးမျက်လုံးထဲတွင် မျက်ရည်တွေ ဝဲလာသည်။

'ကျွန်မက သားအမိ သုံးကောင်စလုံးပဲ ယူလိုက်ပါမယ်'

ထွေးထွေးမော် ဆုံးဖြတ်လိုက်သည့်အတွက် မလှကြည်က ရွေးနေစရာမလိုတော့။ ကျန်နှစ်ကောင်ကို ဆွဲပွေ့လိုက်၏။

'လာ လာ နီမ လာ'

ပိုးချွတ်က တစ်ကောင်၊ထွေးထွေးမော်က တစ်ကောင်ပိုက်ပြီးနီမကို အသံပြုခေါ်တော့ သူ့ကလေးတွေဇောကြောင့် နီမ အမြီးတနန့်နန့်ဖြင့် လိုက်ပါသွားတော့သည်။

မလှကြည်၏သမီး၊ ပူစူးမ၏ သူငယ်ချင်း ပေါက်ပေါက်ကလည်း သူတို့ခွဲတမ်းကျသည့် ခွေးငယ်ကလေးများကို ပွေ့ကာ မြူးလို့။ ကိုတူးကလည်း ထို့အတူ။

'အီး....အီး'

ခြံဝင်းတံခါးတိုင်ကို ခေါင်းတိုက်ကာ ပူစူး မထိန်းနိုင်တော့။



ခြံပြင်သို့ ခြေလှမ်းပြင်နေသူများအားလုံး လှည့်ကြည့်လိုက်ကြ၏။ ပူစူး၏အော်ငိုသံကြောင့် အကြောင်းရင်းမှန်ကို ချက်ချင်း သိလိုက်ကြရလေသည်။

'အီး ဟင့် ဟင့် ဖြူလုံးကလေးကို မပေးချင်ဘူး၊ ဖြူလုံးကလေး'

ဆုံးအောင်ပင်မပြောနိုင်ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ပူစူးဘေးသို့ ဒေါ်ခင်တိုးလှ မျက်စိမျက်နှာ ပျက်စွာ ရောက်လာ၏။

'ကိုတူး ငါ့ဖြူလုံး ယူမသွားနဲ့၊ ပြန်ထားခဲ့'

ကိုတူးက ခွေးကလေး နှစ်ကောင်ကို တင်းတင်းပွေ့ကာ ခြံပြင်သို့ ပြန်ပြေးရန်အလှည့်၊ ပူစူးက ခုန်ပေါက်ပြီး ကိုတူးလက်တွင်းမှ ခွေးကလေးကို ပြန်လုယူရန် ကြိုးစားလိုက်၏။

'ဟဲ့ ဟဲ့ ပူစူး၊ ခွေးကလေးတွေ သေကုန်ဦးမယ်'

'ကိုတူး ပေးလိုက်၊ ပေးလိုက်'

သူ့ဒေါ်လေးကိုမကျေနပ်တိုင်း ပါးစပ်မှ အော်ချင်ရာတွေအော်၊ပြောချင်ရာပြောပြီး ခွေးကို မရအရပြန်လုနေသည့် ပူစူးမှာ အရူးမကလေးလိုပင်။

'ကဲပါ မမတိုးရယ်၊ ပူစူးကျေနပ်အောင် သူလိုချင်တဲ့ တစ်ကောင်တော့ မွေးခွင့်ပေးလိုက်ပါ'

'ကိုတူးက အနက်တီသေးဆီက ကြိုက်တဲ့တစ်ကောင် ထပ်ယူ ဟုတ်လား၊ ဖြူကျားကလေးပူစူးကို ပြန်ပေးလိုက်နော်'

အားလုံးဝိုင်းပြီး ပြေရာပြေကြောင်း ပြောကြတော့မှ အဖြူကျားကလေး ပူစူးလက်ထဲ ပြန်ရောက်သွား၏။ တဟင့်ဟင့်

ရှိုက်သံကို မသတ်နိုင်သေးသည့် ပုစုး မျက်နှာပေါ်တွင် အပြုံး ကလေးတွေ့ဝေလို့။

\+ \+ \+

ခါတိုင်းရုံးကပြန်လာလျှင် ပုစုးတစ်ယောက်သာ အပြေးကြို ရှိခဲ့သော်လည်း ယခုမူ ဖြူလုံးပါ တိုးလာလေပြီ။

ဖြူလုံးက ဝဖိုင့် အိစက်သည့် သူ့ကိုယ်လုံးကြီးနှင့် မလို အောင် ခါးကို နွဲ့ယမ်း၍ အမြီးတနန့်နန့်နှင့် ကြိုတတ်ပုံ ဒေါ်ခင်တိုးလှ သဘောကျနေလေပြီ။ သူ့အနီးသို့ အကပ်မ သေးသော်လည်း အဝေးမှ တအီအီ တအူအူ အသံပြုပြီ ခရာတတ်ခြင်းကိုမူ သူ ကျေနပ်နေတတ်လေပြီ။

အထူးသဖြင့် မနက်တိုင် သူ ရုံးသွားလျှင် ခြံတံခါးပိတ်လျှ ခြံအတွင်းမှ မျက်လုံးကလေးဝိုင်းနေအောင် ငေးမျှော်ကျန် တတ်သည့် ခွေးကလေးကို ဒေါ်ခင်တိုးလှ သံယောဇဉ် တွ နေမိလေပြီ။

ထို့ကြောင့် ညနေတိုင်း ရုံးအဆင်း ဈေးဝယ်တိုင်း ခွေ ကလေးအတွက် ကြက်ရိုးဖြစ်စေ၊ အမဲရိုးဖြစ်စေ နေ့စဉ်ဝယ် လေ့ရှိနေလေပြီ။ ပုစုးကဆို သူ့ဒေါ်လေးကို ကျေးဇူးတ မဆုံး။

ရုံးအားရက် တနင်္ဂနွေနေ့ တစ်နေ့မှာ တူအရီး နှစ်ယော မနက်စာကို စိတ်ကြိုက် စီမံချက်ပြုတ် စားခဲ့ကြသည်။ ထမင် လက်သုပ်စုံနှင့် ကြက်သား ကြာဆန်ဟင်းခါး။



စားသောက်ပြီးစီးသောအခါ ပုစုးမက ဆန်ကွဲနှင့် ကြက်ရိုး များ ရောကြိုထားသည့် ခွေးစာအိုးကို မ ယူပြီး ခြံနောက်ဘက် ဆီသို့ ဆင်းသွား၏။ ဖြူလုံးက သူ့စားခွက်ဘေးမှ ခုန်ပေါက် ကြိုနှင့်သည်။

ဖြူလုံးစားခွက်ထဲ အစာထည့်ပေးခဲ့ပြီး မီးဖိုထဲပြန်ရောက်၍ ဘာမျှမကြာသေး။ ဒေါ်ခင်တိုးလှ၏ အော်သံကို ကြားလိုက် ရ၏။

'ဟဲ့၊ အောင်မယ် ကြည့်စမ်း၊ ဒီခွေးဟာ'

အလန့်တကြား ပြေးဆင်းသွားလိုက်မိ၏။

စားခွက်တွင် ဖြူလုံးနှင့်စားနေသူက နီမကြီး။

'ပုစုး ဒီခွေးမကြီး မောင်းပစ်စမ်း'

ခဲတစ်လုံးဖြင့် ကောက်ပေါက်လိုက်ပြီး တဗျစ် တောက် တောက် မကျေမနပ်ပြောနေ၏။

'ဒေါ်လေး၊ အဲဒါ ဖြူလုံးအမေ နီမလေ'

'ဖြူလုံးအမေ မကလို ဘာပဲဖြစ်ဖြစ်၊ သူ့ကို သူများပေး လိုက်ပြီးသားဟာ၊ တို့အိမ် လာမစားစေနဲ့၊ ဟဲ့ ခွေး သွားဆို'

နောက်ထပ် ခဲတစ်လုံးရောက်သွားပြန်၏။

ပုစုးကတော့ သူ့အဒေါ်ကို မျက်လုံးပြူးကြီးဖြင့်ကြည့်နေ မိ၏။ သူ့အဒေါ်စိတ်ကို ပုစုး ဘယ်လိုမှ နားမလည်နိုင်တော့ ပေ။

[စံပယ်ဦး။ ။၁၉၇၅ ခု၊ ဇွန်]

# အမေ့ရွာပြန်




## အမေ့ရွာအပြန်

မောင်ရေ အင်္ကျီဘယ်နှစ်ထည်လောက် ထည့်လိုက်ရမလဲဟင်’

‘ကြာကြာ နေမှာမှ မဟုတ်ဘဲ သက်ရယ်၊ သုံးလေးထည်လောက်ဆို ရပါပြီ’

ဦးမြင့်မောင်က စိတ်ရင်းအတိုင်း ဖြေပြီးမှ ဇနီးချော၏ မိမှာစွာ စူးစမ်းလိုက်ပုံကို သူရိပ်စားလိုက်မိ၏။ သူ့ရွာမှာ ရက်ကြာကြီးများ နေမှာလေလားဟု သက်ကလေးကျိတ်၍ ပူပန်နေရှာသည်ပဲ။ တကယ်ပင် သူ့ဇနီးအလှ သက်ကလေးသည် ါးနုပ်လွန်းလှသူကလေး။ သိတတ်လွန်းလှသူကလေး။ ချောင်းခြင်နာစရာ ကောင်းလှသည့် သက်ကလေးပေပဲ။

‘သက်တို့ပါ လိုက်ခဲ့ပါလားဟင်၊ အသွားအပြန်မှ တစ်ပတ်လောက် ကြာမယ့်ဟာပဲ’

သက်က မျက်ဝန်းညို့ညို့ကလေးများဖြင့် သူ့ကိုမော့ကြည့်ရင်း ခါတိုင်းလိုပင် ညင်သာစွာဖြေသည်။

'မောင်ရယ် မဖြစ်နိုင်လွန်းလို့သာပါ၊ တကယ်တော့ သ
မောင်နဲ့ လိုက်ခဲ့ချင်တာ အရမ်းပေါ့၊ သမီးကလေးကလဲ
လွန်းတယ် မဟုတ်လား၊ ဒီလိုခရီးကြမ်းကို အပန်းခံနိုင်
မဟုတ်သေးလေ၊ ပြီးတော့ မြို့မှာ ပေလီသွားဖို့ သက်ခွင့်
ရဦးမှာ မဟုတ်လား မောင်ရဲ့'

ဟုတ်ပေသည်။ သမီးလေးက ၂ နှစ်ပင် မပြည့်တတ်သေး
နုနယ်လွန်းလှသေးသည်။ ကလေးထိန်း နာနီ ငှားထား
ပိုးမွေးသလို မွေးနေရသည့်ကလေး၊ ယခုတိုင် ကျန်းမာရေး
အတွက် စိတ်မချနိုင်ဖြစ်နေရသည့်ကလေး။ ပြီးတော့ မြို့လ
မှာ ပေလီကို မိသားစု အပန်းဖြေသွားဖို့ စီစဉ်ထားခဲ့သည်
လည်း မနှစ်က သူနိုင်ငံခြားမသွားရသေး●င်ကတည်းက စီ
ထားခဲ့ခြင်း ဖြစ်သည်မို့ သည်နှစ်တော့ မပျက်ကွက်အော
ကြိုးစားရပေဦးမည်။

'အေးကွာ၊ မောင်လဲ မသွားမဖြစ်လို့သာ'

'သွားရမှာပေါ့ မောင်ရယ်၊ တကယ်တော့ သက်ပါလိုက်
ကောင်းတာပါ၊ မောင့်အမေကိုသာ ကြည့်ပြောလိုက်ပါ
နော်၊ မကျန်းမာတဲ့အချိန် သူ့သားကို မြင်လိုက်ရရင် အ
သွားမှာ သေချာတယ်၊ ပြော် မောင်ရေ၊ သက် မောင့်အ
အတွက် ဟောလစ်တစ်ဘူးနဲ့ ဂလူးကို့စ် ဝယ်ထားတာ
တွေလဲ ထည့်ပေးလိုက်တယ်နော်၊ ငွေငါးရာလဲ ထည့်ပေးလို
တယ်နော်၊ ယူဦးမလား၊ တော်ပြီလားဟင်'

ခရီးဆောင် လက်ဆွဲအိတ်ထဲသို့ သူ့အဝတ်အစားမျ
စီစဉ်တကျ ထည့်ပေးရင်း သက်ကချိုသာစွာ မေးသည်။
ငါးရာကတော့ နည်းသေးသည်ဟု ဦးမြင့်မောင် ယူဆသ



ငွေတစ်ထောင်လောက်တော့ အမေ့ကို ကန်တော့ခဲ့ချင်သည်။
သို့ပေမယ့် သက်ကိုသူအပြောရခက်နေသည်။ လစဉ်လည်း ပို့ပေး
နေခဲ့သည် မဟုတ်လား။ ပြီး ရှိရှိသမျှ ငွေပိုငွေလျှံ ကလေးများ
ကို နိုင်ငံခြားမှ ဝယ်ယူလာသော ကားရောက်လာလျှင် ရွေး
ရန်လည်း အသင့်ထားနေရသေးသည်။

'မောင်ရေ သက်ပြောတာကြားရဲ့လား၊ ငွေငါးရာတော်ပြီ
သားလို့၊ လိုသေးရင် သက်ဒီနေ့ထုတ်ခဲ့မယ်လေ'

'အို သက်ထုတ်မနေပါနဲ့၊ မောင့်ဘာသာပဲ ထုတ်ပါတော့
မယ်၊ မောင့်ငွေစုစာအုပ်သာ ပေးလိုက်'

ရုတ်တရက် အကြံရပြီး ပြောချလိုက်မိ၏။ တော်သေးရဲ့။
ငွေစုစာအုပ် တစ်အုပ်စီထားမိပေလို့။ သူ့စာအုပ်ထဲက တစ်
ထောင် သတ်သတ်ထုတ်သွားမည်။ နောက်မှ သက် သိလည်း
အကြောင်းမဟုတ်။

'မောင်ရေ အညာရောက်လို့ ပဲဟင်းတွေချည်း ဖိစားမလာ
နဲ့နော်၊ ဗိုက်နာ ပြန်ထနေဦးမယ်၊ ဗိုက်အောင့်ရင် သောက်ဖို့
ဂျဲလ်မက်လဲ ဟောဒီဘေးအိတ်ကလေးမှာ ထည့်ပေးလိုက်တယ်
သိလား၊ ဒီမှာ ဦးထုပ်ကလေးလဲ အပေါ်ဆုံးကနော်၊ နေပူထဲ
ဦးထုပ်ဆောင်းနော်၊ မောင်တို့ အညာက နေပူသိပ်ပြင်းတာ၊
ဟင်း ဟင်း နိုင်ငံခြားမှာ ဖြူခဲ့တဲ့အသားတွေ အညာသွားမှ
မည်းတူလာမှာ မြင်ယောင်ပါသေးရဲ့'

ရွှင်ချိုသော ရယ်သံကလေးသည် ဦးမြင့်မောင်နှင့် တစ်ချိန်
လုံး ကပ်ပါလာလေသည်။

'ဖေဖေရေ မြန်မြန်ပြန်ခဲ့နော်လို့မှာလိုက် သမီးလေး' ဟု သူ့

အမှာကို သမီးလေးအမှာလုပ်ကာ စကားပရိယာယ်ကြွယ်ခဲ့
သက်ကို ရထားတစ်လျှောက်လုံး သူ သတိရနေသည်။

'အင်း သက်ခမျာ ငါ နိုင်ငံခြားသွားနေရတဲ့ ခြောက်
လုံးလုံးလဲ ငါ့ကိုလွမ်းနေရရှာတာ၊ ခု ပြန်ရောက်လို့မှ ဆယ်ရ
မပြည့်သေးဘူး၊ အမေက နေမကောင်းလို့ ကြေးနန်းရိုက်
တော့လဲ လူမှုရေးအရ လွှတ်ရပြန်တာ၊ သက် ငါ့ကို
သတိရနေရှာမှာပဲ၊ မတားကောင်းလို့သာ မတားရှာတာ'

ဦးမြင့်မောင်သည် ဇနီးအလှကို မြင်ယောင်လိုက်၊သမီး
ကို သတိရလိုက်နှင့် လမ်းခရီးတစ်လျှောက် ပျင်းရိခြောက်
စွာ လိုက်ပါလာခဲ့ရသည်။ နိုင်ငံခြားတွင် သုံးလေးနာရီမျှ
ကြာသည့်ခရီးကိုတစ်ညလုံးလုံး စီးနင်းလိုက်ပါလာခဲ့ရသဖြင့်
ငြီးငွေ့နေမိသည်။ မြန်မာပြည်၏ ဒုတိယမြို့တော်သို့ ရော
တော့နံနက်ရှစ်နာရီထိုးလုပြီ။ ထိုကမှတစ်ဆင့် အလောင်းဘုရ
ချက်မြှုပ်ရာဒေသသို့ ဘတ်စ်ကားဖြင့် ခရီးဆက်ရပြန်သည်
သူသည် အညာနေနှင့် ကင်းကွာခဲ့ရသည်မှာ သုံးနှစ်နီးပါ
ရှိနေပြီဖြစ်သောကြောင့်လား မသိ။ မခံရပ်နိုင်အောင် ပူအိုက်
နေမိသည်။ ကားသွားတိုင်း လှည်းသွားတိုင်း ရွှေလေးငါးဆယ
ကိုက်ကိုပင် သဲသဲကွဲကွဲ မမြင်နိုင်အောင် တလိမ့်လိမ့် တက်လ
သော ဖုန်လုံးကြီးများကြားဝယ် အသက်ရှူရန် ကြောက်
နေမိပြန်သည်။

'ဟုတ်တယ်၊ သက်နဲ့ သမီးလေးတို့သာဆိုရင် ဒီဒဏ်တွေ
လုံးဝခံနိုင်မှာ မဟုတ်ဘူး၊ ငါတောင်'

\+ + +



'ဟဲ့ ဟဲ့ ဟိုမှာ ဟိုမှာ၊ အမေောင်ရေ အမေောင်၊ အစ်မတို့
ဒီမှာဟေ့'

'ပါတယ်ဟေ့ ငမောင်ပါလာသဟ'

'လှည်း ကချီဟေ့ လုပ်လုပ်'

ကားဂိတ်တွင် ကားရပ်လိုက်သည်နှင့် သူကျက်မိသောအသံ
များကို ဆူဆူညံညံကြားလိုက်ရ၏။ အသံနှင့်အတူ အသံရှင်
များပါ သူ့ကားဘေးသို့ ချက်ချင်း ရောက်လာကြတော့၏။

'ဖြူလာ ဝလာ လိုက်တာ အမေောင်ရယ်'

'ငါတို့ဖြင့် တစ်နေ့တည်းက ကိုနေကြတာ ငမောင်ရ'

'ဟဲ့ အိတ် ဒီပေး ဒီပေး၊ ငချစ် နင့်အစ်ကိုကြီးအိတ် ယူလိုက်
ပါဟ'

သူကားပေါ်က ဆင်းလိုက်သည်နှင့် သူ့ဘေးတွင် ဝိုင်း
ဝိုင်းလည်အောင် ကြိုကြ၊ ဝေဖန်ကြ၊ ဖက်လဲတကင်း ပြုကြပြန်
သဖြင့် ဦးမြင့်မောင် အတော်လေးမနေတတ်၊ မထိုင်တတ် ဖြစ်
သွားသည်။ ရှက်လည်းရှက်သွားသည်။သည်လို အခေါ်အဝေါ်
အဆက်အဆံမျိုးတွေ သူစိမ်းခဲ့သည်မှာ ကြာပြီ။

လာကြိုကြသူများက တက်ကြွရွှင်မြူးနေကြသည်။

ပဲကြီးဟင်းတစ်အိုးလုံး မှောက်ကျထားလေသလားဟု ထင်
ရအောင် သနပ်ခါးပိန်းကျားရိုက်ထားသည့် သူ့အစ်မကြီး။

ပုံမကျ ပန်းမကျ တက်ထရက် ဂျာကင်အင်္ကျီ တိုနန့်နန့်၊
ခေါင်းလောင်းဘောင်းဘီရှည်၊ ဂျပန်ဖော့ဖိနပ်ခုံမြင့် အနီ
ရဲရဲနှင့် ကောင်လေးတစ်ယောက်။

ခေါင်းတွင် ပုဆိုးနွမ်းတစ်ထည် ပေါင်းထားပြီး ပုဆိုး

တိုတို၊ ပင်နီတိုက်ပုံ ရင်ဘတ်ဟပြဲ၊ ကွမ်းသွေးတပျစ်ပျစ်နဲ့ သူ့ဘကြီး။

'အမေ ဘယ်နှယ်နေသေးလဲ'

'သက်သာပါပြီအမောင်ရဲ့၊ ဆေးသုံးချောင်းထိုးမှ သက်သာတာ အမောင်ရေ့'

'မင်း နိုင်ငံခြားကပြန်ရောက်တယ် ကြားထဲက မျှော်နေတာကွ ငမောင်ရ၊ လွမ်းဖျားနေမှာပါ ငမောင်ရာ၊ မင်းကလဲ နေနိုင်လွန်းတာကိုးကွ၊ ငါ့လခွီးတဲ့မှ၊ ပညာလဲစုံ မယားလဲတွေ့၊ ရွာလဲမေ့ကိုး၊ ဒါနဲ့ မင်းပစ္စည်းက ဒါလေးပဲလား၊ ဒီ့ပြင် ဘာပါသေးတုံး'

'မပါဘူးဘကြီး၊ ဒီတစ်ခုတည်းပဲ'

'ဟုတ်သားပဲ ဘကြီးကလဲ၊ ကိုယ့်အရပ် ကိုယ်ပြန်တာပဲ၊ များများစားစား ဘာသယ်စရာလိုလို့တုံး'

'ကားပေါ်ကျန်ခဲ့မစိုးလို့ မေးရတာ မိလှရေ့'

ဦးမြင့်မောင့်ကတော့ 'ကိုယ့်အရပ်ကိုယ်' ဟု ဆိုလိုက်သည့်စကားကို သူ့ရည်ညွှန်းမှန်း ရုတ်တရက် သတိမထားမိ။ ဟုတ်သားပဲလေ။ 'သပြေသာ' ဆိုသည့် အညာကျေးလက်ဒေသကလေးတွင် သူမွေးဖွားနေထိုင်ခဲ့သည်မှာ သူမူလတန်းအောင်သည်အထိပင်။ နောက်တော့ အဘတို့ကိုးကွယ်သော ဆရာတော်ကြီးက သူ့ကိုရတနာသိင်္ဃမြို့သို့ပို့ကာ ပညာဆက်လက်သင်ကြားစေခဲ့သည်။ ဆယ်တန်း နှစ်ချင်းပေါက်အောင်ပြန်တော့ အဘနှင့်အမေက အားရကျေနပ်စွာဖြင့် သူ့ကို ရန်ကုန်တက္ကသိုလ်သို့ ပို့ခဲ့ကြပြန်သည်။ တစ်ဦးတည်းသော အစ်မကြီးကပါ လယ်ယာလုပ်ငန်းခွင်ဝင်ပြီး အဘကိုကူရင်း သူ့ပညာ



သင်စရိတ်ကို ပံ့ပိုးခဲ့သည်။ သူ နောက်ဆုံးနှစ်တွင် အဘအပြင်းဖျား၍ ဆုံးရှာသည်။ သို့ပေမယ့် သူ ပညာသင်မပျက်ခဲ့ရ။ ဘွဲ့ရပြီး လများစွာမကူးမီ ချစ်သူ 'သက်'၏ မိဘအရှိန်အဝါဖြင့် ဌာနကြီးတစ်ခုတွင် အရာရှိတစ်ဦးဖြစ်ခဲ့သည်။ သက်နှင့်လက်ထပ်ပြီး ရွာသို့ ဆွေပြ မျိုးပြ ခေါ်ခဲ့တော့လည်း အားလုံးကြည်ဖြူကြသည်ပင်။ သည့်နောက်မတော့ အမေ့ထံ ငွေမှန်မှန်ပို့သည်ကလွဲ၍ ရွာသို့ သူမရောက်ခဲ့တော့ပေ။

'ငါတို့က မင့်မိန်းမပါ ပါလာမယ်မှတ်တာကွ၊ ဘာဖြစ်လို့မခေါ်ခဲ့တာတုံး'

ဘကြီးက မေးခနပြန်ပါပြီ။ 'ဘာဖြစ်လို့မခေါ်ခဲ့တာတုံး' တဲ့။ ဦးမြင့်မောင် အဖြေရခက်သွားသည်။ ပါမလာခြင်းမှာ သူမခေါ်ခဲ့၍မဟုတ်။ ဟိုကမလိုက်၍မှန်း ဘကြီးတို့မသိကြ။

'သူတို့ ရုံးကခွင့်ယူလို့ မလွယ်ဘူးဘကြီးရဲ့၊ ပြီးတော့ သမီးလေးကလဲ သိပ်နေမကောင်းဘူး'

'ဟဲ့ ဘာဖြစ်တာလဲ၊ သူငယ်နာတွေ ဘာတွေများ ပါလာလို့လား၊ ကလေးက ချူချာသလားအမောင်၊ နင်ငယ်ငယ်ကသောက်တဲ့ နန်းတွင်းဂမုန်း သူငယ်နာဆေး ခွံ့ကြည့်ပါလား၊ ဂရုစိုက်ပါဟယ် ငါ့တူမလေး'

အစ်မကြီးက မျက်ကလဲဆန်ပျာ ပြောရှာသည်။

'သူငယ်နာတော့ မဟုတ်ပါဘူး အစ်မရယ်၊ ကလေးကနုတယ် ဆိုပါတော့၊ သမီး အတွက် ကလေး ထိန်းဆရာမတစ်ယောက် သတ်သတ်ငှားထားပါတယ်၊ ကလေးကို ကောင်းကောင်းပြုစုတတ်ပါတယ်၊ အပြုအစုတော့ သူ့ အမေထက်တောင် သာပါသေးတယ်'

'ဘာပဲဖြစ်ဖြစ် သူစိမ်းဟာ သူစိမ်းပေါ့ဟယ်၊ တာဝန်ဝတ္တရားအရတော့ လုပ်ပေးချင်ပေးမှာပေါ့၊ မေတ္တာစေတနာတော့ ပါချင်မှပါမှာပေါ့၊ ကြေးစားပဲဟာ'

အစ်မကြီးကတော့ သူ့အမြင်ကို ရိုးသားပွင့်လင်းစွာ ပြောချလိုက်ပြန်၏။ သည်စကားကို တစ်လကို တစ်ရာ့ငါးဆယ်လည်းပေးရ၊ ထမင်း ဟင်းလည်း တန်းတူကျွေးရ၊ တစ်လကိုတစ်ကြိမ် အိမ်ပြန်ခွင့်လည်းပေးရ၊ မကျန်းမမာဖြစ်ကလည်း တာဝန်ယူ ဆေးကုသပေးရသော ဆရာမ နာနီ နော်အဲလစ်(စ်)သာ ကြား ပါက ချက်ချင်းပင် ထွက်စာတင်မည်မှာ သေချာလှသည်။ အကျင့်စာရိတ္တကောင်းပြီး ကလေးအပြုအစုတော်သောကလေး ထိန်းတွေ ရန်ကုန်မှာ ဘယ်လောက်ဈေးကောင်းနေသည်ကို အညာကျေးလက်နေ အစ်မကြီးတို့ မသိရှာကြပေ။

'နေပါဦး၊ အဲဒီမိန်းမကို တစ်လဘယ်လောက် ပေးရတာတဲ့ အမောင်ရဲ့'

'တစ်ရာ့ငါးဆယ်ပါ'

'တစ်လငါးဆယ်၊ ဟုတ်လား'

'မဟုတ်ဘူးအစ်မရဲ့၊ တစ်လကို တစ်ရာ့ငါးဆယ်'

'အမယ်လေးတော်'

အစ်မကြီးက သူ့ရင်ဘတ်ကြီးသူ ဖတ်ကနဲရိုက်ပြီး အံ့အားကြီးသင့်နေ၏။

'အံမယ်လေးတော်၊ ဒီလောက်ပေးရမှန်းသိရင်ဖြင့် ငါ့တူမလေး ငါလာထိန်းပါတယ် အမောင်ရယ်၊ ငါဖြင့် လယ်ထဲ ဆင်းရတာ ပင်ပန်းလိုက်တာ၊ တကယ် တကယ်၊ နေရိပ်ထဲမှာ



ပြီး ကလေးပေါက်စနလေးထိန်းရုံနဲ့ တစ်လ တစ်ရာ့ငါးဆယ်တဲ့'

အစ်မကြီးက ပြောမဆုံးတော့။

ဘကြီးက ကွမ်းတမြုံ့မြုံ့ဝါးနေရာက—

'ယောကျ်ား ကလေးထိန်းကော မင်းတို့မြို့မှာ မရှိဘူးလားကွ၊ ငါတောင် မြို့တက် အလုပ်လုပ်လိုက်ချင်သေး'

ဦးမြင့်မောင် ပြုံး၍သာ နေလိုက်တော့သည်။ ပါးစပ်ထဲ အဆုပ်လိုက် အဆုပ်လိုက် ပြေးဝင်လာသော သဲများ ကြောင့် ပါးစပ်တစ်ခုလုံးကိုတကျိကျိဖြစ်နေပြီ။ ဆူညံလှန်းသော စကားသံများကြောင့် နားလည်း ငြီးလှပေပြီ။

မရောက်သေးဘူးလား ရွာရယ်။

ပူလိုက်သည့်နေကလည်း ကျောဘိုစပ်လှပြီ။

နာရီကို ကြည့်လိုက်မိ၏။

ညနေ လေးနာရီ ဆယ်မိနစ်။

'ဟား ကြုံးလိုက်စမ်း ဟဲ့ကောင်ကြီး၊ ဆွဲလိုက်စမ်းကွ'

တအိအိလိမ့်နေသောလှည်းသည် အရှိန်ပိုရသွား၏။ မူးသုံးကို ကျော်လိုက်သည်နှင့် သူတို့ရွာကလေးကို လှမ်းမြင်ရပေပြီ။

\+ \+ \+

အိမ်ဝိုင်းထဲသို့ ခြေချသည်နှင့် ထူးခြားသော ရနံ့တစ်ခု သင်းလာသည်။ သူနှစ်သက်လှသော ရနံ့ပင်။ တမာနံ့။ တမာပန်းနံ့ကို အားရပါးရရှူလိုက်ရင်း ခေါင်းရင်းဘက် မှန်ကျည်းပင်

ရင်းက ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ လည်ပင်းရှည်ကလေးနှင့် ကြိုနေသည့် အမေ့ဆီ ခပ်သုတ်သုတ်လျှောက်သွားမိ၏။

ဦးမြင့်မောင်သည် အမေ့အောက် မြေတလင်းပြင်ဝယ် ဝင်ထိုင်ပြီး အမေ့ကိုကန်တော့လိုက်၏။ သူ ပြန်ထပြီး အမေ့ဘေးဝယ် ဝင်ထိုင်လိုက်တော့မှ အမေ့ ပါးပြင်ပေါ်သို့ သွယ်စီးကျနေသော မျက်ရည်များကို ဦးမြင့်မောင် သတိပြုမိတော့၏။

'နင် နင့်အမေကို သတိမှရသေးရဲ့လား ဟင်'

'ဟာဗျာ အမေကလဲ၊ သတိရလို့ လစဉ် ကျွန်တော်ငွေတစ်ရာတစ်ရာ ပို့နေတာပဲဟာ'

'ဟဲ့ နင့်ငွေတစ်ရာ ဘာလုပ်ဖို့လဲ၊ နင့်မျက်နှာ မြင်ရတာမှ မဟုတ်တာ၊ နင့်မျက်နှာကို ငါ မမြင်ရတာ တပို့တွဲလပြည့်နေ့က သုံးခါလည်ပြည့်ခဲ့ပြီ၊ သိရဲ့လား ငမောင်ရဲ့'

အမေ ဒေါသနှင့်ပြောရင်း ရှိုက်ငိုတော့သည်။ သည်တော့လည်း ဦးမြင့်မောင် စိတ်မကောင်း၊ သူကတော့ လစဉ်ငွေတစ်ရာကန်တော့နေခြင်းကြောင့် အမေ ကျေနပ်လိမ့်မည်ဟု ယူဆခဲ့သည်ကိုး။ အမေငိုတော့ ဘကြီးရော၊ အစ်မကြီးရော အိမ်နီးနားချင်းများကပါ မျက်ရည် တစမ်းစမ်း။ သူသည် အမေ့ကို ကလေးချော့သလို ချော့မော့နှစ်သိမ့်ရတော့သည်။ အတော်ကြီးကြာမှ အမေစိတ်ပြေပြီး အရှိုက်ရပ်သွားသည်။

'အောက်ဆင်း မတ်မတ်ရပ်စမ်း'

'ဗျာ'

အစီပွာယ်ကို နားမလည်သော်လည်း အမေ့ အမိန့်ကို သူ မငြင်းပယ်ရက်။ အသက်သုံးဆယ်ကျော်နေပြီဖြစ်သည့် မြို့ကြီး



ပေါ်က အရာရှိကြီး ဦးမြင့်မောင် ခမျာ အမေ့ရှေ့မှာ မျက်စိလေး ပေကလပ် ပေကလပ်ဖြင့် ကြောင်ကြောင်လေး ရပ်နေ၏။

'ကြည့်စမ်းပါဦး မိလှလှ၊ ညည့်မောင် တကတည်း လူကြီးကြီး ကျလို့၊ သူ့အဖေသာရှိရင် ဘယ်လောက် အားကိုးလိုက်မလဲလို့'

အဆုံးသတ်တွင် အမေ့အသံကလေးတိမ်ဝင်သွားပြန်သည်။ ကွယ်လွန်ခဲ့ရှာပြီဖြစ်သည့် အဘကို ပြန်လည်လွမ်းဆွတ်မိဟန်တူရှာသည်။ ဦးမြင့်မောင်ကမူ အသက်သုံးဆယ်ကျော် သူ့ကို 'လူကြီးကြီးကျလို့' ဟု အမေက မိခင်မေတ္တာစိတ်ဖြင့် ပြောလိုက်ပုံကြောင့် ရင်ထဲဝယ် ထူးထူးခြားခြား လှုပ်ရှားသွားရတော့သည်။

'ကဲ ကဲ ထမင်းပြင်ချည်ကြတော့၊ ငါ့သားလေး ဆာလှရော့မယ်၊ လာ ငါ့သားက အမေ့နားထိုင် အပန်းဖြေဦး'

'အမောင်ရေ၊ မင်းကြိုက်တဲ့ ငါးကြင်း ကြော်ချက်ရယ်၊ ကုက္ကိုရွက်သုပ်ရယ်၊ ချဉ်ပေါင်ရည်ကျဲရယ်၊ ပဲရေပွရယ်၊ ငါးပိချက်နဲ့ တမာရွက်တို့စရာရယ်၊ အဲဒါချည့် အမေကချက်ခိုင်းတာသုံးရက်ရှိပြီ မောင်ရေ့'

'အံမယ်၊ ဒီနေ့တော့ ငါ့တူအကြိုက် ဟင်းတစ်မျိုးတောင်ထပ်တိုးထားသေး'

'ဘာများတုံး ဘကြီးရ'

'ကြွက်လေ၊ လယ်ကြွက်'

ပျော်ရွှင်မြူးထူးစွာ ရယ်မောလိုက်ကြသည့် အသံများသည် အမေ့အိမ်ဝိုင်းကလေးကိုပင် လျှံ၍ သွားတော့သည်။ ဦးမြင့်မောင်လည်း သူ့ကိုယ်သူ အထူးကြိုးစားပြုပြင်မယူရဘဲ သူ စိမ်းနေခဲ့သည့် ပတ်ဝန်းကျင်နှင့် အလိုက်သင့် မျောပါသွားလေပြီ။

ရနံ့ ပျံ့ပျံ့ သင်းသင်း၊ အဆင်း ဝါဝါ ဖန့်ဖန့်၊ အရသာ သက်သက်ကလေးနှင့် ချိုမြိန်၍ လျှာစွဲလွန်းသော တမာခက်နုပုရစ်ဥကလေးများကို ငါးပိချက်နှင့်တို့မြုပ်ရင်း စားလိုက်သည်မှာ ထမင်းနှစ်ပန်းကန် မောက်မောက်ကြီး ကုန်လေရာ အမေ ကျေနပ်မဆုံးတော့ချေ။

+ + +

အမေ့ထံမှ အပြန်ရခက်လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့သော ဦးမြင့်မောင်တစ်ယောက် အတွေ့ကို စိတ်တင်းထားခဲ့ရ၏။

အမေ့ကို ဦးညွတ်ရှိခိုး ရိုးကျိုးစွာနှုတ်ဆက်ပြီးတော့ နှစ်သိမ့်စကားပြောမိသည်။

'ကျွန်တော် သီတင်းကျွတ်မှာ ဆက်ဆက် လာခဲ့ပါဦးမယ် အမေ၊ အဲဒီတော့ အမေ့ချွေးမနဲ့ မြေးကလေးကိုပါ အမေ့ဆီခေါ်လာခဲ့ပါမယ်'

မျက်ရည်လေး တစမ်းစမ်းဖြင့် 'အေး အေး' ဟုသာ ဆိုနိုင်ရှာသည့် အမေ့အသံကလေးသည် သိသာစွာ လှုပ်ခတ်နေလေသည်။



လှည်းကလေးသည် ဖုန်တထောင်းထောင်းနှင့် မောင်းထွက်ခဲ့လေပြီ။ ဖုန်တွေကြောင့် ပတ်ဝန်းကျင်ကို ပြတ်သားစွာမမြင်ရတော့သော်လည်း အိမ်ရှေ့ခြံပေါက်ဝရှိ ထနောင်းပင်ကြီး၏ ထင်စည်ကိုမှီကာ သူ့ကိုရပ်ကြည့်နေရှာသည့် အမေ့ရုပ်သွင်ကမူ သူ့မျက်လုံးထဲတွင် ထင်ထင်ရှားရှား ပြတ်ပြတ်သားသား။

[ငွေတာရီမဂ္ဂဇင်း။ ။၁၉၈၁ ခု၊ ဇွန်]

# ဘယ်သူ့အပြစ်လဲ

ငြိမ်းသာတို့ မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေကြသည်။

ယနေ့ စနေနေ့။

ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ ပြီးတော့ လခ ထုတ်ပြီးစ လဆန်းရက်၏ ပထမဦးဆုံး စနေနေ့မို့ သားတို့ကြိုက်သော၊ သားတို့ဖေဖေ နှစ်သက်သော အုန်းနို့ခေါက်ဆွဲချက်ရန် တာစူနေကြချိန်ဖြစ်သည်။

မီးဖိုထဲတွင်မိသားစုအားလုံး တရှန်းရှန်းနှင့်။ အုန်းသီးခြစ်သူက ခြစ်၊ ကြက်သွန်ခွာသူက ခွာ၊ ပြုတ်ပြီးသား ကုလားပဲများကို စကာဖြင့် တိုက်သူကတိုက်၊ ကြက်သား ကိုင်တဲ့သူက ကိုင်။

ထိုအချိန်တွင် တစ်ဘက်လမ်းမှ သူ့အသံ လွင့်ပျံလာခြင်းဖြစ်ပါသည်။

'ဒေစီပန်းတွေ၊ ဒေစီပန်းတွေ၊ အရောင်အသွေး စုံတယ်၊

အပွင့်တွေကြီးတယ်၊ မပြောမရှိနဲ့၊ ထွက်ကြည့်လိုက်ကြ၊ကြိုက်မှ ဝယ်၊ တန်မှဝယ်၊ အိမ်တိုင်ရာရောက် လိုက်ပို့နေပါပြီခင်ဗျ'

သည်လိုအသံနှင့် သည်လို ပြောပုံဆိုပုံကို နားထဲ ယဉ်နေသလိုလို။ အမှတ်မထင် နားစိုက် ထောင်နေလိုက်မိ၏။ ပြီး ကုလားပဲတိုက်နေသည့် တူမလေးသိန်းသိန်းကလည်း ငြိမ်းသာကို လှမ်းကြည့်နေသည်နှင့် ကြုံကြိုက်သွား၏။ ပန်းရောင်းသူ၏ အသံကို သူတို့နှစ်ယောက်စလုံး သတိထားလိုက်မိကြသည်မှာ သေချာသွားသည်။

'တူလိုက်တာ အန်တီ၊ ကျွန်မတို့ဝယ်ခဲ့တဲ့လူကြီးအသံနဲ့ သိပ်တူတာပဲ၊ သူပဲလားမှ မသိတာနော်'

ငြိမ်းသာက 'တိတ်တိတ်နေ' ဟူသော အဓိပ္ပာယ်ဖြင့် ကြက်ကိုင်နေရာမှ လက်ကာပြဆဲ အော်သံ့က မီးဖိုထဲအထိ ဝင်ရောက်လာပြန်၏။

'တစ်အုံမှ လေးကျပ်တည်းနော်၊ ပင်ရင်းကမှိုရောင်းနိုင်တာ၊ သုံးအုံလောက်ဝယ်ထားရင် နှစ်တက်ဆွေမျိုး ဘုရားအိုးထိုးနိုင်တဲ့အပြင် အိမ်နီးနားချင်းပါ ဝေနိုင်သေးတယ်၊ ဟောဒီမှာ ဒေစီပန်း လှလှကြီးတွေ'တဲ့။

သူ့အော်ပုံကိုကြည့်ပါဦး။ ဘယ်လောက် အာဝဇ္ဇန်းရွှင်လှပါသနည်း။ စိတ်ဝင်စားဖွယ် ကောင်းလှပါသနည်း။

ရန်ကုန်ကဈေးသည်တွေ အတော့်ကိုအပြောကောင်းသည်။ တစ်ခါနေ့က နန္ဒဝန်ဈေးထဲအရောက် တစ်နေ့စာအတွက် ဟင်းလျာ အရွေးခက်နေချိန်ဝယ် ဈေးခေါ်ကောင်းသူ တစ်ဦးကြောင့် သူ့ဆီမှာဝယ်ဖြစ်ခဲ့သည်။



'စဉ်းစားမနေနဲ့နော်၊ ဟောဒီမှာ တစ်တောင်လောက်ရှိတဲ့ ငါးသန်ချိတ်ကြီးဘော့ သုံးကျပ်တည်း၊ သုံးကျပ်တည်း၊ တစ်ကောင်ဆို လင်မယားနှစ်ယောက် စားလောက်တယ်'

သူ့အော်ပုံက အတော် ဆွဲအားရှိသည်။ တစ်တောင်လောက်ရှိတဲ့ ငါးသန်ချိတ်တဲ့။ သုံးကျပ်တည်းတဲ့။ တစ်ကောင်ဆို လင်မယားနှစ်ယောက် စားလောက်တယ်တဲ့။ ငြိမ်းသာသွားဝယ်တော့မှ သူ့ငါးသန်ချိတ်က ရှိလှမှလက်ညှိုးလောက်။ ပြီးတော့ သုံးကျပ်ဆိုတာက တစ်ဆယ်သား၏ တန်ဖိုး။ ဘာပဲဖြစ်ဖြစ် စိတ်ထဲကြည်သာရွှင်ပျစွာနှင့် ဝယ်ဖြစ်ခဲ့သည်ပင်။

တလောကလည်း ရှောက်သီးသုပ်စားရန် ငှက်သီးစိမ်းဝယ်တော့ ကုလားအော်သီး မှာမရ။ ငှက်သီး အတောင့်ရှည်များသာတွေ့၍ 'စပ်ပါ့မလား'ဟု ရောင်းသူကို မေးမိသည်။ စကားပြောကောင်းသည့် ဈေးသည်က တိုက်ရိုက်မဖြေ" ပြုံးစိစိဖြင့်–

'စပ်လား မစပ်လားတော့ မေးမနေနဲ့အစ်မရေ၊ ဒီ ငှက်သီးကို စားကြည့်စရာမလိုဘူး၊ထိပ်ကလေးချိုး အနံ့ခံကြည့်ရုံနဲ့ တစ်အိမ်သားလုံး လေချွန်နေရမယ်'ဟု ဖြေ၏။

တစ်ခုခုကိုတော့ ပြောတာပဲ၊ ဘာအဓိပ္ပာယ်ပါလိမ့် ဟု အပြေးအလွှား စဉ်းစားနေမိဆဲ ငြိမ်းသာ ဘေးမှ ဝယ်သူတစ်ယောက်က ဖြတ်မေးလိုက်မိ၏။

'ဘယ်လိုလဲကွ၊ မင့် အဓိပ္ပာယ်က'

'ဟာ အစ်ကိုကလဲ၊ ကျွန်တော့် ငှက်သီးက ဘယ်လောက်စပ်သလဲဆိုရင် သူ့အနံ့ရရုံနဲ့ပါးစပ်ထဲစပ်ပြီး ပူနေလို့ တရှူးရှူးဖြစ်နေမယ်လို့ ပြောတာပါ အဟီး'တဲ့။

တချို့ဈေးသည်ကျတော့ တစ်မျိုး။

'ကိုကို့ရှီး မမီဘဲနေမယ်နော်၊ ခုထိ ဘာချက်ရမှန်း မသိသေးဘူးလား၊ အာဟာရလဲပြည့်၊ အားလဲရှိ၊ကိုကိုလဲကြိုက်မယ့် ဟောဒီမှာခဝဲသီးလတ်လတ်ဆတ်ဆတ်ကြီးတွေ၊ဝက်သားလေးနဲ့ ကြော်ပေးလိုက်'

ထိုကဲ့သို့ ဟာသကလေးစွက်လို့ ရောင်းတာကလည်း ပြုံးချင်စရာ။

တကယ်တော့လည်း ဈေးသည်ဆိုသည်မှာ အပြောကောင်းမှလည်း အရောင်းလိုက်သည် မဟုတ်ပါလား။ ထို့ကြောင့် ဈေးသည်အများစုမှာ အပြောကောင်းကြသည်။မျက်နှာထားချိုကြသည်။ သူတို့ရောင်းချသည့် ကုန်ပစ္စည်းများကို မဝယ်ချင် ဝယ်ချင်အောင်၊ မလိုချင် လိုချင်အောင်၊မကောင်းသည့်ပစ္စည်းကို ကောင်းသည့် ပစ္စည်းဖြစ်အောင် အတော်အသင့် ကောင်းသော ပစ္စည်းကို အကောင်းဆုံး ပစ္စည်းဖြစ်အောင် သူတို့၏ နှုတ်ကို အားကိုး၍ ချိုချို သာသာ ပြောကြ ဆိုကြ၊ ပျူပျူငှာငှာ ကြိုကြ ဆွယ်ကြ။

စင်စစ် ဈေးရောင်းသူတိုင်း သည်လို ပျူငှာချိုသာကြသည်တော့ မဟုတ်ပေ။ အချို့သော ဈေးရောင်းသူများ၏ အချိုးကျတော့တစ်မျိုး။ လှုလှုပပကလေးမှုန်းခြယ်၍ မှန်ကောင်တာနောက်တွင် ကြုကြုရွရွကလေးရပ်ကာ မျက်နှာထားက သူ့လုပ်စာဖြင့် တစ်လောကလုံးကို တင်ကျွေးထားရသလို၊မေးလျှင် မကြားသလို၊ မတတ်သာ၍ ပြောရလျှင်လည်း မပွင့်တပွင့်၊ ဈေးဝယ်သူကို မျက်မွေးတော်ပင့်၍မျှ မကြည့်။ ထိုကဲ့သို့သော ဈေးရောင်းသူများကိုလည်း ငြိမ်းသာ တွေ့ကြုံခဲ့ဖူးပါသည်။



'ကြုံတုန်းဝယ်ထား၊ မမှားဘူးနော်၊ ထိုက်သူမှရမှာ၊ သိပ်အများကြီးမရှိတော့ဘူး၊အပင်တစ်ရာပါတာ ကိုးဆယ့်ကိုးပင်ပဲကျန်တော့တယ်၊ သိပ်လှတဲ့ဒေစီပန်းတွေ၊ ခြံထဲချ စိုက်ထားရင် ရောင်စုံကော်ဇောကြီး ခင်းထားသလို သိပ်လှတယ်နော်'

သည်တစ်ခါမတော့ အသံက အိမ်ရှေ့လမ်းမပေါ်မှ။

'ဟုတ်တယ်အန်တီရဲ့၊ ဟိုလူကြီးအသံ၊ ဟိုးနေ့တုန်းကလဲ သူ့ဒီလိုပဲအော်ရောင်းတာ၊သူ့ ပန်းပင်ရောင်းတာက သည့်ပြင် လူနဲ့မှမတူဘဲ'

သိန်းသိန်းက သေချာပေါက် ထပ်ပြောလိုက်၏။

မှန်ပေသည်။သိန်းသိန်းပြောသလိုပင် ထိုလူ ပန်းရောင်းပုံက အလွန် ထူးခြားသည်။ သူ့အော်ပုံ ထူးခြားသောကြောင့်ပင် ငြိမ်းသာတို့တူဝရီး သူ့ကိုမှတ်မှတ်ရရရှိခဲ့ရသည်မဟုတ်ပါလား။

'ဟုတ်တယ်၊ ဟုတ်တယ်၊ နေဦး၊ ထွက်ခေါ်လိုက်ဦးမယ်၊ သားတို့ ကြက်သား ကြည့်ထားစမ်း၊ ကြောင် ဆွဲသွားဦးမယ်'

သားတွေကို မှာ၊ လက် ကတိုက်ကရိုက်ဆေးပြီး အိမ်ရှေ့ထွက်ရန် ခြေလှမ်းပြင်လိုက်ပြီးသည့် ငြိမ်းသာကို သားတို့အဖေက လှမ်းဟန့်လိုက်၏။

'ဘာလဲ၊ ဒါက ဘာလုပ်ဦးမလို့လဲ ဒေါ်ငြိမ်းသာ'

'ဟိုလူ့ ခေါ်မလို့'

'ခေါ်ပြီးတော့ ဘာလုပ်ဦးမလို့လဲ'

'အို၊ ဘာလုပ်ရမှာလဲ၊ သူညာရောင်းလိုက်တဲ့ သူ့ ပန်းပင်တွေ ပြမလို့ပေါ့'

'အဲဒီတော့ ဘာအကျိုးထူးလာမှာမို့လဲ၊ သူက ခင်ဗျားတို့ ပိုက်ဆံ ပြန်ပေးမှာမို့လား'

'အို ဒါကတော့'

ဘာဆက်ပြောရမှန်း မသိဘဲ ဖြစ်သွားသည့် ငြိမ်းသာ ကြည့်ပြီး သူက ရယ်သည်။ ငြိမ်းသာလက်ကို ဖမ်းဆွဲထားပြီး

'လုပ်မနေပါနဲ့ကွာ၊ ကိုယ်အ တာ ကိုယ်ခံလိုက်ပေါ့ ဟု ဘူးလား၊ ကဲ မြန်မြန်ချက်ကွာ၊ ဆာလှပြီကွ၊ ဟော့ကောင်‌ေ မင်းတို့လဲဆာလှပြီမဟုတ်လား'

ကြက်သွန်လှီးနေကြသော သားများကိုပါ လှမ်းအဖော်ညှိ ပြီး ငြိမ်းသာကို မီးဖိုးထဲ ခြေဦးပြန်လှည့်လိုက်စေ၏။

ပန်းရောင်းသူ၏ အသံသည် အတော်ဝေးဝေးသို့ ရောက်၍ သွားပေပြီ။

မကျေမနပ်ဖြင့် တစ်ခွန်းတော့ ပြောလိုက်မိသေး၏။

'ဒီတစ်ခါတော့ ကိုယ်အလိမ်ခံရတာ မဟုတ်ပါဘူး၊ သူ ကိုက ကူလီကူမာ လုပ်နိုင်ကြလွန်းလို့ပါ'

+ + +

ပြောမယုံ ကြုံဖူးမှသိဟု ပြောလေ့ ရှိကြပါသည်။

ငြိမ်းသာတို့အဖြစ်ကလည်း ထိုသို့ပြောရမလို ဖြစ်နေပါ၏

သတင်းစာတွေထဲ မကြာခဏဖတ်ရပါသည်။ ရွှေဆွဲကြိုးကြီး တစ်ကုံးကို လူနှစ်ဦး ပိုင်တူ ကောက်ရကြသည်။ တစ်ဦးက အလွန်ရိုးသားပြီး ယုံလွယ်သော နယ်မှ အမျိုးသမီးကြီး ရန်ကုန်ရောက်ခိုက် မိသားစုနှင့်အတူ အလည်အပတ်ထွက်သာ



သူ၊ ကျန်တစ်ဦးကတော့ လူလိမ်လူလည်။ သည်မှာတင် သူတို့ ပိုင်တူ တွေ့ရှိကြသည့် ရွှေဆွဲကြိုးကိုဝေစုခွဲကြသည်။ ရွှေဆွဲကြိုး ကြီးကို မျှမျှတတဖြစ်အောင် ဝေစုခွဲမရ ဖြစ်နေတော့ လူလိမ် ကအကြံပြုသည်။ အမျိုးသမီးကြီး လည်ပင်းမှ တစ်ကျပ်သား ခန့် ရှိမည်ဖြစ်သော ရွှေဆွဲကြိုးကို အမျိုးသမီးကြီးက သူ့ကို ပေးလိုက်ပါ။ ယခုကောက်ရသော သုံးကျပ်သားခန့်ရှိမည့် ရွှေ ဆွဲကြိုးကို အမျိုးသမီးကြီးယူထားလိုက်ပါ။ သူ့မှာက အရေး တကြီး သွားစရာကိစ္စရှိနေ၍ဟု။ သည်တော့ ဇာတ်လမ်းက ဆက်ရေးစရာပင်မလိုတော့ပါ။ ရှင်းနေပါပြီ။ သည်လိုဇာတ် လမ်းမျိုးတွေမှာ အပ်ကြောင်းထပ်၍ပင်နေပါပြီ။ သို့ပေမင့် မကြာခဏကြားနေရဆဲ။

'အဲဒါ လောဘကြောင့်ကိုရ၊ အ ချောင် ရ ချင် တဲ့ စိတ် ကြောင့်၊ အဲဒီကောက်ရတဲ့ဆွဲကြိုးကို သက်ဆိုင်ရာအပ်ပြီး ပိုင်ရှင် ကို ပြန်ပေးနိုင်အောင်ကြိုးစားရင် ဒီလိုဖြစ်မှာမဟုတ်ဘူး'

'အောင်မယ် တယ်ဟုတ်ပါလား၊ အပြောလေးက ချော လိုက်တာ၊ ကိုယ်တစ်ခုပဲမေးပါရစေ၊ အဲဒီ ဆွဲကြိုးကြီးမျိုး ကောက်ရရင် မင်းတကယ်ပဲ သက်ဆိုင်ရာကို သွားအပ်မှာလား'

အဖြေချက်ချင်းမပေးနိုင်။ နှုတ်ဆွံ့အသွားသည့် ငြိမ်းသာကို ကြည့်ကာ သားတို့ဖေဖေက တဟားဟား ရယ်မောတော့သည်။ ငြိမ်းသာလည်း မသိစိတ်တွင်းမှ လောဘကလေး တစ်စွန်းတစ်စ ကို မဖုံးကွယ်လိုက်နိုင်သည့်အဖြစ်ကြောင့် နည်းနည်းရှက်သွား သည်။ မျက်စောင်းတစ်ချက် အရှက်ပြေခဲလိုက်မိ၏။

'မင်းလဲမထူးပါဘူးကွာ၊ လည်ပင်းကဆွဲကြိုး ပါသွားမယ့် မိန်းမမျိုးပါပဲ'ဟု မှတ်ချက်ချတော့ အောင့်သက်သက်။

သို့ပေမင့် ငြိမ်းသာတို့ အလိမ်ခံရသည့်အကြောင်းကတော့ လောဘဇောကြောင့်၊ သူတစ်ပါးပစ္စည်း အချောင်လိုချင်စိတ်ကြောင့် မဟုတ်ပါချေ။ ဒါကိုတော့ ရဲရဲကြီး မှတ်ကျောက်အတင်ခံရဲပါ၏။ ကြီးကြီးကျယ်ကျယ် အလိမ်ခံရခြင်းမျိုးလည်း မဟုတ်။ စီးပွားထိခိုက်လောက်အောင် အလိမ်ခံရခြင်းမျိုးလည်းမဟုတ်။ အရှက်တကွဲ အကျိုးနည်းအောင် အလိမ်ခံရသည်လည်းမဟုတ်။ သို့တိုင် အလိမ်ခံရခြင်းကို သိသာစွာခံစားရတော့ ရင်တွင်းမှာ တနုံ့နုံ့။

ငြိမ်းသာတို့က အိမ်ရှင်မ။

အိမ်ရှင်မဆိုတော့ မီးဖိုချောင်သုံး ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အများဆုံးအလိမ်ခံရကြောင်းကို ရှက်ရှက်နှင့်ပင် ဝန်ခံလိုပါသည်။

သူတစ်ပါးပစ္စည်း အချောင်ရလိုစိတ်ကြောင့် မဟုတ်သော်လည်း မိမိပိုက်ဆံကလေး တစ်ကျပ်ဘစ်ပြား သက်သာမှ သက်သာပါစေတော့ဟူသောစိတ်ကြောင့် အလိမ်ခံရခြင်းများ ဖြစ်ပါသည်။

ဆိုပါစို့။ ငြိမ်းသာ ဈေးဝယ်ထွက်သည်။ ဈေးထဲရောက်လျှင် ဘာမျှမဝယ်သေးဘဲ ဈေးကို ခပ်သွက်သွက် တစ်ပတ်ပတ်သည်။တစ်ခါတစ်ရံ အချိန်မရပါက ဟင်းသီးဟင်းရွက်တန်းနှင့် သားငါး၊ ပုစွန်တန်းများကိုတော့ တစ်ခေါက်လျှောက်ဖြစ်အောင် လျှောက်လိုက်၏။ ဒါကလည်း အကြောင်းရှိသည်။ ရောင်းဈေးကို လေ့လာစနည်းနာခြင်း၊ ထိုသို့တစ်ပတ်ပတ်၍ ဈေးစုံစမ်းပြီးမှ တစ်ခေါက်ပြန်လျှောက်ကာ လိုအပ်သည်များကို ဝယ်လေ့ရှိပါသည်။ ဆိုလိုသည်မှာ ငြိမ်းသာ ဈေးတန်း၏



တောင်ဘက်ထိပ်အထိ ရောက်ခဲ့ပြီဖြစ်သော်လည်း ဟိုး မြောက်ဘက်ထိပ်ရှိ တစ်ဆယ်သားလျှင် တစ်မတ်သက်သာသော ပုစွန်ကျော့ကို ပြန်ဝယ်တတ်ပါသည်။ ဈေးအရှေ့ဘက်သို့ ရောက်ခဲ့ပြီဖြစ်သည့်တိုင် ဈေးအနောက်ဘက်ရှိ တစ်လုံးလျှင် ငါးပြားဈေးချိုသော သံပရာသီးကိုလည်း ပြန်ဝယ်တတ်ပါသည်။

'ဟဲ့ ငါးပြားဆယ်ပြားဆိုပေမယ့် နေ့တိုင်းပေါင်းလိုက်တော့ နည်းတာမဟုတ်ဘူး၊ ဒီလောက်ဘော့ ဒုက္ခခံရတယ်သိလား၊ ဒါ ချွေတာစုဆောင်းရေးအတွက် မူလအခြေခံပဲ'

ဒါက အိမ်ထောင်ကျစ တူမလေးသိန်းသိန်းကို ပို့ချလေ့ရှိသော အိမ်ထောင်သက်နှစ်ဆယ်ရှိ ငြိမ်းသာ၏ဩဝါဒ။

ငြိမ်းသာ၏သည်အကျင့်ကို ပြတ်ပြတ်သားသား လက်မခံသူကတော့ သားတို့ဖေဖေ။သူသည် တစ်ခါတစ်ရံ ရုံးပိတ်ရက်များတွင် စိတ်လိုလက်ရရှိလျှင် စိတ်ကြည်လင်ရွှင်ပျနေလျှင် ငြိမ်းသာနှင့်အတူ ဈေးသို့လိုက်လေ့ရှိပါသည်။ သည်နေရာတွင်'တစ်ခါတစ်ရံ'ဟု အသုံးပြုရသည်မှာလည်း အကြောင်းရှိပါသည်။ အကြောင်းမှာ ငြိမ်းသာတို့လက်ထပ်ပြီးခါစ လေးငါးခြောက်နှစ်လောက်အထိတုန်းကတော့ သူ ငြိမ်းသာနှင့်အတူ နေ့တိုင်းနေ့တိုင်း ဈေးလိုက်လေ့ရှိခဲ့ကြောင်းကို ပြောလို၍ဖြစ်ပါသည်။ ထို့နောက်ပိုင်းမှာတော့ စောစောကပြောသလို 'တစ်ခါတစ်ရံ'မှသာ။

ဈေးအလာ လမ်းတစ်လျှောက်လုံး အပေးအယူမျှတစွာနှင့် စကားတပြောပြော လာခဲ့ကြသူနှစ်ယောက်မှာ ဈေးထဲရောက်သည်နှင့် ပြဿနာဖြစ်တော့သည်။

'ဝယ်လိုက်ကွာ၊ သူ့ဆီကပဲဝယ်လိုက်တော့'

ဒီစကားက သူ့ဆီက အမြဲကြားခဲ့ရသည့်စကား။ ဒီစကားမျိုးပြောမနေချိန် သူ့မျက်နှာကို မော်ကြည့်လိုက်ပါက မှုန်တေတေ။ ရှုံသိုးသိုး။ သူက အဲသလို။

သူ စိတ်မရှည်တော့ပြီဟု သိလိုက်သော်လည်း ငြိမ်းသာ မငြင်ချင်ယောင်ဆောင်လိုက်သည်။ ဒီနားလေးတင်ပါ။ ဟိုနားလေးမှာ ဘာရှိတယ်နှင့် ခြေရှည်မြရှည်သည်။ ဘစ်ခါတစ်ရံ သူ အလွန်စိတ်တိုတောင်းလာလျှင် 'မင်းဘာသာဝယ်တော့ကွာ၊ ကိုယ်ဈေးထိပ်ဘတ်စ်ကားဆိပ်က စောင့်နေမယ်'ဟု ပြောပြောဆိုဆိုထွက်သွားတတ်ပါ၏။

သည်လိုနှင့် ဆယ်ပြားသက်သာသော၊ တစ်မတ်သက်သာသော ကုန်ပစ္စည်းတို့ကို ငြိမ်းသာ ဈေးကြိုဈေးကြား ဆိုင်အသေးအမွှားကလေးတွေဆီက ဝယ်လေ့ရှိခဲ့သည်။

'ဟောတော့ အန်တီရေ၊ အချိုမှုန့်က ဆားတွေရောထားတာနဲ့တူတယ် အန်တီရဲ့'

သိန်းသိန်းပြော၍ စမ်းကြည့်လိုက်တော့ အမှန်ပင်။

'အန်တီဝယ်ခဲ့တဲ့ ပဲဆီကလဲ နောက်နောက်ကြီးရယ်'

သည်လိုသတင်းပို့၍ ကြော်ရန် ဒယ်အိုးထဲထည့်လိုက်တော့ ရေသံက တဖျစ်ဖျစ်။ ရေနှေးရောထားသည်ကိုး။

ဖေဖော်ဝါရီလနောက်ပိုင်းတွင် ဆပ်ပြာချောင်းတွေ အဆမတန် ဈေးတက်စပြုလာ၍ သိမ်ကြီးဈေးသွား၍ ဆယ်ချောင်းလောက် တစ်ခါတည်းဝယ်လာခဲ့သည်။ နန္ဒဝန် ဈေးထဲတွင် တစ်ဖြတ်ကို တစ်ဆယ်ပေးရသည့် ရွှေဝါဆပ်ပြာချောင်းမှာ သိမ်ကြီးဈေးတွင် တစ်ဖြတ်မှကိုးကျပ်သာပေးရ၏။ ဆယ်ဖြတ်



ဆိုတော့ ငွေတစ်ဆယ်သက်သာသည်ကိုတွေးပြီး ငြိမ်းသာပြောမဆုံး။ ကျေနပ်မဆုံး။

သို့ရာတွင် ထိုကျေနပ်မှုကလေးမှာ နှစ်ရက်ပင်မခံ။ သားတို့တွေ၏ ရှပ်အင်္ကျီအဖြူများကို ကိုယ်တိုင်ဖွပ်လျှော်ရန် ဆပ်ပြာတိုက်တော့ ခါတိုင်းလို အမြှုပ် ဝေစီနေအောင် မထွက်။ မုန့်သေးလို့လားဟုတွေး၍ ထပ်ကာထပ်ကာ တိုက်သော်လည်း ထိုနည်းလည်းကောင်း၊ထိုနည်းလည်းကောင်းတာဘာကြောင့်မှန်းမသိ။ ဝယ်လာခဲ့သည့် ရွှေဝါဆပ်ပြာချောင်းများကို စစ်ဆေးကြည့်မိ၏။ ဟုတ်ပါသည်။ ရွှေဝါအစစ်တွေ အမှန်ပင်ဖြစ်ပါ၏။ ဆပ်ပြာသား ဝါဝါကလေးတွေ စက်ရုံ(၂)ဟူသော စာတမ်းကလေး။ ရွှေဝါဟု ရိုက်နှိပ်ထားသော စာကြောင်းကလေး။ အားလုံး မူလလက်ဟောင်း ရွှေဝါပင်။ သို့သော် စိတ်ထဲကမကျေနပ်။ တစ်ခုခုတော့ မှားနေပြီထင်တယ်။ ကိုယ်ကိုယ်တိုင်သေသေချာချာစေ့စေ့စပ်စပ် စစ်ဆေးဝယ်ခဲ့တဲ့ဆပ်ပြာချောင်းတွေပဲ။ ဘာကြောင့်ပါလိမ့်။

'အန်တီ'

ဆပ်ပြာချောင်းများကို ဖင်ပြန်ခေါင်းပြန် ကြည့်နေသည့် သိန်းသိန်း၏အသံ။ သူ့အသံသည် လျှို့ဝှက်ချက် တစ်ခုခုကို တွေ့ရှိလိုက်နိုင်သူ၏ အသံမျိုး။

'တွေ့ပြီ အန်တီ၊ တွေ့ပြီ'

'ဟဲ့ ဘာတုံး၊ ဘာတွေ့တာတုံး'

သိန်းသိန်းက ဆပ်ပြာချောင်းတစ်ခုကို ရွှေထိုးပြရင်း–

'အန်တီ အဲဒီနေ့က စာဖတ်တဲ့မျက်မှန်နဲ့ ကြည့်ဝယ်ခဲ့တာလား'

အိုး ကြဲကြဲဖန်ဖန်။ ဆပ်ပြာဝယ်တာ ဘယ့်နှယ် စာကြည့်မျက်မှန်တပ်ရမှာလဲ။ အမြဲတပ်ဆင်ထားတဲ့အဝေးကြည့်မျက်မှန်နှင့်ပဲပေါ့။ ခေါင်းခါပြလိုက်တော့ သိန်းသိန်းက ရယ်သံကလေးနှင့် 'အဲဒါကြောင့်နေမှာ၊ သေချာတယ် အန်တီ'ဟု ဆက်ပြောနေ၏။ ငြိမ်းသာက ဘာများပါလိမ့်ဟု သူ့လက်ထဲက ဆပ်ပြာချောင်းကို သိလိုစိတ်ပြင်းပြစွာနှင့် ကြည့်လိုက်တော့ သူက 'ရွှေဝါ' ဟူသော စာလုံးနှစ်လုံးကို လက်ညှိုးဖြင့်ထောက်ပြလိုက်၏။

'ဒီမှာလေ အန်တီ၊ ဒါရွှေဝါမှမဟုတ်ဘဲ၊ ရွှေပါတဲ့ အန်တီ၊ ရွှေပါတဲ့၊ နေဦး အန်တီ့ စာဖတ်မျက်မှန် သွားယူလိုက်ဦးမယ်'

စာကြည့်မျက်မှန်နှင့် သေသေချာချာ ဖတ်လိုက်တော့မှ ရုပ်လုံး ပေါ်လာပါတော့သည်။ မှန်ပါသည်။ 'ရွှေဝါ'မှဟုတ်ပါ။ 'ရွှေပါ'မှ'ရွှေပါ'။ သို့သော် အတုထုတ်လုပ်သူများက အလွန်ပညာရှိပါပေသည်။ 'ပစောက်ရေးချပါ'ကို အလွန်သေသပ်စွာ မျက်စိလှည့်စားထားနိုင်ပါသည်။ သူတို့ တံဆိပ်နှိပ်ထားသည့် 'ပစောက်'ကလေးသည် အမှတ်တမဲ့ကြည့်လျှင် 'ဝလုံး'ဟုထင်ရလောက်အောင်ပင် အပေါ်'အဟကလေး'က ကျဉ်းသည်။ နည်းနည်း ကလေး ဆက်လိုက်လျှင် 'ဝလုံး' ဖြစ်သွားမည့် 'အဟကလေး'သာ ပါရှိသည်။

ထို့ကြောင့် ခံလိုက်ရပြန်ပါပြီ နောက်တစ်ချီ။

အကြောင်းစုံကိုသိသွားသောအခါ သားတို့ဖေဖေက မီးဖိုနံရံတွင် စာရွက်တစ်ရွက် ကပ်ထားလိုက်တော့၏။

'တစ်ခါတရံ အလိမ်ခံရလျှင် ခံရသူကို အပြစ်မတင်နိုင်'



'နှစ်ခါအလိမ်ခံရလျှင် လိမ်သူကို အပြစ်မဆိုနိုင်'
'သုံးခါ အလိမ်ခံရလျှင် ခံရသူ၏ အပြစ်လုံးလုံး'တဲ့။

\+ + +

သည်လို လက်ခုပ်ဩဘာသံ စီစီညံအောင် ချီးကျူးခံရ၍ မကြာသေးမီမှာပင် ငြိမ်းသာတို့ နောက်တစ်ချီ အလိမ်ခံရပြန်ပါ၏။

သည်တစ်ချီကတော့ဝတ္ထုအစတွင်ဖော်ပြခဲ့သည့်ဒေစီပန်းနှင့် ပတ်သက်၏။

မှတ်မှတ်ရရ ဧပြီလဆန်းက ငြိမ်းသာတို့ တူဝရီး သင်္ကြန်တွင်း စားရန် နောက် မိုးတွင်းသုံးလစာဟုရည်စူးပြီး ဈေးဝယ်ထွက်ခဲ့ကြသည်။ များများစားစား ဝယ်ထားမည်မို့ ထုံးစံအတိုင်း သိမ်ကြီးဈေးသို့သွားကြသည်။ အာလူး၊ ကြက်သွန်နီ၊ ကုလားပဲ၊ ငရုတ်သီးခြောက်၊ ငါးဖောင်ရိုးခြောက် စသည်တို့ တနင့်တပိုးကြီးဝယ်ယူပြီး ပြန်ထွက်အလာမှာ ဒေစီပန်းရောင်းသူ၏အသံကို ကြားလိုက်ရခြင်းဖြစ်ပေသည်။

'လှမှလှ၊ သိပ်လှ၊ ပန်းချီကျော်တစ်ယောက် ဆေးရောင်စုံဆွဲထားသလို လှတဲ့ပန်း အရောင်စုံတဲ့ပန်း'

တိုတိုပြောရလျှင် ထိုသူ့ထံမှ ဒေစီပန်းပင်တွေ ဝယ်ဖြစ်ခဲ့သည်။ သည်ပန်းမျိုးက သူ့လောက်မှအိုးမကြီးသောအပင်ကိုပင် တစ်အိုး ငါးကျပ်လောက် ပေးရသည်ကို သူ့ထံမှ တစ်အိုးလျှင် သုံးကျပ်ဖြင့်ဈေးဆစ်ရခဲ့သည်။

'မင်္ဂလာဒုံက ကိုယ်ပိုင်ခြံကမို့ ဒီဈေးနဲ့ ရောင်းနိုင်တာပါ။ အစ်မရယ်၊ အရောင်တွေစုံတာလဲကြည့်ပါဦး'

ဟုတ်သည်။ အရောင်စုံသည်ကတော့ အမှန်။ အနီ၊အဝါ၊ ရွှေအိုရောင်၊ ပန်းခရမ်း၊ ပန်းနုရောင်၊ အဖြူ တကယ့်ကိုအရောင်အသွေးစုံလှပါသည်။ လှလွန်းလှပါသည်။

ထို့ကြောင့် ဆယ်အုံဝယ်ဖြစ်ခဲ့သည်။ ငြိမ်းသာတို့ အရောင်ရွေးကြချယ်ကြနှင့်အလုပ်ရှုပ်ကြတော့ သူကစိတ်ရှည်သည်။တစ်ခွန်းသာ ပြောပါသည်။

'အားလုံးအတူတူချည်းပါပဲ အစ်မရယ်တဲ့'

သို့ပေမယ့် ဝယ်သူအကြိုက်ကို သူ လိုက်ပါသည်။ သူကပင် စိတ်ရှည်လက်ရှည် မညည်း မညူ ကူရွေးပေးရှာပါသေး၏။

အပြန်ကျတော့ အချိန်နှစ်ဆယ်လောက်ရှိမည့် အာလူး၊ ကြက်သွန်တွေအပြင် ဒေစီပန်း ရောင်စုံအုံကြီး ဆယ်အုံ။ ထို့ကြောင့် ဘတ်စ်ကားနှင့်ပြန်၍ မဖြစ်တော့။ သုံး ဘီး ကားတစ်စင်းကို ကမ္ဘာအေးသွားမည့်သူ တစ်ဦးနှင့် စပ်၍ စီးခဲ့ကြရ၏။

ကားခက တစ်ဆယ်။

'လှတယ်နော် အန်တီ၊ သိပ်လှတာပဲ'

'အေး တန်လဲတန်တယ်၊ ဒါတွေလေ တို့ဟိုဘက်လမ်းက ခြံထဲမှာ ဒီခလောက်တောင် အရောင်မစုံဘူး တစ်ပင် တစ်ကျပ် ရောင်းတာ၊ သူက ပင်ရင်းမို့ ခွဲစိုက်လိုက်ရင် အများကြီးရမှာ'

ကားပေါ်တွင် နီနီပြာပြာ၊ ဝါဝါဖြူဖြူ ပန်းအလှကလေးတွေကို အရိပ် တကြည့်ကြည့်၊ ကြည်နူးပီတိစိတ်တွေ ဝေလို့ ပြန်လာခဲ့ကြသည်။



ကြည်နူးစိတ်ကလေးတွေ ပျောက် ကွယ် သွားကြချိန်က ညနေစောင်း အိမ်ရှေ့ မြေကွက်လပ်ကလေးတွင် ချစိုက်ကြသည့် အချိန်။

'ဟဲ့ သိန်းသိန်းရယ်၊ ညည်းကလဲ အပင်တွေကို ဖြည်းဖြည်း အပေါ့၊ အသာလေးလုပ်၊ ကြည့်ပါဦး၊ ပန်းပင်လေးတွေအရိုး ကြီးကုန်ပြီ'

အပင်အုံထဲမှ ကျိုးကျလာသည့် ဒေစီပန်းပွင့်လေးကို နှမြော စွာ ကောက်ယူလိုက်မိ၏။ အလွန်ရှားပါးသည့် သုံးဘီးကား အရောင်ကလေး။

'ကျွန်မလဲ ဖြည်းဖြည်းခွဲတာပဲအန်တီရဲ့၊ ပန်းပွင့်ကလေးတွေ ထိအောင်ခွဲတာပါ'

'ကဲ ပေးပါအေ၊ အန်တီ့ဘာသာပဲ ခွဲပါ့မယ်၊ ညည်းက အရောင်လေးတွေ ခြားခြားစိုက်နော်၊ အဖြူ၊ အနီ၊ အဝါ ပါသလိုပေါ့အေ'

သိန်းသိန်းဆင်ခြေကို လက်မခံဘဲ ကိုယ့်ဘာသာကိုယ် ဆက် ပြောလိုက်၏။ ပန်းကလေးတွေ ပွင့်လျက်သားပါတော့ စိုက်လိုက် လျှင် ပိုလှလာတာပေါ့။ မျက်စိထဲတွင် ရောင်စုံပန်းကော်ဇော ကြီးကိုမြင်လာသည်။

'ဟောတော့'

သေသေချာချာ ဂရုတစိုက် အသာအယာ ခွဲလိုက်ပါလျက် နှင့် ပန်းကလေးတစ်ပွင့် ကျိုးကျသွားသေး၏။ အရွက်စိမ်းစိမ်း ားဖားကြားတွင် ငြိနေသည့်ပန်းပွင့်ကလေးကို ဆွဲထုတ်ယူလိုက် ၏။

'ဟယ်'

ပန်းပွင့်ကလေး၏ ရိုးတံအောက်ခြေနားတွင် လက်တဆ လောက်ရှိသည့် တုတ်တံတိုကလေးတစ်ချောင်း။ ရုတ်တ ဘာမှန်းမသိသေး။ နောက်ပန်းတစ်အုံကို ထပ်ခွဲကြည့်လိုက်၏ နောက်ထပ် ပန်းကလေး တစ်ပွင့် ထပ်ထွက် ကျလာ၏။ အပွင့်ကလေး၏ ရိုးတံအောက်ခြေတွင်လည်း တုတ်တံ ကလေး။

'ဩော် လက်စသတ်တော့ ဒီလိုကိုး'

'ဘာလဲဟင် ဘာဖြစ်လို့လဲ'

စိတ်တိုတို့နှင့်ပင် သိန်းသိန်းကို အကျိုးအကြောင်းရှင်းပြ မိ၏။ စိတ်ထဲကလည်း ခံပြင်းလိုက်သည်မှာ မပြောနှင့်တော့ ကျန်ပန်းအုံတွေအားလုံးကို ခွဲကြည့်လိုက်တော့ အားလုံး အတူ တူချည်း။ ရောင်စုံပန်းပွင့်ကလေးများသည် မြေပေါ်တွ ပြန့်ကြဲလျက်။

ငြိမ်းသာ သဘောဘာပေါက်သွားသည်။ လှပသေ အရောင်အသွေးစုံသော ပန်းပွင့်ကလေးများကို အရွက်များသ ပါသော ဒေဝီအပင်အုံကြီးထဲတွင် တုတ်တိုကလေးများဖြ ထိုးစိုက်ကာ—

'တကယ်ရှုပ်တဲ့ လူတွေပဲဟေ့၊ အံ့ရော၊ ဒါကြောင့် လောက်အရောင်စုံပြီး လှတဲ့အပင်တွေ ဒီဈေးနဲ့မရတတ်ပါ လို့ တွေးနေမိသေးတာ၊ မှတ်မိသေးလားသိန်းသိန်း၊ တို့အဓေ တွေ ရွေးကြတုန်းကလေ၊ အားလုံး အတူတူချည်းပါပဲ အင် ရယ်ဆိုတာလေ'



တွေးရင်းတွေးရင်း ကိုယ့်အဖြစ်ကိုယ် ရယ်ချင်လာသည်။ ဟုတ်သားပဲ။ သူအမှန်ကိုပြောတာပဲ၊ အပင်တွေအားလုံး အတူ တူချည်းပဲနေမှာပေါ့။ အားလုံး တစ်ရောင်တည်းနေမှာပေါ့။

'ဘယ့်နှယ်လဲ ဒေါ်ငြိမ်းသာ၊ ဒီတစ်ခါလဲ ခံလိုက်ရပြန်ပြီ လား'

ဇာတ်စုံသိသွားသည့် သားတို့ဖေဖေက ငြိမ်းသာကို ဩဘာ လှမ်းပေးလိုက်ပြန်ပါ၏။

\+ \+ \+

နောက်တစ်နေ့ ငြိမ်းသာတို့ မီးဖိုထဲဝင်ခဲ့ကြတော့ သားတို့ ဖေဖေ ကပ်ထားသည့်စာရွက်ပေါ်တွင် နောက်ထပ် စာ တစ်ကြောင်း ထပ်တိုးနေသည်ကို တွေ့ရပါ၏။

'ခဏခဏ အလိမ်ခံရသောသူကိုကား - ခေါင်းကို နာနာ ခေါက်ဖို့သာ ကောင်းပါတော့၏' တဲ့။

ငြိမ်းသာ အတော် ဒေါပွသွား၏။

'ဘယ်သူလဲဟေ့ ဒီစာရေးထားတာ'

[စာစုပလုပ်သားမဂ္ဂဇင်း။ ။၁၉၇၄ ခု၊ နိုဝင်ဘာ]



# တီဗွီနဲ့ ကြည့်ချင်ပွဲ




# တီဗွီနဲ့ ကြည့်ချင်ပွဲ

‘မဟုတ်ဘူးကွ မဟုတ်ဘူး၊ တူ့ဟာက တစ်ဖာလို လေးဆောင့်ကွ ခလုတ်နှိပ်လိုက်မှ ဘိုင်စကုတ်ပြတာလို ပေါ်လာတာ’

‘အောင်မယ်ကွာ ငါလဲမြင်ဖူးပါတယ်၊ ကျိုက်စကံကွင်းထဲမှာ ပြည်ထောင်စုနေ့တုန်းက ပြတာကွ၊ဘိုင်စကုတ်နဲ့မတူပါဘူး၊ ဒူက ပိတ်ကားမပါဘူး။ မှန်ပေါ်မှာ ထင်လာတာ၊ ပြီးတော့ အားလုံး ဆေးရောင်စုံ’

‘တ’နှင့်‘သ’ကွဲပြားအောင်မပြောနိုင်သူက ဇေယျာအောင်၊ အပ်ချေး တရှုပ်ရှုပ်နှင့်။

‘ကျိုက္ကဆံကွင်း’ကို ‘ကျိုက်စကံကွင်း’ဟု အလွဲလွဲ အချော်ချော် ခေါ်လိုက်သူက တေဇာဖြိုး၊ လက်မလေးကိုကိုက်ကာ ကိုက်ကာနှင့်။

သူတို့ နှစ်ယောက်ကြားတွင် ရပ်ကာ ဇေယျာအောင်ဘက် လှည့်ကြည့်လိုက်၊ တေဇာဖြိုးဘက် လှည့်ကြည့်လိုက်နှင့် မျက်လုံး

အရောင်တလက်လက် ထွက်သည်အထိ စိတ်ပါဝင်စားစွာ နားထောင်နေသူမှာ နေမျိုးကျော်။

သူတို့အငြင်းအခုန် ဖြစ်နေကြသည့်အကြောင်းကား တယ်လီဗေးရှင်းခေါ် ရုပ်မြင်သံကြားစက်နှင့် ပတ်သက်၍။

သူတို့ ရပ်ကွက်ကလေးမှာ ပုံကျစျေးသည်များ၊ နေ့စားအလုပ်သမားများ၊ ဆိုက်ကား သမားများနှင့် အငှားကားမောင်းသူများ နေထိုင်သည့် ရပ်ကွက်ကလေးဖြစ်သည်။ သည်ရပ်ကွက်အတွင်းရှိ မြေကွက်လပ်တစ်ခုတွင် ယခင်ခြောက်လခန့်က တိုက်တစ်လုံး ထူးထူးခြားခြား ဆောက်လာသည်။ ထိုတိုက်သည် နေမျိုးကျော်တို့နေသည့် ခြံကြီးနှင့် ကပ်လျက်ဖြစ်သည်။ ယခု ထိုတိုက်သစ်ကြီးသို့ အိမ်ရှင်များ ပြောင်းရွှေ့လာကြပြီး ကားကြီးလေးစီးတိုက်ခန့်ရှိသော အိမ်ထောင် ပရိဘောဂများနှင့် ပြောင်းလာသော ထိုအိမ်ကြီးရှင်များကို ရပ်ကွက်တွင်းမှ စိတ်ဝင်စားကြသည်မှာ ဘာမှမဆန်း။ နောက်တစ်ခု ပါလာသည်မှာ စောစောက သူတို့အငြင်းအခုန်ဖြစ်နေကြသည့် ရုပ်မြင်သံကြားစက်ပင် ဖြစ်ပါတော့၏။

စကားဝိုင်း ခေတ္တရပ်သွားခိုက် နေမျိုးကျော်က သူ့ပုဆိုးခါးပိုက်အတွင်းမှ ဆီးဖြူသီးများကိုထုတ်၍ ရောင်းရင်းနှစ်ယောက်ကို ညှော်ခံလိုက်သည်။

'အေးကွာ မင်းတို့ခြံကြီးက တယ်ပျော်စရာကောင်းတာပဲ။ မာလကာသီးတွေလဲ ရှိတယ်နော် စုံနေတာပဲ'

ဇေယျာအောင်က ကျေနပ်စွာ ပြောပြီး နှပ်ချေးတစ်ချက် ရှုပ်လိုက်၏။



'အေးကွ အဖေတို့ ဆရာက သိပ်သဘောကောင်းတာ၊ သူ့ခြံထဲက ဘာခူးစားစား မပြောဘူး'

သည်ခြံကြီးကို သူတို့ အလွန်သဘောကျကြပေသည်။ အပြင်မှ မုန့်ပဲသရေစာများများ မဝယ်စားနိုင်သော သူတို့ရပ်ကွက်အတွင်းမှ ကလေးများအတွက် သူ့ဖေဖေ၏ ဆရာဆိုသူပိုင်သည့် သည်ခြံကြီးမှာ အတော်ကြီးကို အဖိုးတန်လှပေသည်။

'ဟေ့ကောင် နေမျိုးကျော်။ ဆီးဖြူသီးဆိုတာ ငါးပိနဲ့စားမှ အရသာရှိတာကွ'

ဇေဇာဖြိုး ဘာကိုဆိုလိုကြောင်း သိလိုက်၏။ နေမျိုးကျော် အမေ့ဆီလှမ်းကြည့်လိုက်၏။ ခြံထောင့်စွန်းနားရှိ ရေဘွင်းကြီးနံဘေးဝယ် အမေက အဝတ်ဖွပ်လျက်။

နေမျိုးကျော် အိမ်ထဲသို့ လှစ်ကနဲ ပြေးဝင်သွား၏။ နောက်ချက်ချင်းပြန်ရောက်လာ၏။ သူနှင့်အတူ စိမ်းစားငါးပိနံ့ကပ်ပါလာသည်။ ထို့အပြင် သူ့အောက် နှမကလေး သဇင်သင်း၏ တိုင်တောသံ။

'အမေရေ၊ ကိုကြီးရယ် ငါးပိတွေမှ တစ်ဆုပ်ကြီးပဲ နှိုက်သွားတာ'

အသံက ခုနစ်သံချီ။

နေမျိုးကျော် စိတ်တိုသွားရ၏။

'ဟဲ့ ကောင်မလေး၊ ပေါက်တတ်ကရ အော်မနေနဲ့၊ အိုးထဲရှိတာမှ လက်တစ်ဆစ်လောက်ရယ်'

နှမကလေးကို မာန်ပစ်ခဲ့မိ၏။

'ဟဲ့ သားကြီးမလုပ်နဲ့နော်၊ ညနေ ခရမ်းချဉ်သီးငါးပိချက် ချက်မလို့၊ မလောက်ဘဲ နေမယ်'

အမေက ဝတ္တုရားမပျက် လှမ်းအော်လိုက်၏။ သူ့မေ
လှမ်းအော်ရုံသာ အော်နိုင်သည်။ နေ့စေ့လစေ့ ကိုယ်ဝန်ကြီး
နှင့်မို့ နေမျိုးကျော်ဆီသို့ တကူးတက ထလာမနေနိုင်။

'နည်းနည်းလေးပါဗျာ၊ အမေကလဲ'

မှန်သည်။ ထိုငါးပိလုံး သေးသေးကလေးကိုပင် တေဇာ
လက်ထဲ လှဲပေးလိုက်ရ၏။ တေဇာဖြိုးက သူတို့သုံးယောက်
တွင် လူလည်အကျဆုံး မဟုတ်လား။ တယ်လီဗေးရှင်းကြည့်
သည်ကောင့်ကို အားကိုးနိုင်သည် မဟုတ်လား။

'မင်း အဲ့ဒီတိုက်ထဲ ရောက်ဖူးလား'

တစ်ဘက်က တိုက်ကြီးကို မေးငေါ့ပြကာ စူးစမ်းလိုက်မိ၏
တေဇာဖြိုးက ခေါင်းညိတ်ပြလိုက်၏။ တေဇာဖြိုး၏အာ
မှာ ဆီးဖြူသီးနှင့် ငါးပိထဲတွင် လုံးလုံးရောက်ရှိနေလေ

'မင်းသွားတော့ အဲ့ဒီ တီဘီစက်ကြီးပြနေလား'

'အေး ရှလွတ် ပလပ်'

လိုရှင်း၊ တိုရှင်း ဖြေကြားသံ။

'ငါကွာ အဲ့ဒီ တီဘီ ကြည့်ဖူးချင်လိုက်တာ'

'တီဗွီပါကွ တီဘီ မဟုတ်ပါဘူး'

'အေးလေ၊ ငါကလဲ တီဘီလို့ပြောတာပါပဲ'

'ရွှေသွားကလေးနှစ်ချောင်း ကျိုးနေသဖြင့် ပီပီသသမ
ဆိုနိုင်။

'အဲ့ဒီမှာ ကတာတွေ အများကြီးပြတယ်ဆို၊ ဆေးရောင်
ဆို၊ မင်းနဲ့ခင်ရင် နောက်တစ်ခါ ငါ့ကိုပါ ခေါ်သွားပါကွာ
နော်၊ ငါကြည့်ဖူးချင်လို့ပါ'

သွားကျိုးကလေးများ ပေါ်လာသည့်အထိ မျက်နှာချို



သွေးလိုက်မိ၏။ ဇေယျာအောင်က ဆီးဖြူသီးကို ရွတ်ကနဲကိုက်
လိုက်ရင်း–

'မင်းကလဲကွာ၊ မင်းတို့ခြံနဲ့ ကပ်လျက်ပဲဟာ၊ သွားလည်
ပေါ့ကွ၊ အဲ့ဒီအိမ်မှာ တို့အရွယ်ကောင် တစ်ကောင်ရှိတယ်ကွ၊
ဘာတဲ့ကွာ သူ့နာမည်....'

'အာကာစိုးကွာ မင်းကလဲ'

တေဇာဖြိုးက ဝင်ထောက်ပေးလိုက်၏။

'အေး ဟုတ်တယ်၊ ဟုတ်တယ် အာကာစိုးတဲ့၊ သူ့ထိန်းတဲ့
မိန်းမကြီးက ခေါ်တာတော့ တစ်မျိုးကွ ဆန်နီဆိုလားပဲ'

'ငါလိုအရွယ်ဆို အဲ့ဒီကောင်က သူ့ကို ထိန်းရသေးလား
နို့စို့တဲ့ အရွယ်မှ မဟုတ်တာ'

နေမျိုးကျော် စိတ်ရှုပ်ထွေးစွာ ဖြတ်မေးလိုက်မိ၏။

'တို့အရွယ်ပေမယ့် ထိန်းတဲ့ မိန်းမကြီးရှိတယ်ကွ၊အောင်မယ်
အဲ့ဒီ မိန်းမကြီးက သိပ်ကြီးကျယ်တာ၊ မနေ့က ငါက ကိုယ့်
ရပ်ကွက်ထဲပြောင်းလာတဲ့ လူတစ်တွေပဲလေ ဆိုပြီး ပြုံးပြတာ
မမြင်ချင်ယောင် ဆောင်သွားတယ်ကွ တီလား'

'အဲ့ဒီကောင်က ဘယ်နှစ်တန်းတဲ့လဲ'

နေမျိုးကျော်က မိန်းမကြီးကို စိတ်မဝင်စား၊ အာကာစိုး
ကိုသာ စိတ်ဝင်စားသည်။

'သုံးတန်းပါပဲကွာ သူကလဲ အိုက်စကလင်ခံလိုက်တာ လွန်
ရော၊ မင်းက ခြံချင်းကပ်နေပြီး မတွေ့ဖူးဘူးလား၊ လားကြီးနဲ့
မနက်တိုင်း ကျောင်းသွားတာ'

ခေါင်းခါပြလိုက်မိ၏။

ထိုစဉ် ဆိုင်းသံ၊ ဗုံသံများကို သူတို့ကြားလိုက်ရ၏။

'ဟော အစ်ကိုထွန်းတို့အဖွဲ့တောင် ဇာတ်တိုက်နေပြီ၊ လာ ဟေ့ သွားကြည့်ရအောင်၊ ဟိုဘက်လမ်းထိပ်မှာ ဇာတ်စင် ဆောက်နေပြီကွ၊ ငါ့အစ်မလဲ တေးသရုပ်ဖော်ထဲမှာ ပါတယ်။ ဟေ့ကောင် နေမျိုးကျော် မင်းအမေဆီက ပိုက်ဆံတောင်းခဲ့ကွာ၊ မျောက်အိုး ဝယ်ရအောင်'

ကိုလူလည် တေဇာဖြိုးက သဘင်းစုံ ပေးလိုက်သော်လည်း နေမျိုးကျော်က မလှုပ်မချောက်။

'ဟေ့ကောင် သွားတောင်းကွာ၊ တစ်ကျပ်လောက်ဆိုရင် ဆီးပေါင်းပါ ရတယ်'

'တော်ပြီကွာ၊ ငါမလိုက်ချင်ဘူး'

'အေး မင်းမလိုက်ချင်လဲ နေပေါ့ကွာ၊ ငါက မင်းကို တယ်လီဗေးရှင်း ကြည့်ရအောင် လုပ်ပေးမလို့ စိတ်ကူးထားတာ။ ခုတော့ မတတ်နိုင်ဘူး၊ မင်းထိုက်နဲ့ မင်းကံပဲ'

ကြီးကြီးကျယ်ကျယ်ပြောပြီး စောင်းငန်း စောင်းငန်းနှင့် ထွက်ခွာသွားကြတော့၏။

တယ်လီဗေးရှင်း ကြည့်ခွင့်ရနိုင်ဖို့ နည်းလမ်းကိုသာ ရှာကြံနေမိသော နေမျိုးကျော် သူတို့ကို တားမနေတော့ပေ။

'အလကား ငကြွားတွေ သူတို့လဲ ဘာမှ တတ်နိုင်တာ မဟုတ်ပဲနဲ့'

\+ \+ \+

'အမေရေ တန်ဆောင်တိုင် မီးထွန်းရအောင်နော် မီးပုံးလေး တွေ တစ်လုံးမှ တစ်ကျပ်တဲ့'



အမေက နေမျိုးကျော်စကားကို မကြားသလို ငြိမ်နေ၏။

'နော် အမေ နော်၊ သိပ်လှတာပဲ ရောင်စုံလေးတွေ'

'ကွယ် သားရယ်၊ အခုမ သမဝါယမက ဖယောင်းတိုင် လေးတွေ ထုတ်ထားတာ ရှိပါတယ်၊ အဲဒါ ထွန်းရအောင်ပါ'

အမေ့ လေသံက ဖျော့တော့သည်။ သူ့အမေ့စကားကို စောဒကတက်မည်ကြံဆဲ တစ်ဘက်ခြံမှ အသံကိုကြားလိုက်ရ၏။

'ဆန်နီ ဖြည်းဖြည်းစီးနော် သားလေး၊ လိမ့်ကျမယ်'

နေမျိုးကျော်သိလိုက်သည်။ ထိုအသံသည် အာကာစိုးအမေ ၏ အသံမဟုတ်။ အာကာစိုးကို ထိန်းသည့်မိန်းမကြီးအသံ။ ထိုစဉ် အာကာစိုး၏ မြူးတူးစွာ အော်ဟစ်သံပေါ်လာ၏။

'ဟေး'

လှမ်းကြည့်လိုက်တော့ ပန်းခြံထဲရှိဒန်းကို အားရပါးရ လွှဲကာလွှဲကာ စီးနေသည့် အာကာစိုးကို မြင်လိုက်၏

နေမျိုးကျော်စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။

အာကာစိုးနှင့် မိတ်ဆွေဖြစ်နိုင်ရန် သူကြိုးစားမည်။ မိတ်ဆွေ ဖြစ်သွားလျှင် သူတို့အိမ်က တယ်လီဗေးရှင်း ကြည့်ခွင့်ရနိုင်ပေ မည်မဟုတ်လား။

နေမျိုးကျော် သူ့စိတ်ကူးကို စတင် အကောင်အထည် ဖော်လိုက်၏။ ဆီးပေါင်းထုပ်ကလေးကို လက်ထဲဆုပ်ကာ အိမ် ရှေ့သို့ထွက်ခဲ့၏။ ခြံနှစ်ခုကို စည်းခြားထားသည့် ပုဏ္ဏရိက်ပင် များဆီသို့ သူဆင်းပြေးသွား၏။ အာကာစိုးနှင့် အနီးဆုံးနေရာ သို့ ရောက်သောအခါ ပုဏ္ဏရိက်ပင်များကြားကို တိုးဝင်ကာ အသံပြုလိုက်၏။ အာကာစိုးက သူ့အရှိန်နှင့်သူမို့ မကြားချေ။

'ဟေ့ကောင် အာကာစိုး'

*ဒေါ်လည်းဒေါ်၊ ဆီးစေ့နှင့် ပေါက်လည်းပေါက်။*

သူ့နဖူးကို ဆီးစေ့ ဒေါက်ကနဲလာမှန်တော့မှ အာကာ လှမ်းကြည့်တော့၏။ ပဏ္ဏရိက်ချုံကြားမှ သွားဖြီးကလေးနှင့် သူ့ကိုမြင်တော့ ဒန်းကိုရပ်လိုက်၏။

'ဘာလဲကွ၊ မင်းဘယ်သူလဲ'

စည်းရိုးနားလာရပ်ပြီး ခပ်တည်တည် မေးလိုက်ပုံမှာ ကြီးတခွဲသားနှင့်။

သူက အပြုံးကို ပိုရှဲပေါ်လွင်အောင် ကြိုးစားလိုက်၏။

'ငါ ဒီအိမ်ကလေ နေမျိုးကျော်တဲ့'

'ဟုတ်လား မင်းက ငါ့ကို ဘာလို့ ခဲနဲ့ပေါက်တာ ချချင်လို့လား'

နေမျိုးကျော် မျက်လုံးပြူးသွား၏။ မိတ်ဆွေဖြစ် တပင်တပန်းကြိုးစားခါမှ ရန်လိုစကားအဆိုခံ နေရရှာ

'မဟုတ်ပါဘူးကွာ ခဲနဲ့ပေါက်တာ မဟုတ်ပါဘူး၊ မင်းကို ခေါ်နေတာမကြားလို့ ဆီးစေ့နဲ့ပေါက်တာပါ၊တက ပါ ဟဲ ဟဲ၊ စားပါဦး၊ ရော့'

သွားကျိုးကလေးပေါ်အောင် မျက်နှာချိုသွေးရင်း ပေါင်းထုပ်ကို လှမ်းပေးလိုက်သည်။ အာကာစိုးက သူ့တို ဘက် တစ်ချက်လှည့်ကြည့်လိုက်ပြီး ဆီးပေါင်းထုပ်ကို ကသ ကရက် လှမ်းယူလိုက်၏။ ပြီး ဆီးသီးနှစ်လုံး သုံးလုံး ပါးစပ်ထဲ ထည့်ဝါးပစ်လိုက်၏။ ဒါကိုကြည့်ပြီး နေမျိုးကျေ ကျေနပ်သွားသည်။ ပထမအဆင့်တော့ အောင်မြင်သွားပေပြီ

'ကောင်းတယ်နော် စပ်လဲစပ်၊ ချိုလဲချို ချဉ်လဲချဉ်တ နော်'



*အာကာစိုးက* တရှူးရှူးတရှဲရှဲဖြင့်စားရင်း ခေါင်းညိတ် ပြလိုက်၏။ နေမျိုးကျော် ဝမ်းသာမဆုံးတော့ပြီ။ သူငယ်ချင်း ဖြစ်သွားကြပြီလေ။

'ကောင်းတယ်ကွာ၊ အားကြီးကောင်း၊ မင်းဆီးသီးတွေ ငါ့အကုန်လုံး ပေးစားတော့ကွာ၊ ရော့၊ ငါဆီက ချော့ ကလက်ကို မင်းစားလိုက်'

'ချော့ကလက်၊ ဟုတ်လား၊ ဘယ်လိုဟာမျိုးလဲ အာကာ စိုး'

အာကာစိုး လှမ်းပစ်ပေးလိုက်သည့် ရွှေရောင်စက္ကူထုပ် ပြားပြားကလေးကို သူ ဆီးဖမ်းလိုက်၏။

'ဆန်နီ ဘာလာလုပ်နေတာလဲ ဟင်'

မိန်းမကြီးက အသံထက်ပင် မြန်ချင်သေးသည်။ သူတို့ အနီးနားသို့ . သုတ်ကနဲရောက်ရှိလာ၏။ အာကာစိုးက ဆီး ပေါင်းထုပ်ကို လက်ထဲကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး ဝှက် ထားလိုက်သလို နေမျိုးကျော်ကလည်း ချော့ကလက်ထုပ်ကို ချုံကြားထဲချထားလိုက်၏။

'ပြစမ်း၊ လက်ထဲကဘာလဲ၊ မှန်း၊ မမသိရင်တော့ နာနီ့ကို ဆူတော့မှာပဲ ဆန်နီရယ်၊ ပေါက်တတ်ကရတွေ မစားရဘူးလို့ ပြောထားတယ်မဟုတ်လား၊ ရောဂါဖြစ်တတ်တယ် ဆန်နီရဲ့ မစားနဲ့နော်၊ ပေး ပေး နာနီ့ကို'

အာကာစိုးက လက်ထဲမှ ဆီးပေါင်းထုပ်ကို အလွှတ်မခံ။

'ဆန်နီက လိမ္မာတယ်နော်၊ ပေးနော် သားလေး၊ ချော့ ကလက်ပေးထားတာ စားပေါ့ဆန်နီရဲ့၊ ဒါတွေက မတည့်ဘူး နော်'

'အိုး နာသီကလဲ၊ ချောကလက်က မရှိတော့ဘူး၊ ဟိုကောင်လေး ပေးလိုက်ပြီ'

စူးရှသောအကြည့်သည် နေမျိုးကျော်ထံ ရောက်ရှိလာ၏။

'ကြည့်စမ်း မင်းတော်တော်လူလည်လုပ်ပါလား၊ ဆီးသီးနဲ့ ချောကလက်ကို ညာပြီးလဲစားတာပေါ့လေ ဟုတ်လား၊ လူကြည့်တော့ လက်တစ်ဆစ်လောက်ရှိသေးတယ် အံ့ရောတော်'

အသက် ရှစ်နှစ်ပင် မပြည့်တတ်သေးသော်လည်း သည်လိုအကြည့်၊ သည်လို အပြောအဆိုမျိုးသည် နှစ်သက်စရာမဟုတ်မှန်း နေမျိုးကျော် ခံစားတတ်နေပြီလေ။ သူသည် သူ့အိမ်ကလေးမှာ မိဘတို့၏ အချစ် အကြင်နာကို အများဆုံး ရရှိနေသူမဟုတ်ပါလား။ ဒီလို အပြောမျိုးတော့သူမကြိုက်၊ မိန်းမကြီး၏ မျက်လုံးတို့ကိုကြည့်ရင်း ဖေဖေဖြိုးတို့ တစ်နေ့ကပြောခဲ့သည့်စကားကို ပြန်သတိရလာပြီး သည်မိန်းမကြီးကို မုန်းတီးစိတ်ဝင်လာ၏။

'ဒါကြောင့် နာနီပြောထားတာပေါ့၊ ဒီလိုကောင်လေးတွေနဲ့မပေါင်းနဲ့၊ သူတို့က အကျင့်ယုတ်တတ်တယ်လို့'

နေမျိုးကျော် ပို၍ အမြင်ကတ်သွားသည်။

'ဒီမှာ နာနီဆိုတဲ့ မိန်းမကြီး၊ ခင်ဗျားတို့ ချောကလက်လဲ ကျွန်တော်မစားချင်ဘူး၊ ညာစားတာလဲမဟုတ်ဘူး သိလား၊ ဟေ့ကောင် အာကာဖိုး၊ ရော့၊ မင်းဥစ္စာ'

ရွှေရောင်စက္ကူထုပ်ကလေး တစ်ဘက်ခြံသို့ ပြန်ရောက်သွား၏။ မိန်းမကြီးက အတော်ဒေါသ ဖြစ်သွားပုံရသည်။

'ကြည့်စမ်း၊ တော်တော်ရိုင်းတဲ့ကောင်လေး၊ နင့်အမေနဲ့ကို တိုင်မယ်'



'တိုင် တိုင် တိုင်တစ်လုံးငါးမတ်၊ မဝယ်နိုင် နင့်ပါးငါချ'

စိတ်လိုက်မာန်ပါ အော်ပစ်ခဲ့ပြီးမှ သူ နောင်တရသွား၏။ သည်မိန်းမကြီးနှင့် ရန်ဖြစ်ခဲ့မိခြင်းမှာ သူ့အတွက် လုံးဝ မနိပ်။ ဘာပဲပြောပြော သည်မိန်းမကြီးကတော့ သူ့ကို အကောင်းထင်တော့မည် မဟုတ်။ လူလည်ကလေး၊ လူရိုင်းကလေး ဟု ယူဆသွားလေပြီ။ အမေ့ကိုလည်း တိုင်မည်ပြောသည်။ အမေ့ကို တိုင်လျှင် တော်သေးသည်။ အဖေ့ကိုသာ တိုင်လိုက်ပါက သူ သက်သာမည်မဟုတ်။ အဖေက အငှားကား မောင်းသမားဆိုပေမယ့် ရိုင်းစိုင်းလျှင် နည်းနည်းမျှမကြိုက်။ သည်မိန်းမကြီးနှင့် ပြဿနာဖြစ်မိ၍ အာကာစိုးတို့အိမ်သို့ ဝင်ထွက်သွားလာရန် အခွင့်အရေး နည်းပါးသွားလေပြီ။ သည်လိုတွေးမိတော့ နေမျိုးကျော် အလွန်စိတ်ညစ်သွားသည်။

သို့ရာတွင် အာကာစိုးကလည်း သူ့လိုပဲ သူ့အိမ်မှာဗိုလ်။ အာကာစိုးကို အားလုံးက အရိပ်ကြည့်ကာ အလိုလိုက်ထားကြကြောင်း သူသိထားပြီးပြီ။ သည်အာကာစိုးကို သူ ခင်မင်အောင် စည်းရုံးနိုင်ခဲ့ပြီဖြစ်သဖြင့် တယ်လီဗေးရှင်းကြည့်ဖို့ အခွင့်အလမ်း လုံးဝ မဆုံးရှုံးသေးဟု စဉ်းစားမိပြန်ရာ သူ အားတက်လာရလေသည်။

ထိုညက နေမျိုးကျော်၏ ဖခင် ကားစောစော ပြန်အပ်ပြီး အိမ်ပြန်ရောက်လာသည်။ သူ့သားကြီးနှင့် သမီးငယ်ကို တန်ဆောင်တိုင် အကြိုညတွင် ပွဲလျှောက်ပြရန် အစီအစဉ်နှင့်—

'သား မလိုက်ချင်ဘူး အဖေ'

သူ့အဖေ အံ့ဩသွားသည်။ ပွဲကြိုက်သောသားက ခပ်ပြတ်ပြတ်ငြင်းသည်ကို သူ့အဖေ နားမလည်နိုင်ချေ။

'ဘာဖြစ်လို့လဲ သားကြီးရဲ့'

'သားလမ်းမပေါ်ကပွဲတွေ မကြည့်ချင်ဘူး'

'အောင်မယ် ကြီးကျယ်ပါပေ့ကွာ၊ ဆိုပါဦး မင်းက ဘာပွဲမျိုး ကြည့်ချင်တာတုံး'

သူ့ဖခင်က သူ့ပါးကို ချစ်စနိုး ဆွဲလိမ်ရင်း မေးလိုက်၏။

'ပြောလေကွာ၊ သားက ဘယ်လိုပွဲမျိုးမှ ကြည့်ချင်လို့လဲ'

'သားက ဟိုဘက်တိုက်က တယ်လီဗေးရှင်းမျိုးမှ ကြည့်ချင်တာ'

သူ့အဖေထံမှသဘောကျစွာရယ်မောသံကို ကြားလိုက်ရ၏။

ထိုညက တယ်လီဗေးရှင်း ကြည့်ရသည်ဟု သူ အိပ်မက် မက်ခဲ့လေသည်။ ကြည့်ရင်းကြည့်ရင်း သူပါ ရောင်စုံ ပန်းပွင့်တွေကြားထဲ ရောက်သွားတော့ သူကျေနပ်မဆုံးတော့။

\+ \+ \+

နေမျိုးကျော် မျက်လုံးများကို စုံမှိတ်ထားသည်။

အမေသည် သူ့ကို နဖူးစမ်းလိုက်၊ ပါးစမ်းလိုက်နှင့်အနားက တစ်ဖဝါးမခွာ၊ တစ်မနက်လုံး အမေထမင်းစားပင် ထမသွား။ သမီးငယ် သဇင်သင်းက ဟင်းမရှိဘူးဟု လာနားပူတော့ ဗယာကြော်နဲ့ ဝယ်စားဟု ငွေတစ်ကျပ် ပေးလွှတ်လိုက်သည်။ အမေက သူ့ကို အဲသည်အထိ အချစ်ပိုသည်။

အမေရှိနေတော့ သူ အနေရ ကျဉ်းကျပ်သည်။ ဖျာအောက်က ဆီးပေါင်းထုပ်ကိုပင် ထုတ်စားခွင့်မရ။ ထို့ကြောင့် အသက်



န်မှန်ရှူကာ အိပ်ချင်ယောင် ဆောင်နေလိုက်တော့မှ အစိုးရိမ်ကြီးလွန်းသူ အမေက သူ့ကိုယ်ပေါ်သို့ စောင်ပါးလေး တစ်ည် ထပ်ခြုံပေးပြီး အခန်းပြင်သို့ ထွက်သွားတော့သည်။

အမေထသွားမှ နေမျိုးကျော် မျက်လုံးကို အသာဖွင့်ကြည့်က်၏။ သူ့ဘေးတွင် ကွမ်းရွက်ပြုတ်ရည် ပန်းကန်၊ အပူကျဆေးလုံးထုပ်နှင့် လက်ဖက်ရည်ချိုင့်တစ်ချိုင့် ရှိနေသည်။

နေမျိုးကျော် မနေ့ညကတည်းက ဖျားခဲ့သည်။ ဖျားသော်ည်း အိပ်မက်ထဲတွင် တယ်လီဗေးရှင်း ကြည့်ခဲ့ရသဖြင့် မနက်င်းတော့ သူကျေနပ်နေခဲ့သည်။

အဖေနှင့် အမေကတော့ သားကြီးကို အချစ်ပိုသလောက်အစိုးရိမ်လည်း လွန်ကြသည်။ အဖေ့ခများ ကားကိုပင် ဖြောင့်ဖြောင့်မမောင်းနိုင်။ နေ့လယ် ထမင်းစားချိန်က တစ်ခေါက်ပြန်လာပြီး သူကိုယ်တိုင်လက်ဖက်ရည်သွားဝယ်ကာ ဆေးတိုက်၏။ သားကို ဂရုစိုက်နော်ဟု အမေ့ကို အထပ်ထပ် မှာခဲ့၏။

'အမေရေ၊ ဇေယျာအောင်တို့ လာတယ်'

'ဟဲ့ သမီး၊ တိုးတိုး တိုးတိုး၊ ကိုကိုကြီး အိပ်ပျော်နေတယ်လေ၊ လာ လာ သားတို့၊ မင်းတို့ သူငယ်ချင်း တော့ကွယ် ညာတည်းက ဖျားနေတာ အဒေါ် ခုပဲ ဆေးတိုက်ပြီး သိပ်ထားတာ၊ မင်းတို့ ချောလိုပါလား၊ ဘာလဲ ပွဲလျှောက်ကြည့်ကြလို့ထင်တယ် ဟုတ်လား၊ တေဇာဖြိုး လက်ထဲက ဘာလဲ၊ျှောက်အိုးတွေလား၊ လူတွေကြားထဲ ပစ်မထည့်နဲ့နော်၊ အဖမ်းလိမ့်မယ်၊ ကဲ ကဲ သွားမယ်ဆိုလဲ သွားကြတော့၊ မင်းတို့ငယ်ချင်းကတော့ လိုက်နိုင်မှာ မဟုတ်ပါဘူး၊ သိပ်မှောင်အောင် မနေကြနဲ့နော်၊ အိမ်က စိတ်ပူနေမယ် ကြားလား'

'ဟုတ်ကဲ့ ဒေါ်ဒေါ်' ဟု ဖြေသံအဆုံး ဇေယျာအောင်တို့ အသံ လုံးဝမကြားရတော့။

နေမျိုးကျော်က သူ့သူငယ်ချင်းတွေသူ့ဆီ မလာနိုင်အောင် စကားပိတ်၍ ပြောလိုက်သူ အမေ့ကို မကျေနပ်ချင်။ သူ တောင်း ဖြိုးကို အထူးသဖြင့် တွေ့ချင်သည်။

ညက အိပ်မက်အကြောင်း ပြောပြချင်သည်။ အိပ်မက်ထဲ တွင် ကြည့်ခဲ့ရသည့် တယ်လီဗေးရှင်းနှင့် အပြင်က တကယ့် တယ်လီဗေးရှင်း တူမတူ သူမေးကြည့်ချင် လှသည်။ အမေ့နှယ် နော်။

'ဘယ်နှယ်နေလဲဟေ့ အပူကျရဲ့လား'

အဖေ့အသံ။ ဪ အဖေတောင် အလုပ်ကပြန်ခဲ့ပြီပဲ။

'ကျသွားပါပြီ၊ ချွေးစိုလို့ အင်္ကျီ နှစ်ခါလဲပေးလိုက်ရတယ်။ ခုနလေးကမှ ပြန်အိပ်သွားတာ'

'အင်း တော်ပါသေးရဲ့ မင်းသားကြီးကကွာ အတော့်ကို အစွဲအလမ်းကြီးတဲ့ ကောင်ပဲကိုးကွ၊ ညကလဲ ဒီတယ်လီဗေးရှင်း ကို နှစ်ခါသုံးခါ ထထယောင်တာ မင်းကြားတယ် မဟုတ်လား အတော်ခက်တဲ့ကလေး'

ခပ်တိုးတိုးညည်းရင်း သူ့ထံသို့ အဖေ ရောက်လာ၏။ မျက် လုံးကြီး ပုတ်ခတ်ပုတ်ခတ်ဖြင့် သူ့ကို ကြည့်နေသည့် သားကို မြင်တော့ ပြုံးသွားသည်။

'ဟေ့ကောင်ကြီး တယ်လီဗေးရှင်းရူးကြီး၊လက်ဖက်ရည်ကန် သွားပြီလား၊ အဖေ ထပ်ဝယ်လိုက်မယ်'

နေမျိုးကျော် ခေါင်းညိတ်ပြလိုက်၏၊ ဖျားမှ နာမှ ရရှိသည့် လက်ဖက်ရည် သောက်ရခြင်းတည်း ဟူသော အခွင့်အရေး



သူ လက်လွှတ်မခံနိုင်။ အဖေက ချိုင့်ကလေးဆွဲကာ ပြန်ထွက် သွား၏။

သူ ဖျာပေါ်တွင် စိတ်လက်ပေါ့ပါးစွာဖြင့် ငုတ်တုတ် ထိုင် လိုက်၏။ စောင်ကို ဖယ်ချပစ်လိုက်၏။

ထိုအခိုက်မှာပင် တစ်ဘက်တိုက်မှ အာကာစိုး၏ ကျည်ကျည် လောင်လောင် အော်ငိုသံကို ကြားလိုက်ရ၏။

'ကြည့်မှာပဲ၊ လိုက်ပို့ပေး လိုက်ပို့ပေး' ဟူသော ပူဆာသံနှင့် အတူ 'ဆန်နီကလဲကွယ် လိမ္မာသားနဲ့'၊ 'သားသားကလေးကလဲ ကွယ် တယ်လီဗေးရှင်းကြည့်တာက ပိုကောင်းတဲ့ဟာကို' စသော အသံများကိုပါ ကြားလိုက်ရလေသည်။ အာကာစိုး၏ ငိုသံကမူ ပို၍ ပို၍ ကျယ်လောင်လာလေသည်။ ဘာဖြစ်လို့များပါလိမ့်။

ထိုခဏမှာပင် အိမ်ရှေ့မှ အချီအချ စကားပြောသံကို ကြား လိုက်ရ၏။ တစ်ယောက်က သူ့အဖေ၊ ကျန်တစ်ယောက်ကား နေမျိုးကျော် ထိတ်သွား၏။ တစ်ဘက်တိုက်က နာနီဆိုသော မိန်းမကြီး၏အသံ။ ဒုက္ခပါပဲ မနေ့ကအဖြစ်ကို လာတိုင်နေတာ ထင်ပါရဲ့။ အဖေက သူ့ကို လွန်စွာ ချစ်သော်လည်း မိုက်မိုက် ရိုင်းရိုင်း ပြောဆိုပြုမူလျှင် အရိုက်ကွဲအောင် ရိုက်လေ့ရှိသည်။

'ကျွန်မလဲ နို့မို့ဆိုရင် လာမပြောပါဘူး၊ ခုဟာက'

ဟုတ်ပါပြီ ဟုတ်ပါပြီ၊ သဘောပေါက်ပါပြီ။

နေမျိုးကျော် ချွေးထုတ်ဆေး မသောက်ဘဲနှင့် ချွေးတွေ ပြန်လာသည်။ ဖျာပေါ်သို့ဇ မန်းကတန်း ပြန်လှဲအိပ်ချလိုက်၏။ စောင်ကိုဆွဲခြုံပြီး မျက်စိမှိတ်ထားလိုက်၏။ နားကမူ အိမ်ရှေ့ဆီ သို့ စွင့်ထားလျက်။

'တတ်နိုင်ရင်တော့ ကူညီပါဦး၊ သိပ်မကြာပါဘူး၊ ကလေး ကျေနပ်ရုံပါ၊ ကလေးက စိတ်ကြီးလွန်းလို့ တက်သွားမှာစိုးလို့ ပါ၊ တစ်နာရီလောက်တည်းပါ'

'ပို့ပေးလိုက်ပါ ကိုချစ်ရယ်၊ သားကြီးအတွက်လဲစိတ်ပူစရာမှ မရှိတာ'

သူ့အမေ၏ အားနာစွာ ဝင်ပြောလိုက်သံ၊ တိုင်သံ၊တောသံ တော့ မဟုတ်။ ဘာလဲတော့ သူနားမလည်။ နာနီ၏အသံသည် အထက်စီးကနေသည့် မကျေနပ်သံမဟုတ်။ ညင် သာ စွာ ဖြင့် မေတ္တာရပ်ခံသည့် လေသံမျိုးပင်။

'ကားမောင်းတဲ့လူက ဒီနေ့ နားတယ်လေ၊ ကလေးရဲ့အဖေ ကလဲ ခရီးထွက်နေရလို့ပါ၊ မမကလဲ ညဘက်ပွဲတွေ ဆိုတော့ ကားရှုပ်လူရှုပ်နဲ့ မမောင်းနိုင်လို့ပါ၊ ကျေးဇူးတင်ပါတယ်ရှင်၊ အိမ်က စောင့်နေမယ်နော်'

'ကျွန်တော် လာခဲ့ပါ့မယ်၊ အဆင်သင့်သာ စောင့်နေပါ'

ယခုမှ နေမျိုးကျော် ဖြစ်ရပ်မှန်ကို နားလည် သွားရပါ တော့၏။ ဖြူတ်ဆို ငုတ်တုတ်ကလေး ထထိုင်လိုက်၏။ ဖျာ အောက်မှ ဆီးပေါင်းထုပ်ကလေးကို နှိုက်ယူပြီး 'ဖေဖေ' ဟု အော်ခေါ်လိုက်၏။ သူ့အဖေ သူ့ဆီသို့ ချက်ချင်း ရောက် လာ၏။

'သားကြီး ဘာလဲ ဆာလှပြီလား'

နေမျိုးကျော် ခေါင်းခါပြလိုက်၏။

'သား တီဘီကြည့်ချင်တယ် အဖေ၊ အဖေက အာကာစီးကို ကားနဲ့ လိုက်ပြနေတုန်း သားကို တီဘီကြည့်ဖို့ ပြောပေးခဲ့ပါ နော်၊ ဖေဖေနော်'



'သားကြီးကလဲကွာ၊ တယ်ခက်တာပဲ'

သူ့အဖေက စိတ်ရှုပ်သွားပုံ ရသည်။

'မခက်ပါဘူးဖေဖေရ၊ ဖေဖေက သူတို့ကားကိုတောင် လိုက် မောင်းပေးရဦးမယ့်ဟာ၊ ဖေဖေပြောပေးရင် ရမှာပါ၊ ပြော ပေးပါနော် ဖေဖေရယ်၊ သား ငြိမ်ငြိမ်လေး ကြည့်ပါ့မယ်၊ တစ်ခါတည်းပါ၊ တစ်ခါတည်း'

လက်သီးလေး တထောင်ထောင်နှင့် မျှော်လင့်ခြင်း ကြီးစွာ ပြောနေသည့် သူ့ အသည်းစွဲ သားကြီးကို သူ ပစ်ပစ်ခါခါ ပြောရက်။ သနားသွားသည်။

'အေးကွာ၊ ဖေဖေ ပြောကြည့်မယ်လေ၊ အားတော့နာစရာ ကွာ၊ မင်း အတော်ဆိုးတဲ့ကောင်'

ထိုနေ့ညက နေမျိုးကျော်၏ အဖေ မောင်းပို့သောကားဖြင့် ကြည့်ချင်ပွဲများကို လျှောက်ကြည့်ရင်း အာကာစီးက မြူးထူးနေ သလို အာကာစီးတို့၏ ဧည့်ခန်းကျယ်ကြီးထဲရှိ ရုပ်မြင်သံကြား ကော်ရှေ့တွင် ကျုံ့ကျုံ့ကလေး ထိုင်ကာ နေမျိုးကျော် တစ် ယောက် ကျေနပ်ပျော်ရွှင်နေလေသည်။

ထို့အပြင် လူကြီးတွေအလစ် သူတို့နှစ်ယောက် ကျေနပ်စွာ အလဲအလှယ် ပြုလိုက်ကြသည်ကား ဆီးပေါင်းထုပ်နှင့် ချော လက်။

[မိုးဝေ။ ။ ၁၉၇၄ ခု၊ ဖေဖော်ဝါရီ]

## ပင်မြက်မြေစာ

ဝမ်းသာကြည်နူး ရွှင်မြူးနေကြသည့် သတို့သားနှင့် သတို့သမီးကလေးတို့ကို နှုတ်ဆက်ကာ မင်္ဂလာခန်းမကြီးအတွင်းမှ ထွက်ခဲ့ကြသည်။

ငြိမ့်ညောင်းသာယာသော တေးဂီတသံသည် ကျွန်တော်တို့နှစ်ဦးနောက်မှ ပျံ့ဝဲလိုက်ပါလာလေသည်။

'မော်မော်တို့ စီစဉ်ထားတာ သိပ်ကို အဆင်ပြေတာပဲနော်၊ သတို့သမီးကလေးကို ပြင်ပေးထားတာ သိပ်ကိုလှတာပဲ၊ ကောင်လေးကလဲ အတော်ကြီးကို မြတ်နိုးပုံရတယ်နော် ကိုကို'

မေသက်က ကျေနပ်စွာပြောလိုက်သည်။

ကျွန်တော်က ဇနီးချောမေသက်ကို လှည့်ကြည့်လိုက်မိ၏။ သုပနေဆဲဖြစ်သော မေသက်သည် အသက် လေးဆယ်ကျော်လာပြီဖြစ်သည့်တိုင် နုပျိုသွက်လက်ဆဲ။ ပြုံးနေသဖြင့် သူ့မျက်လုံးကလေးများ တောက်ပရွှန်းလက်နေသည်။

'ပြီးတော့ ကောင်လေးက သဘော်သား သာ ဆိုတယ် အရက်တောင် မသောက်တတ်ဘူးတဲ့သိလား၊ ရိုးရိုးအေးအေး လေးရယ်၊ ဒီခေတ်ကြီးထဲမှာ ဒီလိုကလေးမျိုးက ခပ်ရှားရှား ရယ်၊ မော်မော်တို့ သိပ်ကံကောင်းတာပဲနော် ကိုကို'

ကျွန်တော်ဖွင့်ပေးသောတံခါးမှ ကားထဲဝင်လာကာ ထိုင် ချပြီး မင်္ဂလာပွဲအကြောင်း ဆက်ပြောနေပြန်သည်။ ကောင် ကလေးက သူ့သူငယ်ချင်း မော်မော်တို့အိမ်သို့ လိုက်နေမည့် အကြောင်းကိုပါ သူစပ်စုခဲ့ပြီး ဖြစ်ဟန်တူသည်။

'နော် ကိုကို'ဟူသော အဆုံးသတ်စကား အသုံးအနှုန်း သည် ကျွန်တော့်ထံမှ သဘောတူထောက်ခံချက်ကို လိုလား သည့်ဆန္ဒဖြစ်ကြောင်းကိုလည်း ကျွန်တော် နားလည်လိုက်ပြီး သား။

ထို့ကြောင့် ကားစက်နှိုးနေရာက ခေါင်းညိတ်ပြလိုက်ရင်း 'ဟုတ်တာပေါ့ မော်မော့်သမီးလေး ကံကောင်းတာပေါ့ 'ကိုကို'

'အင်း ပြောလေ'

'မေသက်တို့ သမီးလေးလဲ ဒီလိုကံကောင်းရင် သိပ်ကောင်း မှာပဲနော်'

တောင့်တအားကျသော မိခင်တစ်ဦး၏ စေတနာဆန္ဒ။

'ကံကောင်းမှာပါ မေသက်ရယ် ဘာမကောင်းစရာရှိလို့လဲ'

မှန်သည်။

ကျွန်တော်၏သမီးငယ် မေနွယ်ဦးအတွက် ကျွန်တော် ကြောင့်ကြစိတ် မြူမှုန်မျှပင်မဝင်မိ။ သမီးမေနွယ်ဦးမှာ ကုသိုလ် ကံတစ်သက်လုံးကောင်းမည့် မိန်းကလေး ဖြစ်သည်။ သူမလာ



မိကပင် လိုလိုလားလား မျှော်လင့်တကြီး ကြိုဆိုခဲ့ကြသည်။ သူ့ဘဝတစ်ခုလုံး ပန်းလိုမွှေး၊ စမ်းလိုအေးအောင် ကြိုတင် စီစဉ်ခဲ့ကြသည်။ မွေးဖွားသည်မှ ယခု အသက်နှစ်ဆယ်အရွယ် ရောက်သည်အထိ အေးချမ်းသာယာသောဘဝကို သူ ပိုင်ဆိုင် ခဲ့ရသည်။

ချမ်းသာကြွယ်ဝလှသည့် အဘိုးအဘွားနှင့် ရာထူးကြီး၍ ဂုဏ်ရှိန်မြင့်သူ့ မိဘနှစ်ပါးရှိပြီး ညဏ်ပညာထက်မြက်၍ ရုပ်ရည် လှပချောမောသည့် သမီးငယ်ကဲ့သို့ အဘက်ဘက်မှ ပြည့်စုံ လှသည့် ဘဝပိုင်ရှင်အတွက် ဘာများ ပူပန်စရာလိုသေးပါ လို့လဲ။

သမီးငယ်အကြောင်းကို တွေးနေရာက စိတ်တို့ ပျံ့လွင့်သွား သည်။

လေးနှစ်သမီးကတည်းက 'အဖေနှင့်ကွဲကွာကာ အဖမဲ့ဘဝ ဖြင့် ကြီးပြင်းခဲ့ရရှာသော သမီးကြီး 'ဒါဒါ'ဆီ စိတ်ရောက် သွားသည်။

'သမီးကြီး ဒါဒါ'ခမျာမှာတော့ သမီးငယ်၏ဘဝမျိုးကို မရရှိခဲ့ရှာပေ။ သမီးကြီးက ကုသိုလ်နည်းခဲ့ရှာသည်။

'ကိုကိုရေ တကယ်တော့ ပစ္စည်းဥစ္စာ ပညာဂုဏ်ပြည့်စုံရုံနဲ့ လဲ သာယာတဲ့ အိမ်ထောင်တစ်ခု ဖြစ်မလာနိုင်ပါဘူးနော်၊ တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးလဲ ချစ်ကြပါဦးမှ၊ ကိုကို ဘယ်လို ယူဆသလဲဟင်'

မေသက်အမေးက ကျွန်တော့်အတွေးကို ဖြတ်တောက်ပစ် လိုက်၏။ သူသည် တွေးတွေးဆဆလေးမေးပြီး ကျွန်တော့်ထံမှ အဖြေကိုစောင့်နေသည်။

'မေသက်ရယ် တကယ် တမ်း ပြောရမယ် ဆိုရင် တော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြရုံနဲ့လဲ သာယာတဲ့အိမ်ထောင် တစ်ခု ဖြစ်မလာနိုင်သေးပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကြပြီး ကိုယ့်ရဲ့အတ္တမာနကို လုံးဝခြေချထားနိုင်မှ သာ သာယာတဲ့အိမ်ထောင်ရေးတစ်ခုဖြစ်အောင် ကြာရှည် ရပ်တည်နိုင်မှာပါ'

ကျွန်တော်သည် ခံစားမှုအပြည့်ဖြင့် လေးလေးနက်နက် ဖြေလိုက်မိ၏။ ကျွန်တော်တို့သည် အိမ်ထောင်သက် အနှစ် နှစ်ဆယ်ကျော်ခဲ့မှ အချစ်နှင့် အိမ်ထောင်ရေးပြဿနာများကို ထူးထူးခြားခြား ဆွေးနွေးနေမိကြပေသည်။

'ကိုကို မေသက်တို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရှိကြတယ်လို့ ကိုကိုယူဆတယ် မဟုတ်လားဟင်'

ကျွန်တော် မေသက်ကို ငဲ့ကြည့်လိုက်မိ၏။ ကျွန်တော့် အဖြေကို ငံ့လင့်နေသည့် မေသက်အကြည့်သည် အဓိပ္ပာယ်ရှိလှ ပါ၏။ သူသည် ကျွန်တော့်အတိတ်ဘဝ သို့မဟုတ် သူနှင့် လက်မထပ်မီ က ဘဝအစိတ်အပိုင်းကို အားလုံးသိရှိခဲ့ပြီးဖြစ်သည့် ဇနီးမဟုတ်ပါလား။

သူ့ လက်ဖဝါးကလေးတစ်ဘက်ကို အသာဆုပ်ကိုင်ထားပြီး ကျေနပ်စွာပြောလိုက်မိ၏။

'မေသက်က ကိုကို့အပေါ် အမြဲနားလည်မှုရှိခဲ့တဲ့ ဇနီး ကောင်းပါကွယ်'

နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သော မေသက်၏အပြုံးသည် ကြည်လင်ရွှန်းလက်နေပေသည်။



ဟုတ်လည်း ဟုတ်ပါသည်။

မေသက်သည် နားလည်မှုအလွန်ရှိသည့် ဇနီးသည်ပင်။

ယခုလည်းကြည့် မောင်ထွန်းမြင့်ရောက်လာ၍ သမီးကြီးတို့ သားအမိ နေထိုင်ကောင်းမကောင်း၊ နေရသည့်အိမ်ခန်း အဆင် ပြေမပြေ စသည်ဖြင့် သုံးလေးခွန်းမျှသာ မေးမြန်းပြီး သိုးမွေး တဘက်ကလေး ထိုးစရာရှိ၍ဟု အကြောင်းပြကာ အပေါ် ထပ်သို့ တက်သွားလေသည်။

ကျွန်တော်သိသည်။

မေသက် အပေါ်ထပ်တက်သွားသည်မှာ မောင်ထွန်းမြင့်နှင့် ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် သူတမင် ရှောင်ပေးသွားခြင်းဖြစ်သည်။ အလိုက်တသိ ဖယ်ခွာပေးခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မေသက်သည် အသက် လေးဆယ်ကျော်ကတည်းက မျက်လုံးမကောင်း၍ ညဘက်တွင် မည်သည့်အခါမျှ ဇာထိုးလေ့ မရှိသောကြောင့်ပင်။

မေသက် ထွက်သွားရာသို့ မောင်ထွန်းမြင့် လှမ်းငေးကြည့် နေသည်။ သူ့မျက်နှာမှာ မသာမယာလှပေ။ ရောက်ကတည်း က ကျွန်တော့်ကို ကြည့်ကွက်ကြည့်ကွက်လုပ်နေသော သူ့ မျက်လုံးတို့သည် ကြည်ကြည်လင်လင် ရှင်းရှင်းလင်းလင်းမရှိ လှ။ တစ်စုံတစ်ခုသောပြဿနာကြောင့် စိတ်ရှုပ်ထွေးနေသလို ရီရီဝေဝေ ညို့ညို့မှိုင်းမှိုင်း။ စကားပြောနေပုံကိုက လိုက်လိုက် လှဲလှဲမဟုတ်။ မလှုပ်ချောက်ချက်၊ စိတ်မပါတပါ။ ပြောနေရ သည်ကတခြား စိတ်ထဲရှိသည်ကတခြား ဖြစ်နေပုံရသည်။

သူ စကားမစသဖြင့် ကျွန်တော်ကပင် စလိုက်ရ၏။

'မင်း အခု တာဝန်နဲ့လာရတာလား'

'မဟုတ်ဘူး ဆရာ'

သူသည် ကျွန်တော့်လက်အောက်တွင် အမှုထမ်းခဲ့စဉ်က အတိုင်း တလေးတစားဖြေသည်။

ကျွန်တော်သည် မောင်ထွန်းမြင့်ကို ကိုယ့်တပည့်လေးဖြစ် စဉ်က အခေါ်အဝေါ်တိုင်း သုံးနှုန်းမိသည်။ သူကလည်း အလုပ်ခွင်ထဲက အခေါ်အဝေါ်အတိုင်း မပြောင်းလဲ။ ကျွန် တော်တို့ အချင်းချင်းတွင်မူ ဤအသုံးအနှုန်း အခေါ်အဝေါ် တို့နှင့်ပတ်သက်၍ မည်သို့သောပြဿနာမျှ မပေါ်ပေါက်ခဲ့ဘဲ ချောမောပြေပြစ်နေသည်ပင်။

အမှန်မှာမူ ယခုအချိန်တွင် သူသည် ကျွန်တော့် သားမက် ဖြစ်နေပြီ။ ကျွန်တော်က သူ့ယောက္ခမဖြစ်နေပါပြီ။

သို့သော် သူ့အထက်လူကြီး၏ သမီးနှင့် လက်ထပ်ခဲ့သော မောင်ထွန်းမြင့်သည် ကျွန်တော့်ကို ယောက္ခမအဖြစ်ထက် 'ဆရာ' အဖြစ် သဘောထားမြဲထားသည်။ ယခင်ကလိုပင် အခြေ တောင်းစရာရှိတောင်းသည်။ တိုင်ပင်စရာရှိ တိုင်ပင်သည်။

ကျွန်တော်ကလည်း ကိုယ့်သမီးကြီး၏ လင်ယောကျ်ား ဖြစ်လာခဲ့သော တည်ကြည်ရည်မွန်သည့် လူရွယ်ကလေးကို 'သားမက်'အဖြစ်ထက် 'တပည့်' ကလေးအဖြစ်သာ မြင်မြဲတိုင်း မြင်နေသည်။ ထို့ကြောင့် ဆုံးမစရာရှိက ဆုံးမမြဲ၊ မြှုပြင်ရေ တွေ့က ညွှန်ပြပြုပြင်ခိုင်းမြဲ။

ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်စကား ပြောဆိုဆက်ဆံ ကြပုံကိုမြင်တိုင်း သမီးကြီးက ရယ်ကာပြုံးကာဖြင့်—



'ဖေဖေတို့ကလဲ ဘယ်လိုမှန်းလဲမသိဘူး၊ အစ်ကိုကလဲ ဖေ ဖေ့ကို ဆရာ ဆရာနဲ့၊ ဒါဒါ နားထောင်ရတာ တစ်မျိုးကြီးပဲ၊ သူများတွေကြားရင်လဲ ရယ်ကြမှာသိလား' ဟု ပြောလေ့ ရှိသည်။

သို့သော် ကျွန်တော်တို့က အခေါ်အဝေါ် အသုံးအနှုန်း များကို ပြောင်းပစ်ရန် စိတ်ကူးထဲပင် မထည့်ခဲ့မိကြပေ။ ယခု သမီးကြီးရင်သွေး ကျွန်တော့်၏ မြေးဦးကလေး 'ကေသွယ်'ပင် လျှင် သုံးနှစ်ပြည့်ခဲ့လေပြီ။

'တာဝန်နဲ့မဟုတ်ဘူးဆိုတော့ ဘာကိစ္စရှိလို့လဲ၊ ငါ့မြေးကြီး ကို ဒါဒါတစ်ယောက်တည်း နိုင်ပါ့မလား၊' ပြီး သူ့အမေကလဲ မရှိဘူးဆို တနေ့က ဒါဒါ့စာထဲပါတာ၊ သူ့အမေကြီး နေ မကောင်းလို့ ရွာပြန်သွားတယ်ဆို'

'ဟုတ်ကဲ့ဆရာ'

သူ့အဖြေက တိုတိုတိ၊ မေးသည့်အမေးအားလုံးကို သူမဖြေ သေး။ ပြီး ဖြေလိုက်သည့်အသံက ခြောက်ကပ်ကပ်။ မြဲပြီး ခေါင်းငုံ့နေပြန်သေးသည်။

ကျွန်တော်သိလိုက်သည်။ ကျွန်တော့်ထံတွင် ခြောက်နှစ်ခန့် အလုပ်လုပ်သွားခဲ့သည့်တပည့်လေး၏ အရိပ်အကဲကို ကျွန်တော် အကဲခတ်ကြည့်မိပြီ။

သူ့တွင် အခက်အခဲ တစ်ခုခုတော့ ရှိနေပြီမှာ ကေန်ပင်။ အလုပ်တာဝန်နှင့်ပတ်သက်သော ပြဿနာပင် ဖြစ်လိမ့်မည်ထင် သည်။ မောင်ထွန်းမြင့်အလုပ်က ငွေကြေးနှင့်ဆက်စပ်နေသည်။ ငွေကြေးပြဿနာ တစ်ခုခုများ ငြိစွန်းနေလေရော့သလား။

'မင်းအလုပ်ကကော မန္တလေးမှာ အဆင်ပြေရဲ့လား'

'ပြောပါတယ်ဆရာ၊ ငွေရေးကြေးရေးကို အမြဲသတိထား နေရတဲ့တာဝန်တော့ ပိုတာပေါ့ ဆရာရယ်'

'အေးကွာ၊ ဒါကတော့ ဂရုစိုက်ရလိမ့်မယ်၊ အခက်အခဲ ရှိရင်တော့ ငါ့ပြောကွာ ဟုတ်လား'

'မရှိပါဘူး ဆရာ'

သူ့အဖြေကြားရမှ သိသိသာသာ ရင်ပေါ့သွားရသည်။ သို့သော် ငြိမ်သက်လွန်းသောသူ့ကို အကဲခတ်ရင်း ကျွန်တော် ဆက်တွေး ကြည့်နေမိပြန်သည်။ အလုပ်နှင့် ပတ်သက်သော ပြဿနာမဟုတ်လျှင်—

'ဆရာ'

မရဲတရဲ ခေါ်လိုက်သောလေသံ။ သိသိသာသာ တိုးညင်း သွားသောလေသံ။

'အေး ပြောလေကွာ'

'ကျွန်တော် ဆရာ့ကို အကူအညီတစ်ခု လာတောင်းတာပါ ဆရာ'

မောင်ထွန်းမြင့်ကဖြင့် အလွန်ကို အေးဆေးရိုးသားသည့် လူပါပဲ၊ ကြည့်ပါဦး။ ယောက္ခမဖြစ်သူကို သူပြန်ပြောနေပုံ။

'ကျွန်တော် ဆရာ့ကို ဆရာလိုရော၊ ကျေးဇူးရှင်လိုရော၊ အဖေလိုပါ လေးစားပါတယ်ဆရာ၊ အခု ကျွန်တော်တို့ပြဿနာ က ဆရာဝင်ကူပေးမှ ဖြစ်မှာမို့ပါဆရာ'

ကျွန်တော်တို့ဆိုပဲ—

သူ့ပြဿနာကို အလိုလိုသိရှိမိလိုက်သည်။

ညှိုးငယ်သောမျက်နှာကို ကျွန်တော့်အကြည့်ထဲမှ ရှောင်လွှဲ



နေသည်။ သူ့စကားတို့သည် ပြတ်တောင်းပြတ်တောင်း ဖြစ် နေသည်။

'ဒါဒါ ကျွန်တော့်ကို သိပ်စိတ်ဆိုးနေတယ်ဆရာ၊ သူ သူ့ကို ကျွန်တော် ဘယ်လိုမှ တောင်းပန်လို့မရဘူး၊ အမှန်မှာတော့ ကျွန်တော့်အပြစ်ပါ ဆရာရယ်'

အဆုံးသတ်တွင် လှိုင်းခတ်သွားသည်။

သူ့မျက်နှာကိုကြည့်ရင်း လွန်ခဲ့သော အနှစ်အစိတ်လောက် က သမီးကြီး၏ မေမေ'တာတာ့'ရွှေမှောက်ဝယ် လျှောက်လဲ ချက် ပေးနေခဲ့မိသည့် ကျွန်တော့်မျက်နှာကို ကျွန်တော် ပြန် မြင်လာသည်။

အခု ကျွန်တော့်ရွှေမှောက်ဝယ် မျက်နှာ အပျက်ပျက်ဖြင့် ပြောနေသော မောင်ထွန်းမြင့်သည် ကျွန်တော်ကိုယ်တိုင် ဖြစ် နေ၏။

ရိုးရိုးစင်းစင်းဖြင့် အဖွဲ့အနွဲ့မပါဘဲ ပြောလိုက်သောစကား သည် ပြဿနာ၏ အကြောင်းရင်းမဟုတ်ဘဲ နိဂုံးသာ ဖြစ်နေ သည့်အတွက် အကြောင်းရင်းကိုသိရအောင် စေ့စေ့ငုငု မေးရ ပြန်သည်။

သူ့အဖြစ်ကား—

ကျွန်တော်နှင့် သမီးကြီး မေမေ'တာတာ'နှင့် ဖြစ်ပျက်ခဲ့ သည့်ဇာတ်သွားနှင့် ဆင်တူရိုးမှား။

ဖြစ်ပုံကသာ ပုံစံတစ်မျိုး။

မောင်ထွန်းမြင့်သည်အပေါင်းအသင်းကောင်းလျှင် တစ်ခါ တစ်ရံ အရက် နည်းနည်းပါးပါး သောက်တတ်သည်။ အမြဲ တမ်းကား မဟုတ်။

လွန်ခဲ့သောသုံးရက်ခန့်က မောင်ထွန်းမြင့်တို့အဖွဲ့နယ်ဆင်းရသည်။ ပြန်မည့်တစ်ညတွင် သူတို့ ဝိုင်းဖွဲ့စားသောက် ဖြစ်ကြသည်။ အတော်ကလေး ညဉ့်နက်တော့ သူတို့အဖွဲ့ထဲသို့ မိန်းကလေးတစ်ဦး တိုးလာသည်။ ထိုမိန်းကလေး၏ နာမည်ရင်းကိုကား သူတို့မသိ။ ဖြူဝင်းသောအသားအရေကို အစွဲပြုပြီး 'ဖြူဖြူ'ဟု သူတို့ ခေါ်ခဲ့ကြ၏။

'အဲဒီအကြောင်း ဒါဒါ့ကို ဘယ်သူက သွားပြောလို့လဲ'

မောင်ထွန်းမြင့်က ကျွန်တော့်ကို အားနာရှက်ရွံ့စွာ မော့ကြည့်လိုက်၏။

'ဟင့်အင်း၊ ဒါဒါ့ကို ဘယ်သူကမှ သွားမပြောပါဘူးဆရာ'

'ဟ၊ ဒါဖြင့် သူ ဘယ်လိုသိသွားတာလဲကွ'

ကျွန်တော် နားမလည်နိုင်တော့။

'ဒါဒါကမေးလွန်းလို့ ကျွန်တော်ကပဲ ပြောပြလိုက်တာပါ'

ဩော် ဒီကောင့်နှယ်၊ မအူမလည်နဲ့၊ ကိုယ့်သားမက်သာမဟုတ်ပါက ကျွန်တော် ဖနောင့်နှင့် ထပေါက်မိမည်မှာ အမှန်။ စိတ်ထဲ မချင့်မရဲ ဖြစ်လွန်းသဖြင့် 'မင်းကွာ' ဟု ညည်းလိုက်မိသည်။

'မပြောလို့ မဖြစ်ဘူး ဆရာရဲ့၊ နောက်တစ်နေ့ အိမ်ပြန်ရောက်ပြီး ညအိပ်ပျော်နေတုန်း ကျွန်တော်က ယောင်မိတာနဲ့ အဲဒီမှာ ကျွန်တော့်ကိုနှိုးပြီး အတင်းမေးတော့တာ'

'နေပါဦး၊ မင်းက ဘာတွေများ ယောင်မိလို့တုံးဟ'

မောင်ထွန်းမြင့် ရှတ်တရက်မဖြေ။ သူ့နားရွက်တွေ ရဲလာသည်။ ခဏနေမှ မသိမသာ သက်ပြင်းချရင်း—



'ကျွန်တော်က ဖြူဖြူ သိပ်ချစ်စရာကောင်းတာပဲလို့ ယောင်တာတဲ့ဆရာ'

ဩော် မောင်ထွန်းမြင့်။ သေလိုက်ပါတော့ဟဲ့ ကောင်လေးရယ်။ တကယ့်ကောင်နဲ့မှ လာတွေ့နေရပါလား။

'အဲဒါ သူက အတင်း စစ်တော့တာပဲ ဆရာ။ ဆရာသိတဲ့အတိုင်း ကျွန်တော့်အလုပ်က မြို့ပေါ် တစ်ဝက် နယ်တစ်ဝက်မဟုတ်လား။ အဲဒါ ကျွန်တော့်ကို နယ်မှာ အငယ်ရှိတယ်ဆိုပြီး ဒါဒါက စွပ်စွဲတော့တာ၊ တစ်ညလုံး တငိုတည်းငိုပြီး ချော့မရတဲ့အဆုံး မယားငယ်ထားတယ်လို့ အထင်ခံရတာနဲ့စာရင် အဖြစ်မှန်ကို ပြောပြတာကမှ သူ ကျေနပ်လိမ့်မယ် ယူဆပြီး'

မောင်ထွန်းမြင့်ကတော့ တကယ့်သားမက်ပဲ။ ကျွန်တော် အတော်ကြီးပင် စိတ်ပျက်သွားမိ၏။ ရယ်လည်း ရယ်ချင်သွားသည်။ ဩော် ရိုးသားလွန်းတော့လည်း မလုံတဲ့အိုး တုတ်မိုးရိုးနှင့် ပွင့်သည့် အဖြစ်ပါလား။

'အေး၊ ကောင်းရောကွာ၊ မင်း အဲသလို ဖွင့်ပြောလိုက်မှ ပိုဆိုးသွားတော့တာ မဟုတ်လား၊ အံ့ပါ့ကွာ၊ ငနှယ်'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့် အဝတ်အစား တွေကို အိတ်ကြီးထဲ ထည့်ပေးပြီး ရှင့်မျက်နှာ ကျွန်မ တစ်သက်လုံး မမြင်ပါရစေနဲ့တဲ့ ဆရာရယ်'

မျက်နှာသေကလေးဖြင့် ပြောပြီး ကြက်ကြီး လည်လိမ်ထားသလို ငိုင်သွားပြန်သည်။ သူ မရှုနိုင် မကယ်နိုင် ဖြစ်နေပုံမှာ သနားစရာ ကောင်းသလို ပြုံးချင်စရာလည်း ကောင်းနေ၏။

'ဒါဒါက သိပ်စိတ်ကြီးတယ်ဆရာ'

အလွန်မှန်သော စကားပင်။ ကျွန်တော့်သမီးကြီး၏ စိ ခံတက်ကို ကျွန်တော်မသိဘဲ နေပါမလား။ သူ့အမေ၏စိတ်နှ မာနများကို ဒါဒါ အမွေဆက်ခံ ရရှိထားသည် မဟုတ်ပါလ

ဆယ့်သုံးနှစ်ကျော်ကျော်ခွဲခွာနေခဲ့သည့်ကျွန်တော့်ကို သ ကြီး ပြန်လည် အဆက်အသွယ် ပြုလာသည့်နေ့ကို ကျွန်တေ မေ့နိုင်စရာ လုံးဝမရှိ။

ထိုနေ့က သမီးကြီးသည် ကျွန်တော့်ထံမှ မုန့်ဖိုးကိုလည်း လက်မခံ၊ ကောလိပ်စရိတ် ထောက်မည် ဆိုခြင်းကို ပြတ်ပြ သားသား ငြင်းဆန်ခဲ့သည်။ နောက်ဆုံး ကျွန်တော့် ကားပြ အိမ်လိုက်ပို့မည်ဆိုခြင်းကိုပင် ခေါင်းမညိတ်ခဲ့။ 'သမီးကို ဖေဖေ ချစ်တယ်ဆိုတာ သိရတာနဲ့ပဲ သမီး ကျေနပ်ပါပြီ ဖေဖေ' ဟ ဆိုခဲ့သော သူ့စကားသည် ကျွန်တော့်ကို တမြေ့မြေ့ လော ကျွမ်းစေခဲ့သည်ကိုလည်း သမီးကြီး သိမည်မဟုတ်ပေ၊

'ဒေါ်ဒေါ်ပြန်လာရင် အခြေအနေတော့ ဒီထက်ဆိုးကုန်မ စိုးလို့ ကျွန်တော် ဆရာ့ဆီ ပြေးလာခဲ့တာပါ၊ ဒါဒါက ဆ ကို အိပ်ချစ်တာမို့ ဆရာ ဖျောင်းဖျောင်းဖျဖျ ပြောရင် စိတ်ပြ မယ် ထင်လို့ပါ'

မောင်ထွန်းမြင့် ပြောတာမမှား။ သမီးကြီး၏ မေမေသ အင်မတန်စိတ်ထက်သူ၊ မာနကြီးသူ၊ မြွတ်သားလွန်သူပင်။ စိတ်ကြောင့်ပင် သမီးကြီးသည် ကျွန်တော်ရှိနေလျက်နှင့် ဖ ဘဝသို့ ရောက်ခဲ့ရခြင်းပင်။ မရှေတာပြန်မရောက်မီ ကလေး ပြဿနာ ပြေလည်ဖို့ အရေးကြီးသည်။



အေးကွာ၊ ရေမိုးချိုး ထမင်းပါစား၊ စိတ်အေးအေးထား အိပ်ချည်၊ သွား သွား၊ နက်ဖြန် ငါတို့ မန္တလေးသွားကြတာ ပေါ့'

\+ \+ \+

မြင်းလှည်း ရပ်လိုက်သည်နှင့် မြေးကလေး၏ ကဗျာရွတ်ဆိုသံ စူးစူးကလေးကို ကြားလိုက်ရ၏။

မောင်ထွန်းမြင့်က မြင်းလှည်းခ ရှင်းပေးရင်း ကျန်ရစ်၏။

ကျွန်တော်သည် ဖိုးဝရုပ်ကလေးနှင့် ကစားနေသည့် မြေးမ ကလေးကို ကြည်နူးစွာ ကြည့်ရင်း—

'သမီးလေး ကောသွယ်'

ပါးဖောင်းဖောင်း၊ ဆံပင်တွန့်တွန့် ကလေးများကြောင့် ဗိုလ်မရုပ်ကလေးနှင့် တူသော မြေးကလေးက သံစကာအပြင် ဘက်တွင် ရပ်နေသော ကျွန်တော့်ကို မော့ကြည့်လိုက်၏။ မြေး ကလေး အလွန်ချစ်စရာကောင်းသည်။ မတွေ့ရသည့် သုံးလေးလ အတွင်း အတော့်ကို ထွားလာသည်။

'သမီးလေး၊ ဘဘလေ၊ မေမေကော ခေါ်ချည်စမ်း'

မြေးကလေး ကောက်ကနဲ ထရပ်ကာ 'မေမေ ဘဘလာ တယ်'ဟု အော်ရင်း အိမ်ထဲသို့ တတောက်တောက် ပြေးဝင် သွားသည်။ ချက်ချင်းဆိုသလိုပင် သမီးကြီးဒါဒါ အပြင်ထွက် လိုက်လာ၏။

'ဟင် ဖေဖေ၊ ပြောပါ....'

သမီးကြီးက အံ့သြဝမ်းသာ ဖြစ်သွားရာမှ ကျွန်တော့် နောက်ကို လှမ်းကြည့်ပြီး တွန့်ဆုတ်ဆုတ်ဖြစ်သွားသည်။ သို့သေ တခဏအတွင်းမှာပင် မျက်နှာထားပြင်လိုက်ကာ ကျွန်တော့် တံခါးလာဖွင့်ပေးပါသည်။

မြေးကလေး ကေသွယ်က အပြင်သို့တရှိန်ထိုး မြေးထွ လာ၏။ ကျွန်တော့် ဆီသို့ကားမဟုတ်၊ သူ့အဖေ၏ရင်ခွင်တွင်း သို့သာ။ မောင်ထွန်းမြင့်က အိတ်များကိုပစ်ချကာ သမီးလေး စွေ့ကနဲ ပွေ့ချီ ထားလိုက်၏။ မြေးကလေးသည် သူ့အဖေ ရင်ခွင်တွင်းဝယ် တခစ်ခစ်။

'ဖေ ဘယ်သွားနေတာလဲဟင်၊ မီးမီးဖို့ မုန့်ဝယ်ခဲ့လားဟင်'

မြေးကလေးသည် သူ့အဖေကို တောက်တဲ့ကပ်သလို တွ ထားရင်း တရှုပ်ရှုပ်နမ်းကာ တတွတ်တွတ် မေးနေသည်။

သူတို့သားအဖကိုကြည့်ရင်း သမီးကြီးမျက်နှာကို အကဲခ လိုက်၏။ သမီးကြီး အနည်းငယ် ပိန်သွားသည်။

ဧည့်ခန်းတွင်းသို့ ကျွန်တော် ဦးဆောင်ကာ ဝင်လိုက်၏ သားမက်တော်ကြီး မောင်ထွန်းမြင့်ကမူ သူ့အိမ် သူ့ မဟုတ်သလို သမီးငယ်ကို တင်းတင်းကျုပ်ကျုပ်ပွေ့ဖက်ထားရင်း မဝံ့မရဲ ရှုံ့တွန့်ဘွန့်ပုံစံဖြင့် နောက်နားက ကုပ်ချောင်းချောင်း ကပ်ပါလာ၏။

'ဖေဖေ ဒါဒါတို့ ကိစ္စအတွက် လိုက်လာတာထင်တယ'

ပြောပါပြီ သမီးကြီးတို့ကတော့ ဖအေလုပ်သူက ဘယ်က စ၍ ကိုင် ဘွဲ့ဖြေရှင်းပေးရပါ့မလဲဟု စကားစရှာနေဆဲရှိသေး သူက တိုက်ရိုက်ကြီး မေးလိုက်ပါချေပြီ။



'ဆိုပါတော့ သမီးရယ်၊ မောင်ထွန်းမြင့် မင်းတို့ အိမ်မှာ နဂါးဆေးပေါ့လိပ် မရှိဘူးလား၊ ဒါဖြင့် သွားဝယ်ချေပါဦး ကွာ၊ ငါ သောက်ချင်လို့'

သားမက်ကို အားနာသဖြင့် ရမယ်ရှာပြီး အပြင်သို့ လွှတ် လိုက်ရ၏။ သည်တစ်ခါတော့ သားမက်ရိုးကြီးက အစိပ္ပာယ်ကို ရိပ်မိပုံရသည်။သမီးလေးကို တင်းတင်းပွေ့ချီထားကာ ခပ်သုတ် သုတ် ထွက်ခွာသွား၏။ ယခုအချိန်တွင် မြေးမကလေးသည် သူ့အတွက် အားထားရသော အကာအကွယ်ကြီးတစ်ခုဖြစ်နေ သည် ထင်ပါ၏။ မောင်ထွန်းမြင့် အိမ်ပေါ်က ဆင်းသွားမှ စကားစရသည်။

'ဒါဒါ....သမီးကြီးကို ဖေဖေ ချစ်တယ်ဆိုတာသိတယ်နော်'

'သိပါတယ် ဖေဖေ'

'သမီးကြီးရဲ့ ကောင်းကျိုးချမ်းသာကို ဖေဖေ အမြဲလိုလား တယ်ဆိုတာကိုကော'

'သမီး သိပါတယ် ဖေဖေ၊ ဖေဖေ့မေတ္တာကို ဒါဒါ အမြဲ ခံစားနေရပါတယ်'

သမီးကြီးက ကျွန်တော့်အမေးများကို ချက်ချင်းပင် ဖြေ ကြားလိုက်ပါသည်။ အတန်ကြာ စကား ပြတ် သွား ပြီး မှ ပလေးလေး ဆက်ပြောပြန်သည်။

'အခု အဖေလိုက်လာတာ ဒါဒါတို့ကိစ္စဆိုရင်ဖြင့် ဖေဖေ လာတာ ခရီးပန်းရုံပဲရှိမှာပါ ဖေဖေ'

သမီးကြီးသည် အဆုံးစွန်သောစကားကို ဆိုလိုက်လေပြီ။ သမီးကြီး၏စကားသည် သူဆုံးဖြတ်ချက်ချပြီးပြီ။ သူ့ဆုံးဖြတ် ချက်ကို မပြင်နိုင်တော့ပါ။ မောင်ထွန်းမြင့်ကို ခွင့်မလွှတ်နိုင်။

လင်ယောကျ်ားအဖြစ် ဆက်လက် မပေါင်းသင်းနိုင်တော့ ဟူသော အဓိပ္ပာယ်ကို ထင်ရှားစွာ ဖော်ပြနေလေပြီ။ ခြေ ပြတ်သားလိုက်ပါတဲ့ သမီး။ ခရီးဝေးမှ စိတ်မောလူမောလာခဲ့ ရသည့် ဖအေကြီးကိုမှ အားမနာ။

သမီးကြီးကို စူးစူးစိုက်စိုက်ကြည့်လိုက်မိ၏။

သူ့အမေ၏ မာနမျက်လုံးများကို သမီးကြီး၏ မျက်နှာပေါ် တွင် တွေ့လိုက်ရ၏။

'ဒါက ဒီလိုရှိတယ် သမီးရယ်၊ ဖေဖေ ပြောနေတာ သင်း အတွက်ပါ၊ မိန်းကလေးဆိုကာ တစ်ပွင့်ပန်ပဲတင့်တယ်ပါတယ် လင်ယောကျ်ားကင်းမဲ့တဲ့ မိန်းကလေးရဲ့ဘဝဟာပတ်ဝန်းကျင် ရဲ့ အဆိုအပြောလွတ်အောင် အမြဲဂရုစိုက်နေရမယ်၊ စားဝတ် နေရေးအတွက်လဲ အတော်ရုန်းကန် လှုပ်ရှားရမယ်၊ သမီးက ဖေဖေ့အကူအညီကိုလဲ ဘယ်တော့မှ လက်ခံမယ့်သမီး မဟုတ် ဘူး၊ သမီးမေမေ့ကိုပဲကြည့်၊ သူ ဘယ်လောက်ပင်ပန်းဆင်းရဲခဲ့ သလဲ၊ မောင်တွန်းမြင့်ဟာသမီးကိုတကယ်မြတ်နိုးပြီးစိတ်သဘော ထား ရိုးဖြောင့်တဲ့လူငယ်တစ်ယောက်၊ သမီး သူ့ကို နားလည် မှုနဲ့ ခွင့်လွှတ်နိုင်အောင် ကြိုးစားကြည့်ပါဦး သမီးကြီးရယ်'

စကားလုံးများကို သေသေချာချာ စီစဉ်ရွေးချယ်ပြီး ရှည် ရှည်လျားလျားပင် ကျွန်တော် ပြောနေမိသည်။ သမီးကြီးက ကျွန်တော့်စကားဆုံးသော် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

'ဖြေ ဖေဖေက ဒါဒါ့ စကားကို အဓိပ္ပာယ်ကောက် သွားတယ်နဲ့တူပါတယ်၊ ဖေဖေ ဘာမှ စိတ်ပူမနေခဲ့ပါနဲ့၊ သင်း သေသေချာချာ စဉ်းစားခဲ့ပြီးပါပြီ။ သမီး သူနဲ့ လမ်းခွဲမထွက် ပါဘူး၊ ဒီအတွက်စိတ်ချပါ ဖေဖေ'



ကျွန်တော် ဘယ်လို ဝမ်းသာသွားမိမှန်း မသိ။ ရင်ထဲတွင် လေးလံနေခဲ့သမျှတို့သည် ရုတ်ခြည်း လျော့ကျ ပေါ့ပါးသွား တော့သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်သမီးကြီးသည် သူ့အမေ ထက်တော့ အမြော်အမြင် အသိအလိမ္မာ ရှိပေသည်တကား။

'ဒီလိုမှပေါ့သမီးရယ်၊ တစ်ယောက်နဲ့တစ်ယောက် တကယ် ချစ်ကြသူချင်းဟာ နားလည်မှုရှိမယ်၊ မာနကိုခွာချ ထားနိုင်ရ မယ်၊ သည်းခံစိတ်ရှိမယ်ပေါ့၊ ဖေဖေ သိပ်ဝမ်းသာတာပဲ'

ဘာကြောင့်မှန်းမသိ၊ သမီးကြီးက အောက်နှုတ်ခမ်းကို ကိုက်ကာ သက်ပြင်းချလိုက်သည်။ သမီးကို ကျွန်တော် ဘဝင် မကျနိုင်သေး။

'သမီး ဖေဖေ့ကိုတော့ မညာချင်ဘူး ဖေဖေ၊ ဒါဒါ သူနဲ့ လမ်းခွဲမထွက်တာက နားလည်မှုရှိလွန်းလို့၊ သည်းခံနိုင်လွန်းလို့ ဟုတ်ပါဘူး၊ ဖအေကို သိပ်ချစ်ရှာတဲ့ သမီးလေး ကေသွယ် ကြောင့်ပါ'

သမီးကြီးက သူ့စိတ်ကို ပွင့်လင်းစွာဖွင့်ဟလိုက်၏။

'ဘာဖြစ်လို့လဲဆိုတော့'

မှုန်ရီမှိုင်းနေသော မျက်လုံးများကို ကျွန်တော် ရင်ဆိုင် လိုက်ရ၏။ သမီးကြီးကို နားလည်အောင် ကျွန်တော် မနည်း ကြိုးစားနေရသည်။

'ဖအေ ရှိရက်နဲ့ ဖအေကို အဝေးကသာ ချစ်နေရတဲ့ သမီး တစ်ယောက်ရဲ့ နာကျည်းစရာခံစားမှုမျိုး ဒါဒါ့သမီးလေးခံစား ရမှာစိုးလွန်းလို့ပါ ဖေဖေ'

ယခုမှပင် ကျွန်တော့် သမီးကြီးကို ကျွန်တော်နားလည်မိပါတော့သည်။ ဪ သမီးရယ်။

သူ့မျက်ရည်စကို ကျွန်တော် တွေ့သွားမိမှာစိုး၍ မာနရှင် သမီးကြီးသည် ဗီနပ်ချွတ်တွင် ပစ်ချထားခဲ့သော ကျွန်တော့် အိတ်နှင့် မောင်ထွန်းမြင့်၏အိတ်များကိုယူဆောင်ကာ အိပ်ခန်းတွင်းသို့ ဝင်ရောက်သွားတော့သည်။

[စစ်ပြန်မဂ္ဂဇင်း။ ။၁၉၇၄ ခု၊ မတ်]

# နွဲ့လိုက်ချင်ပြီ ကိုယ့်အလှည့်




## နွဲ့လိုက်ချင်ပြီ ကိုယ့်အလှည့်

မတွေ့ကြရသည့် နှစ်နှစ်တာ ကာလ အတွင်းဝယ် မေသန်း အေးသည် ထူးခြားစွာ ပြောင်းလဲခဲ့ပါပြီ။

မြို့မ်းသာသည် သူငယ်ချင်း မေသန်းအေး၏ ပြောင်းလဲ သွားမှုကို မယုံကြည်နိုင်စွာ အံ့သြခြင်းကြီးစွာဖြင့် စေ့ငုကြည့် မိသည်။

ဘယ်လို အကြောင်းတွေကများ မေသန်းအေးကို ယခုလို ပြောင်းလဲပစ်စေ နိုင်ခဲ့ပါသနည်း။

အတိတ်က အရိပ်များသည် ပီပြင်ထင်ရှားနေဆဲပင်။

'ဟိုတဲ့ မေသန်း၊ မင်းလူ အပြင်မှာ စောင့်နေတယ်'

ခပ်တိုးတိုး ပြောလာသူ ဝင်းဝင်းကို မေသန်းအေးက မော့ကြည့်ပြီး နှုတ်ခမ်းကလေး မသိမသာ မဲ့လိုက်၏။

'စောင့်ပစေ၊ သူ့ဘာသာစောင့်တာ'

အသီထဲဝယ် မကျေနပ်မှုက အထင်းသား။ အင်း မေသန်း တစ်ယောက် စိတ်ကောက်ပြန်ပြီ ထင်တယ်။ ငြိမ်းသာ မနေသာတော့။ သွေးတိုးစမ်း မေးလိုက်မိ၏။

'နင်တို့ ချိန်းထားကြတာဆို'

မေသန်းအေး၏ ချစ်သူ ကိုထွန်းညွန့်က ထိုအချိန်တွင် အရာရှိပေါက်စကလေး ဖြစ်နေပြီ။ သူ တာဝန်ကျရာ နယ်မှ ရန်ကုန်သို့ ရောက်ရှိနေခိုက် မေသန်းအေးနှင့် အချိန်းအချက် ပြုထားကြောင်း သိရှိထားကြသူများမို့ ငြိမ်းသာတို့က ကြားက ပြေရာပြေကြောင်း နှစ်သိမ့်ကြရသည်။

'တွေ့ပါတယ်၊ သူ့ခမျာ အဝေးကြီးက လာရတာ၊ သနားပါတယ်'

စိုးစိုးက အရိပ်အခြည်ကို အကဲခတ်လိုက်မိသဖြင့် ဝင်ပြီး ရွှေနေလိုက်၏။

ခင်စင်မတော့လူရိုးလူအေးဖြစ်သည့်ပြင် သူတို့လူငယ်ချင်းကို အလွန် ချစ်မြတ်နိုးစွာဖြင့် နှစ်နှစ်နီးပါး ဇွဲခကာင်းကောင်း၊ စိတ်ရှည်ရှည် ပိုးပန်းခဲ့သည့် ကိုထွန်းညွန့်ကဲ့သို့သော ယောကျ်ား တစ်ယောက်နှင့် သူငယ်ချင်း မေသန်းအေးတို့ကို တစ်သက်တာ အဖော်မွန်များအဖြစ် အားလုံးက မြင်ချင်ကြသည့် စေတနာ ရှိသည်။

ပြီး ကိုထွန်းညွန့်ကလည်း ငြိမ်းသာတို့၏ ချစ်သူအမျိုးသား များထဲတွင် တစ်ဦးတည်းသော ထွန်းပေါက်ဖြစ်မြောက်နေသည့် အရာရှိကလေး မဟုတ်လား။

ရှင်းရှင်းဆိုရလျှင် အားကိုးအားထား ပြုနိုင်လောက်သည့်



အရည်အချင်းရှိသူ။ ဤအမျိုးသားနှင့် သူတို့သူငယ်ချင်း မေသန်းအေးကို မလွဲမသွေ လက်ထပ်ဖြစ်စေချင်လှသည်။

'သနားရင် နင်တွက်တွေ့လိုက်ပါလား'

စိုးစိုးကို မေသန်းအေးက ဟောက်တော့၏။

'ဟဲ့၊ ငါ့ရည်းစားသာဆို တွက်တွေ့ရုံတင် မကဘူး လမ်းထိပ်ကကို ထွက်ကြိုနေမှာ သိလား'

'ကြို၊ ကြို၊ ဒါ့ကြောင့် နင်တို့အဆက်တွေ နင်တို့ကို နိုင်နေတာ'

လှစ်ကနဲ ခွန်းတုံ့ပြန်ခဲ့သည်။ စိုးစိုး တစ်ယောက် သိသိသာသာ ငြိမ်ကျသွားသည်။

သူ့ခမျာ သူ အလွန်ဝါသနာ ပါသည့် အဆို အကနှင့် အဆောင်ညစာစားပွဲတွင် ပါဝင်ဆင်နွှဲရန် စီစဉ်ထားသည်ကို သူ့အမျိုးသားက ကန့်ကွက်သဖြင့် ဖျက်သိမ်း လိုက်ရသည် မဟုတ်လား။

ငြိမ်းသာလည်း ပါးစပ်ပိတ်ထားလိုက်ရ၏။ ကိုယ့်မှာလည်း ကိုယ့်ပြဿနာနှင့်ကိုယ် မဟုတ်လား။

လွန်ခဲ့သည့်တစ်ပတ်။ စနေနေ့တစ်ရက် ကျောင်းလွတ်တော့ ငြိမ်းသာတို့သိပ္ပံခန်းမထဲဝယ် ကဗျာစာအုပ် ထုတ်ရန် အစည်း အဝေးကလေး လုပ်ကြသည်။

ကဗျာအကြောင်း၊ စာအကြောင်းထဲတွင် နစ်ဝင်နေသည့် ငြိမ်းသာကို နောက်ခုံတန်းတွင် ထိုင်နေသည့် သင်းအောင်က ခပ်တိုးတိုး လှမ်းပြောသည်။

'အပြင်မှာ ကိုကိုရောက်နေတယ်ဟေ့'
'အင်း အင်း'

သည်မျှသာတုံ့ပြန်ဖြစ်ပြီး ကဗျာထဲ စိတ်ပြန်ရောက်သွား၏။ ဘာကိုမျှ သတိမရတော့။ ဘယ်သူတွေဆီကတောင်းမယ်၊ ဘယ်နှစ်ပုဒ်ထည့်မယ်၊ မျက်နှာဖုံးပုံကဘယ်လို၊ စာဆိုတော်နေ့ အမှိထုတ်ရန် စသည်ဖြင့် စိမ်ခန့်ခွဲနေသည့် ဆရာမင်းယုဝေ၊ မောင်လင်းယုန်(ရှမ်းပြည်)၊ သိန်းသန်းထွန်းစသူတို့၏ စကားထဲဝယ် နစ်မျောကြည်နူးနေမိ၏။

ထိုစဉ် ထီလာစိုးမြင့်ထံယ်က စာရွက်တိုကလေးတစ်ခု လက်ဆင့်ကမ်း၍ပို့လိုက်၏။

'ကိုကို စောင့်နေတယ်'
ကိုကို့လက်ရေးနှင့် စာကြောင်းတိုကလေး။
အောက်က ပြန်ရေးပေးလိုက်၏။
'နာရီဝက်လောက်စောင့်ဦး'

အတိုချုံးရသော် နောက်နာရီဝက်ခန့်ကြာ၍ အပြင်ထွက်ကြည့်လိုက်တော့ ကိုကိုမရှိတော့။

သည်လိုသည်လို အခြေအနေမျိုး ရှိနေသည့်အထဲတွင် မေသန်းအေးက တမူထူးသည်။

သူက ကိုထွန်းညွန့်ကို မကြာမကြာ စိတ်ကောက်တတ်သည်။ ရန်လုပ်တတ်သည်။ ဘုပြောတတ်သည်။ သို့ရာတွင် သူ့လူက သူ့ကို စိတ်ရှည်သည်။ အပြုံးမပျက်ချော့သည်။ သည်းခံခွင့်လွှတ်သည်။ ထို့ကြောင့် မေသန်း၏ချစ်သူ ကိုထွန်းညွန့်ကို ငြိမ်းသာတို့က အားနာသည်။ သနားသည်။ ဒါတင်မက ကိုယ့်ချစ်သူကို



လည်း ကိုထွန်းညွန့်လို ဖြစ်စေချင်ကြသည်မှာ ငြိမ်းသာတို့၏ တိတ်တခိုးဆန္ဒ။

'ထွက်တွေ့လိုက်ပါဟယ် အားနာစရာကြီး၊ မိန်းကလေးတွေ အခန်းရှေ့မှာ သူတစ်ယောက်တည်း ရပ်စောင့်နေရတာကြောင်ကကြောင်ပါဘိနဲ့၊ ထွက်တွေ့လိုက်နော်၊ မေသန်းသူ့ကို ဘာစိတ်တိုင်းမကျလို့လဲ'

အလွန်စကားနည်း၍ အေးဆေးစွာနေတတ်သော၊ငြိမ်းသာတို့အုပ်စုထဲတွင် ထူးထူးခြားခြား သူတစ်ယောက်တည်းသာ ကွက်၍ ရည်းစားမရှိသော ချစ်ချစ်က လေပျော့လေပြည်ထိုးရှာသည်။

'ချိန်းထားတာ ဆယ့်နှစ်နာရီခွဲကတိ ချစ်ချစ်ရဲ့၊ ခု သူလာတာ တစ်နာရီထိုးတော့မယ်၊ အဲဒါကြောင့် သိကြပြီလား၊ နေပေ့စေ နေပေ့စေ၊ နာရီဝက်လောက် ညှဉ်းထားလိုက်ဦးမယ်၊ ဒီလူတော့လား'

ဒေါ်နှင့်မောနှင့် ခပ်ပြတ်ပြတ်ပြောလိုက်သဖြင့် မည်သူမျှ စကားမဆက်ကြတော့။

မေသန်းအေးကလည်း သူ့စကားနှင့်အညီ နောက် နာရီဝက်ခန့်ကြာမှ ထွက်တွေ့သည်။

ကိုထွန်းညွန့်တစ်ယောက် စိတ်တိုသွားပြီလားဟု စိတ်မဖြောင့်နိုင်ဘဲ အရိပ်အကဲ ထွက်ကြည့်ကြတော့ ဘသားချောက မျက်နှာသေကလေးဖြင့် ,မေသန်းအေးကို သူ နောက်ကျရသည့်အကြောင်း ဖြေရှင်းချက်ထုတ်နေသည်ကို တွေ့ရ၏။

\+ \+ \+

သမီးရည်းစား ဘဝကတည်းက ထိုကဲ့သို့'နိုင်'သော မေသန်းအေးသည် လက်ထပ်ပြီး နှစ်ပေါင်းနှစ်ဆယ်ချဉ်းခဲ့သည့်တိုင် ကိုထွန်းညွန့်ကို 'ပိုင်' ဆဲဖြစ်သည်ကို အံ့သြစွာ တွေ့မြင်ကြရသည်။

ချစ်သူဘဝတုန်းက ထီးမိုးပေးတတ်သူ၊ စာအုပ်တွေ ကူသယ်ပေးတတ်သူ၊ ကွာစေ့အခွံနွှာပေးတတ်သူ၊ အင်းလျားကန်စပ်မှာထိုင်လျှင် လက်ကိုင်ပုဝါခင်းပေးတတ်သူ၊ ဆေးလိပ်၊ အရက်သောက်တာ မကြိုက်ဟုပြော၍ ရှောင်ကြဉ်ခဲ့ကြသည့် ငြိမ်းသာတို့ စိုးစိုးတို့တွေ၏ အမျိုးသားများက အလိုလိုက်အကြိုက်ဆောင်၊ မကြိုက်တာရှောင်သည့် ဟန်ဆောင်မှုတွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်ဖုံ ဖယ်ထုတ်ခွာချပစ်ကြပြီး သူတို့ ပင်ကိုသဘာဝ အကျင့်စရိုက်တွေအတိုင်း နေထိုင်လာကြသည့် အချိန်တိုင် ကိုထွန်းညွန့်က လုံးဝ မပြောင်းလဲ။

မေသန်းအေး အလွန်ကံကောင်းလေသည်။

ချစ်သူဘဝတုန်းက အကြောင်းအမျိုးမျိုးရှာ၍ စိတ်ကောက်ခဲ့၊ အရွဲ့တိုက်ခဲ့၊ ဆိုးနွဲ့ခဲ့သည့် မေသန်းအေးသည် ယခု သူတို့ တစ်ဦးတည်းသော သားကြီး အသက်တစ်ဆယ့်ကိုးနှစ် ပြည့်ပြီးသည့်တိုင် သူ့စိတ်ကိုမလျှော့။ ကိုထွန်းညွန့်ကလည်း ချော့တုန်း။

မှတ်မှတ်ရရ လွန်ခဲ့သောနှစ်နှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ကဖြစ်သည်။ နိုဝင်ဘာလ သုံးဆယ်ရက်သည် မေသန်းအေးတို့၏ အနှစ် ၂၀ မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ ဖြစ်သည်။

ဤမျှသော ဘဝခရီးကို လက်တွဲခိုင်ခိုင် သစ္စာမယိုင်မလဲဘဲ လျှောက်လှမ်းခဲ့သူများ၏ မင်္ဂလာနေ့ကို ငြိမ်းသာတို့ သူငယ်



ချင်းများက ကြည်နူးစွာ ဆင်နွှဲကြရန် သူတို့၏အိမ်တွင် ဆုံကြသည်။ အားလုံးကြိုက်နှစ်သက်ကြသည့် မုန့်ဟင်းခါးချက်စားဖို့ ကြိုတင်စီစဉ်ကြရန် ရောက်နေကြခြင်းဖြစ်သည်။ ငါးကိုင်သူကကိုင်၊ ငှက်ပျောအူ လှီးသူကလှီး၊ ချင်းကြက်သွန်ဖြူ ထောင်းသူကထောင်း အားလုံး တပျော်တပါး တစ်စု တစ်ဝေးကြီး။ ကိုထွန်းညွန့်ကမူ ထုံးစံအတိုင်း မေသန်းအေး၏ ဘေးမှာ သူ့ပင်ကိုမျက်နှာပေး ပြုံးပြုံးကြီးနှင့်။

ညနေငါးနာရီခန့်ရှိသော်–

'မောင်ရေ ဒံပေါက်ဝယ်ချည်နော်၊ မဂိုလမ်းက ဝယ်ခဲ့သိလား၊ ဆိတ်သားကင်လဲ မမေ့လာနဲ့ဦး၊ မြန်မြန်လေးလဲ ပြန်လာနော်မောင်၊ ဒီကောင်တွေဆာလှပြီ'

မေသန်းအေး၏'မောင်'ခေါ်သံကို ကိုထွန်းညွန့် နားဝင်ချိုဆဲရှိနေပုံမှာ မည်သို့မျှဖုံးကွယ်မရ။ မေသန်းအေး ပြောစကားကို တစ်ခွန်းမှ ငြင်းပယ်လေ့ မရှိခဲ့သူပီပီ ကားကို ကိုယ်တိုင်မောင်း၍ ချက်ချင်း ထွက်သွားရှာ၏။

ငြိမ်းသာတို့အုပ်စုကလည်း'ငတ်မရှက်'ဘဝမို့ ဟန်ကလေးများပင်ဆောင်၍ 'နေပါစေကွယ်' 'ဘာ၊ ညာ' မပြောဖြစ်။ လက်ကုန်ရက် အိမ်မှာ ဟင်းကောင်းချက်မစားနိုင်သည်မှာ ကြာပြီဖြစ်သဖြင့် ပိုင်သော၊ အလိုက်သိသော သူငယ်ချင်းကို စိတ်ထဲက ကျိတ်၍ ကျေးဇူးတင် ကျေနပ်နေမိကြသည်။

နှာခေါင်းထဲတွင် မဆလာနံ့ကလေး သင်းပျံ့လာချိန်တွင် မက တံတွေးကိုပင်'ဂလု'ကနဲ မျိုချပစ်လိုက်မိကြ၏။

ငါးနာရီခွဲ။

ခြောက်နာရီ။

ခြောက်နာရီခွဲ။

ခုနစ်နာရီ။

ကိုထွန်းညွန့်ကား ပြန်ရောက်မလာသေး။

အားလုံးမသိမသာ မျှော်နေကြရာမှ သိသိသာသာ မျှော်နေမိကြပြီး–

'မြန် မြန် ပြန်ခဲ့ပါဆိုမှ'

ထုံးစံအတိုင်း မေသန်းအေး နှုတ်ခမ်းစူစပြုလာပါပြီ။

'ဒီနဲ့ မဂိုလမ်း မောင်းရမှ ဆယ့်ငါးမိနစ်ပေါ့'

'မေသန်းကလဲဟာ၊ အပြင်သွားတဲ့ လူကို ဒြူစူမနေစမ်းပါနဲ့၊ တို့ ဒီလောက်မှဆာသေးပါဘူး'

'ဟုတ်သားပဲဟယ်၊ ကိုထွန်းညွန့်ခမျာ မျက်စိကလဲ သိပ်ကောင်းတာမဟုတ်ဘဲနဲ့၊ ညနေမှောင်ရီဝိုးဝါး မောင်းသွားရတာ လမ်းမှာ ဘာဖြစ်လို့မှန်းမှမသိဘဲ'

တစ်ယောက်တစ်ခွန်း ဝိုင်းပြောနေခိုက် ကိုထွန်းညွန့် ပြန်ရောက်လာ၏။ မေသန်းအေးမျက်နှာပေါ်မှ သူ့အကြည့်ကို မရှုပ်သိမ်းရသေးခင်မှာပင်–

'လမ်းမှာ ကားပျက်နေသလား'

စပါပြီ မေသန်းအေးက။

ဒံပေါက်ထုပ်ကြီးတွေကို ဘယ်တစ်ဘက်၊ ညာတစ်ဘက်ဆွဲ၍ ဝင်လာသည့် ကိုထွန်းညွန့်က ငြိမ်းသာတို့ကို ကွက်ကနဲ ဝေ့ကြည့်လိုက်ပြီး–

'မပျက်ပါဘူး မေရဲ့'

'ဒါဖြင့် ဘာဖြစ်လို့ ဒီလောက်ကြာနေရတာလဲ' ထပ်ဆင့်မေးပုံက အငေါ်တူးတူး။



ငြိမ်းသာတို့မှာ ကြားထဲက အနေရခက်နေကြသည်။ ဘယ်လောက်ကြီး ရင်းရင်းနှီးနှီး ပေါင်းခဲ့သူများပင်ဖြစ်ပါစေ၊ ကိုထွန်းညွန့် ရှက်ခနမည်မှာမလွဲ။ ပြီး သည်လို တရားခံမေးမေးသလို လေသံပြတ်ကြီးနှင့် မေးပုံကလည်း ဇနီးတစ်ယောက်က မိမိ၏ အိမ်ဦးနတ်ကို မလေးမစားပြုသည့်ပုံ ပေါက်နေသည်ဟု ထင်မိကြ၏။ ရှင်းရှင်းပြောရလျှင် ဘဝတူ အိမ်ထောင်ရှင်မိန်းမသားအချင်းချင်းဖြစ်စေကာမူ သူငယ်ချင်း၏ ထိုအချိန်က အပြုအမူ၊ မျက်နှာနေ မျက်နှာထားကို ငြိမ်းသာတို့ မည်သူမှ ဘဝင်မကျ။ ငြိမ်းသာ၏ အမျိုးသားသာဆိုလျှင် သည်လိုအပေါက်မျိုး ချိုးလိုက်တော့ သူကလည်း ချက်ချင်း စိတ်တိုပြမည်မှာ ကေန်။ မျက်နှာကြီးပုပ်သိုး၍ စာတစ်အုပ်ဖြင့် တစ်နေကုန် အဖော်ဖွဲ့၍ နေချင်နေမည်။ သုံး လေးရက်ခန့် စကားမပြောဘဲ နေချင်နေမည်။ ဒါမှမဟုတ်'မင်းကကွာ'ဟု ဝမ်းခေါင်းသံကြီးဖြင့် အော်ချင်အော်မည်၊ တစ်ခုမဟုတ် တစ်ခုသို့မဟုတ် သုံးခုစလုံးပင် ဖြစ်နိုင်သည်မှာ မြေကြီးလက်ခတ်မလွဲ။

ခုတော့ ကိုထွန်းညွန့်တို့က ထိုသို့မဟုတ်ပေ။ သူ့ကို ဒြူဒြူစူစူမေးနေသည့် မေသန်းအေးကို အံ့သြစရာ ကောင်းလောက်အောင်ပင် စိတ်ရှည်လက်ရှည် ပြန်ရှင်းပြနေသည်။

'မောင် ဒံပေါက်ဝယ်မလို့ ကားပေါ်ကအဆင်း၊ ညီမလေးတို့က ဆေးတိုက်လာပြတာ အပြန်တွေ့ဘာနဲ့ အိမ်ပြန်လိုက်ပို့နေရလို့ ကြာသွားတာပါ'

'ပြော် ပြော်၊ အိမ်ကမိန်းမနဲ့ သူငယ်ချင်းတွေ မျှော်နေကြမှာကိုတော့ မောင် ထည့်မတွက်ဘူးပေါ့'

သင့်တော်၏၊ မသင့်တော်၏ မစဉ်းစား။ ဖြတ်ဆို ပြောပစ်လိုက်လေရာ ငြိမ်းသာမှာ အားတောင့်အားနာဖြင့်–

'လမ်းမှာ ကားတစ်ခုခု ဖြစ်နေသလား' စိုးရိမ်လို့ပါ၊ အဲဆာတာလဲ ပါတာပေါ့လေ၊ ကဲ ကဲ စားကြရအောင်လေ၊ ချစ်ချစ်နဲ့စိုးစိုး ပြီးမှ ငါးဆက်ကိုင်တာပေါ့၊ စားကြစို့'

ထိုသို့ ကြားဝင်ဖြတ်လိုက်မှ မေသန်းအေးစကားကွင်းမှ ကိုထွန်းညွန့် လွတ်ရှာပါတော့၏။ ဒါတောင်'ကားငှားပေးလိုက်ပြီးတဲ့ဟာ၊ ဒီလိုပဲ သူ့အမျိုးနဲ့တွေ့ရင်' စသည်ဖြင့် တစူစူပြောနေသည်ကို ဟန့်တားရသေး၏။

ထိုကဲ့သို့သော မေသန်းအေးသည် ငြိမ်းသာနှင့် အဆက်အသွယ်ပြတ်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ထူးခြားစွာ ပြောင်းလဲခဲ့ပါပြီတည်း။

\+ \+ \+

နယ်မှရန်ကုန်သို့ပြန်ရောက်မှ မေသန်းအေးနှင့် ပြန်လည်ဆက်သွယ်မိသည်။ ပြန်တွေ့ကြသည့် ပထမဆုံးအကြိမ်မှာပင် မေသန်းအေး၏ ပြောင်းလဲမှုကို စတင် သတိထားခဲ့မိသည်။ အေးအေးဆေးဆေးနေနိုင်ရန် သူတို့ရုံးပိတ်ရက်ကို ရွေးသွားခဲ့၏။

ငြိမ်းသာ ရောက်သွားချိန်က နံနက် ဂ နာရီခန့်။

ကိုထွန်းညွှန့်က ကားဂိုထောင်ထဲမှာ ကားပြင်နေသည်။

မေသန်းအေးကို ချက်ချင်း မတွေ့ရ။ ကိုထွန်းညွန့် အော်ခေါ်မှ မီးဖိုထဲက ထွက်လာသည်။



'အမယ်၊ ဘာလုပ်နေတာလဲ မေက'

'အမေက ကြက်သား ကြာဆန်ချက်ကလေး စားချင်တယ် ဆိုတာနဲ့ ချက်နေတာ'

'ချက်နေတာလို့ မပြောပါနဲ့၊ ချက်ဖို့ လိုအပ်သည်များကို ညွှန်ကြားနေသည်လို့ ပြောပါဟယ်'

အကြောင်းသိချင်းမို့ မေသန်းအေး မည်သည့်အခါမှ ကိုယ်တိုင် ချက်ပြုတ် မစားတတ်သည်ကို ရည်ညွှန်းပြီး နောက်လိုက်မိခြင်း ဖြစ်ပါ၏။မေသန်းအေးသည် ဦးစီးဌာနတစ်ခုတွင် အရာရှိတစ်ဦး ဖြစ်သည်မို့ 'ရုံးက ပြန်လာရင် စိတ်မောလူမောပါပဲ ငြိမ်းရာ၊ ဘာမှ အိမ်မှာ မလုပ်ချင်တော့ဘူး' ဟု ပြောင်ဖွင့်ပြောကာ လက်တိုလက်တောင်းခိုင်းဖို့နှင့် မီးဖိုချောင်တွင် ချက်ပြုတ်ဖို့ အိမ်ဖော် နှစ်ဦး ငှားထားခဲ့သည်။

'မေ တကယ် ချက်နေတာပါကွ၊ အမေ့ဖို့မို့ ကိုယ်တိုင်ချက်နေတာပါ၊ ဒီလောက်လဲ အထင်မသေးပါနဲ့၊ အမေက မေ့လက်ရာကို အသည်းစွဲ ဖြစ်နေလို့လေ'

မေသန်းအေးက ပြုံးကာရယ်ကာ ဖြေရင်း ငြိမ်းသာကို မီးဖိုထဲ ဆွဲခေါ်သွား၏။ သူခေါ်ရာသို့ လိုက်သွားရင်း'အမေ' ဆိုသော စကားကို အမှတ်မထင် သတိထားသွားမိ၏။ 'အမေ' တဲ့။

မေသန်းအေးသည် သူ့မိခင်ကို၊ 'အမေ'ဟု မခေါ်။ 'မာမီ' ဟု ခေါ်သည်။ ဒါဆို။

'အမေက ကြီးပြီ မဟုတ်လားကွာ၊ မောင့်နှမကလေးတွေကလဲ ဂရုစိုက်ကြပါတယ်၊ ဒါပေမယ့် တစ်ခါတလေ လက်ရာအပြောင်းအလွဲကလေးဆိုတော့ မြိန်တာပေါ့ ငြိမ်းရာ'

ဇာတ်ကယ်လတ်ကယ်နှင့် စိတ်မြန်လက်မြန် ချက်ပြုတ်နေသည်ကို အထူးအဆန်းသဖွယ် ငေးကြည့်နေမိ၏။

'မောင်ရေ၊ ကားကောင်းသွားပြီလား၊ ကြာဆန်ချက် ရှိနေ၁်၊ မေတော့ မလိုက်နိုင်တော့ဘူး မောင်ရယ်၊ ဒီကောင်ရောက်လာလို့၊ အမေ့ ဆေးတွေဘာတွေ ပြည့်စုံရဲ့လား မေးဦးနေ၁်'

မီးဖိုနောက်ပေါက်မှထွက်၍ အော်ပြောသံကို ကြားလိုက်ရ၏။

ငြိမ်းသာသည် မေသန်းအေးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်ကာ စဉ်းစားနေမိ၏။

ထူးဆန်းလိုက်တာ။

ယခင်က မေသန်းအေးနှင့် ဘာမှမဆိုင်တော့သည့် အခြားမိန်းကလေးတစ်ယောက်လို ပြောင်းလဲသွားပါပေါ့လား။

သိသည်လေ။

မေသန်းအေးက အချစ်နှင့်ပတ်သက်လျှင် အလွန်သဝန်တိုတတ်သူ၊ တကိုယ်ကောင်းဆန်တတ်သူ ပေပဲ။

'ကမ္ဘာပေါ်မှာ မောင့်အချစ်ဆုံးဟာ မေပဲဖြစ်ရမယ်နော်၊ တစ်ယောက်တည်းပဲ ဖြစ်ရမယ် သိလား'

သမီးရည်းစား ဘဝတုန်းက ချမှတ်ခဲ့သည့် သူ၏စည်းကမ်း၊

'မေကြိုက်သလိုနေရမယ်နော်၊ မေမကြိုက်တာ ဘာမှမလုပ်ရဘူး၊ ဘယ်တော့မဆို မေဟာ မောင့်အတွက် ဦးစားပေးတင်ဖြစ်ရမယ်၊ မှတ်ထား'

လက်ထပ်ခါနီး မေသန်းအေး၏ သတ်မှတ်ချက်။



'မေမသိဘဲမောင့်ဆွေမျိုးမိဘတွေကို မဆက်သွယ်ရဘူးနော်၊ ငွေတွေဘာတွေ မေမသိအောင် ပေးတာမျိုး၊ နှမတွေကို အကျီလုံချည်ဝယ်ပေးတာမျိုး မလုပ်ရဘူး'

လက်ထပ်ခဲ့ပြီးသည့်နောက် မေသန်းအေး ချမှတ်ပေးသည့်ကိုထွန်းညွန့်အတွက် ရှောင်ရန်၊ ဆောင်ရန်များ။

ယခု ထိုမေသန်းအေး တမူထူးခြားနေပါပေါ့လား၊ သူသည်သုံးဆင့်ချိုင့်ထဲသို့ ကြာဆန်ချက်များကို ဂရုတစိုက် ထည့်ပြီးအိမ်ရှေ့ယူသွား၏။

'နက်ဖြန်မှ မေလာမယ်လို့ သေသေချာချာ ပြောခဲ့နော်မောင်၊ မောင်လဲ အေးအေးဆေးဆေးသာနေ၊ ရတယ်၊ ဟောမောင်ရေ၊ နေဦး၊ ခဏလေး၊ ကံကောင်းလို့ မေ့တော့မလို့၊ အမေက ချမ်းမြေ့တရားကျင့်စဉ် စာအုပ် မှာထားတာ ဝယ်ပြီးပြီ၊ ယူသွားဦး'

ပြောပြောဆိုဆို စာကြည့်ခန်းထဲသို့ မပြေးရုံတမယ် ဝင်သွားပြန်၏။

ငြိမ်းသာကမူ သူငယ်ချင်း၏ အပြောင်းအလဲများကို သတိထားကြည့်ရင်း ကျေနပ်နေမိသည်။ အကြောင်းအရင်းကိုလည်း ရှာဖွေနေမိသည်။

'မခင်မူရေ၊ မမတို့ဖို့ ကော်ဖီနဲ့ မုန့် လာပို့ပါဦး'

ကိုထွန်းညွန့် ကားထွက်သွားမှ ဧည့်ခန်းတွင် အတူလာရင်း အတွင်းခန်းသို့ လှမ်းအော်လိုက်၏။

'ဧည့်သည်မဟုတ်ပါဘူးမေရာ၊ လာပါ၊ နားပါဦး၊ ဒီတစ်ခါ မေ့ကို ငြိမ်းမြင်ရတာ အတော့်ကို ထူးဆန်းနေတယ်'

ရင်ထဲမှ အတွေးကို လှစ်ဟလိုက်မိရာ မေသန်းအေးက လှစ်ကနဲ ပြုံး၏။

'ငြိမ်းက စာရေးဆရာမပီပီ အမြင်စူးရောက်သားပဲ'

'ဟ အပြောင်းအလဲကလဲ သိပ်ကို သိသာနေတဲ့ဟာပဲ'

သည်တော့ သူသဘောကျစွာ ရယ်လိုက်၏။

'နေပါဦး ယောက္ခမကို တစ်သက်လုံးက အရေးမလုပ်တဲ့ မိန်းမ ခုတော့ ဂရုစိုက်လိုက်တာ လွန်ပါရောလား၊ ဘာလဲ အမွေရကိန်း မြင်ထားလို့လား၊ ရပြီးလို့လား၊ မှန်မှန်ပြော'

'ဟယ် မေ ဒီလောက်စိတ်ထား အောက်တန်း မကျပါဘူး ဟယ်' ရယ်ရှိန်သပ်ပြီး အလေးအနက် သူ ပြော၏။

'အကြောင်းသိတွေနော် မေသန်းအေး၊ နင့်ကို မပြောဘဲ ကိုတွန်းညွန့် သူ့အမေအိမ် သွားလို့ဆိုပြီး နင် စိတ်ကောက်ပြီး ငါ့အိမ် ဆင်းလာတာ မေ့သွားပြီလား'

'အေးကွယ်၊ မေ့လို့ရရင်တော့ တကယ်ပဲ မေ့ထားပစ်လိုက်ချင်ပါတယ် ငြိမ်းရာ'

'အမယ်၊ ပြောပုံက ဘာဖြစ်လို့'

'ဝဋ်လိုက်မှာ ကြောက်လို့'

'ဟင်'

'ဟုတ်တယ်ငြိမ်းရဲ၊ ဝဋ်လိုက်မှာ ကြောက်ကြောက် လာလို့'

နားမလည်နိုင်စွာ သူ့ကို တွေကြည့်နေမိဆဲ သူကဖြုတ်ဆို အတွင်းခန်းထဲ ထဝင်သွား၏။ အံဆွဲဖွင့်သံကြားပြီး ချက်ချင်း သူ ပြန်ရောက်လာ၏။ ငြိမ်းသာကို စာရွက်ခေါက်ကလေးတစ်ခုထိုးပေးရင်း—



'မေ့သားလေးကို သူ့အဆက် ကောင်မလေးက ပေးတဲ့ စာလေ'

စိတ်ဝင်စားစွာ ဖွင့်ဖတ်လိုက်မိ၏။

'ကိုကိုနော်၊ ချစ်ကိုအချစ်ဆုံးဖြစ်မှ၊ အားလုံးထက် ပိုချစ်မှ ချစ်က ကျေနပ်နိုင်မှာ၊ ကိုကို့အဖေထက်ရော၊ အမေထက်ရော၊ အို အားလုံးထက် ချစ်ကို ပိုချစ်ရမယ်၊ ဒါပဲ'တဲ့။

[ကလျာအမျိုးသမီးမဂ္ဂဇင်း။ ။၁၉၇၅ခု၊ ဇန်နဝါရီ]

## ဝိုးကြိုးကလေး တစ်မျှင်

ပြင်းထန်လွန်းလှသော ရင်တွင်းဝေဒနာကြောင့် ထင်သည်။ အမေ လွန်စွာ ပင်ပန်း မောဟိုက်နေရှာသည်။ အမေ့တစ်ကိုယ်လုံးလည်း ချွေးများ ရွှဲနစ်လျက်။ အဝတ်အစားများကို လဲပေးလိုပေမယ့် အမေက အလှုပ်မခံနိုင်။ နည်းနည်းကလေး လှုပ်ရှားလိုက်သည်နှင့် အဆမတန် ပင်ပန်းတတ်လေရာ မကြီးမှာ တဘက်ကလေးဖြင့် အသာအယာ သုတ်ပေးနေရသည်။ ထိုသို့ သုတ်ပေးရင်း အမေ့နဖူးပေါ်သို့ လက်ဝါးအုပ်ကာ ဆုတောင်းမေတ္တာပို့သုတ်များ၊ အန္တရာယ်ကင်း ပရိတ်တရားတော်များကို တီးတိုး ရွတ်ဆိုလျက်ရှိသော အဖေ့ကို မော်ကြည့်လိုက်မိ၏။

အဖေ ပကတိ တည်ငြိမ်လွန်းလှသည်။ အမေ့ဝေဒနာကို ကူးစက်ခံစား တရားမှတ်ရှုနေဘိ သကဲ့သို့ နာရခြင်းဆင်းရဲကို အဖေ သတိမပြတ် မလစ်လပ်စေဘဲ ဘာဝနာပွားနေခြင်းလည်း ဖြစ်နိုင်ပေသည်။

တကယ်တော့ အဖေသည် သံသရာ၏ ဝဋ်ဆင်းရဲဖြစ်သော အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ကွေကွင်း ခွဲခွာရခြင်းတည်းဟူသော တရားများကို အသက်လေးဆယ် မပြည့်မီကတည်းက ကောင်းစွာ သဘောပေါက် နားလည်ခဲ့သူ မဟုတ်ပါလား။

ငြိမ်းချမ်းမှုသုခ အစစ်သည် အဘယ်တွင် တည်ရှိကြောင်း အဖေ လေ့လာသိရှိခဲ့ပြီးပြီ။ ထို့ကြောင့် အိမ်ထောင် အနှောင်အဖွဲ့၊ သံယောဇဉ်ကြိုးတို့ကို ဖြတ်တောက်ပယ်ရှင်းကာ အလုံးစုံသော ဆင်းရဲခြင်းတို့ကင်းရာကို ရည်သန်၍ လောကီလူ့ဘောင်ကို ဥပေက္ခာပြုနိုင်ရန် ကြိုးစားခဲ့သူ မဟုတ်ပါလား။

အမေ လူးလွန့်လှုပ်ရှားလိုက်သည်။ အမေ့ထံ အာရုံ ပြန်ရောက်သွား၏။ တခေါင်းကွေးကလေး လှဲနေရာက နေရာပြောင်းလိုက်သော်လည်း အမေ သတိကောင်းစွာ မရသေး။ အမေ့လှုပ်ရှားမှုသည် သတိလက်လွတ် မိန်းမောလျက် ရှိသော လှုပ်ရှားမှု၊ ဝေဒနာ၏တစ်စိတ်တစ်ဒေသဖြစ်သော လှုပ်ရှားမှုမျှသာ ဖြစ်သည်။

လူးလွန့်ရင်း အမေ့နှုတ်မှ စကားကို တစ်စွန်းတစ်စ ကြားလိုက်ရသလိုလို ဟိုတစ်နေ့ကလို အဖေ့နာမည်ကို တလိုက်လေသလား။ အာရုံစူးစိုက်ထားလိုက်၏။ သို့သော် စကားသံက ဝိုးဝါးထွေးလျက် ရှိသဖြင့် မကြီး နားမလည်လိုက်။ သူ့နာမည်ကို သတိမရှိသည့်ကြားမှ အမေ ထုတ်ဖော် မြည်တမ်းလျက် ရှိကြောင်း အဖေကိုယ်တိုင် နားဖြင့်ဆတ်ဆတ် ကြားစေလိုလှပါသည်။

မကြီးဆန္ဒ မပြည့်ဝပါ။ မျက်လုံးမဖွင့်ဘဲ ညည်းတွားနေ



သည့် အမေ့စကားသံ ကလေးမှာ သဲ့သဲ့ကလေး။ စကားလုံးများ လုံးဝ မသဲကွဲ။

အမေ့ကို စိုးရိမ်စွာ ကြည့်နေမိရာက အဖေ့ကို မော့ကြည့်လိုက်မိပြန်၏။ စောစောက တွေ့မြင်ခဲ့ရသည့် အဖေ့ထံမှ တည်ငြိမ်မှုတို့ ပျက်ပြယ်သွားကြပြီကို ရုတ်ခြည်းမြင်သိလိုက်၏။ အဖေသည် နှစ်ပေါင်း သုံးဆယ်ကျော် သူ့ဘဝအဖော် ဖြစ်ခဲ့သည့် အမေ့ကို စူးစူးစိုက်စိုက် ကြည့်နေ၏။ အဖေ့မျက်လုံး အကြည့်သည် ပူပန်ကြောင့်ကြမှုကို ထင်လင်းစွာ ဖော်ပြနေလေသည်။ အဖေက အမေ့နဖူးဆံစပ်မှချွေးသီးချွေးပေါက်များကို မျက်နှာသုတ်ပဝါကလေးဖြင့် ညင်သာစွာ သုတ်ပေးနေသည်။ အဖေ့လက်များ မသိမသာ တုန်ယင်နေကြသည်။

အမေ့ဝေဒနာ။

အဖေ့ အကြင်နာ အပြုအစု။

မကြီးရင်ထဲဝယ် ထူးခြားသော ခံစားမှုများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာသည်။

တရားရိပ်သာဝယ် အေးချမ်းသုခအစစ်ကို ခံစားနေရပြီ ဖြစ်သောအဖေ့ကို မကြီး သွားရောက်တွေ့ဆုံခဲ့မိသည်။ အမေ့အဖြစ်ကို အလုံးစုံပြောပြခဲ့မိသည်။ အဖေ့ခြေကို ခေါင်းအပ်ကာ ဆောက်တည်ရာမရ ငိုကြွေးခဲ့မိသည်။ ဒါကလည်း ဝေဒနာခံစားရင်း သတိကင်းလွတ်နေရှာသော အမေ့အတွက် အဖေ့နာမည်ကို ကကောင်ကတမ်း တခဲ့ရှာသော အမေ့အတွက် နောက်ဆုံးအချိန်သို့ ရောက်ရှိနေလေပြီလားဟု စိတ်ထင့်ခဲ့ရသော အမေ့ အခြေအနေအတွက်။

အမေ့အတွက် မောင်နှမတတွေ စိတ်တူသဘောတူ လုပ်ဆောင်ခဲ့ကြပြီခြင်းသည် အဖေ့တရားကို ဖျက်ဆီးရာကျနေလေပြီလား။ သောကကမ္ဘာထဲသို့ အဖေ့ကို ပြန်လည်ခေါ်ငင်ခဲ့မိသလို ဖြစ်နေပြီလား။

သို့ပေမယ့် အဖေ ယခုလို ပူပန်စိတ်ကြီးစွာဖြင့် အမေ့ကို ပြုစုနေသည်ကို မြင်ရပြန်တော့ မကြီးမှာ နှိုင်းယှဉ်ဖွယ်ရာ မရှိအောင် ကြည်နူးမိပြန်သည်။

ခုနေများ အမေ သတိကောင်းကောင်း ရလာရင် ဘယ်လောက်အားရှိသွားမလဲ။ ကျေနပ်သွားမလဲ။အားရှိသွားရှာမှာ အမှန်ပါပဲ။ သူနှင့်တကွ သားသမီးများကို လျစ်လျူရှုထွက်ခွာသွားပြီဟု အမေယူဆထားခဲ့သောအဖေ။ ယခု မိသားစုထဲသို့ ပြန်လည်ရောက်ရှိနေကြောင်း အမေသာသိလျှင် အလွန်တရာမှပင် စိတ်ချမ်းသာရရမည်မှာ အမှန်။

အမေရယ် သတိကောင်းကောင်း ရလာပါတော့လား။ အမေ့မျက်လုံး တောက်တောက်ကလေးတွေကို ဖွင့်ကြည့်လိုက်စမ်းပါ။ အမေ့ဘေးမှာ အဖေပြန်ရောက်နေပြီ။ အမေ့ကို ပြုစုနေပြီလေ။ အဖေ့မျက်လုံးအကြည့်တွေကို အမေ မြင်စေချင်လိုက်တာ။ သမီး အဖေ့ကို အမေ့ဆီ ပြန်ခေါ်ခဲ့ပြီလေ။

မျက်ရည်ပေါက်ကြီး နှစ်ပေါက်သည် မကြီး ပါးပြင်ပေါ်သို့ လိမ့်ကျစီးဆင်းသွားသည်။

\+ \+ \+

ဆန်မာသော လက်နှစ်ဘက်က မကြီး၏ပခုံးများကို ဆုပ်ကိုင်လိုက်၏။



နွေးထွေးသောလက်များ၊
အားပေးသောလက်များ၊
မေတ္တာပြည့်သောလက်များ၊
အဖေ့လက်များ။
'သမီးကြီး'

မျက်ရည်စက်လက်နှင့်ပင် မကြီး အဖေ့ကို မော့ကြည့်လိုက်မိ၏။ အဖေ့က အသက်ရှူမှန်သွားပြန်သော အမေ့ကိုတလှည့် မကြီးကိုတလှည့်ကြည့်ပြီးမှ–

'လူ့လောကဆိုတာ ဒီလိုပဲပေါ့သမီးကြီးရယ်၊ လူရယ်လို့ ဖြစ်လာရင် ဒီတရားတွေဟာ ရှောင်လွှဲလို့ မရနိုင်ပါဘူး'

မကြီးကို နှစ်သိမ့်မှုပေးနိုင်စွမ်းရှိသော အင်အားဖြည့် အပြုံးတစ်ခုကို ဖန်တီးထားရင်း အဖေ သူ့စကားကို ဆက်၏။ ကလေးငယ်တစ်ယောက်လို သဘောပေါက် နားလည်အောင် ရှင်းပြနေသကဲ့သို့။

'တကယ်တော့ ကြုံကြိုက်လာတဲ့ပြဿနာကို စိတ်ခိုင်ခိုင်နဲ့ ဖြေရှင်းနိုင်အောင် ကြိုးစားဖို့ဟာ အဓိကပဲသမီးရဲ့၊ တချို့ ပြဿနာကျတော့ ဖြေရှင်းလို့ ရနိုင်တယ်၊ တချို့ ကျတော့ ဘယ်သူဝင် ဖြေရှင်းလို့မှ မရနိုင်တဲ့ ပြဿနာမျိုး၊ အဲဒါမျိုး ကြုံရင် စိတ်ဓာတ်မကျရဘူး သမီးကြီး၊ ဥပမာ အခု မေမေ့ အဖြစ်မျိုးမှာ သမီးတို့မောင်နှမတွေ၊ ဒီကဆရာဝန်၊ ဆရာမတွေအားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးကြတယ်၊ ဒါပေမယ့် ခုချိန်ထိ သိသိသာသာ တိုးတက်မှုမရှိလာသေးဘူး၊ ဒါကို မျှော်လင့်ချက်ကုန်ပြီလို့ မမှတ်ရဘူးသမီး၊ သမီးမေမေအသက်နဲ့ ခန္ဓာမြဲနေသေးတယ်ဆိုတာကို အားထုတ်

ရောပါ၊ စိတ်ကိုလွှတ်မထားနဲ့ကွယ်၊ သမီး မေမေ ပြန်ကျန်းမာလာမှာပါ၊ ဖေဖေ သစ္စာပြုထားပါတယ်၊ သမီးကြီး စိတ်ငြိမ်ငြိမ်ထားပြီး နားနားနေနေနေပါ၊ ကဲ ပြန်နားချေဦး၊ တစ်ညလုံးလဲ အိပ်ရေးပျက်ထားတာ၊ ခဏနေ ကိုဖြိုးနဲ့ ကိုတိုးတို့လဲ ရောက်လာကြမှာပဲ၊ အိမ်ပြန်အိပ်ချေ ဟုတ်လား'

အဖေချစ်သော သမီးမို့လားမပြောတတ်။ အဖေ့စကားကြားရသည်နှင့် မကြီးအားတွေ ပြန်တက်လာသည်။

'ဖေဖေ သစ္စာပြုထားပါတယ်'

'ဖေဖေ သစ္စာပြုထားပါတယ်'တဲ့။

အဖေ့ သစ္စာပြုချက်ကို မကြီးသိလိုလှပါသည်။

အဖေ ဘယ်လိုများ သစ္စာပြုထားပါသနည်း။

မည်သို့သောသစ္စာကိုပင်ပြုပြု အဖေ့လို စိတ်ခတ်ပြတ်သားသော၊ စကားတည်ကြည်သော၊ တရားကို လက်တွေ့ကျင့်သုံးနိုင်ရန် အားထုတ်လျက်ရှိသော ပုဂ္ဂိုလ်မျိုး၏ သစ္စာသည် စူးရှထက်မြက်လိမ့်မည်ဟု မကြီး သံသယမဲ့စွာ ယုံကြည်နေပါ၏။

မကြီးသည် အဖေ့ကို အလွန်ချစ်သောသမီးကြီး မဟုတ်ပါလား။

သူ့ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်ထားသည့် အဖေ့လက်များကို မကြီး အားကိုးလှစွာ ဖက်တွယ်ထားလိုက်မိ၏။ သည်မှာတင် စိတ်ခတ်အင်အား လျော့ပါးလျက်ရှိသော သမီး အတွက် 'ဖခင်'ဆိုသောအသိသည် တန်ဖိုးကြီးလှကြောင်း မကြီး ခံစားလာမိ၏။ အထက်တန်းအဆင့်ပြ ကျောင်းဆရာမကြီး 'မကြီး' သည် အဖေ့ရှေ့ဝယ် ပျောက်ကွယ်သွားပြီ။



'အင်း ငါ့သမီးလဲ လူကြီး ဖြစ်နေပေမယ့် ကလေးပဲ ရှိပါသေးလားကွယ်'

ညင်သာပျော့ပျောင်း ကြင်နာမှုလောင်းသော အဖေ့စကားသည် ထိလွယ်၊ ခိုက်လွယ်ဖြစ်နေသည့် မကြီး၏ပုံရိပ်ကို ကြည်လင်ပြတ်သားစွာ ထင်ဟပ်ပြလိုက်သည့်နှယ်။

\+ + +

ထူးခြားသည်ကတော့ အမှန်။

အဖေရောက်ပြီး နောက်တစ်နေ့မှာပင် အမေသတိကောင်းစွာ ပြန်ရလာခဲ့၏။

မကြီးကတော့ အဖေ့သစ္စာ၏တန်ခိုးကြောင့်ဟု တထစ်ချ မှတ်ယူလိုက်၏။

အမေ သတိရလာချိန်က အရုဏ်ကျင်းစ အလင်းရောင်ပျပျကလေးဝင်လာချိန်၊ တစ်ညလုံး အမေ့အနားမှာ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် တငုတ်တုတ်တုတ် စောင့်နေခဲ့သော မကြီးသည် အမေ့လှုပ်ရှားမှုတိုင်းကို အရိပ်ကြည့်နေခဲ့သဖြင့် အမေ သတိရလာကြောင်းကို ချက်ချင်းသိသည်။ အမေ လှုပ်လိုက်သည်ဟုထင်၍ ဂရုစိုက်ကြည့်လိုက်သည့်အခါ မျက်လုံးကလေး မှေးစင်းစင်းဖြင့် ဗိုက်ပေါ်မှစောင်ကို ရင်ညွန့်အထိဆွဲတင်ရန် ကြိုးစားနေသောအဖြစ်ကို သတိထားလိုက်၏။

'အမေ'ဟု ဝမ်းသာလှိုက်လှဲစွာ ခေါ်ကြည့်လိုက်မိသောအခါ 'သမီးလား' ဟု ချက်ချင်းလိုလို တုံ့ပြန်လိုက်၏။ ပြီး ဆက်တိုက်လိုပင် နံရံမှ မီးချောင်းကိုလှမ်းကြည့်ကာ–

'သမီးကလဲ အိပ်ရင် မီးပိတ်ထားမှပေါ့၊ဘာလဲ စာဖတ်ရင်း အိပ်ပျော်သွားလို့လား'

မကြီး အမေ့မေးပုံကို ရုတ်တရက်နားမလည်။

စောင်ကိုဆွဲပြီး အမေ့ကို လုံခြုံစွာခြုံပေးနေရင်း အပြေးအလွှား စဉ်းစားလိုက်ရ၏။ ခဏကြာမှ စည်းကမ်းကြီးသော အမေတစ်ယောက် သူနှင့် မကြီးတို့အိပ်ခန်းထဲတွင် မီးချောင်းထွန်းထားသည်ဟု ယူဆနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မကြီးကို စာဖတ်ရင်း အိပ်ပျော်သွားလို့လားဟု မေးနေခြင်းဖြစ်ကြောင်း နားလည်လာတော့သည်။ ဩော် အမေ။ ဝေဒနာသည်းစွာခံစားရင်း ဆေးရုံပေါ်ရောက်ရှိနေသည်ကို မသိရှာသေးပါလား။

'အမေ၊ ဒါ မကြီးတို့အိပ်ခန်း မဟုတ်ဘူးလေ အမေ့ရဲ့၊ အမေ အရမ်းမောပြီး သတိလစ်သွားလို့ ဆေးရုံတင်ထားရတာ အမေရဲ့'

အမေ စူးစမ်းသောအကြည့်ဖြင့် မကြီးကို စောင်းငဲ့ကြည့်လိုက်သည်။ ပြီး သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေပြန်သည်။ အားနည်းဖျော့တော့သောအကြည့်၊ အသိစိတ် ဝေဝါးမှုန်ရီသော အကြည့်။

အာဟာရဖြည့်သွင်းရန် နှာခေါင်းပေါက်အတွင်းမှ ထည့်ထားရသော ပိုက်ကလေးကို သူ စမ်းမိသွားသည့်အခါ မျက်မှောင်ကြီးကုပ်ကာ–



'ဘယ်နှစ်ရက် ရှိသွားပြီလဲ'

'ဆေးရုံရောက်တာ သုံးရက်ရှိသွားပြီ အမေ'

'အမေ လုံးဝ မသိဘူး သမီး၊ ကိုတိုးတို့ဆီ သမီးအကြောင်းကြားသေးသလား'

အမေက သူအချစ်ဆုံးသားငယ်ကို အဦးဆုံးမေးလိုက်ပါပြီ။ ဩော် အမေရဲ့ ဇော။

'တယ်လီဖုန်းဆက် ခေါ်ရတာပေါ့ အမေရယ်၊ သမီး တစ်ယောက်တည်းဆိုတော့ ဘာလုပ်ရမှန်း မသိအောင် စိတ်ပူသွားတာကိုး'

'သမီးတစ်ယောက်တည်းဆိုတော့' ဟု ထည့်ပြောလိုက်ပြီးမှ ပြောရန်မသင့်သောစကားဟု အမှတ်ရလိုက်မိ၏။

'အခု ကိုတိုးရော၊ ကိုဖိုးပါ ရောက်နေကြပြီအမေ၊ ခဏနေ လာကြလိမ့်မယ် အမေ့သားတွေ၊ ပြီးတော့လဲလေ'

အဖေ့အကြောင်း ပြောမည်ကြံပြီးမှ ပြန်ထိန်းချုပ်ထားလိုက်၏။ သတိပြန်လည်လာစ အမေ့ကို စိတ်လှုပ်ရှားစရာတွေ သိပ်ပြောလို့ မဖြစ်သေးဟု မကြီး ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ရ၏။ အမေ မေ့ကျန်းမာသည့် ရက်များအတွင်း မကြီးစိတ်တွေ ယောက်ယက်ခတ်လွန်းလှသည်။ ယခုလည်း ပြောပြလိုက်ချင်လှသည့် အဖေ့အကြောင်း၊ ရင်ထဲတွင် တလိပ်လိပ်။

သူတို့ကို ဥပေက္ခာပြုသွားပြီဟု အမေ ယူဆခဲ့သည့် အဖေ။

စိတ်မြန် လက်မြန်ရှိလှသည့် အမေ့ကို သိမ်မွေ့ပျော့ပျောင်းစွာ ထိန်းသိမ်းပေးတတ်သော အဖေ။

အမေ့ ဝေဒနာကိုပြောပြရင်း ဆောက်တည်ရာမရ ငိုကြွေး

ခဲ့မိတော့ သမီးကို နှစ်သိမ့်ကာ သမီးခေါ်ရာသို့ လိုက်ခဲ့ရှာသော အဖေ။

ချစ်ခင်နှစ်သက်သူကို ခွဲခွာ၍ မိဘ သဘောတူသည့်သူကို လက်ထပ်ခဲ့ရသည့်အကြောင်းကို စိတ်အခန့်မသင့်တိုင်း အမေက ထုတ်ဖော်ကြေညာခဲ့ခြင်းကို ခံပြင်းခဲ့ရှာသော အဖေ။

အိမ်ထောင်သက် အနှစ်သုံးဆယ်ကျော်လာသည့်တိုင် သူ့ကို မြတ်မြတ်နိုးနိုးနှင့် နားလည်မှုမရှိဟု အမေ့ကို မှတ်ချက်ချခဲ့သော အဖေ။

ထိုအဖေက ယခုတော့ ဝေဒနာရှင်အမေ့ကို စိုးရိမ်ကြောင့်ကြမှု အပြည့်နှင့် ကြင်နာစွာ ပြုစုနေကြောင်း အမေ သိစေချင်လှသည်။ အဖေ့ကို အမေ နားလည်စေချင်လှသည်။

'သမီး ဘာဆက် ပြောမလို့လဲ၊ သမီးစကား မဆုံးသေးပါဘူး'

'မဟုတ်ပါဘူး အမေ၊ အမေ သက်သာလာတာ သမီး သိပ်ဝမ်းသာတာပဲဆိုတာ ပြောမလို့ပါ'

အမေက ပါးနပ်ထက်မြက်သူပီပီ သမီးမျက်နှာကို အကဲခတ်လေ့လာနေသည်။ အမေ့အကြည့်မှာ စွမ်းအင်အပြည့်ရှိသည်။ အမေ့ကို ဆက်ညာရန် လွယ်ကူလိမ့်မည် မဟုတ်ပေ။ မကြီး စကားလုံး ရွေးချယ်နေမိသည်။

သို့ပေမယ့် အမေ ထပ်မမေးတော့။

မကြီး တစ်ခုခုကို လျှို့ဝှက်ထားမှန်း အမေသိသည်။ အမေ သိကြောင်းကို မကြီး ရိပ်မိသည်ကလည်း အမှန်။ သူသိကြောင်းကို မကြီး ရိပ်မိသည့်အဖြစ်ကိုလည်း အမေက သိပြန်သည်ပင်။



အမေပဲလေ၊ သားသမီးတွေကို ရင်၌လွယ်ပြီး နှလုံးသွေးကို မျှတခဲ့ဝေပေးကာ လူ့လောကသို့ ခေါ်ဆောင်ပေးခဲ့သူပေပဲ။

မကြီးမှာ အမေ့ မျက်လုံးအကြည့်ကို ရင်မဆိုင်ရဲ။ အမေ မျက်စိစုံမှိတ်ကာ ပြန်မှိန်းသွားမှ အသက်ရှဲရှဲ ရှူနိုင်ပါတော့သည်။ အမေ့ ခြေဖျားကလေးများကို စောင်တစ်ထည်ဖြင့် သပ်၍ ထွေးပေးလိုက်ဆဲ၊ အမေ့ ခေါ်သံကို ကြားလိုက်ရ၏။

'သမီးကြီး'

ထူးခြားစွာ သိမ်မွေ့လှန်းသော အမေ့ ခေါ်သံ။ အမေ့ကို ...းကပ်စွာ ငုံ့၍ ကြည့်လိုက်၏။ အမေ့ နှုတ်ခမ်းပါးကလေးများ ...ရွရွ လှုပ်ရှားလာပြီး–

'ညည်းအဖေ နေကောင်းရဲ့လား၊ အမေ့ကို အမှန်အတိုင်း ပြောစမ်းပါ'

မကြီးရင်ထဲ လှုပ်ခတ်သွားသည်။ မထင်မှတ်သည့် မေးခွန်း ကို ရင်ဆိုင်လိုက်ရသဖြင့် မကြီး ချက်ချင်း မဖြေနိုင်။

'ခုနလေးက ညည်းအဖေကို အမေ အိပ်မက်ထဲမှာ–

အသံကလေး တိုးဝင်သွားသည်။ မကြီးကို ကြည့်လိုက်တော့ အမေ့မျက်လုံးတို့သည် ဖျော့တော့နေပြန်သည်။

'အဝတ်သစ် အစားသစ်တွေနဲ့ သူ့ဘေး ပတ်ပတ်လည်မှာ ...းတွေ ဝိုင်းလို့၊ ညည်းအဖေ ဘာဖြစ်နေလဲ၊ အမေ အမှန်ကို သိပါရစေ သမီးရယ်'

အသံကလေးမှာ တိုးရုံမျှသာမက တုန်ယင်၍လည်း နေပေသည်။ အမေ သတိရလာပုံ၊ သည်လိုမေးပုံများကို အဖေမြင်စေ

ချင်လှသည်။ ထိုအခါ အမေ သူ့ကို တွယ်ငြိမှုမရှိဟု ယူဆသေး အဖေ့စိတ်တို့ အမှန်ကိုသိမြင်လာနိုင်ပေမည်။

မကြီးကို ကြည့်နေသော အမေ့ အကြည့်သည် မကြီး ကျော်လွန် သွားသည်။ တစ်စုံတစ်ဦးကို မမျှော်လင့်ဘဲ တွေ့ လိုက်ရသလို အမေ့မျက်လုံးများ တဖျပ်ဖျပ် လှုပ်ရှားသွားပြီး လက်ကနဲ အရောင်တောက်ကာ တစ်နေရာတည်းသို့ စူးစိုက် ကြည့်နေသည်။

မကြီး လှည့်ကြည့်လိုက်တော့ အဖေ။

မြွေလှမ်းမှန်မှန် လျှောက်လာသော အဖေနှင့် ကတိုက် ကရိုက် ထသွားကြိုဆိုလိုက်မိသည့် မကြီးတို့ လမ်းခုလတ်မှာပင် ဆုံမိကြပါသည်။

'အစောကြီး ဘာဖြစ်လို့လာရသလဲ အဖေရယ်၊ အပြင်မှာ အေးက အေးပါဘိသနဲ့၊ဟိုမှာ အမေရယ် သတိကောင်းကောင်း ရနေပြီ အဖေရဲ့၊ ခုလေးတင် အဖေ့အကြောင်း မေးနေတာ၊ အိပ်မက် မက်လို့တဲ့'

ကြည်နူးဝမ်းသာစိတ်ကြောင့် မကြီးအသံမှာ လှိုင်းထနေ သည်။ တိုက်ဆိုင်လိုက်တာ။

'အဖေသိတယ် သမီးကြီး'

အံ့အားအသင့်ကြီးသင့်ကာ အဖေ့ကို မော့ကြည့်လိုက်မိ၏။

'လေးနာရီလောက်က အဖေ တရားထိုင်မှတ်နေတုန်း အာရုံ ထဲမှာ သမီးမေ့မေ့ပေါ်လာတယ်၊ ဒါနဲ့ အဖေ တရားထိုင်ပြီး ပြီးချင်း ဒီကို ထွက်လာခဲ့တာပဲသမီးရဲ့'

အဖေ့မျက်နှာသည် ကြည်လင်လျက်။



အမေ့ကို စီးကြည့်လိုက်သော အဖေ့ မျက်လုံးတို့သည် အကြင်နာမေတ္တာကဲလျက်။

\+ \+ \+

ဘာ့ကြောင့်မှန်းမသိ။

အဖေနှင့်အမေတို့ ယခုလို ပြန်လည်တွေ့ဆုံကြမည့်အချိန်ကို မကြီး စောင့်စားနေခဲ့မိသည်မှာ ကာလကြာညောင်းလှပြီဟု မကြီး ထင်မှတ်မိသည်။

ယခု အဖေနှင့်အမေတို့ တွေ့ဆုံကြသည်ကိုကြည့်ရင်း မကြီး ရင်တွေ တလှိုက်လှိုက်ခုန်လာသည်။ မျက်ရည်တွေ ဝဲရစ်လာ သည်။

'မင်း ပြန်နေကောင်းလာတော့မှာပါ၊ ကိုယ် မင်းအတွက် ရည်စူးပြီး အမြဲမေတ္တာပို့ခဲ့တယ်၊ သစ္စာပြုခဲ့တယ်'

အမေက မယုံကြည်နိုင်သောအကြည့်ဖြင့်အဖေ့ကို ငေးမော ကြည့်ရှုနေဆဲဖြစ်သည်။

အဖေက အမေ့ခုတင်ဘေးတွင်ရပ်ကာ အမေ့နဖူးပေါ်သို့ လက်ဖဝါးအုပ်ကာ မျက်လွှာချထားလိုက်၏။

မကြီးသည် အဖေတဘွတ်ဘွတ် ရွတ်ဆိုနေပုံကို တစ်လှည့်၊ အမေ့မျက်လုံးကလေးများကိုတစ်လှည့် ကြည့်ကာ ရင်ထဲဝယ် တသိမ့်သိမ့်။

အဖေ့ကို မှန်ရှိစွာကြည့်နေသော အမေ့ မျက်လုံးကလေး များသည် တဖြည်းဖြည်း ကြည်လင်လာသည်။ တည်ငြိမ်လာ

သည်။ ဝေဒနာ အရိပ်အငွေ့တွေ တစ်စတစ်စနှင့် လွင့်ပါး ပျောက်ကွယ်ကုန်သည်။

ချမ်းမြေ့မှုကို အမေ့မျက်လုံးထဲတွင် တွေ့ရှိလာရသည်။

အမေ့မျက်လုံးကလေးများသည် ညင်သာစွာ မှေးစင်းသွားသည်။

မကြီး ကောင်းစွာသိလိုက်မိပါပြီ။

အမေ သည်တောင်ကကျော်ခဲ့ပြီ။

တစ်ခုပဲ အမေ့ကို မေးကြည့်ချင်လှပါသည်။

ဘယ်လိုသစ္စာတွေများ ပြုခဲ့လို့ပါလဲ အမေဟု။

[ပေဖူးလွှာမဂ္ဂဇင်း။ ။၁၉၇၅ခု၊ ဇန်နဝါရီ]

ဒဏ်




## ဒဏ်

ကိုစိုးမောင်သည် ခင်အေးကြည်ကို ချစ်၍ လက်ထပ်ခဲ့ခြင်း ဖြစ်ပါ၏။

သို့သော် သူ ခင်အေးကြည်ကို လက်ထပ်ခဲ့ခြင်းမှာ 'ချစ်၍' ဟူသော အကြောင်းပြချက်တစ်ခုတည်းနှင့်တော့ မလုံလောက်ပါချေ။ အဘယ်ကြောင့်ဆိုသော် 'ချစ်၍' ဟူသော အကြောင်းပြချက် တစ်ခုတည်းဖြင့်သာ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမည်ဆိုလျှင် ကိုစိုးမောင်တွင် နောက်ထပ် လက်ထပ်စရာ မိန်းကလေးသုံးယောက်ခန့် ရှိနေသေးသောကြောင့်ပင်တည်း။

ရုပ်ရည်သန့်ပြန့်၍ အပေါင်းအသင်းဆံ့သော၊ ခေတ်ပညာတတ် ဘွဲ့ရအရာရှိကလေးတစ်ဦးဖြစ်သော၊ နောက်ပိုင်း ငဲ့ကွက်စရာ၊ တာဝန်ယူစရာ မိသားစုများများမရှိသော လူပျိုကြီး ကိုစိုးမောင်ကို လက်ခံခေါင်းညိတ်မည့် မိန်းကလေးသုံးလေးဦး

တစ်ချိန်တည်းမှာ ရှိနေတတ်သည်မှာ ဘာမျှ မထူးဆန်းဟု ဆိုနိုင်ပေသည်။

ထိုသို့ ရွေးချယ်စရာများရှိသည့်အထဲမှ သူ့စိတ်ကြိုက် ခင်အေးကြည်ကို ရွေး၍ လက်ထပ်ခဲ့သည်။ စင်စစ်ပြောကြစတမ်းဆိုလျှင် အားလုံးထဲမှာ ခင်အေးကြည်က ရုပ်ရည်အားဖြင့် ဆွဲဆောင်မှု အနည်းဆုံး။ အသား လတ်လတ်နှင့် ကိုယ်ခန္ဓာများစွာ ဖြည့်ဖြိုးမှုမရှိသည့် ခင်အေးကြည်ကို ‘ယဉ်စစကလေး’ဟု အသိအမှတ်ပြု ခံရသည်ကလွဲ၍ ထူးထူးခြားခြား လှသည်ဟု မည်သူကမျှမယူဆကြ။

သည်လို အခြေအနေများရှိသည့်ကြားထဲမှ ကိုစိုးမောင်သူ့ကို လက်ထပ်ခဲ့ခြင်းမှာ အခြား အမျိုးသမီးများနှင့်မတူခြားနားသော ခင်အေးကြည်၏ စိတ်နေသဘောထား၊ ဓလေ့စရိုက်နှင့် အပြင်အဆင်တို့ကြောင့် ဖြစ်ပေသည်။

ခင်အေးကြည်သည် အေးချမ်းစွာနေတတ်သည်။ နှုတ်နည်းသည်။ ခေတ်မီစွာ ဆင်ယင်ထုံးဖွဲ့တတ်သော်လည်း အလွန်အကျွံ ပြင်ဆင်ခြယ်သထားမှုမရှိ။

ဒါတွေက ကိုစိုးမောင့်အကြိုက်။

ထို့ကြောင့် ခင်အေးကြည်သည် သူ၏ အိမ်ရှင်မဖြစ်လာခဲ့လေသည်။

\+ \+ \+

‘ကသာမြို့၊ သစ်တောဦးစီးဌာနမှ ဦးစိုးမောင်နှင့် ပုသိမ်မြို့အစိုးရအထက်တန်းကျောင်း၊ အထက်တန်းပြဆရာမ ဒေါ်ခင်



အေးကြည်တို့၏ ၁၅ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် အနှစ် ၁၀၀ ပြည့်မြောက် မင်္ဂလာနှစ်ပတ်လည်သို့ သားတစ်ရာ၊ မြေးတစ်ဖျာနှင့် ပျော်ရွှင်စွာလှမ်းချီနိုင်ပါစေကြောင်း ချစ်ဆွေအပေါင်းက ဆုတောင်းလျက်ရှိပါသည်’ဟူသော သဝဏ်လွှာကလေး သတင်းစာထဲပါလာသည့်နေ့က သူတို့နှစ်ယောက် ရန်ကုန်မြို့ရှိ ဆေးခန်းတစ်ခန်းတွင် ရောက်နေကြသည်။

ခင်အေးကြည်သည် ဆရာဝန်ကြီးကိုစောင့်ရင်း သတင်းစာကို အခါခါဖတ်နေမိသည်။

‘သားတစ်ရာ မြေးတစ်ဖျာတဲ့လားလေ’

တီးတိုးရေရွတ်လိုက်မိ၏။ သို့သော် နှုတ်နည်း၍ အေးဆေးသော သူ့စရိုက်အတိုင်း သူ့ရင်တွင်းခံစားချက်ကို လင်ယောကျ်ားဖြစ်သူအား တစ်စွန်းတစ်စမျှ မလှစ်ဟ။

ယခင်အပတ်ကလည်း သူတို့နှစ်ယောက် သည်နေရာသို့ ရောက်ခဲ့ပြီးပြီ။ ဆရာဝန်ကြီးက နှစ်ယောက်စလုံးကို ဆေးစွေးပြီးပြီ။ စမ်းသပ်စစ်ဆေးပြီးပြီ။ ယခုတစ်ပတ်မှာ ထိုစမ်းသပ်စစ်ဆေးချက်များ၏အဖြေကို သူတို့သိရမည်။

ထို့ကြောင့် လာစောင့်နေကြခြင်း ဖြစ်သည်။

‘သားကလေးဖြစ်ဖြစ်၊ သမီးကလေးဖြစ်ဖြစ် တစ်ယောက်လောက်ရရင်ကို စမ်းသာလှပါပြီကွာ’ ဟု တောင့်တောင့်တတပြောခဲ့သည့် ကိုစိုးမောင်က တည်တည်ငြိမ်ငြိမ် ရှိလှသော်လည်း ခင်အေးကြည်ကမူ တုန်တုန်လှုပ်လှုပ် ဖြစ်နေမိသည်။

‘ငါ့ ချွတ်ယွင်းချက်များ ရှိနေသလား’

ထိုသို့တွေးမိတော့ ပို၍ စိတ်လှုပ်ရှားသွားသည်။ စာရေး

ဆရာမကြီး ခင်နှင်းယုရေးဖွဲ့ခဲ့သည့်'မွေး'ဝတ္ထုထဲက ဇာတ်ကောင်မွေးလို အဖြစ်များ ကြုံတွေ့နေရဦးမလား။

သည်လိုအတွေးပေါက်လာတော့ သူ့ခင်ပွန်းကို စိတ်အားငယ်စွာ ငေးကြည့်မိသည်။ တစ်ချိတစ်ချိ မျက်ဝန်းထဲတွင် မျက်ရည်များ ဝေ့သီရစ်ဝဲလာသည့်တိုင် ခင်အေးကြည် နက်ရှိုင်းစွာ ခံစားနေမိ၏။ အားငယ်သည်နှင့်အမျှ ဝမ်းနည်းစိတ်ကပါ ဝင်လာသည်။

လစဉ်လတိုင်း ရက်ကလေး နည်းနည်း လွန်လာသည်နှင့် ကျိတ်၍ဝမ်းသာကာ 'သားကလေးလား၊ သမီးကလေးလား' နှင့် စိတ်ကူးယဉ်ခဲ့မိပေါင်း များလှပြီ။ ယခုတိုင် ဆန္ဒ ပြည့်ဝမလာခဲ့။ ချစ်သော ခင်ပွန်းအတွက် အချစ် ကိုယ်ပွားကလေး ခွဲပေးလိုက်ချင်လှသည်မှာ ခင်အေးကြည်၏ အပြင်းပြဆုံးသော ဆန္ဒပင်။

ပြီးတော့ သူက ငယ်တော့တာမှ မဟုတ်တာဘဲ။

ရောက်တတ်ရာရာ လျှောက်တွေးနေမိခိုက် သူတို့အလှည့် ရောက်လာသည်။

အပြုံးဖြင့် ဆီးကြိုလိုက်သည့် ဆရာဝန်ကြီးကို ကြည့်ကာ အားတက်သွားသည်။

'အိုကေပါတယ် ဦးစိုးမောင်၊ ခင်ဗျားရော ခင်ဗျားမစ္စက်ပါ ဘာချွတ်ယွင်းချက်မှ မရှိပါဘူး၊ တစ်ချိန်ချိန်တော့....'

ရင်ထဲတွင် လွတ်လပ်ပေါ့ပါးသွားသည်။

ခင်ပွန်းသည်ကို လှမ်းကြည့်လိုက်သည့် ခင်အေးကြည်၏ မျက်လုံးကလေးများသည် လက်ကနဲ တောက်ပသွား၏။ ကိုစိုး



မောင်က ခင်အေးကြည်၏မျက်ဝန်းများကို မြင်လိုက်သည့်ခဏ သူ့မိန်းမ အတော်စိတ်ချမ်းသာရ ရသွားကြောင်း သိလိုက်၏။

'ကြားတယ်မဟုတ်လား မိန်းမ၊ ဘာမှ အားငယ်စရာမလိုဘူး သိလား၊ နောက်တော့မှ မွေးလွန်လွန်းလို့ ရှင်မွေးလွန်းလို့တောင် ဝိုင်းခေါ်ကြလိမ့်ဦးမယ်'

ကိုစိုးမောင်လည်း ပျော်သွားသည် ထင်ပါ၏။ ခင်အေးကြည်ကို အရွှန်းအပြက်တွေနှင့် ကျီစယ်ရင်း နှစ်သိမ့်လိုက်၏။

သို့ပေမယ့် မိန်းမတစ်ယောက်အတွက် အနှစ်လေးဆယ်ဆိုသော ကာလသည် လူ့လောကတွင် နေရမည့် ယေဘုယျ အသက်အပိုင်းအခြား၏ တစ်ဝက်ပင် မကတော့သည်ကို ရုတ်တရက် တွေးလိုက်မိ၏။ မိခင်တစ်ယောက် ဖြစ်လာနိုင်ရန် မျှော်လင့်ချက် သိပ်မရှိလှတော့သော ကာလ၊ သူ့ထက် တစ်နှစ်သာကြီးသည့် ကိုစိုးမောင်က သားများဖခင်ဖြစ်နိုင်ရန် ရာခိုင်နှုန်းပြည့် မျှော်လင့်ချက်ရှိနေသေးသည့်အချိန်မှာ သူက-

ထို့ကြောင့် ခင်အေးကြည် ပို၍အားငယ်သည်။

ခင်ပွန်းသည်၏ နွေးထွေးသန်မာသော လက်များကို ဆုပ်ကိုင်လျက် ထိုလက်များမှတစ်ဆင့် သူ့ကိုယ်တွင်းသို့ အင်အားများ စီးဝင်လာနိုင်ပါစေဟု ပြင်းပြစွာ တောင့်တနေမိလေသည်။

\+ + +

ဆေးခန်းပြသခဲ့ပြီးနောက် အလုပ်ခွင် ပြန်ဝင်လာသည့်အခါ ခင်အေးကြည် သူ့အလုပ်ခွင်တွင်စိတ်ဝင်စားမှုမရှိတော့သည်ကို

အံ့ဩစွာ သတိထားလာမိ၏။ အခါတိုင်း သူ့အလုပ်တွင် သူ ပျော်မွေ့ပြီး အစဉ်နိုးကြားတက်ကြွနေခဲ့သည့် ခင်အေးကြည် မဟုတ်တော့သည်ကို အထိတ်တလန့် တွေ့ရှိလာခဲ့၏။ သူ့စိတ်များမှာ ထူးခြားစွာ ဝပ်ရှဲနေသည်။ သူ့အလုပ်ကို သူ သိသာစွာငြီးငွေ့၍နေသည်။

အထူးသဖြင့် အိမ်ထောင်ရှင်မဟုတ်သော အမည်တပ်လိုက်ရပြီး တကယ့်အိမ်ထောင်ရှင်မ တစ်ဦးကဲ့သို့ အနည်မထိုင်သေးသည့် သူ့ဘဝကို သူ ပြန်မြင်လာမိသည့်အခါ သူ လုံးဝ ဘဝင်မကျနိုင်တော့။

လက်ထပ်ပြီး သုံးလေးလခန့်သာ အတူနေလိုက်ရပြီး နောက်ပိုင်းနှစ်များမှာတော့ တစ်ယောက် တစ်နေရာစီ နေရခြင်းက များသည်။ တစ်ခါတစ်ရံ တစ်နှစ်လုံးနေမှ နှစ်ယောက် အတူနေရချိန်မှာ နှစ်လခန့်။ ဒါတောင်မှ သူက ခွင့်ယူ၍ အပြေးအလွှားလာ၊ ကိုယ်က ကျောင်းပိတ်ရက်မှာ သွားလိုက်နှင့်မို့။ အဲဒီလိုမို့လည်း သီးခြားအိုးအိမ်ဟူ၍ သူတို့ မထူမထောင်ဖြစ်ခဲ့။ သူကလာလျှင် ကိုယ့်မိဘအိမ်မှာ၊ ကိုယ်ကသွားလျှင် သူ့တောစခန်းထဲရှိအိမ်မှာ။ ဘယ်သူသွားသွား၊ ဘယ်သူလာလာ ဧည့်သည်နေ ဧည့်သည်စားမျှသာ။

ခင်အေးကြည်က ကျောင်းဆရာမမို့ အပြောင်းအရွှေ့မရှိသလောက်ပင်။ ကိုစိုးမောင် တာဝန်ထမ်းဆောင်သည့် အလုပ်၏ သဘောသဘာဝကိုက နယ်ဘက်ရှိ သစ်တောကြီးများထဲတွင်။ ပြီး သူ့အလုပ်က နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ်ခန့် အပြောင်းအရွှေ့ရှိသည်။



ပထမ နှစ်ကြိမ် သုံးကြိမ်တုန်းကတော့ ခင်အေးကြည် သျှောင်နောက်ဆံထုံးပါနိုင်ရန် ကြိုးစားပါသေးသည်။ အခြေအနေအရ သူ့အလုပ်က ကိုယ်ရှိရာအရပ်တွင် မရှိသဖြင့် သူ့အလုပ်ရှိရာအရပ်သို့ ပြောင်းရွှေ့ခွင့် တင်ရသည်။ လူမှုရေးအခက်အခဲများကို ထောက်ပြ၍ အကျိုးအကြောင်း ညှိနှိုင်းတင်ပြရသည်။ အခါခါ ခက်ခက်ခဲခဲ ကြိုးစား၍ ပြောင်းရွှေ့လိုက်ပါသွားပြီး တစ်နှစ်ပင် မပြည့်ဘတ်သေး။ ကိုစိုးမောင်က ပြောင်းရပြန်ပါပြီ တစ်ခြား တစ်နယ်သို့။ ထိုအခါ ခင်အေးကြည်မှာ တစ်ငုပ်တစ်ရွာတွင် ယောင်ချာချာ ကျန်ရစ်ပြန်သည်။ သည်လိုနှင့် တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါဖြစ်လာတော့ ခင်အေးကြည် လက်လျှော့လိုက်သည်။ နောက်ဆုံးပုသိမ်မြို့တွင် ခင်အေးကြည်ခြေကုတ်ယူထားပြီး သူကလာလိုက်၊ ကိုယ်က သွားလိုက်နှင့်။

သည်လိုနှင့် ဘစ်ဆယ့်ငါးနှစ်တာ ကာလကို ကျော်လွန်ခဲ့သည်။

'ယောကျ်ားဆိုတာမျိုးက ဒီလိုပဲလေ၊ အနေဝေးနေရင် သာယာမှုနောက် ပါသွားတတ်တာ သဘာဝပေါ့'

'ကွယ် ဒါတော့ဒါပေါ့၊ ဒါပေမယ့် ကိုယ့်မှာက သားတွေသမီးတွေနဲ့ဟာ၊ ထားပါတော့၊ ဟိုလိုသဘောနဲ့ ဟိုလိုဖြစ်တာဆိုရင် တစ်မျိုးပေါ့၊ ခုတော့ အတည့်အလင်း ယူလိုက်တာဆိုတော့ ဒေါ်လှလှစိန်ခမျာ အရှုံးမီးဝိုင်း ဖြစ်ရတော့တာပေါ့ ကွယ်'

ကျောင်းမှ ဆရာမနှစ်ယောက်စကားကို အမှတ်မထင် ကြား

ခဲ့ရသည့် နောက်ပိုင်းတွင် ခင်အေးကြည်မှာ စိတ်တည်ငြိမ်မှု လုံးဝမရှိတော့။ ပူပန်ကြောင့်ကြစိတ် ပွားလာရသည်။

ဒေါ်လှလှစိန်ကို သူသိသည်။ ဖြူဖြူချောချော၊ ပြည့်ပြည့်ဖြိုးဖြိုး။ ခင်အေးကြည်တို့ထက် လေးငါးနှစ်ကြီးသော်လည်း ရွယ်တူတန်းတူလိုပင် အရွယ်တင်၍ လှပနေသည်။ သားကြီး သမီးကြီး ငါးယောက်၏မိခင်ပင် ဖြစ်ပါလျက်နှင့် ကိုယ်နေအချိုးအစား ပြေပြစ်ဆဲရှိသူဟု ကျန် သားသည်မိခင် ဆရာမများက အားကျစွာ ချီးမွမ်းခံရသည့် ဆရာမဖြစ်သည်။

ခင်အေးကြည် အတော်ကို တုန်လှုပ်သွားမိ၏။

သူ့မှာက ကိုစိုးမောင်ကို ဆွဲငင်ထားဖို့ သားသမီးအားလည်း မရှိ။ ရုပ်ရည်ကလည်း ဒေါ်လှလှစိန်လောက် လှပပြည့်ဖြိုးမှုမရှိ။ စိတ်တွေထွေပြား သောကများ၍လားမသိ။ အတော်ကလေး ပိန်သွားကာ နားထင် နားရင်းများ ချောင်ကျ၍ပင်နေသည်။

'မဖြစ်ဘူး၊ မဖြစ်သေးဘူး'

မှန်ထဲတွင်မြင်ရသည့် အိုစာသွားသော သူ့ရုပ်ပုံက သူ့ကိုပို၍ စိတ်အားငယ်စေလေသည်။

\+ \+ \+

တိုက်ဆိုင်၍ပဲလား။ ခင်အေးကြည် ဆုတောင်းပဲ ပြည့်လေသလား မပြောတတ်။ သူ့အလုပ်မှ အငြိမ်းစားယူခွင့် ရသည့်အချိန်တွင် ကိုစိုးမောင် ရာထူးတက်ကာ အထက်မြန်မာနိုင်ငံ၏



အချက်အချာကျသော မြို့ကြီး တစ်မြို့သို့ ပြောင်းရွှေ့မိန့်ကျသည်။

'ဟင် အေး၊ အကြောင်းမကြား ဘာမကြားနဲ့'

မမျှော်လင့်ဘဲ ရောက်လာသည့် ဇနီးသည်ကို တအံ့တသြ ကြိုလိုက်မိသည်။ ခင်အေးကြည်က ကိုစိုးမောင်ကို စေ့စေ့ကြည့် အကဲခတ်လိုက်ရင်း

'ဩော် ကိုကလဲ ကိုယ့်ယောကျ်ားဆီလာတာပဲ၊ ကြိုတင်အကြောင်းကြားနေစရာ လိုသေးလို့လား'

ဒါက မထင်မှတ်ဘဲ ကြားလိုက်ရသည့် ခင်အေးကြည်ထံမှ ပထမဆုံး တုံ့ပြန်စကား။

ကိုစိုးမောင် အံ့သြသွား၏။

မျက်နှာထားရော လေသံပါ ယခင်ကလို မဟုတ်။ အထေ့အငေါ့ သံသယလေးတွေ စွက်နေသည့် လေသံကို သူ့မိန်းမဆီက ကြားလိုက်ရတာမှ ဟုတ်ရဲ့လား။

သူသည် ဇနီးသည်ကို ပြန်အကဲခတ်ရင်း ဖြေရှင်းလိုက်ရ၏။

'မဟုတ်ပါဘူး အေးရာ၊ အကြောင်းကြားလိုက်ရင် ကိုယ်လာခေါ်မှာပေါ့၊ ကိုယ်က ဒီမှာ နေသားတကျရှိမှ အေးကိုလာခေါ်ဖို့ စီစဉ်ပြီးသားပါ'

'ဩော် ဟုတ်လား'ဟု လေသံပေါ့ဖြင့်ဖြေ၍ အိမ်တစ်အိမ်လုံးကို မျက်လုံးဝေ့၍ ကြည့်နေပုံမှာ စူးစမ်းသည့်ပုံစံ အပြည့်။

ဟုတ်တော့ ဟုတ်ဟန်တူသည်။ ပစ္စည်းတွေမှာ ဖြန့်ကြဲလို့။ ဘာမျှရှင်းလင်းရသေးဟန်မတူ။ ဘုရားစင်အောက်တွင် ဖိနပ်စင်ကြီး ရောက်နေသည်။ သို့တိုင် ခင်အေးကြည် ဘဝင်မကျလှ။ သူ ငါ့ကို ကြိုလိုက်ပုံဟာ အားရပါးရလဲ မရှိဘူး၊ အေးတိ

အေးစက်နဲ့၊ ငါ ရွတ်တရက် ရောက်လာလို့ စိတ်ရှုပ်သွားတဲ့ ပုံစံမျိုး။

'အေး ပစ္စည်းတွေကလဲ မနည်းပါလား'

အငှားကားပေါ်မှ ပစ္စည်းများကို သယ်ချရင်း ပြောလိုက်မိ၏။ ပြောလိုက်တုန်းကတော့ ဒီလောက်များတဲ့ ပစ္စည်းတွေကို သယ်လာရတာ သူ့ခမျာ ဝန်လေးနေရှာမှာပဲဟူ၍ စေတနာ ဖက်သည့် ကရုဏာစိတ်ကြောင့် ဖြစ်ပေသည်။ သို့သော် သူ့ မိန်းမဆီမှ ဒက်ကနဲပြောလိုက်သည့် စကားကို ကြားတော့ သူ့ နားပင် သူ မယုံချင်။ ထို့ကြောင့် ထပ်မေးလိုက်မိ၏။

'တကယ်လား အေး၊ တကယ်ပြောတာလား'

တအံ့တသြဖြင့် မျက်ခုံးကြီးနှစ်ဘက် မြင့်တက်သွားလျက် မေးလိုက်ပုံကြောင့် ခင်အေးကြည်၏ သံသယစိတ်သည် အရှိန် အဟုန်ပြင်းစွာ တိုးတက်ပွားများလာလေသည်။

'တကယ်ပေါ့၊ အေး အလုပ်က ထွက်ခဲ့ပြီ။ ကိုနဲ့ လာနေဖို့ တစ်ခါတည်း အပြီးပြောင်းလာခဲ့တာလေ၊ ဒါကြောင့် ပစ္စည်း တွေ ဒီလောက် များနေတာပေါ့'

ယောကျ်ား၏မျက်နှာကို မသိမသာ မဟုတ်။ သိသိသာသာ လေ့လာရင်း ပြောလိုက်သည့် အချိန်မှာ ယခင်က အလွန် အေးချမ်းစွာနေတတ်သော သူ့မိန်းမ ခင်အေးကြည်၏ အချိုး လုံးဝ မဟုတ်တော့ပေ။

'ဒီလိုဆို အေး ပိုပြီး ကိုယ့်ကို အကြောင်းကြားသင့်တာ ပေါ့ အေးရာ'

'ဘာဖြစ်လို့လဲ ကိုရဲ့၊ ကိုက အေးအတွက် ဘာများပိုပြီး ကြိုတင်ပြင်ဆင်ထားစရာတွေ ရှိနေသေးလို့လဲ'



ခံလိုက်ရပြန်ပါပြီ။ သူ့မိန်းမ၏ တိုက်စစ် နောက်တစ်ကွက်။ သူ့မိန်းမ အရင်က ဒီလိုစကားမျိုးတွေ မပြောတတ်ခဲ့ပါဘူး။ အခု တော်တော့်ကို ပြောင်းလဲနေပါလား။

'ကြိုတင် ပြင်ဆင်ထားစရာရယ်လို့တော့ မရှိဘူးပေါ့ အေး ရယ်၊ ဒါပေမယ့် အေးတစ်ယောက်တည်း ဒီပစ္စည်းတွေနဲ့ မနိုင် မနင်းဖြစ်ပြီး ပင်ပန်းသွားမှာစိုးလို့ပါ၊ ပြီးတော့ အေးကို သိပ် အပင်ပန်း မခံရဘူးလို့ ဆရာဝန်ကြီးက မှာလိုက်တာ မဟုတ် လား'

သူ စိတ်ရှည်ရှည်ထား၍ ရှင်းလင်း ပြောပြရပြန်သည်။

'အို ကိုကလဲ ဘာပဲဖြစ်ဖြစ် အေး အခု ကို့ဆီ ရောက်လာ ခဲ့ပြီ မဟုတ်လား၊ ဒီလောက်လဲ မပင်ပန်းပါဘူး၊ အေးလဲ တခြားအိမ်ထောင်ရှင်တွေလို ကိုယ့်ယောကျ်ား ကိုယ် ပြုစုချင် တာပေါ့၊ ဆရာဝန်ကြီးက မှာတော့ မှာတာပေါ့၊ ဒါပေမယ့် အေးက ပိန်တာကလွဲလို့ ကျန်းကျန်းမာမာ ရှိနေတာပဲဟာ၊ ထမင်းလဲချက်နိုင်တယ်၊ အဝတ်လဲ ဖွပ်နိုင်တယ်၊ ယောကျ်ားကို လဲ ပြုစုနိုင်ပါတယ် ကိုရဲ့'

နှုတ်ရေး စကားတတ်လုပ်၍ ဟန်တွေမာန်တွေ အပြည့်နှင့် ပြောလိုက်နိုင်၍ သူ့ကိုယ်သူ အတော်ကျေနပ်သွား၏။ မှတ် ကရော၊ ပြောချင်ဦး၊ ကျန်းမာရေးကို ရမယ်ရှာပြီး သူ့ကိုယ်သူ ကာကွယ်ချင်တဲ့လူ၊ ခု ဘာတတ်နိုင်သေးတုံး ကဲ။

\+ \+ \+

'တိုက်ပုံအင်္ကျီဝတ်သွားမှပေါ့ ကိုရဲ့၊ ရှပ်အင်္ကျီလက်တို အစင်း ကလေးနဲ့ဆိုတော့ လူငယ်လေးနဲ့ တူနေမှာပေါ့'

'မှန်းစမ်း၊ ရိုးသွားတာ ရေမွေးတွေ ဆွတ်သွားတာလား၊ တကတည်း မွှေးလိုက်တာ ကြိုင်လို့၊ ဘာလဲ၊ ပေါင်ဒါလား၊ ဩော် ဩော်'

'လုံချည်က အရောင်ရင့်ရင့်၊ အကွက်ကျဲကျဲ၊ ကချင်ပုဆိုးလို ဟာမျိုးဝတ်ပါလား ကိုရဲ့၊ အရောင်နဲ့အကွက်စိပ်တွေက ကလေးကုလားဆန်လှပါတယ်'

'ဆံပင်တွေ ဖြူစပြုလာပြီနော် ဆရာကြီး၊ မငယ်တော့ဘူး သိလား၊ ယစ်မျိုးရည်လျှော့ပြီး ဥပုသ်ကလေး ဘာလေး စောင့်ဦး၊ ညနေရိုးဆင်းရင် အဖွဲ့နဲ့ လိုက်မသွားနဲ့နော် မျှော်နေမှာ'

ထိုကဲ့သို့ မနက် ရိုးသွားခါနီးတွင် သူ့ကို အရိပ် တကြည့်ကြည့်ဖြင့် တတွတ်တွတ် ပြောတတ်လာသည်။

'နေ့ခင်းက ရုံးကို ဖုန်းဆက်သေးတယ် သိလား၊ ထမင်းစားကောင်းရဲ့လား လှမ်းမေးတာ၊ ဖုန်းလာကိုင်တဲ့ကောင်မလေးက ဘယ်သူတဲ့လဲ၊ ဘွဲ့ရ လုပ်အားပေးကလေးလား၊ အမြဲခန့်လား၊ သူက ကို့ ရုံးခန်းထဲအမြဲထိုင်တာလား'

'ထမင်းစားတော့ ကို တစ်ယောက်တည်း စားတာလား၊ ဘယ်သူတွေနဲ့ဝိုင်းစားတာလဲ၊ ကို့ ထမင်းချိုင့်ထဲမှာ ချဉ်ပေါင်ကြော်တွေ တွေ့ပါတယ်၊ ဘယ်သူ ထည့်ပေးတာလဲ ဟင်'

'ကို့ရုံးက လက်နှိပ်စက် ကောင်မလေးက တော်တော်လှတယ်ဆို၊ ဘော်ဒီကလဲ အပုံစားတဲ့ ဟုတ်လား၊ လူကကော ခပ်ပျံ့ပျံ့ထဲကပဲလား၊ ဟိုတစ်ခါ ညစ်ခံပွဲမှာ တွေ့တဲ့ဟာလေး ထင်တယ်၊ အင်္ကျီလည်ဟိုက်ကြီး ဝတ်ထားတာ ရင်ကြားအထိ မြင်နေရတာလေ၊ ရုံးတက်ရင်လဲ အဲဒီလို ဝတ်တာပဲလား'



'နေပါဦး၊ စျေးချိုထဲက မမစိန်က ပြောလိုက်တယ်၊ ကို သူတို့ဆိုင်က ချိတ်လုံချည်တစ်ထည် လာဝယ်သွားတယ်ဆို၊ အဲဒါ ဘယ်သူ့ဖို့လဲ၊ နိုင်ငံခြားသား လက်ဆောင်ပေးဖို့ ဟုတ်လား၊ ဒါဆို ဘာဖြစ်လို့ အေးကို မပြောတာလဲ ကိုရယ်၊ အေး လိုက်ဝယ်ပေးမှာပေါ့၊ ဟုတ်ကော ဟုတ်ရဲ့လားဟင်'

သည်ကဲ့သို့လည်း ညနေ ရုံးဆင်း၍ အိမ်ပြန်ရောက်သည့် အခါတိုင်း နားပူအောင် အမေး အမြန်း အစုံစမ်း ခံရသေးသည်။

'စနေ တနင်္ဂနွေ ရုံးအားရက်ကလေးရှိတာ အိမ်မှာနေတာ မဟုတ်ဘူး၊ အချိန်ပိုကလဲ ဆင်းလိုက်ရတာ ခဏ ခဏ၊ ရုံးကို အိပ်ရာလိပ် တစ်ခါတည်းယူသွားပါလား၊ အိမ်ပြန်လာစရာ မလိုတော့ဘူး'

'ညစ်ခံပွဲက ည ဆယ်နာရီထိုးမှ ပြီးသတဲ့လား အံ့ရော၊ ကိုတို့မို့ မညောင်းတယ်၊ မှန်းစမ်း သောက်လာသေးသလား၊ ဒီအနံ့ကြီးတွေ မခံနိုင်ပါဘူးဆိုမှ ကိုကလဲ အဲဒါမျိုးတွေ့ရင် ရှောင်ကိုမရှောင်နိုင်တော့ဘူး၊ ဒီ့ပြင်ကော ဘာတွေနဲ့ ညစ်ခံ လိုက်သေးသလဲ ပြောစမ်း'

'နေ့ခင်းက ကို အိပ်နေတုန်း ချစ်ချင်စု လာတယ် သိလား၊ အစ်ကိုကြီးက ရုံးလာခဲ့လို့ ခေါ်ထားတာ၊ ရုံး မသွားဖြစ်လို့ အိမ်လာပြောတာ၊ အစ်ကိုကြီး မရှိဘူးလားတဲ့ မေးနေသေးတာ၊ ပုံစံကိုကြည့်မရတာနဲ့ အပြင်ထွက်သွားတယ်၊ အရေးကြီး ပြောစရာရှိရင် ငါ့ပြောထားခဲ့ဆိုတော့ ဘာမှမရှိပါဘူးတဲ့လေ ကာ ဘာဖြစ်လို့ ဒီဟာမလေးကို အရောဝင်ထားရတာလဲ

အကျင့် သိပ်ကောင်းတာ မဟုတ်ဘူး၊ သူ့ ပုပ်စော်က ကို့ပါ လာနံနေမယ်၊ သတိထားဦး'

'ကိုရေ၊ ကို့ ငွေစုစာအုပ်ထဲမှာ တစ်နေ့က ငွေငါးရာ ထုတ်ထားတာ ဘာလုပ်ဖို့လဲ၊ ကို့မေမေဆီ ပို့တာလား၊လဆန်း တုန်းကပဲ လစဉ်ပို့နေကျ တစ်ရာပို့ထားတာ မဟုတ်လား၊ ထပ် မှာလို့လား၊ မေမေ့ဆီ ပို့တာမှန်ရင် တော်သေးတာပေါ့လေ၊ ညာတာတော့ မဟုတ်ဘူး ထင်ပါရဲ့နော်'

သည်ဖြင့် ရိုးအားရက်အိမ်တွင်အနားယူမည် စိတ်ကူးထား သမျှ ခင်အေးကြည်၏ စကားလက်နက်ကြောင့် အစိတ်စိတ် အမွှာမွှာ ကြေပျက်သွားခဲ့ရပေါင်းသည်း တဖြည်းဖြည်း များများလာသည်။

တစ်ရက်လည်းမဟုတ်။ နှစ်ရက်လည်းမဟုတ်။ နေ့စဉ်နှင့် အမျှ နေ့နေ့ညည၊ ရိုးတက်တက်၊ ရိုးဆင်းဆင်း၊ ရိုးအားအား ရိုးနားနား ခင်အေးကြည်က တတွတ်တွတ် ပြောသည်။ တကျည်ကျည် ပြောသည်။ တစူစူ ဆောင့်သည်။ တဗျစ် ဗြူစူသည်။

ကြာတော့ ကိုစိုးမောင် စိတ်ပျက်လာသည်။ ဖြေရှင်းချက်၊ လျှောက်လဲချက်၊ ရှင်းလင်းချက်တွေ ပေးရသည်မှာလည်း အာညောင်းလှပြီ။ လည်ချောင်းခြောက်လှပြီ။ လျှာတိုလှပြီ။

သူ ခင်အေးကြည်ကို လက်ထပ်ခဲ့စဉ်က အမိကအရည်အချင်း များအဖြစ် သတ်မှတ်ခဲ့သည့် အေးချမ်းစွာနေတတ်ခြင်း၊ နှုတ် နည်းခြင်း စသည်တို့ ယခုအခါ လုံးဝကင်းမဲ့သွားပြီဖြစ်သည့် မိန်းမကို သူကြည့်ရင်းကြည့်ရင်း မနှစ်သက်နိုင်ဘဲ ဖြစ်လာ လေသည်။



အဆိုးဆုံးကား ခင်အေးကြည်၏ ဝတ်စားဆင်ပြင်မှု၊ ဆင် ယင်ထုံးဖွဲ့မှုတို့ အပြောင်းလဲကြီး ပြောင်းလဲလာခြင်းပင်တည်း။

ကိုစိုးမောင် အလွန်မြတ်နိုးပါသော တံကောက်ကွေးအထိ ရှည်လျားသည့်ဆံပင်များကို ခင်အေးကြည်က ဖြတ်ပစ်လိုက်ပြီး ကောက်ထားလိုက်သည်။

ယခင်က သနပ်ခါးပါးပါးလိမ်း၍ ပေါင်ဒါ နည်းနည်း ကျဉ်းကျဉ်းသာဖို့တတ်သော သူ့မိန်းမသည် ယခုအခါတစ်မျက် နှာလုံး နီတွတ်၍ အဆီပြန် ပြောင်လက်နေသော မိတ်ကပ်ကို သုံးစွဲတတ်လာသည်။မျက်ခုံးထူ ကလေးကို နုတ်ပစ်ပြီး ပါးပါး သေးသေး ပုံသွင်းပစ်သည်။ နှုတ်ခမ်းကို ရဲနေအောင် ဆိုးထား လေ့ရှိသည်။

ကျောင်းဆရာမဘဝက အင်္ကျီရင်ဖုံး လက်ရှည်ကလေးကို သာ အမြဲလိုလို ဝတ်ဆင်တတ်သူသည် ယခုတော့ ပေါ်လာ သမျှ ပုံဆန်းများကို အရွယ်နှင့်လိုက်သည် မလိုက်သည် မချင့် ချိန်ဘဲ ဝတ်ဆင်တတ်လာသည်။

ကိုစိုးမောင် စိတ်အပျက်ဆုံးကား ထိုကဲ့သို့ ဝတ်စားပြင် ဆင်ပြီး သူ့ဘာသာသူမနေဘဲ သူ့ရှေ့လာရပ်ကာ မခို့တရို့ အပြုံးဖြင့်'ကိုရေ အေး လှရဲ့လား'ဟု မေးတတ်ခြင်းပေတည်း။

'ဟင်း'

ကိုစိုးမောင်မှာ သက်ပြင်းကိုသာ အခါခါချမိသည်။

သူ့မိန်းမ ဘာဖြစ်လို့ ယခုကဲ့သို့ ပြောင်းလဲသွားရပါလိမ့် ဟု ရံဖန်ရံခါတော့ တွေးကြည့်မိပါ၏။

\+ \+ \+

ခင်အေးကြည်တစ်ယောက် ကိုစိုးမောင်နောက်သို့ လိုက်လာပြီး အတူနေ၍ နှစ်နှစ်မပြည့်သေးသော တစ်နေ့တွင် အောက်ပါ ကြေညာချက်ကလေးတစ်ခု သတင်းစာထဲတွင် ပါလာလေသည်။

ကျွန်တော် ကိုစိုးမောင်(သစ်တောဦးစီးဌာန)နှင့် မခင်အေးကြည်တို့သည် (၁၃-၁-၀၄)နေ့က ကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းခြင်း မပြုပါရန်)

[ငွေတာရီမဂ္ဂဇင်း။ ။၁၉၀၄ ခု၊ ဒီဇင်ဘာ]

## ပန်းကလေးတစ်ပွင့် လေသင့်ရာမွှေး

ကျောင်းခန်းမကြီးထဲတွင် စည်ကားနေသည်။

ဝတ်ကောင်းစားလှနှင့် မိဘများ၊ ကျောင်းဝတ်စုံအဖြူနှင့် အစိမ်းဆင်ယင်ထားသည့် ကျောင်းသူကျောင်းသားများ၊ လိမ္မာထူးချွန်သော တပည့်များအတွက် ဂုဏ်ယူမဆုံး၊ ကျေနပ်မဆုံး တပြုံးပြုံးဖြစ်နေကြသည့် ဆရာ ဆရာမများ။

တီးတိုးစကားပြောသံများ၊ မြူးရွှင်သောသော ရယ်မောသံများ၊ ထိုအသံများသည် ခန်းမကြီးထဲတွင် အလှဆင်သွယ်တန်းချိတ်ဆွဲထားသည့် စံပယ်ကုံးများနှင့် ဈောဂုက်စက္ကူ စိမ်းစိမ်းတို့ကြားမှ တရွတ်စီကားပွင့်ကလေးများကို တို့ဝတ်ကျီစယ်နေကြသည်။

စင်မြင့်ကြီးရှေ့ရှိ ခန်းမကြီး၏ တိုင်ကြီးနှစ်တိုင်ကြားရှိ ဆယ့်ငါးပေခန့် ကျယ်သောနေရာကိုမူ ပန်း တန် လန် ကာ ကြီး

ကာထားလေသလားထင်ရအောင် နှင်းဆီပုံများ၊ စံပယ်ဖူးများနှင့် တမာရွက်များကို ရောယှက်သီကာ စီရရီတွဲရရွဲချထားသည့် ပြင်ဆင်မှုမှာ ချီးကျူးစရာကောင်းလှသည်။ အိမ်တွင်းမှုအခန်းမှ အခမ်းအနားပြင်ဆင်ရေး ဆရာမအပျိုကြီးများ၏ လက်ရာဖြစ်မှာပဲဟု ဆရာဦးကျော်နောင် စဉ်းစားလိုက်မိ၏။ သူတို့အတော်စိတ်ကူးလှကြတာပဲ။

စင်မြင့်ကြီးပေါ်တွင်မူ စဥ့်ပန်းအိုးလှလှကြီးများဖြင့် ပန်းအလှပြင်ထားသည်။ ကနုတ်နွယ်များဖြင့် မူလ ကတည်းက ဝင်းဝါတောက်ပလျက်ရှိသည့် စဥ့်ပန်းအိုးကြီးများ အလှကို နှင်းဆီပွင့် အနီရဲရဲကြီးများက အားဖြည့်ပေးနေသည်။ စင်မြင့်ကြီးသည်လည်း မွှေးသောပန်း၊ လှသောပန်းတို့ဖြင့် တင့်တယ်သင်းပျံ့ မွှေးရနံ့ထုံမွှမ်းလျက်ရှိပေသည်။

စင်မြင့်ရှေ့တည့်တည့် အောက်နားတွင်မူ စားပွဲရှည်ကြီးတစ်လုံး၊ ထိုစားပွဲပေါ်တွင် သေသပ်လှပစွာထုပ်ထားသည့် ပလတ်စတစ်အထုပ်ကြီး၊ အထုပ်ငယ်များ၊ ဆုတံဆိပ်များ။

မကြာမီသော အချိန်အတွင်း ဝယ် ဤခန်းမကြီးထဲရှိ ပန်းများထက် ပို၍လှသော၊ ပို၍မွှေးသော၊ ပို၍ ကြာရှည်ခိုင်သော ပန်းကလေးများ လက်ထဲသို့ ထိုအထုပ်ကြီးငယ်များ ရောက်ရှိသွားကြပေတော့မည်။

ယနေ့သည် ထူးခြားသောနေ့။

တစ်နှစ်တွင်မှ တစ်ကြိမ်သာ ကျင်းပလေ့ရှိသည့် အခမ်းအနား။

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင်ပွဲကြီး။



ဆရာဦးကျော်နောင်ရင်ထဲ နွေးသွားသည်။

ခန်းမ၏ ညာဘက်၊ ဆုယူမည့်ကလေးများ ထိုင်နေသည့် ခုံတန်းများဆီသို့ လည်ဆန့်ကြည့်လိုက်မိ၏။

စင်မြင့်ကြီးဆီသို့ ငေးမောကြည့်ရှုနေသည့် ခေါင်းတုံးဆံတောက်ဖြင့် ကလေးတစ်ယောက်၊ စိတ်လှုပ်ရှားနေပုံရသည့် တစ်ဆယ့်ငါးနှစ်ရွယ် ကလေးတစ်ယောက်၊ မျက်လုံးကလေးတွေက တောက်ပလို့၊ မျက်နှာကလေးကလည်း ကြည်လို့။

'ဩော် မောင်ချစ်ထွေး၊ မင်းအတွက် ဆရာ ဂုဏ်ယူမဆုံးပါဘူး ကလေးရယ်'

သည်အခိုက်မှာပင် မောင်ချစ်ထွေးက ဆရာဦးကျော်နောင်ရှိရာသို့ စောင်းငဲ့ကြည့်လိုက်၏။ သူ့ဆရာကိုမြင်လိုက်တော့ မျက်နှာကလေး ပြုံးသွားသည်။ မောင်ချစ်ထွေး၏ အပြုံးသည် ဆရာဦးကျော်နောင်ဆီသို့ ကူးစက်လာသည်။

ကြည်နူးမှုဖြင့် ရင်ထဲလှုပ်ရှားနေစဉ် ကျောင်းအုပ်ကြီးနှင့်တကွ ဖိတ်ကြားထားသည့် မိဘဆရာအသင်း နာယကကြီးများနှင့် အမှုဆောင်လူကြီးများ ခန်းမထဲသို့ ဝင်ရောက်နေရာယူကြလေပြီ။

အခမ်းအနားမှူး ဆရာဦးခင်မောင်မြင့်က အခမ်းအနားစတင်ကြောင်းကြေညာလိုက်ရာ လက်ခုပ်သံများ တဖြောင်းဖြောင်း။

\+ \+ \+

ဆရာဦးကျော်နောင် ကြိမ်လုံးတစ်ချက် ဝှေ့လိုက်သည်။

လေထဲတွင် 'ရွှီး' ကနဲ။

လက်ပိုက်မှိုင်နေသည့် မှုန်ကုပ်ကုပ် ကျောင်းသားကလေး 'တွန့်'ကနဲဖြစ်သွား၏။ လေထဲတွင် မြောက်သွားသော ကြိမ်လုံးကို စိုးရိမ်ကြီးစွာ လိုက်ကြည့်နေ၏။

နောက်တစ်ချက် ဝင့်လိုက်ပြန်၏။

ကောင်ကလေး ပို၍ မျက်နှာပျက်သွား၏။ မျက်လုံးကို စုံမှိတ်ကာ အံကြိတ်ထားသည်။

ဦး ကျော် နောင် သိလိုက်ပြီ။ သည်ကလေး သူ့ဟိတ်သူ့ဟန်ကို အလန့်ကြီးလန့်သွားပြီး ကြိမ်လုံးကို အကြောက်ကြီး ကြောက်နေပြီ။ အရိုက်ခံရမှာကို အလွန်စိုးရိမ်နေပြီဟု။

ဖြစ်ရမယ်လေ။ ဦးကျော်နောင်တို့က ကျောင်းဆရာသက် နှစ်ငါးပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်သည့် ဝါရင့်ဆရာတစ်ဦး မဟုတ်ပါလား။ သည်တော့ ဘယ်ကျောင်းသားကို ဘယ်လိုကိုင်တွယ်ရမည်၊ ဘယ်လို ပြုပြင်ရမည်၊ ဘယ်လို ဆုံးမရမည်ဆိုတာကို နှစ်ခါ ခြောက်ခါ စဉ်းစားနေစရာ မလိုတော့အောင်ကို ကျွမ်းကျင်နေပြီလေ။ သူ့မှာ နည်းစနစ်အမျိုးမျိုး၊ ဟိတ်ဟန်အထွေထွေ၊ အခြောက်အလှန့်၊ အချော့အမော့။ အို စုံတကာမှစုံ။

သို့ပေမင့် ဦးကျော်နောင်၏ ပရိယာယ် နည်းစနစ်များကို များစွာ အကျွမ်းမဝင်၊ နားမလည်သေးသည့် သည်ကောင်လေး၏ အတန်းပိုင် ဆရာမကလေး ဒေါ်မြမြဝင်းက မျက်စိမျက်နှာပျက်နေလေပြီ။ သူသည် သည်နှစ်မှ အလယ်တန်းပြဆရာမအဖြစ် ဦးကျော်နောင်တို့ကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းဖြစ်ရာ မည်သူနှင့်မျှသိပ်မရင်းနှီးသေး။ တယောက်အကြောင်းလည်း တစ်ယောက် ကောင်းစွာ မသိကြသေး။ သည်တော့ ဦးကျော်နောင် ကြိမ် လုံး ကြီး တဝင့်ဝင့်ဖြင့်



ခြောက်လှန့်သံပေးနေသည်ကို သူက တကယ်ပင် မညှာမတာ ရိုက်တော့မည်လားဟု ပူပန်စိတ်ပွားနေဟန် တူသည်။ ဖြော်တပည့်တစ်ယောက်အပေါ် ထားတတ်သည့်ဆရာ၏သံယောဇဉ်။

'ကဲ မောင်ချစ်ထွေး၊ မှန်မှန်ဖြေစမ်းကွာ၊ မင်းက ရုပ်ပုံကလေးကြည့်တော့ သနားကမားနဲ့၊ တို့ကျောင်းက အကျင့်စာရိတ္တပျက်ရင် လက်မခံနိုင်ဘူးကွ'

'ကျွန်.... ကျွန်တော် တကယ်ကောက်ရတာပါ၊ ကျွန်တော် ခိုးတာမဟုတ်ပါဘူး'

'နှစ်ခါဇလုံး ကောက်ရတာပဲလား'

'ဟုတ်ကဲ့'ဟုဖြေသော ကောင်လေးအသံက အလွန်တိုးလွန်းလှပါ၏။ မျက်လုံးတို့ကလည်း ဦးကျော်နောင်ကို ရင်မဆိုင်ရဲ။

'ဟေ့ကောင် မောင်ချစ်ထွေး၊ အမှန်ကို ဝန်ခံစမ်းကွာ၊ မင်း ဖြူဖြူ့လွယ်အိတ်ထဲကနှိုက်ယူတာမြင်တဲ့ သက်သေရှိတယ်ကွ၊ ခိုးတာကတစ်ပြစ်၊ ညာတာကတစ်ပြစ်၊ ဘာလဲ မင်း ကျောင်းထုတ်ခံချင်လို့လား'

သည်မှာတင် မောင်ချစ်ထွေးတစ်ယောက် သိသိသာသာ မူပျက်လာသည်။ မျက်နှာကလေးမဲ့မဲ့လာပြီး–

'ကျောင်းတော့ ထုတ်မပစ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် နောက် ဘယ်တော့မှ မခိုးတော့ပါဘူး၊ ကျွန်တော် ပန်းချီဆွဲချင်လို့ ရောင်စုံခဲတံလေးတစ်ချောင်းတည်း ယူတာပါ၊ ဘူးထဲက သူ့ပိုက်ဆံငါးမူးကို ကျွန်တော် မယူပါဘူး၊ ရောင်စုံခဲတံလေး တစ်ချောင်းတည်းပါဆရာရယ်၊ ကျွန်တော့်ကို ကျောင်းမထုတ်ပစ်ပါနဲ့ ခင်ဗျာ'

လက်ကလေး ပိုက်ထားလျက် မျက်ရည်တွေ တစ်ပေါက်ပေါက် စီးကျလာသည်။ ရှိုက်ကာ ရှိုက်ကာ ငိုနေသည့် သူ့တပည့်ကိုကြည့်ပြီး ဒေါ်မြမြဝင်း မျက်နှာပျက်နေသည်။

ဦးကျော်နောင်လည်း လက်ထဲက ကြိမ်လုံးကို စားပွဲပေါ်လှမ်းတင်ကာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။ သူ့စိတ်တွေ နွမ်းသွားသည်။ စိတ်နွမ်းတော့ လူပါပင်ပန်းသွားသည်။

ထိုစဉ်မှာပင် နေ့လယ် ထမင်းစား ကျောင်းဆင်းလေသည်။

'ကဲ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်ကို သူများပစ္စည်းမယူနဲ့ ကြားလား၊ ကောက်ရရင်လဲ ပိုင်ရှင်ရှာပြီးပြန်ပေးဟုတ်ပြီလား၊ ကိုယ်လိုချင်တာနဲ့ သူများပစ္စည်းခိုးတာ သိပ်ကိုအောက်တန်းကျတဲ့အလုပ်ကွ၊ သိလား မောင်ချစ်ထွေး၊ နောက်ဒါမျိုးမလုပ်နဲ့နော်၊ ကဲ သွား သွား'

ပုံစံကော လေသံပါ သိသိသာသာ ပျော့ပျောင်းသွားသည့် ဆရာဦးကျော်နောင်ကို ဒေါ်မြမြဝင်း အံ့ဩသွားသည်။

'ကျွန်တော်ငယ်ငယ်ကလဲ ဒီကလေးလိုပဲ ဆရာမရဲ့၊ သိပ်ပန်းချီဆွဲချင်တာ၊ ရောင်စုံရေဆေးဘူးလေး ဝယ်ပေးဖို့ ပူဆာတာ အိမ်က ဝယ်မပေးလို့ ကျွန်တော် အဖေ့ပိုက်ဆံ ခိုးဝယ်တာ အရိုက်ခံလိုက်ရတာ ဘာပြောကောင်းမလဲ၊ အဖေကကျွန်တော့်ကို ဆရာဝန်ဖြစ်စေချင်တာ၊ ကျွန်တော်ကလဲ ပန်းချီမှပန်းချီ၊ ရှစ်တန်းရောက်တော့ ကျွန်တော် အိမ်က ထွက်ပြေးခဲ့တာ ဆရာမရဲ့၊ အဲဒီတော့မှ အဖေတို့ ကျွန်တော့်ဝါသနာကိုလိုက်လျောတော့တာ၊ လူငယ်ဆိုတာ အတော်ထိန်းတတ်မှဆရာမရေ၊ ဇွတ်ကြီးပုံသွင်းလို့တော့ မရနိုင်ဘူး၊ သူတို့စိတ်ဝင်



စားအောင်လဲ စည်းရုံးရမယ်၊ ပျော်မွေ့တတ်အောင်လဲ ဖန်တီးပေးရမယ်၊ ဝါသနာကိုလဲ ပြုစု ပျိုးထောင်ပေးရမယ်ပေါ့၊ ဒီကလေးပြောတာကို ကျွန်တော်ယုံတယ် ဆရာမ၊ သူ ပန်းချီဆွဲချင်လို့ ရောင်စုံခဲတံပါမဲချောင်းတည်း ယူတာပါတဲ့၊ ပိုက်ဆံကိုမယူပါဘူးတဲ့'

တကယ်လည်း ထိုစကားကလေးက ဆရာဦးကျော်နောင်၏ နှလုံးသားကို ပဲ့တင်ရိုက်ခတ်လျက် ရှိလေသည်။ ပြန်လည်စဉ်းစားကြည့်လိုက်တိုင်း 'ကျွန်တော် ပန်းချီဆွဲချင်လို့ ရောင်စုံခဲတံကလေးတစ်ချောင်းတည်း ယူတာပါ ဆရာရယ်' ဟူသော အားနည်းဖျော့တော့သံကလေးကို ပြန်ကြားနေမိသည်။

အလယ်တန်းပြ ပန်းချီနည်းပြဆရာ ဦးကျော်နောင်သည် ထူးခြားသော မောင်ချစ်ထွေးကို သံယောဇဉ်ဖြစ်သွားရသည်။ သူသည် တစ်ခါတစ်ရံ ဘာသာပြဆရာများ ခွင့်ယူသည့်အခါမျိုးတွင် သမိုင်း၊ ပထဝီ စသည့် ဘာသာရပ်များကို ဆရာစားဝင်၍ သင်ပေးရလေ့လည်း ရှိတတ်သည်။ မောင်ချစ်ထွေးတို့ ငါးတန်းသို့ဝင်၍ သင်ပြရသည့်အခါတိုင်း ဝိုင်းစက် လှပသည့် မောင်ချစ်ထွေး၏ လက်ရေးကလေးကို သတိထားမိသလို သေသပ်ကျနစွာ ဆွဲတတ်သည့် မောင်ချစ်ထွေး၏ မြန်မာပြည်မြေပုံကလေးကိုလည်း သူ ချီးကျူးမိလေသည်။

သံယောဇဉ်ကြောင့် မောင်ချစ်ထွေး၏ ဘဝကလေးကိုပါ ဆရာဦးကျော်နောင် လေ့လာကြည့်မိတော့ ဖခင်မဲ့ဘဝမှ အကြင်နာပိုရပြန်သည်။ သားသမီးငါးယောက်အနက် သူကတတိယကလေး၊ သားများထဲတွင် အကြီးဆုံး၊ သူ့ အထက်အစ်မနှစ်ယောက်မှာ တစ်ယောက်က ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်

ထောင်သည်။ ပြီးတော့ ချောင်ချောင်လည်လည်မဟုတ်။ ဒုတိယအစ်မက ဆေးလိပ်သမကလေး။ သူ့အောက်ညီကလေးက မူလတန်းကျောင်းမှာ တတိယတန်း။ အငယ်ဆုံးညီကလေးက ကျောင်းမနေသေး။ အဆိုးဆုံးအခြေအနေက သူ့အမေ၏ အသက်မွေး ဝမ်းကျောင်းမှု။ သူ့အဖေ ကျောက်မြောင်းတစ်ဘက်ကမ်း 'ကဗွတ်' တွင် ရွှေကျင်ရင်း ငှက်ဖျားမိဆုံးသွားတော့ သူ့အမေလက်ထဲတွင် ရင်းနှီးစားသောက်ရန် ငွေတစ်ပြားတစ်ချပ်မှ မကျန်ခဲ့။ သည်လိုနှင့် ဘယ်လိုကဘယ်လိုဖြစ်ခဲ့သည်မသိ။ သူ့အမေသည် သူ့အဖေဆုံး၍ တနှစ်မပြည့်မီအတွင်းမှာပင် 'အနှိပ်သည်' ဘဝသို့ ကူးပြောင်းခဲ့၏။ 'အနှိပ်သည်'ဘဝသည် အဘယ်မှာ ဝင်ငွေမှန်နိုင်ပါအံ့နည်း။ မရတစ်ချက် ရတစ်ချက်၊ မဝတစ်ချက် ဝတစ်ချက်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် မောင်ချစ်ထွေးက ပုံဆွဲရန် ဝါသနာပါလာသည်။ သူများတကာတွေ ရောင်စုံခြယ်ကြတော့ သူလည်း ခြယ်ချင်လာသည်။ အမေ ဝယ်မပေးနိုင်မှန်း သိပြီးသားမို့ ကျောင်းဖွင့်စတစ်ရက်တွင် အောင်ကျော်မိုးထံမှ ရောင်စုံခဲတံ အနီကလေးတစ်ချောင်း သူနိုက်ယူထားမိသည်။ ဒါကို ဆရာမသိသွားတော့ လက်ဝါးကို ပေတံဖြင့် နှစ်ချက်အရိုက်ခံရသည်။ ဒုတိယအကြိမ် ဖြူဖြူ့ဘူးထဲမှ ခဲတံအပြာလေး။ သည်တစ်ကြိမ်မတော့ ဆရာမက သူ့ကို ဆရာဦးကျော်နောင်ဆီခေါ်ခဲ့၏။ ဦးကျော်နောင်က ကျောင်းမှာ ကျောင်းစည်းကမ်း ထိန်းသိမ်းမှုတော်သည်ဟု သတ်မှတ်ထားခြင်း ခံရသည်မဟုတ်ပါလား။

မောင်ချစ်ထွေး၏ဘဝ၊ မောင်ချစ်ထွေး၏စိတ်ရင်း၊ မောင်



ချစ်ထွေး၏ ဝါသနာအားလုံးကို လေ့လာသိရှိပြီးသည့်နောက် ဦးကျော်နောင် မောင်ချစ်ထွေးတို့အိမ်သို့ ကိုယ်တိုင်ကိုယ်ကြပ် နောက်တစ်ကြိမ် ထပ်မံသွားရောက်ခဲ့လေသည်။ သူ့လွယ်အိတ်ထဲတွင် ယူသွားသည်ကား မောင်ချစ်ထွေးအတွက် လက်ဆောင်မှန်၊ ရောင်စုံခဲတံဘူးတစ်ဘူးနှင့် ပုံဆွဲစာအုပ်တစ်အုပ်။

'ဒါ မင်းလိမ်လိမ်မာမာနဲ့ ဆရာ့စကားနားထောင်လို့ ဆုချတာနော်၊ ဝါသနာပါတာကိုလဲ ဖြစ်မြောက်အောင်လုပ်၊ စာကိုလဲကြိုးစား ဟုတ်လား'

သူ့လက်ဆောင်ကလေးများကို နှစ်သက်မက်မောစွာ အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့သည့် ကလေးငယ်ကို ဆရာဦးကျော်နောင် မကြာခဏ မြင်ယောင်လျက်နေမိသည်။

သည်ကလေး ရှစ်တန်းအောင်မြင်၍ ကိုးတန်းတက်ရမည့်အချိန်တွင် ကျောင်းရောက်မလာတော့လည်း ဆရာဦးကျော်နောင် စိတ်ပူရပြန်သည်ပင်။

'ကျွန်မ သူ့ကျောင်းစရိတ်မတတ်နိုင်လို့ ကျောင်းထုတ်ရတာပါဆရာရယ်၊ စာအုပ်ဖိုးလဲ လောလောဆယ် မပေးနိုင်သေးလို့ပါ'

မောင်ချစ်ထွေး၏မိခင်က အသံကလေးတုန်တုန်ဖြင့် ပွင့်လင်းစွာပြောပြတော့ သူ့မှာ ရင်နာခဲ့ရပြန်သည်။ ခက်သည်က ဆရာဦးကျော်နောင်ကိုယ်နှိုက်ကလည်း မိသားစု ငါးယောက်ကို တာဝန်ယူထားရသည့် အိမ်ထောင်ဦးစီး ဖခင်တစ်ယောက်။ ပြီး အလယ်တန်းပြ ကျောင်းဆရာတစ်ယောက်၏လခကလည်း ဘာများများတာလိုက်လို့။ ဒါတောင် ကျောင်းပိတ်ရက်များ၊ အား

လပ်ချိန်များတွင် ဆိုင်းဘုတ်ကလေး ဘာလေးရေး၍ အပိုဝင်ငွေ ရနေခဲ့၍။

သို့ပေမင့် သည်ကလေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီနိုင်ရန် သူကြိုးစားခဲ့သည်။ ကျောင်းလခလွတ်အဖြစ် လက်ခံပါရန် အထောက်အထားအမျိုးမျိုးပြ၍ အခြေအနေ အရပ်ရပ်ကိုရှင်းပြ၍ မိဘဆရာအသင်းကို တင်ပြမေတ္တာရပ်ခံခဲ့ရာ အောင်မြင်သည်။ ထို့နောက် ဖတ်စာအုပ်များကို အတန်းတက်သွားသူများထံမှ လိုက်လံတောင်းယူ စုဆောင်းလိုက်သည်။ ကျန်လေ့ကျင့်ခန်းစာအုပ် နှစ်ဒါဇင်ခန့်ကိုတော့ ရင်းနှီးသူ ဆရာ၊ ဆရာမများထံမှ အလှူခံခဲ့ရသည်။ ပညာလိုလားသော ကလေးတစ်ယောက်အတွက် မေတ္တာဖြင့်ကူညီကြရန် ဝန်မလေးကြသဖြင့် မောင်ချစ်ထွေး ကျောင်းပြန်တက်နိုင်ခဲ့သည်။

ကျောင်းဝတ်စုံ အကျီအဖြူ၊ပုဆိုးအစိမ်းကလေးဖြင့် ကျောင်းတက်လာသော လူပျိုပေါက်တပည့်ကိုကြည့်ရင်း မိမိသားကလေးပမာ ကြည်နူးနေသူမှာ ဆရာဦးကျော်နောင်။ အရပ်ကြီး ကပန်ကလားနှင့် မောင်ချစ်ထွေးကလည်း ဆရာဦးကျော်နောင်ကို လိုက်လိုက်လှဲလှဲ လေးစားကြည်ညိုရုံမျှမက ချစ်ခင်အားကိုး၍လည်းနေပေပြီ။

ဖွံ့ဖြိုးရေးအချိန်များတွင် ဆရာ ဦး ကျော် နောင် နှင့် အတူ ကျောင်းနံရံကပ်စာစောင်များ၊ လက်ရေးကဗျာ စာစောင်များတွင် ပန်းချီလက်စွမ်းပြကာ ပျော်ရွှင်နေလေ့ရှိသည်။

လွန်ခဲ့သောသုံးလ ကျောင်းဖွင့်စရက်က ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲ ကျင်းပခဲ့သည်။ ကျင်းပခဲ့သည့် ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး။ ထိုပြိုင်ပွဲကို



ဆရာဦးကျော်နောင်၏အားပေးမှုဖြင့်မောင်ချစ်ထွေး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မမျှော်လင့်ဘဲနှင့် မောင်ချစ်ထွေး တတိယဆုရရှိခဲ့သည်။ ဆရာတပည့်နှစ်ယောက် ကြည်နူးမဆုံးတော့။

ယနေ့ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲတွင် ထိုပန်းချီဆုအတွက် ထပ်ဆင့်ချီးမြှင့်မည့်ဆုကို မောင်ချစ်ထွေး လက်ခံရယူရမည်။

သည်အကြောင်းတွေးမိတော့ ဦးကျော်နောင် အလွန်ပီတိဖြစ်သွားသည်။

ပျိုးခဲ့တဲ့ ပန်းပင်ကလေး လှပစွာ ဖူးပွင့်လာပြီလေ။

'ယခု ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ မိဘဆရာအသင်းအမှုဆောင်သစ်များ မိမိတို့နေရာသို့ ကြွရောက်နေရာယူကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား'

သည်အသံကိုကြားမှ ဆရာ ဦးကျော်နောင်တစ်ယောက် အခတွေးကမ္ဘာထဲမှ ပြန်လည်လွတ်မြောက် လာခဲ့ပါတော့၏။

ဩော် အမှုဆောင်သစ်တွေတောင် ရွေးပြီးသွားမှကိုး။

ပရိသတ်ကြီးသည် လှုပ်လှုပ်ရွရွဖြစ်သွားပြီး သဘောကျစွာရယ်မောနေကြသည်။ ဘာဖြစ်လို့များပါလိမ့်။ ပရိသတ်များ မျက်လုံးရောက်ရာသို့ လိုက်ကြည့်မိ၏။ အမှုဆောင်များထိုင်ရာကုလားထိုင်များတွင် သွားရောက် ထိုင်လိုက်ကြသူများကိုကြည့်၍ ပရိသတ်က ရယ်မောနေကြသည်ပဲ။ သူ သေသေချာချာကြည့်လိုက်မိပြီးမှ သဘောပေါက်သွားသည်။ သူပါ ရယ်ချင်ချင်ဖြစ်သွားသည်။ အိုး ဟုတ်သားပဲ အခုနှစ် ရွေးချယ်လိုက်တဲ့ အမှုဆောင်သစ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက မနှစ်ကရွေးခဲ့တဲ့ အမှုဆောင်ဟောင်းတွေချည်းပါပဲလား။ အားလုံး မျက်နှာဟောင်း

တွေချည်း။ တစ်ယောက်နှစ်ယောက်သာမျက်နှာစိမ်း၊ ကောင်းပါတယ်လေ၊ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်နိုင်တဲ့ လူမျိုးကိုထပ်ရွေးတော့ ပိုစိတ်ချရတာပေါ့။ လုပ်ငန်းလည်း သူတို့က အကျွမ်းဝင် နားလည်ပြီးသားဆိုတော့ လုပ်ရကိုင်ရ လွယ်တာပေါ့လေ။

ဘဝင်ကျစွာတွေးမိနေဆဲ့ဥက္ကဋ္ဌသစ်က မိန့်ခွန်းမြွက်ကြားပြီးနောက် ဆုနှင်းသဘင် အစီအစဉ် စတင်လေသည်။ ခါတိုင်းနှစ်များကဲ့သို့ပင် ပဉ္စမတန်းမှ စတင်၍ ပညာထူးချွန်သူများကို ဆုပေးသည်။ ဆယ်တန်းတွင် ဂုဏ်ထူးများဖြင့် အောင်မြင်သွားသူများအထိ။

ပညာထူးချွန်သူများ ချီးမြှင့်ပြီးသောအခါ အားကစားထူးချွန်သူ၊ စာပေထူးချွန်သူ၊ လူမှုရေးထူးချွန်သူ၊ အိမ်တွင်းမှုထူးချွန်သူ၊ အို မနည်းပါ။ အားလုံး တပျော်တပါး ဂုဏ်ယူဝင့်ကြွားစွာနှင့်။

ထိုဆုများ ချီးမြှင့် ပြီးစီးသွားတော့ ဆရာဦးကျော်နောင် စိတ်ဇောကြီးစွာ ကြည်နူးလှစွာ စောင့်စားမျှော်လင့်ခဲ့ရသည့် အနုပညာထူးချွန်ဆု ချီးမြှင့်ခြင်း။

'ယခုနောက်ဆုံးအစီအစဉ်အနေနဲ့ အနုပညာထူးချွန်ဆုကို ချီးမြှင့်ပေးမှာ ဖြစ်ပါတယ်၊ ဒီဆုဟာ ရတောင့်ရခဲဆု ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော်တို့မြို့နယ်တွင်းမှာရှိတဲ့ ကျောင်းပေါင်းစုံပူးပေါင်းပြီး ပန်းချီပြိုင်ပွဲတစ်ခု ကျင်းပခဲ့ပါတယ်၊ အဲဒီ ပန်းချီပြိုင်ပွဲဟာ ရည်ရွယ်ချက် ကြီးမားလှတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်၊ ကျွန်တော်တို့တိုင်းပြည်ရဲ့ အညွန့်အဖူးကလေးများဖြစ်ကြတဲ့ တက်လူငယ်ကလေးတွေကို ဗုဒ္ဓ ကြီးစွာ



ပေးနေတဲ့ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးကို ရည်ရွယ်ပြီးကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပါတယ်၊ အဲဒီပြိုင်ပွဲမှာ အထက်တန်းဆင့် ယှဉ်ပြိုင်သူများထဲက ကျွန်တော်တို့ကျောင်းရဲ့ဂုဏ်ကို ဆောင်လိုက်သူကတော့–'

အခမ်းအနားမှူး ဦးခင်မောင်မြင့်က စကားမဆက်သေးဘဲ ဆုရကျောင်းသားများ ထိုင်နေရာသို့ မျက်မှန်ကိုကျော်၍ လှမ်းကြည့်လိုက်သည်။ ခန်းမကြီးထဲဝယ် တီးတိုး ပြောသံများ ညံသွားသည်။ သိပြီးသူများက မသိသေးသူများကို ပြောပြသည်။ သားသမီးများက မိဘများအား မောင်ချစ်ထွေး အကြောင်း ပြောပြကြသည်။ အားလုံးသော မျက်လုံးတို့သည် မောင်ချစ်ထွေးဆီမှာ။

'အနုပညာစွမ်းရည်နဲ့ ကျွန်တော်တို့ ကျောင်းရဲ့ ဂုဏ်ကို ဆောင်တဲ့သူကတော့ နဝမတန်း တန်းခွဲ ဂ ငယ်မှာ ပညာသင်ကြားနေတဲ့ မောင်ချစ်ထွေးပဲဖြစ်ပါတယ် ခင်ဗျာ'

လက်ခုပ်သံများ ဝက်ဝက်ကွဲသွားတော့သည်။

'ကျောင်းပေါင်းစုံ အထက်တန်းဆင့် ပန်းချီပြိုင်ပွဲမှာ တတိယဆုရရှိခဲ့တဲ့ မောင်ချစ်ထွေး ထပ်ဆင့်ချီးမြှင့်မယ့် ဆုယူရန် ကြွပါခင်ဗျား၊ ဒီဆုကို ကျွန်တော်တို့ကျောင်းက ပန်းချီနည်းပြဆရာ ဦးကျော်နောင်က ချီးမြှင့်ပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျား'

ပရိသတ်ရှေ့သို့ ရောက်လာသည့် ဆရာတပည့်နှစ်ဦးကို လက်ခုပ်သံများက ထွေးပွေ့ထားလိုက်ပြန်၏။ မောင်ချစ်ထွေး ရှက်စိတ်ဖြင့် ခေါင်းကြီးငုံ့နေသည်။ မျက်လုံးတို့က ကြမ်းပြင်

ပေါ်မှ မခွာ။ ဆုကိုလှမ်းယူသော သူ့လက်တို့မှာ တုန်တုန်ယင်ယင်။

ဒါကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေသူက ဦးကျော်နောင်။ ခေါင်းမော့၊ ရင်ကော့လို့ ကြော့ကြော့ကြီး နေလိုက်စမ်းပါ ငါ့တပည့်ရယ်။ မင်းဟာ လူကောင်း လူတော် တစ်ယောက်ပါ။ ဘာကို အားငယ်နေတာလဲ။

ခတ်ပုံတွေက တဖျပ်ဖျပ်ရိုက်ကြတော့ သူပို၍ မနေတတ်တော့ဘဲ မျက်မှောင်ကြီး ကုပ်နေလေသည်။

ဘာပဲဖြစ်ဖြစ် ဦးကျော်နောင်အတွက်ကတော့ ငွေတံဆိပ်ကြီးနှင့် မောင်ချစ်ထွေးသည် အတင့်တယ်ဆုံး အလှပန်းတစ်ပွင့်ပင်။

တစ်စ တစ်စနှင့် ပရိသတ်များ ပြန်ကုန်ကြပြီ။

'ဆရာ'

'ဟင် မောင်ချစ်ထွေး၊ မင်းမပြန်သေးဘူးလား'

'ကျွန်တော် ဆရာ့ကို ကန်တော့ချင်လို့ပါ ဆရာ'

ပြောပြောဆိုဆို ကြမ်းပြင်ပေါ်တွင် ထိုင်ချကာ ကန်တော့လိုက်လေသည်။ ပြီး ထိုင်ရာမှမထသေးဘဲ ဦးကျော်နောင်ကို ခေါင်းမော့ကြည့်ကာ–

'စောစောကတည်းက ပရိသတ်အများကြီးရှေ့မှာကျွန်တော် ကန်တော့ချင်ခဲ့တာ၊ ခဲတံရောင်စုံကလေး နှစ်ချောင်း ခိုးခဲ့မိတဲ့ ကျွန်တော့်ကို နားလည်စိတ်နဲ့ ပြုစုပျိုးထောင်ပေးခဲ့တဲ့ ဆရာ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးလို့ ပြောပြီး ကန်တော့မယ်လို့ စိတ်ကူးထားတာပါ၊ လူတွေ ဝိုင်းကြည့်နေ



တာ ရှက်လို့ ကျွန်တော် မကန်တော့ဖြစ်ခဲ့တာ ဆရာခွင့်လွှတ်ပါ ခင်ဗျာ'

ဦးကျော်နောင် ရင်ထဲ နင့်သွားအောင် ခံစားလိုက်ရ၏။ ပြောတတ်လိုက်တာကလေးရယ်။ စကားတွေတတ်လှချည်လား။

'ဆရာ ခွင့်လွှတ်ပါတယ်ကွာ၊ ဒါ အပြစ်မှမဟုတ်ဘဲ မောင်ချစ်ထွေးရယ်၊ မင်းရဲ့ စိတ်ရင်းကို ဆရာ နားလည်ပြီးသားပါ၊ ဆရာ့တပည့်ဘဝတစ်လျှောက်လုံးမှာ လူကောင်းလူတော်အဖြစ် ထာဝစဉ် ရပ်တည်နိုင်ပါစေကွာ'

လှိုက်လှိုက်လှဲလှဲ ဆုပေးနေမိသည့် အချိန်တွင် ဘာကြောင့်မျက်ရည်တွေ ရစ်ဝဲလာပါသနည်း ဆိုသည်ကိုမူ ဆရာဦးကျော်နောင် မစဉ်းစားတတ်တော့ပါ။

[ရှုငယ်မဂ္ဂဇင်း။ ။၁၉၇၅ ၃]

# ပေါက်စတို့ ၒွန်

နေခြည်ဖြာ၍ သာယာလှပသော နံနက်ခင်းတစ်ခု။

မိုးပြာနုရောင်မှန်ကားကြီးတစ်စင်းသည် လမ်းကျဉ်းကလေးထဲသို့ လိမ့်ဝင်လာလေသည်။ လမ်းကလေးမှာ ဂဝံကျောက်များဖြင့် မညီမညာ မပြေမပြစ် ခင်းထားသောကြောင့် ကားကြီးမှာ တစ်ချက်တစ်ချက် ငြိမ့်ကနဲငြိမ့်ကနဲ လူးလွန့်သွားလေသည်။

'ဝေး ဟေး ဟေး နောက်တစ်စင်း လာပြန်ပြီကွ'

'လာတော့ နီတွတ်၊ ဖိုးထူးရေ'

'ဟုတ်ပြီကွ၊ ငါရပါမယ်က'

အသက် ဆယ်နှစ် ပတ်ဝန်းကျင်ရှိ ကလေး တစ်သိုက်သည် ကားပြာကြီးနောက်သို့ ပြေးလိုက်လာကြလေသည်။

ကားမောင်းလာသူ လူကြီးက ကလေးများကို တစ်ချက်ကြည့်ကာ မျက်ခုံးကို ရှုံ့လိုက်၏။ ကလေး တချို့ကား

ဘောင်းဘီတိုကလေးများနှင့်။ တချို့ကား ကိုယ်ချွတ်ပလာ။ တချို့က လောက်လေးခွကို ကိုင်လျက်။ တချို့က ငါးမျှားတံလုပ်သည့် ဝါးချောင်းများကိုဆွဲလျက်။ တူညီသည့်အချက်ကား သူတို့အားလုံး ဖုန်များ၊ ရွှံ့များ ပေရေနေကာ ညစ်ထေးထေး မွဲခြောက်ခြောက် ဖြစ်နေခြင်းပင်တည်း။

'ဟေ့ကောင် ပေါက်စ၊ ငါ့စွန် လာထိုးပေးပါဦးကွ'

ကွင်းပြင်အစပ်တွင် ရစ်လုံးတစ်ခု စွန်တစ်ကောင်ဖြင့် အလုပ်ရှုပ်နေသော ပုဆိုးကွင်းသိုင်းနှင့် ကောင်လေးက လှမ်းအော်လိုက်၏။

သို့ရာတွင် ကားနောက်သို့သာ သဲသဲမဲမဲ ပြေးလိုက်နေသော ပေါက်စက လုံးဝအရေးမစိုက်။ စီစီညံ့အောင် အော်ရင်း ပြေးလိုက်မြဲ လိုက်နေလေသည်။

ထိုအခိုက် ကားကြီးက တုံ့ကနဲ ရပ်သွား၏။ ရှေ့ဆုံးက ရောက်နေသော ပေါက်စသည် ကားဘန်ပါနှင့် လှမ်းဆောင့်မိကာ ဖင်ထိုင်လျက် လဲကျသွား၏။

'ဘယ်လိုကောင်တွေလဲကွ ဟင်၊ လမ်းကကြမ်းရတဲ့ အထဲ လိုက်နှောင့်ယှက်နေကြသေးတယ်၊ သွားကြစမ်း'

သားသားနားနားဝတ်စားထားသည့်ကားမောင်းသူလူကြီးက ပေါက်စတို့ကို မျက်နှာထားကြီးနှင့် လှမ်းမာန် လိုက်၏။ ပေါက်စတို့ လူသိုက်သည် မျက်နှာငယ်ကလေးများနှင့်။

'ဟုတ်ပါရဲ့ ကိုကိုရယ်၊ ရိုင်းလိုက်တဲ့ ကလေးတွေ၊ ရုပ်ပုံကလဲ သူတောင်းစားလေးတွေ ကျနေတာပဲ'



လူကြီးဘေးတွင် ကပ်ထိုင်နေသော မိန်းမက ထောက်ခံပြောဆိုလိုက်၏။

ရှပ်အင်္ကျီအဖြူကွက် အနီကွက်နှင့် ဘောင်းဘီရှည် အနက်ကို စမတ်ကျကျဝတ်ကာ ကားနောက်ပိုင်းတွင် ခြေချင်း ချိတ်၍ ထိုင်နေသည့် ဆယ့်နှစ်နှစ်ရွယ် ကောင်လေးကလည်း မျက်နှာကို ရှုံ့ကာ-

'သူတို့ အင်္ကျီလဲ မဝတ်ဘူးနော် မေမေ'

'ဟုတ်တယ် သားရဲ့၊ သိပ်ညစ်ပတ်တဲ့...'

ကားကြီး ငြိမ့်ကနဲ ထွက်သွားသဖြင့် ဆုံးအောင် မကြားလိုက်ရတော့ပေ။

'ခွေးကောင်ယေး ငါတို့ကိုများ ဟင်း'

ပေါက်စသည် မခံချင်စိတ်ဖြင့် မပီမသ ပြောလိုက်၏။ ထိုခဏတွင် ကားကြီးက လမ်းအကွေ့တွင် ထိုးရပ်သွားလေသည်။ လာများ ရိုက်မလို့များ ငါပြောတာ ကြားသွား လို့လား ပေါက်စသည် ထွက်ပြေးရန် ခြေလှမ်းပြင်လိုက်၏။

'ဟေ့ကောင်တွေ ခဏ ခဏ'

လူကြီးက ကားထဲမှထွက်ကာ လက်ယပ်ခေါ်လိုက်၏။

'ဘာလုပ်မလို့လဲ မသိဘူး'

'သွားသာ သွားပါကွာ၊ ထွက်ပြေးလို့လဲ မလွတ်ပါဘူး၊ သူတို့က ကားကြီးနဲ့လိုက်မှာ'

'ဟင့်အင်း ကြောက်တယ်ကွ၊ မင်းရှေ့ကသွား'

သူတို့တိုင်ပင်နေကြဆဲ လူကြီးကထပ်မံ၍လက်ယပ်ခေါ်လိုက်ပြန်၏။ သူတို့သည် တွန့်ဆုတ်တွန့်ဆုတ်နှင့် ဝေခွဲမရ ဖြစ်နေဆဲ။

'လာကြစမ်းပါ ကောင်လေးတွေရ ကားတွန်းပေးစမ်းပါ'

'ကားတွန်းခိုင်းတာကွ၊ လာဟေ့ လာဟေ့ ဝေး'

ပေါက်စတို့လူသိုက်သည် စောစောက အကြိမ်း အမောင်း ခံခဲ့ရသည်ကို မေ့ကာ ကားဆီသို့ ချက်ချင်းရောက်သွားတော့၏။ သူတို့သည် ရှိသမျှခွန်အားကလေးများနှင့် ကားကိုတွန်းကြ၏။ ပထမခေါက် ကားကြီးက လှုပ်ပင်မလှုပ်။ အတော်ကြီး အားစိုက်တွန်းကြမှ စက်နိုးသွားတော့၏။ သူတို့ လက်ခုပ်လက်ဝါးတီးကာ အားရဝမ်းသာ အော်ကြ၏။

'ရပြီကွ ရပြီ၊ အမယ်ယေးဂျာ'

ကားကြီးသည် အရှိန်နှင့် ဆောင့်ထွက် သွားတော့၏။ ပေါက်စမှာ ဒုတိယအကြိမ်ချော်လဲကျန်ရစ်လေသည်။ ကားကို အားပြုတွန်းထားသည့်အရှိန်၊ ကားက ရုတ်တရက် ဆောင့်ထွက် သွားသည့်အရှိန်၊ အရှိန်နှစ်ရပ်ပေါင်းကား ပေါက်စ ချော်လဲသည် ဖြစ်သောကြောင့် ဂဝံကျောက်လမ်းပေါ်တွင် မှောက်လျက်ကလေး။ ကားပေါ်က လူတွေကား ပေါက်စကိုလှည့်၍ပင် မကြည့်ကြ။ တရှိန်ထိုး မောင်းထွက်သွားတော့သည်။

'ဟယ် ပေါက်စပါးစပ်မှာသွေးတွေ'

ဖိုးထူးက အလန့်တကြားအော်လိုက်၏။ ပေါက်စသည် ပါးစပ်ထဲတွင်ငန်ကျိကျိဖြစ်လာသောကြောင့် ထွီကနဲထွေးလိုက်၏။ သဲများသည် သွေးနှင့် ရောပါသွားလေသည်။

'အေပေးကား နာရိုက်တာ'

\+ \+ \+



'ဟိုတ် ဟိုမှာခေါက်ဆွဲတွေ အများကြီးကျန်သေးတယ်ကွ စားချင်ရိုက်တာ'

'ပေါက်စကကွာ တိတ်တိတ်နေတာ မဟုတ်ဘူး'

'ဟိုစားပွဲပေါ်မှာတင်ထားတာ ကိတ်မုန့်တွေနဲ့တူတယ်၊ ငါ တစ်ခါ ရန်ကုန်ထဲသွားတုန်းက ကိတ်မုန့်စားဖူးတယ်ကွ၊ သိပ်ချိုတာပဲ'

'ငကြွား ဟုတ်လဲ မဟုတ်ဘဲနဲ့'

'ဟုတ်တယ်ကွ ဟုတ်လို့ပြောတာ'

'တော်ကြကွာ မင်းတို့ကလဲ၊ ရန်ချစ်ရင် ငါ့အမေ့ဆီက မုန့်တောင်းမပေးတော့ဘူး'

သည်တော့မှ သာအေးနှင့်နီဘုတ် ငြိမ်သွားကြ၏။ ခေါင်းဆောင်ဖြစ်သူပေါက်စက ခြံထဲသို့ ပြန်ချောင်းကြည့်လိုက်၏။ သူ့အမေသည် မီးဖိုခန်းဘေးနားရှိ ရေတိုင်ကီတွင်ထိုင်ကာ ပန်းကန်များကို ဆေးကြောနေလေသည်။

သူတို့ရောက်နေသည်က ဒေါ်မိမိကြီး၏ ခြံနောက်ဘက်တွင် ဖြစ်သည်။ ခြံကြီးတစ်ခုလုံး သံဆူးကြိုးကာထားသည့်အပြင် အတွင်းမှလည်း ပုဏ္ဍရိက်ပင်များစိုက်ထားသောကြောင့် ဝင်ရန် မလွယ်လှပေ။ ခြံအတွင်းသို့ဝင်ရန် မဆိုထားနှင့် ခြံအပြင်ဘက်က ချောင်းကြည့်နေသည်ကိုပင် ခြံစောင့်ကြီးမိပါက မသက်သာ။

'အမေ အမေ'

လူလစ်သည်နှင့် ပန်းကန်ဆေးနေသော သူ့အမေကို ပေါက်စက ခပ်တိုးတိုးခေါ်လိုက်၏။ သူ့အမေက ရုတ်တရက် မကြား။ ပေါက်စက အသံကိုမြှင့်ကာ—

'အမေရေ အမေ၊ ကျွန်တော်တို့ကို မုန့်ပေးပါတော့ အမေရဲ့'

ပေါက်စအမေက ခေါင်းကိုဆတ်ကနဲမော့ကြည့်ကာ လက်ခါပြလိုက်၏။ အမူအရာက သုတ်သီးသုတ်ပျာနှင့်–

'ဘာရဲ့ဂျ အမေရ အချက ပေးမယ်ချိုပြီး'

'သွားကြစမ်း သွား ညော့သည်တွေကုန်မှလာခဲ့'

ပေါက်စအမေက ခပ်တိုတိုပြောပြီး အလုပ်ကိုသာ မဲလုပ်နေလေသည်။

'ဒီယူတွေက ဘယ်တော့ကုန်မှာလဲဂျ ဘုန်းကြီးတွေတောင်ဆွမ်းခံကျန်ကုန်ပြီဂျ ထမင်းဆာလှ–'

သူ့အမေရှိရာသို့ မိန်းမနှစ်ယောက်ရောက်လာသဖြင့် ပေါက်စစကားမှာ တစ်ဝက်တစ်ပျက်ရပ်သွားရ၏။

'ဟော ဟော ဟိုမှာ တို့ကို ကားတွန်းခိုင်းတဲ့လူကြီးတွေလား ပြန်တော့မယ်ထင်တယ်'

'ကားကြီး ပျက်နေပါဗျော'

ပေါက်စသည် ဖူးရောင်နေသော သူ့အထက်နှုတ်ခမ်းကိုလျှာဖြင့်သပ်ရင်း–

'တိပ်တိတတ်တာပဲ၊ တူတို့တား မျှောက်ကယေးတော့ ဆင်းမတွန်းခိုင်းဘူး'

'ဟိတ် ရှတ် ရှတ်၊ တိတ် တိတ် လူတွေ လာနေတယ်'

ဖိုးထူးက ပေါက်စပါးစပ်ကို လှမ်းပိတ်ကာ အခြေအနေကိုထိန်းသိမ်းလိုက်၏။ သူတို့ ပုန်းကွယ်နေသည့် ပုဏ္ဏရိက်ချုံရှေ့သို့ ညော့သည်သုံးယောက်ရောက်လာကာ ထွေရာလေးပါး စကားဆိုနေကြလေသည်။



'အစ်ကိုကြီးရဲ့ ကြည်ကြည်က သိပ်အံ့ဩနေတာ'

'မအံ့ဩနဲ့လေ မျိုးထူးဇော်က ဒေါ်မိမိကြီးရဲ့ တစ်ဦးတည်းသော သမီးကမွေးတဲ့ တစ်ယောက်တည်းသော မြေးဗျ၊ ဒီတော့ သိပ်ချစ်တာပေါ့၊ သိပ်ချစ်တဲ့ မြေးမွေးနေ့ကို ငွေတွေအကုန်ခံပြီးလုပ်တာ ဘာများအံ့ဩစရာရှိသတုံး ကြည်ကြည်ရဲ့'

'အနီ့တီ မိမိက အလှူအတန်းသိပ်ဝါသနာပါတာ ကြည်ကြည်ရဲ့၊ လမ်းငါးဆယ်တိုက်မှာနေတုန်းက နှစ်တိုင်း ဘုရားကိုးဆူပူဇော်တာ ငွေထောင်နဲ့ချီ ကုန်တာပေါ့'

'ဒါက ဘာဟုတ်သေးလဲ၊ အလျင်တုန်းကဆို ဒီထက် လှူခဲ့သေးတာပေါ့၊မင်းကွန်းမှာ စရပ်တစ်ဆောင်လှူထားတာနည်းတဲ့တန်ဖိုးလား ငါးသောင်းမကျော်ဆိုပဲ၊ အဲဒီတုန်းက မင်းကြီးကလဲရှိသေးတယ်လေ၊ မင်းကြီးဆုံးတာနဲ့ စီးပွားရေးလျှော့တာနဲ့ ကြုံနေလို့ သိပ်မလှူနိုင်တော့တာကလား၊ အန်ကယ်နဲ့က ငယ်မိတ်တွေပဲ၊မိမိကြီးက အလှူအတန်း ရက်ရောသလို စိတ်ကောင်းလဲ အလွန်ရှိတဲ့မိန်းမ ကြည်ကြည်ရဲ့'

ခြံပိုင်ရှင် ဒေါ်မိမိကြီး စိတ်ကောင်းရှိသည် မရှိသည်က အရေးမကြီး။ပေါက်စတို့အတွက် အရေးကြီးသည်က သူတို့ဗိုက်ကောင်းကောင်းပြည့်ဖို့ပင်။ သူတို့ဗိုက်ပြည့်ဖို့ကလည်း ခြံထဲရှိ ညော့သည်များပြန်မှ။

'လေးငါးယောက်ပဲ ရှိပါတော့တယ်ကွာ၊ အိမ်ရှေ့မှာကားနှစ်စင်းပဲ ရှိတော့တာပဲ'

အကြီးဆုံးဖြစ်သော သာအေးက တစ်ယောက်တစ်ပေါက်နားပူနေကြသော သူငယ်ချင်းများကို နှစ်သိမ့်လိုက်၏။ နီတွတ်သည် နှုတ်တရှုပ်ရှုပ်လုပ်ကာ ငြိမ်နေလိုက်၏။ ဖိုးထူးကမူ မီးဖို

ခန်းထဲရှိ စားပွဲပေါ်က ကိတ်မုန့်များကို မျက်စပစ်နေလေသည်။ ပေါက်စက သူ့နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း ဗိုက်ကို နှိပ်လျက်

'ဟော့ တာအေး ယူတွေကျန်တာစောင့်ရင်း တို့ကဂျားရအောင်၊ မင်းတို့ ဂေါ်ယီယုံးချိတယ် မဟုတ်ယား၊ မချိဘူး၊ ဒါချင့် ဂျင်ပေါက်မယ်'

ပေါက်စက သူတာဝန်မကျေပွန်နိုင့်သေးသောကြောင့် သူငယ်ချင်းများကို စိတ်ပြောင်းပေးလိုက်၏။

'မကစားချင်ပါဘူးကွာ ဂျင်လဲ ငါ့မှာမရှိဘူး'

'ငါလဲ မရှိဘူးကွ'

'ဒါချင့် စွန်လွှတ်မယ်ကွာ၊ နီတွတ် မင်းဆီမှာ ယစ်ယုံး ရှိတယ်မဟုတ်ယား'

နီတွတ်က ခပ်သွက်သွက် ခေါင်းညိတ်ပြရင်း–

'ရစ်လုံးပဲရှိတယ်၊ စွန်က မနက်ကပြတ်သွားပြီကွ'

'စွန်ကိုစုဝယ်မယ်ကွာ၊ ငါ့ဆီမှာ ငါဂျားချိတယ်'

'ငါ့မလဲ ငါးပြား ရှေ့၊ ဖိုးထူ့မှာကော'

'ငါ့မှာတော့ မရှိဘူးကွာ'

'ခက်တော့တာပဲကွာ၊ စွန်က ဆယ့်ငါးပြားတန်မှ ကောင်းတာကွ'

'နေဦး နေဦး၊ ငါ့ ဖန်ဂေါ်လီကလေး ရောင်းလိုက်မယ်၊ အေးမောင်က ဝယ်မယ်ပြောထားတယ်၊ မင်းတို့ ကွင်းထဲကစောင့်နေ၊ ငါ စွန်ပါ ဝယ်လာခဲ့မယ်'

ပြောပြောဆိုဆိုနှင့် ဖိုးထူး ဒုန်းစိုင်း ပြေးသွားတော့သည်။



ကျန်ကလေးများသည် ခြံကြီးအနီးမှ ခွာကာ ကွင်းပြင်ထဲသို့ ရောက်သွားကြတော့၏။

မကြာမီပင် အစိမ်း အနီ ခြယ်ထားသော စွန်ကလေးကို တယုတယကိုင်ကာ ဖိုးထူး ရောက်လာလေသည်။ သူငယ်ချင်းတစ်စု အစားမေ့ကာ အကစားမက်ကြတော့သည်။

'ဟော့ကောင် မင်း ကြာလှပြီ၊ ငါ့ ပေးဦး'

'ပေါက်စက ကဲလိုက်တာကွာ၊ ဖိုးထူး လွှတ်ပါစေဦး'

'မဆိုင်ဘဲနဲ့ ဝင်မကြောနဲ့ တာအေး၊ မင်းတို့က တိပ်ယူပါးဝ တာပဲ၊ ပေးတော့'

ပေါက်စက ရစ်လုံးကို ဇွတ်ဝင်လုတော့၏။ ဖိုးထူးကလည်း မပေး။ ရစ်လုံးကိုရင်ဝယ် ပိုက်ထားတော့၏။

'မင်း မပေးဘူးယား၊ အေး အမေ့ဆီက မုန့်ရရင် မင်းကို မကျွေးဘူး မှတ်ထား'

မုန့်စကားကြားမှ ဖိုးထူးက အလျှော့ပေးလိုက်၏။ ပြီးလျှင် သူတို့ တိုင်ပင်ထားသလို သူတို့အားလုံး ဒေါ်မိမိကြီးခြံဘက်သို့ မျှော်ကြည့်လိုက်မိကြ၏။ ယခုမှပင် မုန့်ကို ပြန်သတိရမိကြတော့၏။ ဗိုက်ထဲကပင် တဂွီးဂွီး မြည်လာလေတော့သည်။

'ခြံရှေ့မှာ ကားတစ်စင်းမှ မရှိတော့ဘူးကွ၊ ဧည့်သည်တွေ ကုန်ပြီနဲ့တူတယ်'

'သွားကြစို့ ပေါက်စ'

'နေဦးကွ၊ မင်းတို့က တိပ်ခက်တာပဲ၊ အိမ်ချင်အဘွားကြီး ခြံထဲမှာပဲ ချိသေးတယ်ကွ၊ဟိုမှာ မတွေ့ဘူးယား၊ ယမ်းလျှောက်နေတာ၊ တူချိရင် မယာနဲ့ယို့ အမေက မှာထားတယ်'

သည်အခိုက် ဖိုးထူးလွှတ်နေသော စွန်သည် အလိုလို ပြတ်ထွက်သွားတော့သည်။

'ဟာ ဒီကောင် ဘယ်လိုလွှတ်တယ် မသိဘူး'

'လိုက်ပါကွ တာအေး ရ'

'ဖိုးထူး ဘာ ရပ်ကြည့်နေတာလဲ၊ ဟိုဘက်လမ်းကို သွား၊ နီတွတ်က ဒီဘက်ကို လိုက်'

'ဟေ့ ဟေ့ ခြံဘက်ကိုလိုက်၊ ခြံဘက်ကို လေတိုက်တယ်၊ ဟော ဟော အောက်ကျလာပြီ'

ပေါက်စနှင့်သာအေးသည် ဒေါ်မိမိကြီးခြံရှိရာသို့ ခြေကုန်သုတ်ပြေးကြတော့၏။စွန်ကလေးသည် လေထဲတွင် ဝေ့ကာဝိုက်ကာ လူးကာ လိမ့်ကာ ပျံဝဲရင်း တဖြည်းဖြည်း နိမ့်ကျလာလေသည်။

'ဟော ကျလာပြီ၊ ကျလာပြီ၊ ပေါက်စ ခြံဘက်ကိုသာလိုက်၊ ဟေ့ကောင်တွေ ငါတို့စွန်ကွ၊ အလိုလို ပြတ်ထွက်သွားတာ'

သာအေးသည် ပေါက်စကို လမ်းညွှန်ရင်း တခြားကလေးများကိုပါ ဟန့်တားလိုက်၏။ စွန်ကလေးမှာ အသည်းယားဖွယ်ရာ တဖြည်းဖြည်း ဝဲကျလာလေသည်။ သာအေး ဟန့်တားနေသည့် ကြားထဲက ကလေးတစ်ချို့သည် ထိပ်ဖျားတွင် ဆီးခက်များ ချည်နှောင်ထားသည့် ဝါးလုံးများဖြင့် လိုက်ဖမ်းနေကြသေး၏။

'ဟေ့ကောင်တွေနော် ဟေ့ကောင်တွေ၊ ဟာ ခြံထဲကို တည့်တည့် ကျတွားတယ်ဟေ့'



ပေါက်စသည် ခြံရှေ့သို့ အရင်ဆုံး ရောက်သွားကာ စွန်ကလေးကျသွားရာသို့ မျက်စိတစ်ဆုံး လိုက်ကြည့်နေလေသည်။

ခြံထဲတွင် တအိအိ တလူပ်လူပ် လမ်းလျှောက် နေသည့် အသက်ငါးဆယ်ကျော် မိန်းမကြီးသည် သူ့ခြံတွင်းသို့ ပျံဝဲကျလာသည့် စွန်ကလေးကို ကြည့်လိုက်၊ ခြံရှေ့တွင် အသံကုန်အော်ကာ ခုန်ပေါက်နေသည့် ကလေးများကို ကြည့်လိုက်နှင့် စက္ကန့်ပိုင်းမျှ ငြိမ်နေ၏။

ပြီးမှ ဖျတ်ကနဲ လှုပ်ရှားလာ၏။ နောက် သူနှင့် ဝါးတစ်ရိုက်ခန့် ဝေးသည့် နေရာတွင်-ကျနေသော စွန်ကလေး ရှိရာသို့ လျှောက်လာပြီး သွက်လက်စွာ ကောက်ယူလိုက်၏။ စွန်ကိုကောက်ရင်း ကလေးများကို တစ်ချက် စောင်းငဲ့ ကြည့်လိုက်သေး၏။

'အန်တီကြီး အန်တီကြီး၊ အဲဒါ ကျွန်တော်တို့ စွန်ဂျ၊ ဒီကောင်တွေနဲ့ မဆိုင်ဘူး'

ပေါက်စသည် သူ့ဘေးတွင်ရပ်နေသော ကလေးများကို လက်ညှိုးထိုးပြရင်း အော်ပြောလိုက်၏။ သူတို့ ချွေးနဲ့စာဖြင့် ဝယ်ကစားရသောစွန်ကလေး၊အခြား တပါးသော သူများလက်ထဲသို့ ရောက်သွားမှာကို ပေါက်စ အလွန် စိုးရိမ်သွားမိ၏။ စွန်ကလေး သူ့လက်တွင်းသို့ အမြန်ရောက်စေလိုသည့် ဆန္ဒကြောင့် သော့ခတ်ထားသော ဝင်းတံခါးပေါက် အကြားမှ သူ့လက်ကလေးကို ဆန့်သွင်းကာ လက်ဝါးကလေး ဖြန့်ထားလိုက်မိ၏။

သို့သော် စွန်ကိုင်ထားသော ခြံပိုင်ရှင် ဒေါ်မိမိကြီးကား

ပေါက်စရှိရာသို့ မလာ။ ပေါက်စတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် သူ့တိုက်ကလေးရှိရာသို့သာ ထွက်ခွာသွားလေ၏။

သံပန်း လှလှကလေးများ တပ်ဆင်ထားသည့် သူ့တိုက် တံခါးဝတွင်ကား မြေးဖြစ်သူ မျိုးထူးဇော်က စွန်ကလေးကို အဝေးကတည်းက လက်လှမ်းလျက်–

‘တောကျောင်းကျိုးတွေ၊ ငါတို့စွန်ကို မပေးဘူး’

ပေါက်စသည် စို့လာသော မျက်ရည်ကို လက်ဝါးဖြင့် သုတ်ရင်း အားပါးတရ ကျိန်ဆဲလိုက်လေသည်။

[မြဝတီမဂ္ဂဇင်း။ ။၁၉၇၈ခု၊ ဩဂုတ်]

# နေရဲ ပျော်ပျော်




## နေရဲ ပျော်ပျော်

ဒေါ်မေကြည်လွင် ရင်ထဲတွင်နာလိုက်သည်မှာ ပြောစရာမရှိ။

မျက်ရည်တို့သည် ဘယ်က ဘယ်လို စီးကျလာလေသည် မသိ။

မချိအောင်နာသောရင်နှင့် တပေါက်ပေါက် ကျဆင်းလာသည့် မျက်ရည်တို့သည် ဒေါ်မေကြည်လွင်၏ ရင်တွင်းခံစားချက်၊ သောကတောင်ထုကို သက်သေပြုနေသလိုပင်။

မယုံချင်ပါ။

လုံးဝမယုံချင်ပါ။

ကြားစကားကို ကြားခါစက ဟုတ်လိမ့်မည်ကိုမထင်။ သံသယပင် မဝင်မိ။ ကြားသူတို့၏ မလိုတမာစကား၊ အချစ်သည်းကြသူ၊ အချစ်ကြီးကြသူ သူတို့ ဇနီးမောင်နှံကို မရှုဆိတ်၍ ပြောကြသည်။ အလွန်သာယာသောသူတို့မိသားစုကလေး ဘဝ

ပျက်အောင် ချေဖျက်နှောင့်ယှက်လို၍ ဆိုကြသည်ဟု ဒေါ်မေကြည်လွင် တစ်ယူသန် ယူမှတ်ခဲ့သည်။

အမှန်လည်း ယုံနိုင်စရာမရှိပေ။ သူ့ 'ကိုလွင်' သည် တက္ကသိုလ်တွင် အတူ ပညာအသည်းပူးခဲ့ကြစဉ်ကတည်းက 'မေကြည်' မှ 'မေကြည်'၊ တစ်လောကလုံးတွင် သူ့ချစ်သူမှလွဲ၍ အခြားတပါးသော မိန်းကလေးများကို ပြစ်မှားရန်ဝေးစွ။ မျက်မွေးတောင် ထောင်၍ပင် မကြည့်ခဲ့ပေ။ အလွန်သစ္စာ ရှိခဲ့သူပင်။ တက္ကသိုလ်သက်တမ်းတစ်လျှောက် အသည်းပေါက်မတတ် ချစ်ခဲ့ကြပြီး ပညာပြည့်စုံ၍ အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်သောအချိန်တွင် နှစ်ဘက်မိဘတို့၏ သဘောတူကြည်ဖြူ ခွင့်ပေးချက်အရ လက်ထပ်ခဲ့ကြသည့်အချိန်မှာလည်း အိမ်သူဇနီးမယားမျက်ထားညိုအောင် ဘာတစ်ခုမျှမလုပ်ခဲ့ပေ။ ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုးဖြင့် စတက်ထမ်းပိုး တိုး၍တိုး၍သာ ချစ်ခင်ခဲ့သဖြင့် ဒေါ်မေကြည်လွင်မှာ အိမ်ထောင်ရေးကံကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်ခဲ့ပေသည်။

သားကလေးတစ်ယောက်၊ သမီးကလေးတစ်ယောက် တိုးပွားလာသောအခါ နှောင်ကြိုးတို့သည် ပို၍ပို၍ ခိုင်မြဲလာကာ ပျော်မွေ့စရာကောင်းလှသော အိမ်ထောင်ကလေးအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့ပေသည်။

သည်လို အစစ အဆင်ပြေ ချောမောလာခဲ့ရာမှ–

ဒေါ်မေကြည်လွင် သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

'ကိုလွင်မှားခဲ့မိပြီ မေကြည်၊ ဒါပေမယ့် ကိုလွင့်အမှားက နောက်ဆုတ်လို့ရတဲ့ အမှားမျိုးမဟုတ်လို့'



'တော်ပါတော့ကိုလွင်ရယ်၊ မေကြည် ဆက်မကြားပါရစေနဲ့၊ မေကြည့်ကို ဆက်မနှိပ်စက်ပါနဲ့တော့'

ဒေါ်မေကြည်လွင် သည်းထန်စွာ ငိုရှိုက်မိသည်။ သူ့ကိုလွင်က သူ့အား မျက်ရည်သုတ်ပေးလာသောလက်များကို သူ နာကျည်းစွာ ဖယ်ရှားပစ်လိုက်မိ၏။

'ပါးပြင်ပေါ်က မျက်ရည်စတွေသာ ခြောက်ရင်ခြောက်မယ် နှလုံးသားပေါ်ကဒဏ်ရာကတော့ တစ်သက်မှာ ပျောက်လိမ့်မယ်မဟုတ်ပါဘူး ကိုလွင်ရယ်'

ရင်ထဲမှ ပြောနေမိသော သူ့စကားတို့ကို ကိုလွင်ကြားလိမ့်မည်မဟုတ်ပေ။

ဒေါ်မေကြည်လွင်ကတော့ မထင်မှတ်ဘဲ တိုက်ခတ်လာသော မုန်တိုင်းကြမ်းကြီးကို ခုခံရန် အင်အားမရှိတော့ပေ။

'မေကြည်ရယ် ကိုလွင့်ကို ခွင့်လွှတ်ပါ၊ ကိုလွင် နောက်မဆုတ်နိုင်တာကလွဲလို့ အားလုံး မေကြည့်သဘောကျ ဖြစ်ရပါစေ့မယ်'

ပြောရက်လိုက်တာ။ သူ သိပ်ချစ်လှပါတယ်၊ မြတ်နိုးလှပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်၊ သူ့ရင်သွေးတွေရဲ့ မိခင်တစ်ယောက်ကို မထောက်မထား သူပြောရက်လိုက်တာ၊ ပြုရက်လိုက်တာ။ နောက်မဆုတ်နိုင်တာကလွဲလို့တဲ့လေ ရက်စက်လိုက်တာ။

'သွားပါတော့ကိုလွင် မေကြည်တောင်းပန်ပါတယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး မေကြည်ဘာမှ ထပ်မကြားပါရစေနဲ့ သွားပါတော့'

'မဟုတ်ဘူးလေ မေကြည်၊ ပြဿနာက ဖြစ်လာခဲ့ပြီမဟုတ်လား၊ ကိုလွင့်ကြောင့်ဖြစ်ခဲ့တဲ့ပြဿနာ ကိုလွင် ဖြေရှင်းရမှာပဲ၊ တစ်ဘက်မိန်းကလေး သိက္ခာမကျအောင် မွေးလာတဲ့ကလေးအတွက် ကိုလွင် ဖခင်တာဝန်ကို ယူရမှာပဲ၊ ဒါကိုတော့ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ဘူး၊ မေကြည်နဲ့ သားတို့သမီးတို့ကိုလဲ ကိုလွင် တာဝန်ဆက်ယူရမှာပဲ၊ ဒါကလဲ ကိုလွင့် ဝတ္တရားပဲ၊ မေကြည် အားလုံးကို နားလည်နိုင်အောင် ကြိုးစားပါကွယ်'

အေးဆေးတည်ငြိမ်စွာ ပြောနေနိုင်သူက ပြောနေသော်လည်း ဒေါ်မေကြည်လွင်၏ နှလုံးသားတို့ကား ပေါက်ကွဲလုနီးပါးပင်။ ပြောသူကတော့ ပြောရက်လွန်းပါပေ့။

ဒေါ်မေကြည်လွင်သည် သူ့'ကိုလွင်'ကို တစ်ခါမျှ မမြင်ဖူးသည့်ပမာ အံ့သြစွာ ကြည့်နေမိလေသည်။

သူတို့အဖြစ်ကို သတင်းမေးလာသူ ငယ်သူငယ်ချင်း စိုးစိုးကို ပြန်ပြောပြရင်း–

'မေကြည်တော့ အိမ်ထောင်သက် နှစ်ပေါင်းနှစ်ဆယ်ကျော်မှ ဒီအဖြစ်မျိုးကြုံရတာ ရှက်လဲရှက်၊ ရင်လဲနာလွန်းလို့ သူ့မျက်နှာကို ဘယ်တော့မှ မမြင်ပါရစေနဲ့လို့ ပြောလွှတ်လိုက်တယ်'

'အို ဒီလိုတော့လဲ ဘယ်ဟုတ်မလဲကွယ်၊ က လေး တွေအတွက် ဦးစားပေး စဉ်းစားမှပေါ့ သူငယ်ချင်းရယ်'

'ကလေးတွေကြောင့်ပေါ့စိုးရယ်၊ မေကြည်နို့မဟုတ်ရင် ရူးတောင်ရူးမလားမသိဘူး၊ သူ့ကို သိပ်စိတ်နာတယ်'

'ဒီလောကကြီး စိတ်မထိခိုက်ပါနဲ့ကွယ်၊ လူတိုင်း လူတိုင်းဟာ တစ်မျိုးမဟုတ်တစ်မျိုး ရုန်းကန်နေရတာပါပဲ၊ မေကြည့်



ထက် အဖြစ်ဆိုးတဲ့လူတွေ အများကြီးရှိပါတယ်၊ ပတ်ဝန်းကျင်ကို ငဲ့ကြည့်လိုက်စမ်းပါဦးလေ ဟုတ်လား'

\+ + +

ခိုက်ခိုက်တုန်အောင်ချမ်းသော ဆောင်း၏အအေးဒဏ်ကို ပန်းသည်မကလေး ကြံ့ကြံ့ခံနိုင်ဟန်ရှိသည်။

အနွေးထည် အစုတ်ကလေးကိုဝတ်လျက် တနှစ်သမီးကလေးကို ခါးထစ်ခွင်ကာ ပန်းဗန်းကြီးကိုရွက်ပြီး ပါးစပ်မှလည်း 'ပန်းတွေနော် ပန်းတွေ၊ နှင်းဆီပန်း၊ စံပယ်ပန်း၊ သပြေပန်း' ဟု အော်ကာအော်ကာဖြင့် ခြေတိုမတတ် လျှောက်ရောင်းနေရရှာသည့် မိန်းကလေးကို ဒေါ်မေကြည်လွင် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရလေသည်။

'ညည်းအေ ကလေးကတစ်ဘက်နဲ့ ဈေးလျှောက်ရောင်းရတာ မလွယ်လိုက်တာ၊ ညည်းလဲပင်ပန်း ကလေးလဲပင်ပန်း'

တစ်ခါက ဘုရားပန်းခေါ်ဝယ်လိုက်ရာ ပန်းရောင်းရင်း အိမ်ရှေ့ကပြင်တွင် ကုပ်ကုပ်ကလေးထိုင်ပြီး သူ့သမီးကလေးကို နို့တိုက်နေရှာသည့် သူ့အဖြစ်ကို စိတ်မောစွာကြည့်ရင်း စာနာစိတ်ဖြင့် ပြောမိ၏။

'အစ်မရယ် အိမ်မှာ ယောက္ခမကြီးပဲ ကျန်ရစ်တာ အစ်မရဲ့၊ အဘွားကြီးက အသက်ကကြီးတော့ သိပ်ပြီး မျက်စိမကောင်းတော့ဘူး၊ ကျွန်မယောကျ်ားကလဲ ကမ်းနား သင်္ဘောဆိပ်မှာ အစောကြီးဆင်းရတာ၊ သူက ကုန်တင်ကုန်ချအလုပ်သမားလေး

သားအကြီးနှစ်ယောက်ကလဲ မနက်ကျောင်းဆိုတော့ သမီးလေးကို ထိန်းမပေးနိုင်ဘူး၊ ဒီလိုပေါ့ အစ်မရယ် မပြည့်စုံတော့လဲ ဒီလိုပဲပေါ့၊ ပန်းရောင်းရတာလဲ မနက်ခင်းလေးတွင်ပါ၊ ဆယ်နာရီလောက်ဆို ကုန်သွားတာပဲ အစ်မရဲ၊ တမနက် တမနက် ငါးကျပ်၊ ခြောက်ကျပ်လောက် ကျန်တာဆိုတော့လဲ မက်လောက်စရာပဲ အစ်မရဲ'

သူ့ဘဝဇာတ်ကြောင်းကို ပြောနေပုံမှာ အားငယ်သံလုံးဝမပါ။ မကျေနပ်သည့်သဘော၊ နာကျည်းသည့်ခံစားမှု အနည်းငယ်မျှ ရှာမတွေ့။ သူ့ဘဝကို သူပျော်မွေ့နေသည့် ပုံမျိုး။

ပန်းသည်မလေးကို ဒေါ်မကြည်လွင် အံ့သြစွာ ကြည့်နေမိသည်။

\+ \+ \+

'ကဲ လာတုန်း ဝယ်ထားလိုက်ကြနော်၊ ဆားတွေ ဆားတွေ၊ ဖြူဖြူဖွေးဖွေး မှုန်မှုန်လေးတွေ၊ တစ်ပိဿာမှ တစ်ကျပ်ခွဲတည်းရယ်၊ အိမ်တိုင်ရာရောက် လာပို့နေပါပြီ'

ထူးခြားစွာ အောင်မြင် ကျယ်လောင်လှသည့် အသံ။ ထိုအသံရှင်သည် အသက်အစိတ်ခန့် ကောင်မလေးတစ်ဦး၊ သနပ်ခါး ပိန်းကျားနှင့် လွယ်အိတ်စုတ်ကလေးကို လွယ်လျက်။

ထိုကောင်မလေးသည် သူ့ယောကျ်ားနှင့်အတူ ဆားအပြည့်ပါသော လက်တွန်းလှည်းကြီးကို အားနှင့်အင်နှင့် ကူတွန်းရင်းအော်ရောင်းလေ့ရှိသည်။ သူတို့ ဆားလှည်းထဲတွင် ဆားများ



အပြင် သူတို့၏ရင်နှစ်သည်းချာသားရတနာကလေးပါ ငုတ်တုတ်ထိုင်လျက် ပါလာလေ့ရှိ၏။ တစ်ခါတစ်ရံ နံပြားဝါးလျက်၊ တစ်ခါတစ်ရံ အီကြာကွေး စားလျက်၊ တစ်ခါတစ်ရံ ဆီးသီးများကို သူ့နံဘေးရှိ ဆားများနှင့် တို့ကာတို့ကာ မြုံ့လျက်။ သူတို့ လင်မယားကား သားကလေးကို ကြည့်ရင်း တပြုံးပြုံးတကုန်းကုန်း။

မိုးတွင်းကာလ ရန်ကုန်မိုးက အမှတ်မထင် ရွာချလိုက်လျှင် သူတို့လင်မယား၊ခမျာ ဆားလှည်းကြီးကို တရကြမ်းတွန်းကာ ကသုတ်ကရက်ဖြင့် မိုးခိုစရာနေရာ ရှာကြရှာသည်။ တစ်ခါက ဒေါ်မကြည်လွင်တို့ အိမ်ရှေ့အရောက် ရုတ်တရက် မိုးရွာချလိုက်ရာ—

'ဟဲ့ ကလေးတွေ လာ လာ ဒီအောက်ထဲ တွန်းခဲ့ကြ'

ပျာယာခတ်သွားကြသူ ကလေးများကို သူမ်းခေါ်လိုက်မိ၏။ သူတို့သည် တွန်းလှည်းကြီးကို တရျောင်ရျောင် မြည်အောင် အပြင်းတွန်းကာ ခြံဝင်းအောက်သို့ ဝင်လာကြ၏။

'ဆားတွေ ရေစိုကုန်ပါပေါ့လားဟယ်၊ ကလေးလဲ ရွှဲလို့'

'မိုးတွင်းမှာတော့ အဆင်မပြေတဲ့အခါ ဒီလိုပဲ အန်တီရဲ့၊ ဟား ဟား ငါ့သားလဲ ချမ်းနေပြီထင်တယ်၊ လာခဲ့ ဒီနား ဖေဖေ ရေသုတ်ပေးမယ်'

ကောင်လေးက ဒေါ်မကြည်လွင်ကိုဖြေရင်း သားကလေးကို လှမ်းပွေ့ချီယူလိုက်၏။ သူ့ ခါးဝတ်ပုဆိုး ခါးပုံစကိုဖြေကာ ခေါင်းမှရေများကို သုတ်ပေးလိုက်၏။

'ဟေ့ မိန်းမ၊ နောက်နေ့တွေတော့ သားသား အတွက်

အင်္ကျီအပိုလေးထည့်ခဲ့မှဖြစ်မယ်၊ မှင်းကော တော်တော် စိုသွားလား၊ ရေသုတ်ချင်ရင် ငါ့ပုဆိုး ချွတ်ပေးမယ်လေကွာ’

ပြောလိုက်ပုံက စပ်ဖြဲဖြဲ။ ကောင်မလေးက မျက်စောင်းထိုးရင်း–

‘အို တော်ပါ၊ ပေါက်တတ်ကရ၊ အန်တီရှေ့မှာ’

ဒေါ်မကြည်လွင်ကတော့ သူတို့ကို အံ့ဩခြင်းကြီးစွာဖြင့် ကြည့်နေမိသည်။

+ + +

အမှတ်မထင် မြင်တွေ့လိုက်မိရာက တဖြည်းဖြည်း စိတ်ဝင်စားလာမိသည်။

စက်ဘီးလေးတစ်စီးနှင့် ညီအစ်မ နှစ်ယောက်။ မနက်တိုင်း ဒေါ်မကြည်လွင် ဘုရားရှိခိုးပြီးချိန်လောက် ဆိုလျှင် သူတို့ ညီအစ်မနှစ်ယောက်ကို တွေ့ရပြီ။ ဘဲဥမပုံ ဆံပင်တိုလေးနှင့် အငယ်မလေးက စက်ဘီးနင်းသည်။ ကျစ်ဆံမြီး တစ်ချောင်းတည်း ကျစ်ထားသည့် အကြီးမလေးက နောက်ထိုင်ခုံပေါ်မှာ။ ညီအစ်မနှစ်ယောက် စကားတပြောပြောနှင့်။ ချစ်စရာမိန်းကလေးတွေ။

စိတ်ဝင်စားမိ၍ စုံစမ်းကြည့်သောအခါ အငယ်မလေးက ကိုးတန်း ကျောင်းသူကလေး။ နာမည်က စီစီ။ အကြီးမက ဆေးလိပ်ခုံတွင် ဆေးလိပ် လိပ်သူ။ သူက ကြည်ကြည်။ ထို့ထက် ပို၍ သိရသည်ကား ကြည်ကြည်သည် ခြေနှစ်ဘက် မသန်စွမ်း



သူကလေးဖြစ်သည်ဟု။ ကြည်ကြည်က အားငယ်၍ စိတ်ပျက်မနေ။ ဖြစ်ရာဘဝတွင် သူတတ်နိုင်သည့်ဘက်ကနေ၍ မိသားစု စားဝတ်နေရေးကို ကူညီရန်ကြိုးပမ်းသည်။ သူသည် ဆေးလိပ်လိပ်ခြင်းဖြင့် တစ်နေ့တစ်နေ့ ဝင်ငွေ လေးငါးကျပ်ရအောင် ရှာပေးနိုင်သည်။

သူတို့လေးတွေအကြောင်း သိပြီးသည့်တစ်နေ့၊ ဒေါ်မကြည်လွင် ဈေးကအပြန် တမနက်တွင် သူတို့နှင့်ဆုံရသည်။

လမ်းထိပ်တွင် စက်ဘီးလေးကို ထိုးရပ်ပြီး အငယ်မလေး ခုန်ဆင်းလိုက်၏။ နောက် သူ့အစ်မကို နောက်ထိုင်ခုံပေါ်မှ အောက်သို့ချပေးရန် ကြိုးပမ်းနေခိုက် ဒေါ်မကြည်လွင်နှင့် ဆုံမိခြင်းဖြစ်သည်။

‘အန်တီ ဘာလုပ်ပေးရဦးမလဲ သမီး’

စက်ဘီးကို တစ်ဘက်ထိန်းရင်း ခြေမသန်ရှာသူ အစ်မကို ပွေ့ချရန် မနိုင့်တနိုင် ကြိုးပမ်းနေသည်မှာရင်မောစရာ။ စက်ဘီးပဲ လဲကျမလား၊ လူပဲ လိမ့်ကျမလား။

‘ကန်တော့ အန်တီရယ်၊ ဘီးကို ခဏ ထိန်းပေးပါနော်၊ ဟုတ်ကဲ့၊ အဲဒါဆို ရပါပြီ၊ ရပြီ အစ်မ မှီထား’

ချက်ချက်ချာချာပြောရင်းသူ့အစ်မကို သွက်သွက်လက်လက် ပေးကူချပေးလိုက်၏။

‘ချိန်းကြိုးပြုတ်သွားလို့ အန်တီရဲ့၊ ဒီ စက်ဘီးက ဒီလိုပဲ’

မြက်ခင်းပေါ်တွင် ပုံ့ပုံ့ကလေး ထိုင်နေရာက ချိုသာသိမ်မွေ့စွာ ပြောလိုက်သူမှာ ကြည်ကြည်။

‘ညီမလေးလဲ ဒီစက်ဘီးနဲ့ ခဏ ခဏ အလုပ်များရရှာတယ်၊ နောက်တစ်လ နှစ်လလောက်ဆိုရင် ဖေဖေကလဲ ဆုကြေးထုတ်

ရတော့မှာပါ၊ မမ စုထားတာလေးနဲ့ပေါင်းလိုက်ရင် ဘီးအသစ်တစ်စီး ပေါ်လတ်လတ်ကလေး ဝယ်နိုင်တော့မှာပေါ့’

‘ရပါတယ် အစ်မရယ်၊ ချိန်းကြိုးတပ်တာ ခဏလေးပါ’

စီစီက စက်ဘီးချိန်းကြိုးကို တဂျောင်ဂျောင် မြည်အောင် ပြန်တပ်ပြီး အံကျ မကျ စမ်းကြည့်ရာက ပြောလိုက်၏။ သူ့ဟန်ပန်က ယောကျ်ားလေးတစ်ယောက်လိုပင်။

‘ကဲ ရပြီ အစ်မ၊ အန်တီ့ကိုလဲ ကျေးဇူးတင်ပါတယ် ရှင်၊ ဘီးကို ခဏထိန်းထားပေးပါဦးနော်၊ စီစီ အစ်မကို ထိုင်ခုံပေါ် ပြန်တင်လိုက်ပါဦးမယ်၊ ထ အစ်မ’

စက်ဘီးကို ယိုင်မသွားအောင် ထိန်းထား ပေးလိုက်၏။ ညီအစ်မနှစ်ယောက်ကား အပေးအယူမျှတစွာဖြင့် စက်ဘီးပေါ် ပြန်ရောက်သွားလေပြီ။

‘အန်တီရေ သွားပြီနော်’

ကြည်ကြည်က ပြုံးပြုံးကလေး နှုတ်ဆက်လိုက်၏။ ဒေါ်မေကြည်လွင်ကား သူတို့နှစ်ယောက်ကို အံ့သြစွာ ငေးကြည့်ကျန်ရစ်ခဲ့လေသည်။

+ + +

‘ပေါ ပေါ’

‘ဟော နောက်မှာ ကားတစ်စီးလာနေတယ်၊ ပေါ ပေါ တဲ့၊ အဲဒါ ရှင့်ကို ပြောတာနေမှာသိလား၊ကျွန်မ ယောကျ်ားမပေါပါဘူး တော်၊ ကျွန်မ လုံလုံခြုံခြုံ ဝတ်ပေးထားပါတယ် ဟီ ဟီ’



လာပါပြီ မရှေသောကြာတို့ မိသားစု။ မိသားစုဟု ဆိုလိုက်ရခြင်းမှာ အလွန် စကားပေါသော ထိုမိန်းမနှင့်အတူ သူ့ယောကျ်ားနှင့် သူ့ သားလေးတစ်ယောက်၊ သမီးလေး တစ်ယောက် ပါပါလာလေ့ရှိသောကြောင့်ပင်။

ယနေ့ညနေလည်း သူတို့မိသားစု အခါတိုင်းညနေများလိုပင် ပြုံးပြုံးရွှင်ရွှင် ပျော်ပျော်မြူးမြူး ပြန်လာကြပေပြီ။ အလုပ်ခွင်မှပင် ဖြစ်ပါလိမ့်မည်။ အလုပ်ခွင်မှ ပြန်လာခြင်းဖြစ်မည်ဟု ယူဆရခြင်းမှာ သူတို့ မိသားစုသည် မနက်ခုနစ်နာရီခန့်တွင် လမ်းတွင်းမှဖြတ်သွားလေ့ရှိကြပြီး ညနေ ခြောက်နာရီလောက်ကျမှ ပြန်လာလေ့ရှိသောကြောင့်ဖြစ်ပါ၏။ သုံးနှစ်အရွယ် သမီးလေးက ဖအေ့ပုဆိုးစကို ဘေးက ဆွဲလိုက်တတ်သည်။လသားကလေးကို ခါးထစ်ခွင်ချီကာ တောင်းတစ်လုံးကို ခေါင်းပေါ်ရွက်၍ ပါးစပ်ကလည်း ရယ်စရာ မောစရာများကို အမျှင်မပြတ်ပြောဆိုသွားတတ်သော ထိုမိန်းမကို ဒေါ်မေကြည်လွင် စိတ်မဝင်စားဘဲ မနေနိုင်ပြန်ပေ။

‘တော် ပဲစိမ်းစားဥ စားဦးမလား’

‘အေး ကောင်းသားပဲ’

လမ်းကကျဉ်းသဖြင့် လမ်းဘေးကပ် ကားရှောင်နေရင်း မိန်းမက လှည့်မေးလိုက်၏။ ယောကျ်ားထံမှ အဖြေရသည်နှင့် သူ့ခေါင်းပေါ်မှတောင်းထဲ လက်နှိုက်ကာ ပဲစိမ်းစားဥ နှစ်လုံးကို ဆွဲထုတ်ယူလိုက်၏။ တစ်ဥကို သမီးကလေးအားပေးပြီး ကျန်တစ်ခုကို ပါးစပ်ဖြင့် ကိုက်ကာ ကိုက်ကာ အခွံနွာပြီး သူ့ယောကျ်ားကို ခွံ့ကျွေးလိုက်၏။

မုန့်ပါသည်။ ခွံ့ကျွေးလိုက်ခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် သူ့ယောကျ်ားခမျာ လက်နှစ်ဘက်လုံး လုံးဝ ပြတ်နေရှာသောကြောင့်ဖြစ်ပါ၏။

'အတော့်ကို ချိုတဲ့ဥတော့၊ ကျုပ်ကတော့ ဥဆို ဘာဥ ဖြစ်ဖြစ် ကြိုက်တာပဲ၊ ဟီ ဟီ'

ယောကျ်ားကို ခွံ့ကျွေးနေရာက သူပါကိုက်စားရင်း ခပ်ရွှတ်ရွှတ် ပြောနေပြန်သည်။

'ဟာ ဒီမိန်းမဟာ ဗရွှတ်ရွှတ်တ အတော်ပြောတတ်တယ်'

'ကျုပ်က အကောင်းပြောတာပါရှင်၊ ကြက်ဥတို့ ဘဲဥတို့လဲ ကြိုက်တာပဲလို့ ပြောတာပါ'

နှစ်ယောက်သား ပြုံးရွှင်စွာ ပြောနေကြပုံမှာ မည်သည့်အပူအပင်မျှ မရှိသည့် ပုံစံပင်။

'အမေ့ စိမ်းစားဥပေးဦး'

သမီးကလေးက မော့တောင်းလိုက်၏။

'တော်ပြီလေ သမီး၊ အိမ်ကျ ကြက် ကောင်လုံးကြော်နဲ့ ထမင်းစားရမှာ'

သမီးကို နှစ်သိမ့်လိုက်ပုံကိုက ဟာသကလေးနှင့်။

'ဟင့်အင်း စားချင်တယ်၊ ပေးဦးဆို'

'ဟာ ဒီကောင်မလေး တစ်ခွန်းနဲ့ပြောမရဘူး၊ ငါ နားရင်းပစ်တီးလိုက်ရ'

ပြောလိုက်သူကား လက်နှစ်ဘက် မရှိရှာသည့် ကလေးတို့ အဖေ။

'ဟုတ်ပါ့တော်၊ ပိတ်တီးထည့်လိုက်စမ်းပါ၊ နာနာလေး'



ပြောပြီး မအေဖြစ်သူက တခွိခွိ ရယ်လိုက်ပြန်၏။ သူ့မိန်းမ၏ အားပေး အားမြှောက်ပြုသံကို ကြားလိုက်ရ၍လားမသိ။ အဖေဖြစ်သူကပါ တဟားဟား ရယ်ပါတော့သည်။

သူတို့မိသားစုကို တအံ့တဩ ငေးမောကြည့်ရှုနေမိသူကား ဒေါ်မေကြည်လွင်ပင် ဖြစ်ပါတော့၏။

\+ \+ \+

ဒေါ်မေကြည်လွင် သူ့ဆိုင်ရှေ့တွင် ရပ်လိုက်တော့ သူက မော့ကြည့်ပြီး ပြုံးပြလိုက်သည်။ သူ့အပြုံးက ချိုသည့်အပြင် ရွှင်လည်း ရွှင်သည်။ မျက်နှာထားလေးက ကြည်လင်သည်။ ချိုရွှင်သောသူ့အပြုံးနှင့်၊ ကြည်လင်သော မျက်နှာထားတို့သည် အကျည်းတန်သော သူ့ရုပ်ပုံကို ဖုံးအုပ်ပစ်နိုင်လေသည်။ ထိုအခါ သူ့ကို အရုပ်ဆိုးသည် ဟု ဆိုနိုင်ရန် ခက်ခဲသွားလေပြီ။

သူက ဒေါ်မေကြည်လွင်ကို မေးထိုးမေးလိုက်၏။ သူ မေးထိုးပြလိုက်သည့် အရာများကား ဟင်းသီးဟင်းရွက်စုံများ စီရရီချထားသည့် ဈေးဗန်းကြီးတစ်ခု ဖြစ်လေသည်။

'ပန်းဂေါ်ဖီ လိုချင်လို့ကွယ်၊ တစ်ထုပ် ဘယ်လောက်လဲ'

သာမန်ဈေးသည် မိန်းကလေးသာ ဆိုရင်ဖြင့် ထိုသို့ မေးရပေမည်။ ယခုတော့ ဈေးရောင်းနေသူက ဆွံ့အ နားမကြားရှာသူကလေး။

ထို့ကြောင့် ပန်းဂေါ်ဖီတစ်ပွင့်ကို ကောက်ယူပြီး သူ့ကို ပြလိုက်ရ၏။ သူက လက်သည်း နှင့် လက်ခလယ် နှစ်ချောင်း ထောင်ပြလိုက်၏။ သူ ဆိုလိုသည်ကို ဒေါ်မကြည်လွင် နားလည်ပါသည်။ တစ်ပွင့်ကို နှစ်ကျပ်။ ဈေးမဆိုးပါ။ ဒီ့ပြင် ဈေးသည်များဆိုလျှင်လည်း သည်လောက်ပင် ဈေးဆိုကြပေမည်။ သည်ကောင်မလေးက ဈေးမှန်သည်။ ထို့ကြောင့် ဈေးဆစ် မနေတော့။

ပန်းဂေါ်ဖီပွင့်ကို ခြင်းတောင်းထဲထည့်ပြီး ငွေနှစ်ကျပ်ပေးလိုက်တော့ သူက ဒေါ်မကြည်လွင့် ခြင်းတောင်းကို အသာဆွဲထားလိုက်၏။ ပြီး ဈေးဗန်းထဲက နံနံပင်ဘစ်စည်းနှင့် ငရုတ်သီးစိမ်း ဆယ့်လေးငါးတောင့် ဆုပ်ယူပြီး ခြင်းထဲထည့်ပေးလိုက်၏။ သည်ကောင်မလေးက အလွန် စိတ်ရင်းကောင်း၏။

'အေးကွယ်၊ ကျေးဇူးတင်ပါတယ် သမီးရယ်'

ကျေနပ်စွာ ပြောလိုက်မိရာ မိန်းကလေးက ကြားရဘိသကဲ့သို့ ပြုံးပြုံးကလေးဖြင့် လက်ဝါးလေးကာပြလိုက်၏။

သည်အခိုက် သူ့ သားကလေး ချိုင့်တစ်လုံးကို ဆွဲကာ အပြေးရောက်လာ၏။

'အမေရေ၊ နံပြားက ကုန်သွားပြီဗျ၊ ကျွန်တော် လက်ဖက်ရည်ပဲ ဝယ်ခဲ့တယ်'

သူ့သားကလေးပြောသည်ကိုတော့ သူမကြားပဲ နားလည်ဟန် တူသည်။ ခေါင်းတညိတ်ညိတ်နှင့် သားလေးလက်ထဲက ချိုင့်ကို လှမ်းယူလိုက်ပြီး ချိုင့်အဖုံးထဲသို့ လက်ဖက်ရည်များကို စောင်း၍ သွန်ထည့်လိုက်၏။ ဒေါ်မကြည်လွင်ကိုပင် သောက်



ပါဦးလား ဟူသော အဓိပ္ပာယ်ဖြင့် ချိုင့်ကို မြှောက်ပြကာ လောကဝတ်ပြုလိုက်သေး၏။

'သောက်ပါအေ၊ ညည်းတို့ သားအမိပဲ သောက်ပါ၊ အန်တီကော်ဖီ သောက်ခဲ့ပြီးပါပြီ'

ဒေါ်မကြည်လွင်က သူတို့ သားအမိကို ကရုဏာဝေနေမိသည်။

ဖခင်က နောက်အိမ်ထောင် ပြုသွား၍ ဒုက္ခိတ အမိနှင့် ဆင်းတောင့်ဆင်းရဲနေရသည့် ကလေးလေးကို သူ ကြင်နာမဆုံးတော့။

'အမေ၊ လွယ်အိတ်အသစ် ဝယ်ပေးနော်၊ ကျွန်တော်က နှစ်တန်းတက်ရတော့မှာ၊ စာအုပ်လဲ ဝယ်ပေးနော်'

လွယ်အိတ်လွယ်သည့်ဟန် လုပ်ပြလိုက်၊ စာရေးသည့်ဟန် လုပ်ပြလိုက်နှင့် သားလေးက ပူဆာတော့လည်း သူ နားလည်ပုံရသည်။ သား၏ ခေါင်းကို တစ်ချက်ပုတ်ပြီး ခေါင်းညိတ်ပြသည်။

သူတို့ သားအမိကတော့ အတိုင်အဖောက်ညီလို့။

ချိုင့်အဖုံးထဲမှ လက်ဖက်ရည်များကို တစ်ယောက်တစ်လှည့်စီ သောက်ကာ ကျေနပ်လို့ပင်။

ဒေါ်မကြည်လွင်က ပဲသီးတောင့်စည်းကို မြှောက်ပြပြီး မေးလိုက်တော့ လက်လေးချောင်း ထောင်ပြသည်။ ပြီးတော့ ကျပ်တန်တစ်ရွက်ကို ပြသည်။ ပြား လေးဆယ်လား။ ဘာပါလိမ့်။ ရုတ်တရက် ဈေးမသိ။ သားကလေးက လျှင်သည်။ ဝင်ဖြေလိုက်၏။

'အန့်တီ၊ ဒါ တစ်ကျပ်ဖိုး လေးစည်းတဲ့'

ပြောရင်း လေးစည်းယူပြီး ကျပ်တန်ကို ထောင်ပြလေရာ သူ့အမေက ရှင်ရှင်ကလေးရယ်ရင်း ခေါင်းညိတ်ပြလေသည်။

'အေးကွာ၊ မင်း ရှိပေလို့ပဲ၊ နို့မို့ မင်းအမေ ရောင်းရဝယ်ရတာ လွယ်မှာ မဟုတ်ဘူး သားရေ'

'အံမယ်၊ ကျွန်တော် မရှိလဲ ဖြစ်တာပဲ အန့်တီရဲ့၊ အမေက သူများ ပါးစပ်လှုပ်တာမြင်တာနဲ့ ဘာပြောတယ်ဆိုတာ တန်းသိတာဗျ၊ ဟုတ်တယ် မဟုတ်လား အမေ'

တကယ်ပဲ သိလေသလားတော့ မပြောတတ်။ သူ့သားလေးက လှည့်မေးတော့ ပြုံးပြုံးကလေး ခေါင်းညိတ်ပြပြန်ပါသည်။

ဒေါ်မေကြည်လွင်က သူတို့သားအမိကို အံ့ဩစွာ ကြည့်နေမိလေသည်။

\+ \+ \+

ပတ်ဝန်းကျင်လောကကို ပြန်လည်လေ့လာကြည့်လိုက်မိပြီးသည့်နောက် ဒေါ်မေကြည်လွင် အတော် သဘောပေါက်သွားလေပြီ။

လူ့ဘဝဟူသည်မှာ အတက်အကျ၊ အမြင့်အနိမ့်၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသည်ဖြင့် အကောင်းအဆိုး ပြောင်းလဲဖြစ်ပျက်ခြင်းများ ရောပြွမ်းနေမည်သာ ဖြစ်ပေသည်။



လောကကြီးထဲတွင် စိတ်ဒုက္ခ ဖြစ်စရာ အခြေအနေကို ကြုံတွေ့ခဲ့ရလျှင် မိမိစိတ်ကို ဖြေသာအောင်၊ အခက်အခဲကို ဖြေရှင်းနိုင်အောင် အဆိုးထဲမှ အကောင်းကို ထုတ်နုတ်ယူနိုင်လျှင် ထိုလူသားအတွက် အကျိုးရှိပေမည်။

ထိုသို့မဟုတ်ဘဲ လောကကို ရင်ခေါင်ပိုက်၍ တမြည့်မြည့် ခံစားကာ စိတ်ဓာတ်ကျဆင်းနေပါက ထိုသူအတွက် ဤလောကကြီးသည် နေချင်စရာ မဟုတ်တော့ပေ။

ဒေါ်မေကြည်လွင် မြင်တွေ့လိုက်ရသော ပတ်ဝန်းကျင်သည် လူသားတို့၏ ဇွဲမာန်နှင့် ရုန်းကန်မှုအပြင် စိတ်ဓာတ်အင်အားအပြည့်အဝဖြင့် လောကတွင် ပျော်ရွှင်စွာ နေရဲကြသည့် ပတ်ဝန်းကျင်ဖြစ်၍နေသည်ကို အံ့ဩစွာ တွေ့ရှိနားလည်လိုက်ပြီးသည့်အခါ သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချမှတ်နိုင်ခဲ့ပါတော့၏။

ထိုဆုံးဖြတ်ချက်နှင့်အတူ ဖြစ်လာသမျှကို ရင်ဆိုင်ရဲသော သတ္တိကိုပါ ဒေါ်မေကြည်လွင် ရရှိလာလေသည်။

မျက်ရည်စကို သိမ်းပြီး သားနှင့်သမီးကို သူ ခေါ်၍ ရှေ့ရေးကို ဆွေးနွေးတိုင်ပင်နိုင်လာလေသည်။

'သားတို့အတွက် ဒီလောက်မပူပါနဲ့ မေမေ၊ သား ဒီတစ်နှစ်ပြီးရင် အလုပ်ခွင်ထဲဝင်ပြီး မေမေ့ကို လုပ်ကျွေးသွားနိုင်ပါပြီ'

'သမီးလဲ စာပေးစာယူနဲ့ ဆက်ဖြေမှာပေါ့ မေမေ၊ ဘွဲ့တစ်ခုကတော့ အသာကလေး ရပါတယ် မေမေရဲ့'

သားနှင့် သမီးက အားငယ်စိတ်ပျက်ခြင်း မရှိဘဲ မိခင်ကို နှစ်သိမ့်ကြသည်။ သူတို့သည် စိတ်ဓာတ် ပြောင်းလဲလာခဲ့သော မိခင်အတွက် ကျေနပ်သွားကြသည်။

'နောက်တစ်ခု မေမေ ဆုံးဖြတ်ထားတာက'

ခဏ တုံ့ဆိုင်းသွားပြီးမှ ဒေါ်မေကြည်လွင် စကား ဆက်ပြောနိုင်ပါ၏။

'မေမေ မင်းတို့အဖေကို ပြန်လက်ခံမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သားသမီးတွေအတွက် အဖေဆိုတာ ရှိနေသင့်တယ်၊ ပြီးတော့ မေမေ့အတွက်လဲ တစ်သက်မှာ တစ်ပွင့်ပန် အမျိုးသမီးအဖြစ် ဘဝမှာ ဆက်လက် ရပ်တည်နေနိုင်မယ်လေ၊ ပတ်ဝန်းကျင်က မေမေ့ကို အသိအမြင်သစ်တွေ အများကြီး ပေးလိုက်ပြီ သားရဲ့၊ အဆိုးဆုံး အခြေအနေထဲက အကောင်းဆုံးအဖြစ်ကို မေမေ ရွေးထုတ်ယူတတ်လာပြီကိုး'

သူ့စကားဆုံးတော့ သားကြီးက ကြည်နူးစွာ ပြုံးသည်။ ဖအေ ချစ်သော သမီးငယ်ကမူ မအေကို သိုင်းဖက်ကာ အားရဝမ်းသာဖြင့်—

'ပျော်လိုက်တာ မေမေရယ် သမီး သိပ်ပျော်တာပဲ၊ ဖေဖေကလေ သိပ်သနားဖို့ ကောင်းတာ၊ ဟိုတစ်ခါ သမီး သွားတွေ့တုန်းက သမီးကို ဖက်ပြီး ဖေဖေ မျက်ရည်ကျသေးတာ သိလား၊ ဖေဖေ့ကို ပြန်ခေါ်တာ ကျေးဇူးတင်ပါတယ် မေမေ'

ပြုံးရွှင်ပျော်မြူးသွားသော သားနှင့် သမီးကို ကြည့်နေသည့် ဒေါ်မေကြည်လွင့် မျက်လုံးများသည်ကား မျက်ရည်များ ရစ်ဝိုင်းလျက်။

[ငွေတာရီမဂ္ဂဇင်း။ ။၁၉၈၄ ခု၊ ဇွန်]

# ဒုတိယ နေရာသို့




## ဒုတိယနေရာသို့

သည်ကနေ့ သားကြီး၏ အနှစ်နှစ်ဆယ်မြောက်မွေးနေ့။

သားကြီးအခန်းမှ အသံဗလံကို နားစွင့်လိုက်မိ၏။ တိတ်ဆိတ်ငြိမ်သက်၍ နေလိုက်သည်မှာ မည်သူမျှမရှိတော့သလို။ တစ်ခြမ်းပွင့်နေသည့် အခန်းတံခါးဝသို့ ခပ်ဖွဖွကလေးလျှောက်သွားပြီး အတွင်းမှ အရိပ်အခြည်ကို အကဲခတ်ကြည့်လိုက်မိ၏။

သားကြီးက သူ့စားပွဲမှာ။

သား ကြီး လက် ထဲ မှာ ဖောင် တိန် အ နီ ရောင် က လေး တစ်ချောင်း။

ဖောင်တိန်ကို သားကြီးက ဖင်ပြန်ခေါင်းပြန် လှည့်ပတ်ကြည့်နေသည်။

နောက်ဘက်မှ မြင်ကွင်းမို့ သားကြီးမျက်နှာကိုမူ မတွေ့ရ။

သို့ပေမယ့် ကြည့်ရသည်မှာ သားကြီးသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည့်ပုံ။ သူ၏အာရုံသည် ဖောင်တိန်

အနီကလေးပေါ်ဝယ် လုံးဝ ရောက်ရှိနေကြောင်း သိသာလှ၏။ သည်ဖောင်တိန်မျိုး သားကြီးတွင် ယခင်ကမရှိ။ သားကြီးကို ငြိမ်းသာ ဝယ်ပေးထားသည့် ဖောင်တိန်က နှစ်ချောင်းစလုံး အနက်။

'ဟဲ့ သားငယ်၊ မင်းဖေဖေ ဘယ်ထွက်သွားလဲ'

တမင်ပင် အသံကိုမြှင့်၍ မေးလိုက်၏။

'လမ်းလျှောက်ထွက်သွားပါတယ်ဆို အမေကလဲ၊ မေးတာ သုံးခါရှိနေပြီ'

သားငယ်က စိတ်တိုသံဖြင့်ဖြေ၏။ ငြိမ်းသာလည်း သုံးခါ ရှိမှန်း သိပြီးသားပါ။ သို့သော် သားကြီးကြားအောင်၊ တနည်း အားဖြင့်ဆိုရသော် သူ့ဖေဖေ အပြင်ထွက်သွားကြောင်း သား ကြီးသိသွားအောင် တမင်သက်သက် ထပ်ကာထပ်ကာ မေး နေသည့်ဟာပဲ။

'အမေက တကယ်ရယ်ရတယ်၊ အဘွားကြီးကျနေတာပဲ၊ မေ့ဘတ်လိုက်တာလွန်လို့၊ အဖေ ပြန်မရောက်သေးပါဘူးလို့ ခုန လေးကတင် တစ်ခါထပ်ပြောသေးတဲ့ဟာ'

လူပျိုပေါက်သားငယ်က မအေကို စနေသည်။

ငြိမ်းသာမပြုံးဖြစ်။ သားကြီးအခန်းထဲမှ အံဆွဲဖွင့်သံဆီသို့ အာရုံရောက်သွား၏။

ဖောင်တိန်ကလေး သိမ်းလိုက်ပြီထင်တယ်။ ဘယ်သူ့ လက် ဆောင်ပါလိမ့်။ တစ်ဆက်တည်းမှာပင် သားကြီး သူ့အခန်း



ထဲမှထွက်လာ၍ ငြိမ်းသာဆီ ရောက်လာတော့မည်လားဟု စိတ် စောနေမိ၏။

သို့သော် သားကြီးက သူ့အခန်းထဲမှထွက်မလာ။

\+ \+ \+

'အသက်ရှူလို့ မရဘူးမေမေ'

သားကြီးက သည်လိုပြောကာရှိသေး။ ငြိမ်းသာရင်ထဲ မှန်း ကျပ်သွားသည်။ သားကိုထမ်းထားလျက်က ဒူးတွေညွတ်ခွေလာ သည်။ သားကြီး၏ အသက်ရှူသံသည် ခွဲသံတခွီးခွီးကြားတွင် အားပျော့စွာပေါ်ထွက်နေသည်။

'ဆရာမလေး ခုပဲလာဆေးထိုးပေးလိမ့်မယ်နော်သား၊ ဘာမှ မနာဘူးနော်၊ ပုရွက်ဆိတ် ကိုက်သလောက်လေးပဲ၊ သား ချက်ချင်းသက်သာသွားမှာ၊ မရှုန်းရဘူးနော်၊ သားက လိမ္မာ တယ်နော်'

သုံးနှစ်အရွယ်ကလေးလေးကို နားဝင်အောင် ချော့ရသည်။

'သားသိပါတယ်မေမေ၊ အရင်တစ်ခါကလဲ ထိုးဖူးသားပဲ၊ အမိုင်နိုမဟုတ်လား၊ သားဒီဆေးထိုးမှ သက်သာမယ့်ဟာ ထိုးရ မှာပေါ့၊ မေမေ မကြည့်ရဲရင် အပြင်ထွက်နေလေ'

မချိပြုံးပြုံးလိုက်မိ၏။ သူကပဲ တစ်ပြန်စီး မအေကို နှစ်သိမ့် နေရှာသေး၏။ သူ နှစ်နှစ်ကျော်တုန်းက လှေကားမှ လိမ့်ကျ၍ နဖူးတွင် သုံးချက်ချုပ်ခဲ့ရစဉ်က ငြိမ်းသာမျက်လုံးတွေပြာ၍

သတိလစ်လဲကျလုမတတ် ဖြစ်ခဲ့ရသည်ကို ရည်ညွှန်းလိုက်ခြင်း ဖြစ်၏။ သားက အလွန်အမှတ်သညာကောင်းသည်။

'ကိစ္စမရှိပါဘူးသားရယ် မေမေ သားနားမှာပဲနေမှာပါ'

'ရပါတယ်မေမေရဲ့ သားမရှုန်းပါဘူး'

သားက ပြတ်သားစွာပင်ပြောခဲ့၏။အရွယ်နှင့်မလိုက် စကားတတ်သောသားကြီးကို ကရုဏာဝေဖြာလှစွာ၊ မချည့်လှစွာဖြင့် ရင်ဝယ်ပွေ့ထားရာမှ ခုတင်ပေါ်သို့ ချပေးလိုက်ရ၏။ သားကြီးသည် သူ့စကားအတိုင်း အကြောဆေးသွင်းသည်ကို မျက်နှာတစ်ချက်မရှုံ့ဘဲ အလိုက်သင့်ခံခဲ့ရှာ၏။ ဆရာမကလေးတွေက ကလေးကို သနားမဆုံးကြ။သားကပင် မအေကို'မေမေ ဟိုဘက်လှည့်နေလေ'ဟု မောဓနသည့်ကြားမှ ပြောခဲ့သေး၏။

သားက ဤသို့ပြတ်သားသည်။

\+ \+ \+

သားကြီး အသက်သုံးနှစ်ခွဲတွင် မူကြို နေ့ကလေးထိန်းကျောင်း ပို့ရန် စီစဉ်ခဲ့၏။

'သားရေ မေမေကလေ အခန်းအပြင်က စောင့်နေမှာနော်၊ မငိုရဘူးနော်၊ စာတွေသင်မှ သားစာတတ်မှာသိလား၊ ဆရာမ ရေးခိုင်းတာရေးနော်၊ ကျွန်တော်က အေ၊ ဘီ၊ စီ၊ ဒီ တတ်ပြီးသားလို့လဲပြော၊ မကြောက်နဲ့နော်၊ အီးပါချင်ရင်လဲ ပြောရတယ်နော်၊ မရှက်ရဘူးသိလား'



သိလားပေါင်းများစွာ၊ နော် ပေါင်း များ စွာ ထပ် ကာ သားကိုနားသွင်းတော့ သားက ငြိမ်နားထောင်နေခဲ့၏။ မူကြို ပို့တော့ သူများကလေးတွေလို အော်ဟစ်မငို၊ တကျည်ကျည်မလုပ်။ သူ့အတွက်ပေးထားသည့် ခုံကလေးမှာ ငြိမ်ငြိမ်သက်သက်သွားထိုင်ပြီး ကျောင်းသင်ပုန်းကလေးကို ထုတ်နေရှာသည်။

ကလေး အတော်များများက အမေတကာ အော်ဟစ်ငိုယိုရှုန်းကန်ထွက်ပြေးကြသည်ကိုပင် သူက အိမ်ရောက်တော့'သိပ်ဆိုးတဲ့ကောင်လေးတွေနော်မေမေ၊သူတို့ စာတတ်မှာမဟုတ်ဘူး'ဟု လူကြီးကလေးလို မှတ်ချက်ချခဲ့သေး၏။ နှစ်ရက်သုံးရက်ခန့် လိုက်ပြီး လေးရက်မြောက်နေ့တွင် သားကြီးက ငြိမ်းသာကို ပြောသည်။

'မေမေ သားကို လိုက်မစောင့်နဲ့တော့၊ အိမ်ပြန်ပြီး ဝတ္ထုရေးနေပေါ့နော်၊ သားကိုလိုက်စောင့်လဲ မေမေ အထဲဝင်ရတာမှမဟုတ်တာ၊ သားက သူများကောင်လေးတွေလို မငိုပါဘူး၊ မေမေတွေ့သားပဲ'

သားကြီးက ပြတ်သားစွာပြောခဲ့သော်လည်း မပြတ်သားနိုင်သူက ငြိမ်းသာ။ သားကြီး မူကြိုတက်နေစဉ် တစ်နေ့လုံးရင်ထဲတွင်ဟာကာ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေခဲ့ရ၏။ ထို့ကြောင့် သား၏ကျောင်းသို့ သတိရတိုင်းသွားကာ ချောင်းချောင်းကြည့်ခဲ့ရ၏။ သားကတော့ မအေ့အဖြစ်ကို မသိရှာ။ သင်သမျှကဗျာကလေးတွေ လိုက်ရွတ်ကာ၊ စာတွေရေးကာ၊ အဖော်အပေါင်းတွေနှင့်ကစားကာ ပျော်ရွှင်နေသည်။ ငြိမ်းသာမှာ တစ်နေ့ခင်းလုံး ကလေး ဝေယျာဝစ္စကင်းလွတ်ကာ အားလပ်နေသော်လည်း စာကောင်းကောင်း မရေးနိုင်ခဲ့။

'သားကျောင်းသွားနေချိန်မျာ. သိပ်ပျင်းတာပဲ ကိုရယ်'ဟု မှုကြာမကြာ ခရီးထွက်ဘတ်သည့် ခင်ပွန်းသည်ကို ဖွင့်ဟခဲ့ဖူးသေးသည်။

\+ \+ \+

သားကြီးက မအေ့မျက်နှာကို မျက်လုံးဝိုင်းကြီးများနှင့် ကြည့်နေ၏။ သားငယ် ကိုလူလည်က အိပ်ခန်းထဲတွင် ငြိမ်ကုပ်နေ၏။

'နောက်ကို စီးဦးမလား၊ ပြောစမ်း'

'ဆိုက်ကားတွေ၊ ကားတွေတိုက်မိရင် ဘယ့်နှယ်လုပ်မလဲဟင်'

'လူကဖြင့် နားလန်ကစရှိသေးတာ၊ စက်ဘီးစီး မသင်ရဘူးလို့ ဘယ်နှစ်ခါပြောထားသလဲ'

'သေသေချာချာ နားလည်အောင် ပြောထားသားနဲ့ ငါ့စကား နားမထောင်ဘူးဟုတ်လား'

စိတ်တိုတိုဖြင့် အော်ငေါက်ကြိမ်းမောင်းရင်း တစ်ချက်ပြီးတစ်ချက် ရိုက်ပစ်လိုက်မိ၏။ သားကြီးသည် ငြိမ်းသာရှေ့တွင် လက်နှစ်ဘက်စုံပိုက်ရပ်ရင်း အံကိုတင်းတင်းကြိတ်ကာ ပေခံနေ၏။ သူ့မျက်လုံးရွဲကြီးများတွင် မျက်ရည်တွေရစ်ဝဲလို့။

ငြိမ်းသာလည်း ဒေါသကို တော်တော်နှင့်မထိန်းနိုင်ဘဲ မှတ်မလား၊ နောက် စီးဦးမလား၊ ခိုးလုပ်ဦးမလားနှင့် မေးရင်းရိုက်ရင်း–

သားကြီးသည် တုတ်ချက်ကျတိုင်း ကိုယ်ကလေး တွန့်တွန့်သွားရှာ၏။ ခြေသလုံးကလေးနှစ်ဘက်မှာ တုတ်ရာတွေ အတိုင်းသား။ သူ့အသားဖြူဖြူကလေးပေါ်တွင် အနီရဲရဲ အရွေးရာများ ထင်ကျန်ရစ်သည်ကို ဂရုပြုမိတော့ ငြိမ်းသာမှာ စိတ်မကောင်း။



'သားနောက်ကို မေမေ့စကား နားထောင်ပါမယ် မေမေ၊ သားကိုမရိုက်ပါနဲ့တော့၊ သားနာလှပါပြီ'ဟု သားကြီးကရှိုက်ငင်သံဖြင့်ပြောရှာတော့ ငြိမ်းသာစိတ်တွေ ပြိုကျသွားတော့၏။ ပြိုကျသွားသောစိတ်ကိုလည်း ငြိမ်းသာ လုံးဝမထိန်းနိုင်ပြန်။

'သားရယ်၊ သိပ်နာသွားသလား၊ မင်း တစ်ခုခုဖြစ်သွားမှာ မေမေ သိပ်စိုးရိမ်သွားလို့ပါသားရယ်၊ နောက်ကို မေမေ မလုပ်နဲ့ဆိုတာကို မလုပ်နဲ့နော်'

သားကြီးကို ရင်ခွင်တွင်းဆွဲသွင်းကာ မျက်ရည်ပေါက်ပေါက်စီးကျရင်း တတုတ်တုတ်ပြောမိပြန်သည်။

'မေမေ မငိုပါနဲ့'

မအေ့မျက်ရည်ကိုသုတ်ပေးရင်း သူကရှိုက်နေသည်။ ထိုစဉ်က သားကြီးအသက်ဆယ်နှစ်။

\+ \+ \+

'ဒီတစ်ခါတော့ သားအပြစ်ပဲမေမေ'

'အမယ် ဆိုပါဦး၊ ဘာဖြစ်လို့လဲ'

'ဒုတိယအစမ်းမှာ တတိယပဲရတယ် မေမေ'

'ဟင် သားကလဲ'

ညည်းလိုက်သော မအေ့မျက်နှာကို သူ ကွက်ကနဲကြည့်ကာ မျက်နှာကလေးငယ်သွား၏။

'အဲဒါနဲ့'

'ဟုတ်တယ်မေမေ၊ သားလေးမှတ်တည်းနဲ့ တတိယဖြစ်သွားတာ၊ ပထမက ကေသီခိုင်လေ'

'ဟင်း ရှက်စရာ ကောင်းလိုက်တာ၊ မိန်းကလေးတွေက ပိုတော်သွားပြီ'

သူ ပို၍ မျက်နှာကလေး ညှိုးသွားရှာ၏။

'စာမေးပွဲကြီးကျ သူတို့ထက်သာအောင် ကြိုးစားပါ့မယ် မေမေ၊ သူတို့ထက်မတော်ရင် သားကို စက်ဘီးဝယ်မပေးနဲ့'

'ဒါဖြင့် အခုကျတော့ကော၊ သားကိုပြောထားတာ မှတ်မိတယ် မဟုတ်လား၊ ဆုပေးဒဏ်ပေး စနစ်လေ'.

သူ မျက်နှာငယ်ကလေးဖြင့် ခေါင်းညိတ်ပြရှာ၏။

'ဒီတော့ မေမေ ဘာလုပ်ရမလဲ'

'သား ဒီလ ရုပ်ရှင်ဖိုး မယူဘူးမေမေ၊ သား ဒီလ ရုပ်ရှင် မကြည့်ဘူး၊ အဲဒီဒဏ် ပေးပေါ့ မေမေ'

ရုပ်ရှင် အလွန်ကြိုက်သူသားက သူ့အပြစ်ဒဏ်ကို သူ့ဘာသာသူ ချမှတ်ခဲ့၏။ သူ့စကားအတိုင်း လစဉ်ယူနေကျ ရုပ်ရှင်ဖိုး တစ်ဆယ်ကို သူမတောင်း၊ ရုပ်ရှင်လည်းမကြည့်။ သူ အမှတ်နည်းခဲ့သည့် ဘာသာရပ်ကို အားကြိုး မာန်တက် ကျက်ကာ စာမေးပွဲကြီးတွင် ကောင်မကလေးတွေထက် သာအောင် ကြိုးစားပြခဲ့၏။

ထိုစဉ်က သားကြီး ခုနစ်တန်း။

\+ \+ \+

သားကြီးသည် သူ့ပြိုင်ဘက်၏ အားနည်းချက်ကို ရှာဖွေနေဟန်ရှိ၏။ ပင်ပေါင်ဘောလုံးကလေးကို တိုထိစမ်းရိုက်ကြည့်ရင်း သူ့စိတ်ခေတ်ကို သူ အားပေးနေပုံလည်း ရသည်။ စပို့ရှပ် အပြာနုံ၊ ဘောင်းဘီတို နက်ပြာနှင့် ကြိုးစားပမ်းစား ကစားနေသော သူ့အသွင်သည် တကယ့်အားကစားသမားး လူကြီးကြီး တစ်ဦးသဖွယ်။

'မေမေ၊ သား ကစားကွက်တွေ ဘယ့်နှယ် နေလဲ'

အစမ်းပွဲရိုက်ကြည့်ပြီးတော့ မအေ့ဆီ ရောက်လာ၏။

'မင်း နည်းနည်း စိတ်လောလွန်းတယ်၊ စိတ်ငြိမ်ငြိမ်နဲ့ သတိထား ကစားရင် အခြေအနေကောင်းမှာပါ၊ မင်းဖေဖေ ဒီနေ့ ပြန်ရောက်ရင် ကောင်းမှာ'

'အို မေမေလဲ သိပါတယ်၊ သား ကြိုးစားကစားမယ်လေ'

သားက စိတ်တက်ကြွစွာ ပြောသည်။

ငြိမ်းသာသည် သား၏ ကစားကွက် များကို ကြည့်ရင်း အားရ ကျေနပ်နေမိ၏။

'မေမေ သား ဒုတိယဆုတော့ သေချာပြီနော်'

'ဒါပေါ့သားရယ်၊ အလေ့အကျင့်က စကားပြောပြီပေါ့'

ထိုနေ့က သားက သူရသော ဆုတံဆိပ်ကြီးကို ငြိမ်းသာ လည်ပင်းတွင် လာဆွဲပေးရင်း ပျော်တပြုံးပြုံး။

'သားဖေဖေပြန်လာရင်လဲ သားကိုဆုချီးမှာသေချာဘယ်'

'မေမေကလဲ ဆုချီးလေ'

'ဆုချမှာပေါ့ သားရယ်၊ ဘာလိုချင်လဲ ပြော'

'ဂျင်းဘောင်းဘီ'

သြော် လူပျိုပေါက်ကလေး ဖြစ်လာပြီကိုးလေ။

\+ \+ \+

သားကြီး တစ်ဆယ့်ခြောက်နှစ် ပြည့်သည့်နေ့ကို ငြိမ်းသာ ဘယ်တော့မှ မမေ့နိုင်တော့မည် မထင်။

ထိုနေ့က မနက်စောစော ငါးနာရီခွဲ အိပ်ရာမှထကာ ဘုရားပန်းလဲ၊ ရေချမ်းကပ်၍ ဈေးသို့ ပြေးခဲ့၏။ သားကြီး ကြိုက်တတ်သည့် အုန်းနို့ခေါက်ဆွဲ ချက်ကျွေးရန်။ သားကြီး ငယ်စဉ် လေးနှစ်သားခန့်အထိ တုန်းကတော့ အငယ်ကလည်း မရှိသေးသဖြင့် သားကြီး၏ မွေးနေ့ပွဲကို ခင်မင်ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်း မိသားစုများနှင့် ဆင်နွှဲခဲ့သည်။ ပျော်ရွှင်စွာ စုပေါင်းချက်ပြုတ် စားသောက်၍ မွေးနေ့မင်္ဂလာပွဲ ကျင်းပခဲ့၏။ နောက်တစ်ယောက်မှ နှစ်ယောက်ဖြစ်လာ၊ အခြား ထွေရာကိစ္စ၊ ဗာဟီရတွေများလာတော့ ကရိကထခံ၍ မွေးနေ့ပွဲ မလုပ်ဖြစ်တော့။

ဈေးမှ ပြန်ရောက်၍ ကြက်သား ခုတ်နေဆဲ သားကြီးက အနားသို့ ကပ်လာကာ တိုးတိုးခေါ်သည်။

'ဘာလဲသား ခဏနေ ကျက်တော့မယ်လေ'

'ခဏလေးပါ မေမေရဲ့'

ဘာမှန်းမသိဘဲ သူ့နောက် လိုက်သွားရ၏။ သူ့ အခန်းထဲ ရောက်တော့ ကုလားထိုင်ကို ထိုးပေးကာ–

'မေမေ ဒီမှာ ခဏထိုင်ပါဦး၊ သား ကန်တော့ချင်လို့ပါ'

'အောင်မယ်၊ ထူးထူးဆန်းဆန်းတော်'

ရင်ထဲတွင် ကြည်နူးလိုက်လှသော ခံစားမှုတို့ ဘောင်ဘင် ခတ်နေသည်။ သားကြီးကို တစိမ့်စိမ့် ကြည့်နေမိ၏။

'ဒီနေ့ သားကို မေမေ မွေးခဲ့တာ ဆယ့်ခြောက်နှစ်ရှိခဲ့ပြီလေ မေမေရဲ့၊ ဒါကြောင့် မေမေ့ကို ကန်တော့မလို့ပါ'

'ဒါဆိုလဲ သားဖေဖေ လမ်းလျှောက်က ပြန်လာမှ တူတူ ကန်တော့ရောပေါ့ သားရယ်'



'ဟင့်အင်း သားက မေမေ့တစ်ယောက်တည်းကို ကန်တော့ ချင်တာ'

'ဟဲ့ ဘယ်လို ပြောလိုက်တာလဲ သား၊ မင်းဖေဖေကလဲ ကျေးဇူးရှင်ပဲဟာ'

ခပ်ဆတ်ဆတ် ပြောလိုက်မိသည့် ငြိမ်းသာကို သားကြီးက မော့ကြည့်ကာ တောင်းပန်သံဖြင့် သူ့ဆုံးဖြတ်ချက်ကို ရှင်းပြ၏။

'ဖေဖေ့ကျေးဇူးကို သား နားလည်ပါတယ်မေမေ၊ ဖေဖေ့ ကို သား ချစ်လဲချစ်ပါတယ်၊ ဒါပေမယ့် မေမေ့ကို ကွက်ပြီး ကန်တော့တာ ဖေဖေ မသိပါစေနဲ့နော်၊ သားက မေမေ့ကိုပဲ သိပ်ကန်တော့ချင်လို့ပါ'

ပြောပြောဆိုဆို ရှတ်ကနဲ ဦးသုံးကြိမ်ချခဲ့သည့် သားကြီးကို တွေတွေကြီး စိုက်ကြည့်နေမိ၏။ ဆုပေးရန်ကိုပင် ရုတ်တရက် သတိမရ။ စိတ်တွေ လှုပ်ရှားကာ ငြိမ်နေမိ၏။ သားကြီး ထိုင်ရာက ပြန်ထမှ ကတုန်ကယင်ဖြင့်–

'အေး၊ အေး၊ ကျန်းမာပါစေ၊ ပညာတွေ အများကြီး တတ်ပါစေ၊ လိုအင်ဆန္ဒ ပြည့်ဝပါစေကွယ်'

သည်လို ဆုပေးလိုက်တော့ သားကြီးမျက်နှာ ရွှန်းရွှန်းပပ ဖြစ်သွားလိုက်သည်မှာ ဝင်းလို့၊ လင်းလို့။ သူ အလွန်ကျေနပ် သွားကာ ပြုံးပြုံးကြီး ဖြစ်နေသည်။

သူ့မွေးနေ့မှာ မအေတစ်ယောက်တည်း ကိုသာ ကွက်၍ ကန်တော့ခဲ့သည့် သားကြီးလုပ်ရပ်ကိုတော့ ဖအေကြီးက မသိ ရှာ။ ငြိမ်းသာကတော့ ဖအေထက် မအေ့ကို သားကြီးက

အချစ်ပိုသည်။ အကြည်ညိုပိုသည်။ လေးစားမှုပိုသည်ဟု ယူဆကာ အတ္တစွဲဖြင့် အလွန်ကျေနပ်ခဲ့သည်သာတည်း။

\+ \+ \+

တစ်ဆယ့်ခုနစ်နှစ်မြောက်

တစ်ဆယ့်ရှစ်နှစ်မြောက်

တစ်ဆယ့်ကိုးနှစ်မြောက်

ထိုမွေးနေ့များတွင်လည်း သားကြီးသည် သူ့ ဖခင်မသိအောင် ငြိမ်းသာကို တိတ်တိတ်ကလေးကန်တော့ခဲ့၏။ ငြိမ်းသာကလည်း ပေးမြဲဆုကိုပေးခဲ့၏။ ကြည်နူးပီတိစိတ်တွေ ဖြာဝေနေခဲ့၏။ မိခင်ကိုဦးစားပေး၍ အလေးအမြတ်ထားသော သားကြီးကိုလည်း တွယ်တာမဆုံး။

သားကြီးကဲ့သို့သော သား၏မိခင်ဖြစ်ရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်မဆုံး။

သည်လိုနှင့်ပင်။

\+ \+ \+

သည်လိုနှင့်ပင်–

နောက်တစ်နှစ်သို့ ရောက်ခဲ့ပြန်ပါသည်။

ငြိမ်းသာမှာ မျှော်လင့်ချက်တွေနှင့် သားကြီး၏မွေးနေ့ကို ကြိုဆိုနေမိ၏။



သည်နှစ် အသက်နှစ်ဆယ်ပြည့်မွေးနေ့တွင် မအေကို ထန်တော့ပါက ပြောစရာရှိသည်ကို ဖွင့်ပြောတော့မည်ဟု ငြိမ်းသာဆုံးဖြတ်ထားခဲ့၏။ အထူးအထွေပြောစရာစကားကတော့ သား၏အိမ်ထောင်ရေးနှင့်ပတ်သက်၍ ဖြစ်ပါသည်။ လူပျိုကြီးဖားဖားဖြစ်နေပြီဖြစ်သည့် သားကြီးကို အိမ်ထောင်ဘက်ရွေးချယ်ရာတွင် ဆောင်ရန်၊ ရှောင်ရန်ကလေးများကို သိထားစေချင်လှသည်။ သားကြီးတို့မြတ်နိုးသူကို ရွေးချယ်ခွင့်ရှိကြောင်းကိုလည်း ပွင့်လင်းစွာ အသိပေးထားချင်သည်။ အဘယ်သို့သော မိန်းကလေးကို မြတ်နိုးသင့်ကြောင်းကိုမူ မအေဖြစ်သူက လမ်းကြောင်းပေးရမည့် တာဝန်ရှိသည်မဟုတ်ပါလား။

သို့နှင့် သားကြီး၏မွေးနေ့သို့ ရောက်လာခဲ့ပါလေပြီ။

ထုံးစံအတိုင်း မနက်ငါးနာရီခန့်ထ၍ ဘုရားရှိခိုးတော့ သားကြီးက သူ့အခန်းထဲမှာမရှိတော့ပြီ။ တူမလေးက သတင်းပေးသည်။

'ကိုကိုက ဘုရားသွားမယ်လို့ ပြောသွားတယ်အန်တီ'

'အံမယ်၊ ကျားသားမိုးကြိုး၊ အတော်ရင့်ကျက်လာပြီပဲ၊ ဘုရားတွေ ဘာတွေ သွားရကောင်းမှန်းတောင် သိလာပါပေါ့လား'

ဈေးကပြန်ရောက်၍ အုန်းနို့ညစ်နေဆဲမှာ သားကြီး ပြန်ရောက်လာ၏။ မအေ့ဆီရောက်မလာ။ သူ့အခန်းထဲ တန်းဝင်သွား၏။ တော်တော်နှင့် မအေ့အနား ရောက်မလာတော့ မအေဖြစ်သူမှာ အုန်းနို့ခေါက်ဆွဲထဲ အာရုံမရှိချင်တော့။ သားဇော ကပ်ကာ စိတ်ကမဖြောင့်တော့။

သူ့အဖေရှိနေသည်ထင်၍ အလစ်ကို ချောင်းနေသလားဟု

တေးမိသဖြင့် ဖအေကြီးအပြင်ထွက်သွားကြောင်း သူသိအောင် နှစ်ကြိမ်သုံးကြိမ် စောင်းပြောပြီးပြီ။ သို့တိုင် သားကြီးက သူ့အခန်းထဲမှထွက်မလာ။

ဘယ်လိုကြောင့်ပါလိမ့်။

ဘာဖြစ်လို့ပါလိမ့်။

စိတ်တထင့်ထင့်နှင့်ပင် သားကြီး၏ လှုပ်ရှားမှုကို နားစွင့်နေမိ၏။

သားကြီးကမူ ဖအေကြီး အပြင်မှ ပြန်ရောက်လာသည့်တိုင်အောင် မအေ့ဆီ ရောက်မလာခဲ့။

အုန်းနို့ခေါက်ဆွဲကျက်၍ မိသားစုလက်ဆုံစားဖို့ကိုပင် သားငယ်ကသွားခေါ်မှ သူ့အခန်းထဲကထွက်လာသည်။

သားကြီးမျက်နှာကို အကဲခတ်လိုက်တော့လည်း ရွှင်ရွှင်ပျပျ လန်းလန်းဆန်းဆန်းပင်။ စားပွဲမှာ စကားတွေဖောင်နေအောင် ပြောကာ တုံးစံအတိုင်း သုံးပန်းကန်အမောက်ကြီး စားသွား၏။ ပြီးတော့ သူ့ညီခေါင်းကိုပုတ်ကာ–

'ဟေ့ကောင်၊ ကက်ဆက်အကျယ်ကြီး မဖွင့်နဲ့နော်၊ ငါ အိပ်မလို့'

သည်လိုပြောသွားခဲ့တော့ နားမလည်နိုင်အောင် ဖြစ်ကျန်ရစ်ရ၏။

ခဏနေ၍သွားချောင်းတော့ သားကြီး တရှူးရှူး အိပ်မောကျနေလေပြီ။

မသိစိတ်ကနှိုးဆော်၍ မပြုစဖူးသောအလုပ်ကို လုပ်လိုက်မိ၏။

သားကြီးအံဆွဲကို အသာဖွင့်ကြည့်လိုက်သည်။

ဖောင်တိန် အနီရဲရဲကလေး။



နောက်

စာရွက်ပြာကလေး

အဲဒီအပေါ်မှာ စာကြောင်းကလေးတစ်ကြောင်း။

'ကိုကို့မွေးနေ့အတွက် နီ့ရဲ့လက်ဆောင်'တဲ့။

\+ \+ \+

ထိုနေ့က ညအိပ်ရာဝင်ချိန် ရောက်သည်အထိ သားက မြိမ်းသာကို အကန်တော့ခံရန် လာမခေါ်။

မြိမ်းသာသည်

လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဒပ်ဖရင်ဆေးရုံ၏ သားဖွားခန်းထဲဝယ် သားကြီးကိုမွေးနိုင်ရန် တစ်ညလုံး အိပ်ရေးပျက်ခဲ့ရသလို ယခုလည်း တစ်ညလုံးလုံး ဘယ်လူးညာလှိမ့် တသိမ့်သိမ့်ဖြင့်။

[ချယ်ရီမဂ္ဂဇင်း။ ။၁၉၇၅ ခု၊ ဇန်နဝါရီ]

## တိတ်တနိုးရှက်

ကိုကိုတယ်လီဖုန်းလှမ်းဆက်တော့ မနက်ဆယ်နာရီကျော်ကျော်၊ ခင်ဝေလွင် ထမင်းစားပြီးစအချိန်။

'လွင်ရေ၊ ပင်ကီ ဗမာပြည်ကို အလည်ရောက်နေတယ်တဲ့'

ခင်ဝေလွင် အတော်စိတ်လှုပ်ရှားသွားသည်။ ကိုကို့အသံတွေ မှုမှန်ရဲ့လားဟု ဖျတ်ကနဲ ဆန်းစစ်ကြည့်လိုက်မိပြီးသား ဖြစ်သွား၏။ သူတို့တွေ့ပြီးကြပြီ ထင်ပါရဲ့၊ အို အလည်ရောက်နေတယ်တဲ့လို့ ပြောတာပဲ။ တစ်ဆင့်စကားကြားလို့ ကိုကို ပြောတာနေမှာပါ။သက်ပြင်းချလိုက်မိ၏။ တစ်ချိန်တည်းမှာပင် မနှစ်က ကိုကိုနိုင်ငံခြားတွင် ရိုက်ခဲ့သည့်ဓာတ်ပုံတွေထဲမှ ထူးထူးခြားခြား တစ်ပုံတည်းသာပါသော နှစ်ယောက်တွဲပုံကို ပြန်မြင်လာမိ၏။

ကိုကိုက အမျိုးသမီး၏ပခုံးကို ဖက်လို့၊ တကယ့်ကို ရင်းရင်းနှီးနှီးပုံစံ။ ကိုကို့ပခုံးစွန်းကို မှီထားသည့် အမျိုးသမီးကလည်း

ပန်းနုရောင်အသားနှင့် ရွှေရောင်ဆံပင်နှင့် အရုပ်ကလေးလို လှပသည်။ ပြီး သူ့မျက်နှာ ဖူးဖူးကလေးက ရှင်လို့ ချိုလို့။ ကိုကို့မျက်နှာကြီးကလည်း ကြည်လို့၊ ပြုံးလို့။ ပြုံးပေမပေါ့လေ၊ ကိုကို့ရင်ခွင်စွန်းမှ အမျိုးသမီးက အတော်ကလေးကို ဖွံ့ဖြိုး ပေတာကိုး။ စပို့ရှပ်အင်္ကျီအနီရဲရဲနှင့် ဘောင်းဘီရှည် နက်ပြာကို ဝတ်ဆင်ထားသည့် အမျိုးသမီး၏ ကိုယ်လုံးကိုယ်ပေါက်ကို ကလေးနှစ်ယောက်အမေဖြစ်သူ ခင်ဝေလှိုင် အတော်မနာလို ဖြစ်ခဲ့မိသည်။ ကျောက်ဆစ်ရုပ်လို အချိုးအစားကျလှသည့် အမျိုးသမီးကို ရင်ခွင်ထဲထည့်ထားရမှတော့ ကိုကိုလည်း ကြည်နူးပေမည်ပေါ့။ 'အားပါးပါး၊ ငါ့တူမကြီး လှမှလှ'ဟု ကိုကို မကြာမကြာ သုံးတတ်သည့်စကားထက်ပင် သာချင်သေးသည့် အလှပိုင်ရှင်ကိုကြည့်ပြီး ထိုစကားကို ကိုကိုစိတ်ထဲမှ ဘယ်နှစ်ခါ ပြောခဲ့လေသလဲမသိ။

စိတ်ကို ချုပ်ထိန်းထားပါလျက်နှင့် 'ဘယ်လိုလဲ'ဟု သံသယသံဖြင့် မေးခဲ့မိသေးသည်။ 'ကွာ၊ လှိုင်ကလဲ ကိုကိုတို့ သွားလေ့လာတဲ့ခြံက လယ်သမားကြီးရဲ့ သမီးကလေးပါ၊ ဆယ့်ခုနစ်နှစ်တောင် မပြည့်တတ်သေးဘူး၊ ကလေးလေးပါ'ဟု ခပ်ညည်းညည်းဖြေတော့ 'ဟင်း၊ ဒါလားကလေး၊ သုံးဆယ့်ခြောက်၊ နှစ်ဆယ့်နှစ်၊ သုံးဆယ့်လေးတော့ အသာကလေး'ဟု နှဲ့တဲ့တဲ့ ပြောခဲ့မိသေး၏။ ကိုကိုက 'တကယ်ပြောတာပါ လှိုင်ရဲ့'ဟု ပြုံးစပ်စပ်ဆိုတော့ သူ့ဗိုက်ကို အသာလိမ်လိုက်မိသေး၏။ 'လှိုင်နဲ့ဝေးရာမှာ ကိုကို့ကို အားလုံး ခွင့်လွှတ်တယ်နော်'ဟု ဆိုလိုက်မိသည့် ကိုယ့်စကားကိုပင် ခင်ဝေလှိုင် မေ့သွားခဲ့၏။ ဩော် ပင်ကီ။



'လှိုင် ကြားလား ကိုကိုပြောတာ၊ ညနေငါးနာရီခွဲ အိမ်က ထွက်မယ်နော်၊ ဖိတ်ထားတာက ခြောက်နာရီခွဲ၊ လှိုင့် သူငယ်ချင်း နှစ်ယောက် သုံးယောက်ကိုပါ ခေါ်ခဲ့ပါ၊ ပင်ကီက ဗမာအမျိုးသမီးတွေနဲ့ မိတ်ဆွေဖြစ်ချင်လို့တဲ့'

ကိုကို အင်မတန်ကို တက်ကြွနေပါလားဟု မကျေနပ်ချင်သော်လည်း ကိုကိုဖုန်းချသွားသည်နှင့် ခင်ဝေလှိုင်မှာ ဆက်တိုက်အလုပ်များ ရတော့၏။ နိုင်ငံခြားသူနှင့် တွေ့ဆုံ မိတ်ဖွဲ့ရမည်ဖြစ်သောကြောင့် အင်္ဂလိပ်စကား ရေရေလည်လည် ပြောတတ်သည့် သူငယ်ချင်းများကို စဉ်းစားကြည့်လိုက်တော့ မြတ်မြတ်ထွေးနှင့် သန်းသန်းကြွယ်ကို သွားမြင်လိုက်မိ၏။ ပြီးတော့ သူတို့နှစ်ယောက်စလုံးက တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေကြသူများမို့ တစ်ကြိမ်တည်း ဆက်သွယ်ရုံနှင့် အဆင်ပြေမည်။ သို့သော် မြတ်မြတ်ထွေးတို့ အတန်းဝင်နေကြသဖြင့် နာရီဝက်ခန့် စောင့်နေရပြီးမှ အဆက်အသွယ်ရသည်။

'ဒါဆို ဗိုလ်ချုပ်ဈေးကို ခဏတော့ ပြေးဦးမှထင်တယ်လှိုင်၊ တို့ ဟင်းဘက်တစ်လုံးလောက် ဝယ်ဦးမှ၊ ရှိတဲ့အရောင်တွေ မကြိုက်လို့၊ ကြွယ်ကလဲ ဒိုင်အောရေမွှေး လိုချင်လို့တဲ့'

'ကောင်းတယ်မြတ်၊ လှိုင်လဲ လဆန်းစက သွားကြည့်ထားတဲ့ ဟိုင်းဟီးလ်အဖြူကလေး ဝယ်မလားလို့၊ အင်းလေ မြတ်တောင် ကြိုက်တယ်လို့ ပြောပါသေးတော၊ ကြိုးသိုင်းကလေးဟာလေ ဖော်ရိုန်းမိတ်တော့ ဟုတ်ပါတယ် နော်၊ နှစ်ရာ့အစိတ်က တစ်ပြားမှ မလျှော့တဲ့ဟာပေါ့၊ မြင့်တော့နည်းနည်း မြင့်တယ်၊ သုံးလက်မထင်တယ်'

'အေးလေ တို့လာခဲ့မယ်၊ နောက်အတန်းတစ်ခုဝင်ပြီးရင် ပြီးပြီ၊ စောင့်'

အချိန်းအချက်တွေပြီးတော့ ဝတ်ရမည့်အဝတ်အစားများကို အချိန်ယူ၍ ရွေးရသည်။ သည်ပွဲက သာမန်ပွဲမဟုတ်။

ဇာပွင့်ပန်းနုအထက်အောက်ဆင်တူကိုပထမဆုံးရွေးမိသည်။ သည်ဇာစကို ကိုကိုနိုင်ငံခြားသွားစဉ်က ဝယ်ခဲ့ခြင်းဖြစ်သည်။ ယခုလာလည်သည့် ပန်းရောင်မလေး ပင်ကီကိုယ်တိုင် လိုက်ဝယ်ပေးထားသည့် အစဖြစ်ချင် ဖြစ်နေမည်။ ထိုအတွေးကြောင့် ချက်ချင်းပယ်လိုက်၏။

ဒုတိယ ဆွဲထုတ်လိုက်မိသည်က ဂျပန်ကီမိုနို လုံချည်စိမ်းပြာ၊ အနီရဲနှင့် လိမ္မော်ရောင်သုံးထည်။ သည်လုံချည်တွေနှင့် လိုက်ဖက်သည့် အင်္ကျီများကိုတော့ အထူးရှာနေစရာမလို။ လုံချည်ချုပ်လျှင် အရောင်အသွေးလိုက်ဖက်သည့် အင်္ကျီကိုပါ တစ်ခါတည်း ချုပ်ထားလေ့ရှိသဖြင့် အင်္ကျီအတွက် စိတ်ရှုပ်စရာမလို။ စိမ်းပြာ၊ ယခင်တစ်ပတ်ကပင် အလှူတစ်ခုသို့ ဝတ်သွားပြီးဖြစ်သည်။ ဘေးဖယ်လိုက်၏။ အနီရဲ၊ မဆိုးလှ။ ညနေခင်းပွဲမို့ လိုက်ဖက်သည်။ သို့သော် အင်္ကျီနှင့်ကပ်၍ မှန်ရှေ့တွင် ရပ်ကြည့်လိုက်တော့ ပင်ကိုက ညိုသောအသားမှာ ပိုမှောင်သွားသလိုလို။ ဒါနဲ့များ အသားမည်း အရဲဆင်တဲ့လေ ပြောခဲ့ကြသေးတာ။ အနီဝတ်စုံကလေး ကြမ်းပေါ်ပုံကျသွား၏။ နောက် လိမ္မော်ရောင်။ အင်း လိမ္မော်ရောင်၊ ညဘက်လည်းလှ၊ အသားလည်း ဆောင်သည့် အရောင်ပါပဲ။ လိမ္မော်ရောင် ကီမိုနိုကို အတည်ပြုတော့မည် ဖြစ်ပြီးမှ အင်္ကျီကို စိတ်တိုင်းမကျ ဖြစ်သွားသည်။ အင်္ကျီက လည်ဟိုက်မဟုတ်၊ ရင်စေ့ရိုးရိုးကြီး။ မေ့နေလိုက်တာ



အင်္ကျီအသစ်ချုပ်မလို့ ဟာ။ စိတ်ရှုပ်ရှုပ်နှင့် အားလုံးဖယ်ချထားခဲ့ပြီး ဗီရိုကြီးများဆီ ပြန်ရောက်သွား၏။

တလောကမှ ခေတ်စားလာခဲ့သော ဒေဝီပါတိတ်ဝတ်စုံတို့ ထိုင်းစစ်ခ်တို့ ဂျပန်စစ်ခ်တို့ အထက်အောက်ဆင်တူ ဝတ်စုံကလေးက ခင်ဝေလွင်ကို လက်ယပ်ခေါ်လိုက်၏။ ကောင်းတယ်၊ ဒီထဲက အင်္ကျီကလေးတွေကမှ နောက်ဆုံးပေါ်။ ကော်လံထောင်၊ လည်ဟိုက်၊ လက်ဖောင်း၊ အားလုံး ပုံစံကောင်းတွေချည်း။ အဝတ်ပုံတွေကို မျက်လုံးကစားကြည့်လိုက်၏။ စို၍လွင်သော၊ ပြောင်၍ လက်သော၊ အိ၍ ချောသော ဝတ်စုံကလေးတွေက သူ့ကို မျက်စပစ်နေကြ၏။ အချိန်အတော်ယူ၍ ရွေးသော်လည်း စိတ်တိုင်းကျကို ရှာမရ။

ရှိတာတွေက အားလုံး အရောင်ရင့်တွေချည်း။ အပွင့်ကြီးတွေချည်း။ ခင်ဝေလွင် ဖြစ်စေချင်သည်က နုလည်း နုမည်၊ လွင်လည်းလွင်ရမည်။ အရေးကြီးဆုံးမှာ လှရမည်။ ဟုတ်သည်။ သည်ပွဲမှာ ခါတိုင်းပွဲတွေထက် အများကြီး ပိုလှနေရမည်။ သို့မဟုတ်လျှင် ကိုကိုက သူ့ကို ပင်ကီနှင့် ယှဉ်၍ ကြည့်သည့်အခါ အလှမျက်နှာငယ်မလေး ဖြစ်နေမည်။ သည်လိုတော့ လုံးဝ အဖြစ်မခံနိုင်။ ခဏတွေ၍ စဉ်းစားသည်။ ယခင်တစ်ပတ်စနေက ဗိုလ်ချုပ်ဈေးတွင် သူကြည့်ခဲ့သည့် အဖြူခံပေါ်တွင် ချယ်ရီပွင့်ကလေးတွေ ကြဲပက်ထားသည့် ဂျပန်စစ်ခ်အစကိုသွားမြင်သည်။ ဟုတ်ပြီ။ ထိုအစကိုဝယ်၍ အမြန်ချုပ်ခိုင်းမည်။ အင်္ကျီ အမြန်ချုပ်ခက အစိတ်တည်းပါ။ တစ်နာရီအတွင်း ရတာပဲ၊ မီပါတယ်။ အင်း အစက တစ်ကိုက်ကို တစ်ရာ့နှစ်ဆယ်၊ သုံးကိုက်တော့ဝယ်မှ၊ ဒါမှ လုံချည်ပါ ရမည်။

စိတ်ပိုင်းဖြတ်လိုက်မိချိန်ဝယ် ခင်ဝေလှင့်ဘေးတွင် အင်္ကျီတွေ၊ လုံချည်တွေ ပွရှုပ်နေလေပြီ။

'ဟဲ့ မိတူး ဘာလုပ်နေလဲ၊ လာစမ်း၊ ဒါတွေ သေသေချာချာ ပြန်ခေါက်ထည့်ထားစမ်း၊ ပြီးတော့ ကလေးတွေဖို့ ပေါင်မုန့်ကြော်ထား၊ မမ ဈေးခဏသွားမလို့'

မြတ်မြတ်ထွေးတို့ ရောက်လာတော့ တစ်နာရီ။ ဈေးသို့ သုံးယောက်သား ပြေးကြရ၏၊ လိုချင်သည့် ပစ္စည်းများကို ရှာရဖွေရ၏။ အပျိုကြီးနှစ်ယောက်က အလွန်ဈေးများသဖြင့် ကြာသင့်သည်ထက် ပိုကြာသွား၏။ ဝယ်ပြီး ချုပ်ပြီး အိမ်ပြန်ခဲ့တော့ ညနေသုံးနာရီကျော်။ သားတို့ သမီးတို့ ကျောင်းကြိုရန်အတွက် ကိုကို ပြန်လွှတ်လိုက်သောကားပင် ရောက်နေပြီ။ သို့သော် ခင်ဝေလှင် လိုက်မသွားနိုင်တော့။ ဈေးဝင်ဝယ်ရန် အိမ်ဖော် မိတူးကိုသာ ထည့်လွှတ်လိုက်ရ၏။ သူ့မှာ လုပ်စရာလေးတွေ ရှိသေးသည်လေ။

ပထမဦးဆုံး အင်္ကျီသစ်ကို ဆပ်ပြာရည်နှင့် စိမ်ထားလိုက်သည်။ နောက် လုံချည်ကို မီးပူတိုက်ရသည်။ ဝယ်လာသည့် ဒေါက်ဖိနပ်နှင့် အရောင်တူ လက်ကိုင်အိတ်ကို ရွေးရသည်။ နောက်ဆုံး ကိုကို နိုင်ငံခြားမှဝယ်လာသည့် ပုတီးစေ့အဖြူရောင်ကလေးတွေ ထိုးထားသည့် အိတ်ကို ရွေးဖြစ်သည်။ လက်ဝတ်လက်စားကိုတော့ နည်းနည်းနှင့် အဖိုးတန်တာကိုပဲဝတ်မည်ဟု ဆုံးဖြတ်ကာ စိန်တစ်လုံးနားကပ်၊ စိန်ဆွဲသီးနှင့် စိန်တစ်လုံးလက်စွပ်ကို ထုတ်လိုက်၏။ လက်ကောက်တွေ ဘာတွေဝတ်လျှင် သိပ်ရိုင်းသွားမည်။ လက်ပတ်နာရီကလေးကိုပဲ ပတ်တော့မည်။ ထိုစိတ်ကူးဖြင့် ပွဲများတွင် ပတ်နေကျ ရိုးလက်စ် ရွှေရောင်



နာရီကလေးကို ထုတ်ထားလိုက်သည်။ အားလုံးမှန်တင်ခုံပေါ်တွင် အဆင်သင့် တင်ထားခဲ့ပြီး ရေမိုးချိုး၊ အင်္ကျီကလေးရေစစ်။ အလှပြင်ဆင် ပြီးစီးလုချိန်ဝယ် ကလေးနှစ်ယောက်ကျောင်းက ပြန်ရောက်လာ၏။

'မေမေက သိပ်လှတာပဲ၊ မင်္ဂလာဆောင် သွားမလို့လားဟင်'

'မဟုတ်ဘူး သမီးလေးရဲ့၊ ဘူဖေးဒင်နာသွားမလို့'

'ဘာလဲဟင်၊ ဘူဖေးဒင်နာဆိုတာ'

'ဩော် ညီမလေးကလဲ၊ ဘူဖေးဒင်နာဆိုတာ လူတွေစုပြီး အရက်တွေသောက်ကြ ကကြနဲ့ လုပ်တဲ့ဟာပေါ့၊ တစ်နေ့က တောင် တီဗွီထဲက ရုပ်ရှင်မှာ ပါသေးတာကော'

ငါးတန်းကျောင်းသားကြီးက လူတတ်ကြီးလုပ်ကာ ရှင်းပြနေ၏။ သားနှင့်သမီးတို့ ပြောပုံကြောင့် ခင်ဝေလှင် ပြုံးမိသေး၏။ တစ်ချိန်တည်းမှာပင် တစ်စုံတစ်ခုကို ဖျတ်ကနဲ အတွေးရောက်သွား၏။ ကိုကိုနှင့် ပင်ကီတို့ ခုတ်ပုံတဲ့ရိုက်ခဲ့တာ ညစာခံပွဲမှာလို့ ပြောတယ်။ ဒါဆို ယမကာလည်း တွေ့ကြမှာပဲ။ နှစ်ယောက်တွဲကတာတွေ ဘာတွေလည်း ရှိကြမှာပဲ။ အင်း။

'မေမေ၊ မေမေက ကတတ်လို့လားဟင်'

'မဟုတ်ပါဘူး သမီးရယ်၊ အခု ညစာခံပွဲက နိုင်ငံခြားက ဖေဖေ့အသိတစ်ယောက်လာလို့ လုပ်တဲ့ ထမင်းစားပွဲပါ'

'ဟာ ဒါဆို သားတို့လဲ လိုက်မယ်'

'ကလေးမလိုက်ရဘူး သားရဲ့၊ သူတို့ နာမည်တပ်ဖိတ်တဲ့လူပဲ သွားရတာ၊ မိတူးရေ ကလေးတွေကို ပေါင်မုန့်ကြော် ကျွေးလိုက်ပါဟေ့၊ ပြီးရင်လဲ ဒီကိုခဏလာဦး'

ကလေးတွေကို မှန့်ဖြင့် ရှင်းထုတ်လိုက်ရ၏။

ကိုယ်တိုင်ကမူ မှန်ရှေ့မှမခွာနိုင်။ တစ်ခေါင်းလုံး လှိုင်းလိပ်ကြီးများ ကောက်ထားသည့် ဆံပင်ကို သေသေသပ်သပ်ဖြစ်အောင် ပုံသွင်းနေရသောကြောင့်ဖြစ်သည်။

'ကျေးခဲ့ပြီလား မိတူး၊ အေး ဝရန်တာမှာ မမအင်္ကျီလှန်းထားတာရှိတယ်၊ သွေ့ရောပေါ့၊ ယူခဲ့၊ မီးအေးအေးလေးနဲ့တိုက်စမ်း'

ကိုယ်တိုင်ထလုပ်နေလျှင် ချွေးပြန်လာမှာ စိုးသောကြောင့်သာ ခိုင်းလိုက်ရသည်။ တလွဲတချော်ဖြစ်နေမှာစိုး၍ သေးကရပ်ပြောနေရသေး၏။ မလေးရှားပုံ ခါးရှည်၊ လက်စက၊ လည်ဟိုက်အင်္ကျီကလေးသည် မီးပူတိုက်လိုက်မှ ပို၍အချိုးကျနေသည်။

အားလုံး ဆင်ပြင်ဝတ်စားပြီးတော့ မှန်ကြီးထဲတွင် ပန်းနုသွေးကြွနေသော မိန်းမလှလေးတစ်ယောက် အရိပ်ထင်လာ၏။ ခင်ဝေလွင် အလွန် ကျေနပ်သွားသည်။ ကျေနပ်လွန်းသဖြင့် ပိုက်ဆံအိတ်ထဲမှ ခုန်ပျံထွက်သွားသည့် 'လောကနတ်' ရှစ်ရွက်ကိုပင် မနှမြောမိတော့။

ကိုကိုက မျှော်လင့်ထားသည့် အချိန်ထက် များစွာ ပို၍စောရောက်လာသည်။ ခင်ဝေလွင်ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ 'အားပါးပါး၊ ငါ့တူမကြီး လှမှလှ'ဟု ခပ်ရှင်ရှင်ဆိုတော့ ပို၍ကျေနပ်သွားသည်။

မြတ်မြတ်ထွေးတို့ကလည်း အစွမ်းကုန် ခြယ်သထားကြသည်။ မြတ်မြတ်ထွေးက ကိမိုနိုပန်းရောင်ဝတ်စုံနှင့် လှနေသလို သန်းသန်းကြွယ်ကလည်း ထိုင်းဆစ်ခ် အထက်အောက်



ဆင်တူနှင့် ဝင်းလက်နေသည်။ သူတို့ အင်္ကျီပုံစံကလေးတွေကလည်း ဆန်းသည်။ အားလုံးလှနေသည်ဟုတွေးကာ ကျေနပ်မဆုံး။

\+ \+ \+

ဆင်ဝင်ဝတွင် ပင်ကီက ထွက်ကြိုနေသည်။ သေသေချာချာ အနီးကပ်ကြည့်တော့ နှာခေါင်းချွန်လွန်းသည်ဟု ခင်ဝေလွင် မှတ်ချက်ချနေမိ၏။ အရပ်ကလည်း အတော်မြင့်သည်။ ကိုကိုနှင့် သိပ်မကွာလှ။

'မင်ဂလာ-ဘာ'

ပင်ကီက ကိုကို့ကို လက်ဆွဲနှုတ်ဆက်ရာကပြောလိုက်သည်။ ကိုကို ကျေနပ်နှစ်ခြိုက်စွာရယ်မောရင်း ပြင်သစ်ဘာသာစကားဖြင့် တစ်စုံတစ်ခုကို တုံ့ပြန်ပြောဆိုလိုက်၏။ ပင်ကီက 'ဝီး၊ ဝီး၊ ကိုကို'ဟုဆိုကာ ကိုကိုနှင့် ပါးချင်းကပ်၏။ မြတ်မြတ်ထွေးတို့နှစ်ယောက်က ခင်ဝေလွင်ကိုငဲ့ကြည့်ကာ မျက်စပစ်ကြ၏။

'ဒါ ကျွန်တော့်ဇနီးပါ၊ ခင်ဝေလွင်'

'ခင် ဝီလဝီ'

'နိုး၊ နိုး၊ ခင်ဝေလွင်'

အားလုံးရယ်မိကြသည်။ ပင်ကီက ခင်ဝေလွင်နာမည်ကို ပီပီသသမခေါ်နိုင်။ ရယ်ရင်း ပင်ကီက 'ကျွန်မနာမည်က အီဗွန်းပါ'ဟူသော တုံ့ပြန်စကား အင်္ဂလိပ်လိုပြောသည်။ 'အို ကိုကို

ကပြောတော့ ပင်ကီဆို'ဟု ခင်ဝေလွင်မေးမိရာ ကိုကိုက မြန်မာလိုကြားဝင်ရှင်း၏။

'သူ့ အသားကလေးကဖြူပြီး ပန်းနုရောင်သမ်းနေလို့ ကိုကိုက ပင်ကီလို့ခေါ်တာပါ'တဲ့လေ။ မှန်းစရာကောင်းလိုက်တာ၊ သိပ်သည်းတာပဲ။

'သူက မြတ်မြတ်ထွေးပါ'

'မယတ်မယတ်ထဝီး'

'ဟယ် သွားပါပြီ'

မြတ်မြတ်ထွေး အတော်မျက်နှာရှုံ့သွား၏။ ပင်ကီက ပါးနပ်သည်။'ကျွန်မမှားသွားရင် ခွင့်လွှတ်ပါနော်'ဟု တောင်းပန်စကားဆိုသည်။ 'ကိစ္စမရှိပါဘူး၊ သူတို့က မင်းနဲ့တွေ့ရတာပျော်ကြပါတယ်'ဟု ကိုကို လေပြေထိုးနေ၏။

'ကျွန်မ ထပ်ကြိုးစားပါဦးမယ်၊ ပြန်ပြောပါဦးရှင်၊ ဒီလိုနာမည်မျိုး တစ်ခါမှ မကြားဘူးလို့ပါ'

'မြတ်မြတ်ထွေး'

'အိုကေ၊ မြတ်မြတ်ထွိး'

ရယ်ကြရပြန်၏။

'သူက သန်းသန်းကြွယ်ပါ'

'သန် သန်....'

'သန်းသန်းကြွယ်၊ ခေ ဝိုင် ဒဗလျူ အိး'

'သန် သန် ကျွိ'

မိတ်ဆက်ပွဲမှာ အလွန် ပျော်ရွှင်စရာကောင်းအောင်ပင် စိုပြည်သွားပါ၏။



ထိုအခိုက်မှာပင် အိမ်ရှင်နိုင်ငံခြားသား လင်မယားထွက်လာ၏။ သူတို့ကတော့ မြန်မာပြည်ကိုရောက်နေသည်မှာ နှစ်လခန့် ရှိနေပြီဖြစ်သဖြင့် အသံထွက်သိပ်မဆိုးလှ။

ယဉ်ကျေးမှုချင်းမတူသော တိုင်းတစ်ပါးသားတို့နှင့် ဆက်ဆံရသည်ဖြစ်သော်လည်း စိမ်းမနေ။ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆက်ဆံ၍ရသည်ကို ခင်ဝေလွင်တို့ သဘောကျနေကြသည်။ ကိုကိုကဆို အတော့်ကို လွတ်လပ် ပျော်ရွှင်နေပုံရသည်။

'ကျွန်မ မြန်မာပြည်ကို သိပ်စိတ်ဝင်စားပါတယ်၊ ကိုကိုပြောပြခဲ့ဖူးတဲ့ပုဂံကို အရောက်သွားမယ်၊သိပ်လှပပြီး အေးချမ်းသာယာတယ်ဆိုတဲ့ ရှမ်းပြည်ကိုလဲ သွားချင်ပါတယ်၊ ဒါပေမယ့် မြန်မာပြည်မှာ ခုနစ်ရက်ပဲ နေနိုင်မှာဆိုတော့ ကျွန်မသွားဖြစ်ပါ့မလားမသိဘူး'

'သွားဖြစ်ပါစေလို့ ကျွန်မတို့ ဆုတောင်းပါတယ်'

'ကိုကို လိုက်မပို့နိုင်တာကိုတော့ ခွင့်လွှတ်စေချင် ပါတယ်'

'ကျေးဇူးတင်ပါတယ် ကိုကို၊ ကိစ္စမရှိပါဘူး၊ တစ်ခုပဲ ကျွန်မ တောင်းဆိုချင်ပါတယ်၊ ခင်ဝေလွှ ခွင့်ပြုနိုင်လိမ့်မယ်လို့ ထင်ပါတယ်'

ဘာများပါလိမ့်ဟု တွေးရင်း ကိုကို့မျက်နှာကို လှစ်ကနဲ ကြည့်လိုက်မိ၏။ ကိုကို့အာရုံကတော့ ပင်ကီ့အပေါ်တွင် လုံးလုံးလျားလျား ရောက်ရှိနေလေပြီ။ ပင်ကီ ပြောပုံကလေးက ချစ်စရာ ကောင်းသည်လေ။

'ကျွန်မကကူညီနိုင်လိမ့်မယ်လို့ထင်ပါတယ်၊ပြောပါအိဗွန်း'

ပင်ကီက ပြုံးပြီး ခင်ဝေလွင်တို့ သုံးယောက်စလုံးကို ခွင့်တောင်းသည့် အကြည့်ဖြင့် ကြည့်သည်။ ပြီးမှ ခင်ဝေလွင်တို့ မမျှော်လင့်သော စကားကို ပြောသည်။

'ရှင်တို့ သုံးယောက်နဲ့ အတူ ကျွန်မ အမှတ်တရ ဓာတ်ပုံ ရိုက်ချင်ပါတယ်၊ ဒါမှ ကျွန်မတို့ တိုင်းပြည်ကို ပြန်ရောက်တဲ့ အခါ မြန်မာပြည်က မိန်းမချောတွေနဲ့ ခင်မင်ခွင့်ရတယ်ဆိုတာကို သက်သေပြနိုင်ပါလိမ့်မယ်'

ကောင်မလေးက စကားပြော အလွန်ပြေပြစ်သည်။ ခင်ဝေလွင်တို့တစ်တွေ ကျေနပ်စွာ သဘော တူပြီးသား ဖြစ်သွားကြ၏။ ညွှန်သည်ကောင်မလေးကို အလယ်တွင် ထားမည်ဟု စိတ်ကူးကာနေရာပြင်ကြသည်။ ပင်ကီက လက်ကလေးကာကာ–

'အခု မဟုတ်သေးပါဘူး၊ ကျွန်မ ပုဂံက ပြန်လာမှ ရိုက်ပါမယ်၊ ကျွန်မ ရှင်တို့လို ဗမာအဝတ်အစားနဲ့ ရိုက်ချင်ပါတယ်'

ခင်ဝေလွင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ဘာကို ဆိုလိုမှန်း ရုတ်တရက် နားမလည်။ ပင်ကီက အတော်လျှင်သည်။ ညွှန်ခန်းနံရံတွင် ချိတ်ဆွဲထားသည့် ပန်းချီကားတစ်ချပ်ကို လက်ညှိုးညွှန်ပြရင်း–

'ကျွန်မပြောတာ အဲဒီအဝတ်အစားမျိုးနဲ့ပါ'

ချိတ်ထဘီ၊ အင်္ကျီရင်ဖုံးလက်ရှည်၊ ဆံထုံးတွင် ပန်းပန်ထားသော မိန်းမပျိုသုံးဦး၊ ဘုရားရုပ်တုတော်ရှေ့တွင် ဆီမီးပူဇော်နေသည့်ပုံ။

'ကျွန်မ အဲဒီလို အင်္ကျီနဲ့လုံချည် ဝယ်ချင်ပါတယ်၊ ချုပ်ပြီးသား အသင့် ရောင်းပါသလား'



'ဝယ်ဖို့မလိုပါဘူး၊ ကျွန်တော်တို့ လက်ဆောင်အဖြစ် ပေးလိုက်ပါ့မယ်'

နှုတ်ဆွံ့နေသော ခင်ဝေလွင်တို့ကို ကိုကို ဝင်ကယ်လိုက်၏။

\+ \+ \+

'ကဲ ဘယ့်နှယ်လဲ ခင်ဝီလဝီတို့၊ မြတ်မြတ်ထွီးတို့'

ကားပေါ်တွင် ငြိမ်လိုက်လာသည့် ခင်ဝေလွင်တို့ကို ကိုကိုက စသည်။

'အိုး ဘယ့်နှယ်မှ မလဲပေါင်၊ မနက်ဖြန် ဈေးသွားပြီး ဝယ်လိုက်မှာပေါ့'

'သိပ်လဲ ဈေးမကြီးပါဘူး လွင်ရာ၊ ရခိုင်ချိတ် တစ်ထည်မှ တစ်ရာ့ငါးဆယ်ပါ'

'ဝယ်လက်စနဲ့ နှစ်ထည်၊ သုံးထည်စီလောက် ဝယ်ထားလိုက်ရအောင်နော်မြတ်၊ ကြွယ်ကော ဝယ်မယ်မဟုတ်လား'

'အများကြီး ဘာလုပ်ဖို့လဲ လွင်ရဲ့'

ကိုကိုက ကြားဖြတ်မေးလိုက်၏။

'ဩော် ကိုကိုကလဲ ဒါမှ နောက်ကို နိုင်ငံခြားသား တွေနဲ့ တွေ့ရမယ့်ပွဲ ရှိလာရင် အဆင်သင့်ဝတ်နိုင်မှာပေါ့ ကိုကိုရဲ့'

[မပျိုးလွှာမဂ္ဂဇင်း။ ။၁၉၈၆ခု၊ ဩဂုတ်]